စန်းသော်တာစာပေ

# အောင်သစ်

## ကိုယ်ကျင့်တရားဖြင့်နေထိုင်ခြင်း



modern electronic Art co thiee
Tel : 286345

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၇၅/၂၀၀၂ (၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၈၈/၂၀၀၂ (၁) |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| စာအုပ်ရေ | - | ၁၀၀၀ အုပ် |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၂ ခုနှစ် |
| အတွင်းဖလင် | - | ရွှေစပယ် |
| မျက်နှာဖုံးဒီဇိုင်း | - | **Co Thiee** |
| မျက်နှာဖုံးပုံနှိပ်သူ | - | ဒေါ်ညွန့်ညွန့်တင် (၀၅၁၃၃)<br>စိမ်းညွန့်စံပုံနှိပ်တိုက်<br>အမှတ်(၂၁)၊ရတနာသိဒ်လမ်း၊<br>မှန်လက်ဆောင်းကုန်း၊<br>စမ်းချောင်းမြို့နယ်၊<br>ရန်ကုန်မြို့ |
| အတွင်းပုံနှိပ်သူ | - | ဦးကျော်စိန် (၀၂၉၀၉)<br>ကျောက်စိမ်းအော့ဖ်ဆက်<br>အမှတ် (၁၇၁)၊ (၃၃)လမ်း၊<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဒေါ်မိုးကေခိုင် (၀၁၆၉၂)<br>ချိုတေးသံစာပေ<br>ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့<br>(၃)၊ ရန်ကုန်မြို့။ |
| တန်ဖိုး | - | ၃၅၀ ကျပ် |

## ကျမ်းကိုးစာရင်း


(၁) အရှင်ဆန္ဒောဘာတိ (မင်္ဂလာအမြုတေ)

(၂) ဦးဝမ်ထိန် (တစ်နေ့တစ်ခါနေပါ)

(၃) ဖေမြင့် (လူနေခြုံကြား စိတ်နေဘုံများ)


## မာတိကာ


၁။ ဥာဏ်ဦးဆောင်ပါ

၂။ အမှန်တရားချစ်မြတ်နိုးမှု

၃။ သူတော်ကောင်းတရားလက်ကိုင်ထား

၄။ ကိုယ့်စိတ်ကိုယ်ထိန်းချုပ်ပါ

၅။ အပျော်မလွန်ပါနဲ့

၆။ အမျက်ဒေါသ ထိန်းချုပ်နိုင်ပါစေ

၇။ မိဘနှစ်ပါးကို လုပ်ကျွေးပြုစုပါ

၈။ လူညံ့များလိမ်ညာမပြုပါနှင့်

၉။ အစားကောင်းစားရင် မိတ်ကောင်းတွေကို သတိရပါ

၁၀။ ထောင်လွှားမာန မရှိကြနှင့်

၁၁။ လူမိုက်နှင့် ငွေအတူမနေ

၁၂။ မူးယစ်သောက်စားခြင်းကို ရှောင်ပါ

၁၃။ မိမိဇနီးမယားတို့အပေါ်သစ္စာရှိပါ

၁၄။ မြက်နုကြိုက်သူများ

၁၅။ လူရွေးမမှားပါစေနဲ့

၁၆။ နှလုံးသွင်းမှန်ပါစေ

၁၇။ ကိုယ်ကျင့်တရားဖြင့် နေထိုင်ခြင်း

# ဉာဏ်ဦးဆောင်ပါ

ဒီနေ့ခေတ်ဟာ အင်မတန်ကို ခေတ်မီတိုးတက်နေတဲ့ ခေတ်ကြီး ဖြစ်ပါတယ်။ ကွန်ပျူတာခေတ်၊ အင်တာနက်ခေတ်၊ အတတ်ပညာအသီးသီးတိုးတက်ထွန်းကားတဲ့ ခေတ်ကြီးပါ။ ရုပ်ဝတ္ထုတွေ ခေတ်မီအသုံးအဆောင်တွေ ဖော်မပြနိုင်လောက်အောင် ကျယ်ပြန့်ထွန်းကားလာတဲ့ ခေတ်ကြီးပါ။

ဒါပေမယ့်

ဒါပေမယ့် လူ့အဖွဲ့အစည်းဆိုတာ နည်းပညာတွေ၊ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့တင်မလုံလောက်ပါဘူး။ အတတ်ပညာတွေ ဘယ်လောက်ပဲထွန်းကား ထွန်းကား၊ သိပ္ပံပညာတွေ ဘယ်လောက်ပဲ တိုးတက်တိုးတက်၊ ရုပ်ဝတ္ထုတွေ၊ ခိမ်ခံပစ္စည်းတွေ၊ ခေတ်မီအသုံးအဆောင်တွေ ဘယ်လောက်ပဲ ပေါ်များပေါ်များ၊ စိတ်နှလုံးအေးငြိမ်းချမ်းသာမှုနဲ့ ကိုယ်ကျင့်သီလစောင့်ထိန်းမှုတွေ၊ ဘာသာရေးအသိတရားတွေမရှိဘူးဆိုရင်တော့ အဲဒီတိုးတက်မှုဟာ အပေါ်ယံတိုးတက်မှု၊ ဗဟိဒ္ဓအသွင် သဏ္ဌာန်တိုးတက်မှု၊ အနှစ်သာရမဲ့တဲ့ တိုးတက်မှုပဲ ဖြစ်နေပါလိမ့်မယ်။

ကိုယ်စိတ်နှလုံးအေးငြိမ်းချမ်းသာပြီး ကိုယ်ကျင့်သီလမြဲတဲ့၊ ဘာသာတရားနဲ့လဲ ညီညွတ်တဲ့ ပြည့်စုံကြွယ်ဝမှုမျိုးသာ တကယ်ပြည့်စုံတဲ့တိုးတက်မှု၊ အနှစ်သာရပြည့်ဝတဲ့တိုးတက်မှု၊ အဓိပ္ပါယ်လေးနက်တဲ့အတွင်းပိုင်းတိုးတက်မှု ဖြစ်ပါလိမ့်မယ်။

ဒါကြောင့် ခေတ်မီတိုးတက်တဲ့ ကမ္ဘာနဲ့ရင်ဘောင်တန်းနိုင်တဲ့မြန်မာလူငယ် မောင်မယ်တို့အတွက် ကိုယ်ကျင့်သီလနဲ့အတူ တိုးတက်ကြီးပွားရေးကို ဖော်ဆောင်မယ့်၊ အောင်မြင်မှုမှန်သမျှကို





သိမ်းကျုံးရယူနိုင်မယ့်၊ ဘာသာတရားရဲ့အဆုံးအမနဲ့ ကိုယ်ရောစိတ်ပါ ချမ်းသာစေနိုင်မယ့် စောင့်ထိန်းအပ်တဲ့တရားတွေကို ဖော်ပြမှာ ဖြစ်ပါတယ်။ ကြီးပွားဖို့၊ ချမ်းသာဖို့ အောင်မြင်ဖို့နဲ့ လူလောကမှာ တင့်တင့်တယ်တယ်၊ ထယ်ထယ်ဝါဝါ နေနိုင်ဖို့အတွက် ဗုဒ္ဓဘာသာမှာ လမ်းညွှန်ချက်တွေ အပြည့်အဝရှိပါတယ်။ လောကီအကျိုးစီးပွား ချမ်းသာရေးတရားတွေသာမက၊ လောကုတ္တရာအကျိုးစီးပွား သံသရာလွတ်မြောက်ကြောင်းတရားနဲ့ နိဗ္ဗာန်ချမ်းသာအထိအရောက်သွားနိုင်မယ့် တရားဓမ္မတွေ၊ ဗုဒ္ဓစာပေမှာ ပြည့်စုံကြွယ်ဝစွာရှိနေပြီး ဖြစ်ပါတယ်။ ဘယ်ခေတ်ဘယ်အခါ၊ ဘယ်အချိန်ကာလမှာမဆို အချိန်မရွေး၊ ကာလမရွေး လက်ငင်းအကျိုးရှိစေမယ့်တရားတွေကို မြတ်စွာဘုရားရှင်တော်မြတ်က အတိအလင်း ဟောကြားခဲ့ပြီးဖြစ်ပါတယ်။

ဒီနေ့ခေတ်ဟာ တိုးတက်ခေတ်မှီတာတော့မှန်ပါရဲ့။ ဒါပေမယ့် လူတစ်ဦးခြင်းစီနဲ့ စောင့်စည်းအပ်တဲ့ ကိုယ်ကျင့်တရားတွေ၊ စိတ်နှလုံးဖြောင့်မတ်မှန်ကန်မှုတွေဟာ တစ်စတစ်စ လျော့ရဲလာခဲ့ပါတယ်။ ကမ္ဘာကြီးတစ်ခုလုံးမှာလည်း စစ်မက်တွေ၊ ပဋိပက္ခတွေ လောဘမီး၊ ဒေါသမီးတွေနဲ့ တဟုန်းဟုန်းတောက်လောင်နေတော့တာပါပဲ။

ဒီလိုနဲ့ ကမ္ဘာနဲ့အဝှမ်းပျက်စီးယုတ်လျော့နေတဲ့ လူ့ကျင့်ဝတ်တွေ၊ ကိုယ်ကျင့်သီလတွေဟာ ပြန်လည်ကောင်းမွန်လာမှပဲ၊ လူသားတွေအဖို့ စစ်မှန်တဲ့ ချမ်းသာသုခကို ခံစားစံစားရမှာ ဖြစ်ပါတယ်။ ကိုယ်စိတ်နှလုံး ငြိမ်းချမ်းတဲ့ကြွယ်ဝမှုအစစ်ကို ခံစားရမှာဖြစ်ပါတယ်။ ဒီနေ့ ခေတ်လူငယ်မောင်မယ်တို့အနေနဲ့ စာရိတ္တဗလကောင်းမွန်ပြည့်

စုံရေးဟာ ဘာသာတရားနဲ့အညီ ဆုံးမအပ်တဲ့ သူတော်ကောင်း ပညာရှိတို့ရဲ့ နီတိတရားတွေနဲ့ ကင်းလွတ်ပြီး မတည်ရှိနိုင်ပါဘူး။

"မင်္ဂလသုတ်" တရားတော်ဟာဆိုရင် လူ့နတ်ဗြဟ္မာတို့ တစ်ဆယ့်နှစ်နှစ်တာကာလပတ်လုံး ကြံစည်စဉ်းစားကြံဆလို့မရနိုင်တဲ့ ကြီးပွားချမ်းသာ မင်္ဂလတရားတွေဖြစ်ပါတယ်။ အဲဒီ ၃၈-ပါးသော မင်္ဂလတရား ကြီးပွားချမ်းသာရေးအတွက် အဓိကအချက် ၃၈-ချက်ဟာ၊ ကမ္ဘာတည်သရွေ့ မတိမ်ကောမပပျောက်နိုင်တဲ့ လိုက်နာကျင့်သုံးအပ်တဲ့ တရားတွေမဟုတ်ပါလော။ ဘယ်တရားတွေကို ကျင့်ကြံရင်၊ အားထုတ်ရင် တိုးတက်မယ်။ အောင်မြင်မယ်၊ ကြီးပွားမယ်၊ လူ့လောကမှာ တင့်တင့်တယ်တယ်၊ ထယ်ထယ်ဝါဝါ နေရမယ်ဆိုတဲ့ လိုက်နာကျင့်ကြံအပ်တဲ့ တရားတွေအဖြစ် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတိုင်း ကြံဆောင်လိုက်နာရမှာဖြစ်ပါတယ်။

ကျင့်ကြံလိုက်နာအပ်တဲ့ တရားတွေကို "မင်္ဂလသုတ်" တော်မှာ ပြည့်ပြည့်စုံစုံ ဟောကြားမိန့်မြွက်ခဲ့ပြီးဖြစ်သလို ကြီးပွားချမ်းသာမှု၊ တိုးတက်ကြီးပွားမှုနဲ့ ဘဝအောင်မြင်ရေးကို အတန့်အတားဖြစ်စေတဲ့၊ ပျက်စီးဆုတ်ယုတ်စေတတ်တဲ့အကြောင်း တရားတွေကိုလည်း မြတ်စွာဘုရားသခင်ဟာ နတ်သားရဲ့မေးမြန်းလျှောက်ထားချက်အရ "ပရာဘဝသုတ်" မှာ ဟောကြားတော်မူခဲ့ပါတယ်။ "မင်္ဂလသုတ်"တော်ဟာ ဆောင်ရန် တရားတွေဖြစ်သလို "ပရာဘဝသုတ်" တော်ကတော့ ရှောင်ရန် တရားတွေဖြစ်ပါတယ်။ ပျက်စီးဆုတ်ယုတ်စေတဲ့တရားတွေကို ရှောင်ရင်း ကြီးပွားအောင်မြင်





မှုကိုဖြစ်စေတဲ့ တရားကို ဆောင်ရာကျပါတယ်။ လမ်းမှားကိုရှောင်ရင်းလမ်းမှန်ကိုတွေ့ပါတယ်။ အမှောင်ရှိရင် အလင်းရှိပါတယ်။ အကောက်ရှိရင် အဖြောင့်ရှိပါတယ်။ အမည်းရှိရင် အဖြူရှိပါတယ်။ ဒီနေ့ခေတ် လူငယ်မောင်မယ်တွေအဖို့ ဘယ်လိုအချက်တွေကို ရှောင်ကြဉ်သင့်တယ်၊ ဘယ်လိုအမှားမျိုးကို မကျူးလွန်မိအောင် မိမိကိုယ်မိမိ ကာကွယ်စောင့်ရှောက်သင့်တယ်ဆိုတာကို သိရှိထားခြင်းဟာ အောင်မြင်မှု၊ ချမ်းသာသုခနဲ့ ဘဝသာယာဖြောင့်ဖြူးရေးအတွက် အရေးပါလှပါတယ်။ ဒါ့ကြောင့် မိမိကိုယ်မိမိ စောင့်ရှောက်ဖို့အတွက် မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ "ပရာဘဝသုတ်" က ဘဝလမ်းညွှန်ချက်တွေကို လေ့လာကြပါမယ်။

ပထမသင်္ဂါယနာတင်ရာမှာ အရှင်အာနန္ဒာဟာ အရှင်မဟာကဿပထံ ခုလို လျှောက်ထားခဲ့ပါတယ်။

ဘုရားတပည့်တော်ဟာ မြတ်စွာဘုရားထံတော်ပါးမှာ ခုလို မှတ်သားနာယူခဲ့ရပါတယ်။ အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိပြည်၊ အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေထိုင်တော်မူပါတယ်။ ဒီအခါ မထင်ရှားတဲ့ နတ်သားတစ်ပါးက သန်ကောင်ယံအချိန်မှာ ဇေတဝန်ကျောင်းတော်ကို ရောက်ရှိလာပြီး သူ့ရဲ့ကိုယ်ရောင်ကိုယ်ဝါနဲ့ ထိန်လင်းစေခဲ့ပါတယ်၊ ပြီးတော့ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးပါဠိဂါထာနဲ့ ခုလိုလျှောက်ထားခဲ့ပါတယ်။

"ဘုန်းတော်ကြီးလှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရား --ဘုရားတပည့်တော်တို့သည် အရှင်ဘုရားထံ

မှောက်သို့ လျှောက်မေးရန် ရောက်ရှိလာရပါသည်။ လျှောက်မေးအပ်သောအကြောင်းမှာ လူတို့၏ပျက်စီးရာ ပျက်စီးကြောင်းတရားများကိုလျှောက်မေးလိုခြင်း ဖြစ်ပါသည်။ လူတို့၏ ပျက်စီးရာပျက်စီးကြောင်းတရားများကား အဘယ်တရားများပါနည်း မြတ်စွာဘုရား"

ဒီတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခုလိုပြန်လည် မြေကြားတော်မူခဲ့ပါတယ်။

"အိုး-- နတ်သား

မွေးရာပါ ပဋိသန္ဓေဉာဏ်ထက်သန်၍ သိလွယ်မြင်လွယ်သောသူသည် ကြီးပွားချမ်းသာတတ်ပေသည်။ ပဋိသန္ဓေဉာဏ်ကင်း၍ အသိအမြင်နည်းပါးသောသူ၊ မလိမ္မာသောသူသည်ကား ဆုတ်ယုတ်ပျက်ဆီးတတ်ပေသည်။

ထို့ပြင်လည်း

တရားအမှန်ကို လိုလားအပ်နှစ်သက်သောသူကား ကြီးပွားချမ်းသာတတ်ပေသည်။ တရားမှန်ကို မလိုလားမနှစ်သက်သူကား ပျက်ဆီးဆုတ်ယုတ်တတ်ပေသည်။

လောကမှာ ကြီးပွားချမ်းသာရေးအတွက် လုပ်ဆောင်သင့် လုပ်ဆောင်အပ်တဲ့အမြတ်တရား နည်းလမ်းတွေရှိသလို ဆုတ်ယုတ်ပျက်စီးစေတတ်တဲ့ အယုတ်တရားတွေလဲရှိတာပါပဲ။ ဒါပေမယ့် ပုထုဇဉ်တွေအနေနဲ့ ဒီသဘောသဘာဝတွေကို ကုန်စင်အောင် ဘယ်လိုသိနိုင်မှာတဲ့လဲ။ အတော်အတန်ဉာဏ်အမြော်အမြင် ရှိစေဦးတော့ အမှန်အမှားခွဲခြားနိုင်ဖို့ ပြတ်ပြတ်သားသားသိနိုင်ခဲလှပါတယ်။ တစ်ခါတစ်ရံမှာ မောဟနဲ့ အမှောင်ဖုံးတွေ ပိတ်ဆို့ကာဆီးနေ





လေတော့အမှန်ကိုအမှား အမှားကိုအမှန် လွဲမှားစွာခံယူတတ်ကြပြန်ပါတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအဖို့ကတော့ အလုံးစုံသော ဉေးယျဓမ္မဉာဏ်တော်ကြောင့် မိမိလိုသမျှကိုသိနိုင်စွမ်းတဲ့ သဗ္ဗညုတဉာဏ်တော်နဲ့တကွ ဒသဗလဉာဏ်တော်တို့ကို ကိုယ်ပိုင်ရရှိတော်မူထားတဲ့ "ဗုဒ္ဓ" ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း သူတို့ရဲ့ ပျက်ဆီးရာပျက်ဆီးကြောင်းတွေကို အကုန်အစင် အကြွင်းအကျန်မရှိ မှန်ကန်စွာသိမြင်တော်မူတာပေါ့။

ဒါ့ကြောင့်လည်း မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ချစ်သား သာရိပုတ္တရာ -- ငါဘုရားသည် ငရဲကိုလည်းသိတော်မူပေ၏။ ငရဲသို့ရောက်ကြောင်းကိုလည်း သိတော်မူပေ၏။ ငရဲသို့ရောက်စေတတ်သော အလုပ်ကိုလည်း သိတော်မူပေ၏။ ဤသို့ပြုကျင့်က သေလျှင်ငရဲသို့ ရောက်စေ၏။ ထိုသို့သောလမ်းကြောင်းအကျင့်ကို ငါဘုရားသိတော်မူသည်"လို့ "မဟာသီဟနာဒသုတ္တန်" မှာ ရဲရင့်တည်ငြိမ်စွာ ဟောကြားတော်မူခဲ့ပါတယ်။

"ပရာဘဝသုတ်" ကို ဟောကြားဖို့ လျှောက်ထားတဲ့ နတ်သားဟာလည်း ကြီးပွားကြောင်း မင်္ဂလာအစစ်၊ မင်္ဂလာအမှန်ကို မြတ်ဘုရားရှင်းလင်း မြတ်သားစွာကုန်စင်အောင် သိတော်မူသလို၊ ပျက်စီးရာပျက်စီးကြောင်း သဘောတရားကိုလည်း မြတ်စွာဘုရားသာလျှင် အကြွင်းမဲ့သိမြင်တော်မူမယ်ဆိုတာကို မလွဲမသွေယုံကြည်ပြီး ဖြစ်ပါတယ်။

ဒီလိုနတ်သားက မေးလျှောက်လို့ မြတ်စွာဘုရားက မိန့်ကြားဟောကြားခဲ့ရာမှာ "မင်္ဂလသုတ်"တော်လို၊ နတ်သားရဲ့ အမေးကို တစ်ခါတည်းဖြေဆိုတော်မူခဲ့တာမျိုးမဟုတ်ပါဘူး။ "မင်္ဂလသုတ်"မှာ နတ်သားရဲ့မေးလျှောက်မှုကို မြတ်စွာဘုရားက တစ်ကြိမ်တည်းနဲ့ ပြည့်စုံအောင် ဟောကြားတော်မူခဲ့ပါတယ်။ "ပရာဘဝသုတ်"မှာတော့ နတ်သားကတစ်ခွန်းတစ်ကြိမ်မေးတိုင်း မြတ်စွာဘုရားက တစ်ကြိမ်သာဖြေဆိုတော်မူခဲ့ပါတယ်။ တစ်ကြိမ်ဖြေဆိုဟောကြားတော်မူပြီးတိုင်းလည်း နတ်သားက တစ်ကြိမ်ထပ်ပြီး မေးမြန်းခဲ့တဲ့အတွက် အမေး-အဖြေသဘောမျိုးကို ကြည့်ရင်သိနိုင်ပါလိမ့်မယ်။

ပဋိသန္ဓေဉာဏ်(ဝါ) မွေးရာပါဉာဏ်၊ ဝိဇ္ဇာဉာဏ်ထက်မြက်ပြီး သိလွယ်မြင်လွယ်တဲ့ လူဟာကြီးပွားချမ်းသာနိုင်တယ်။ ပဋိသန္ဓေဉာဏ်နုံနဲ့ပြီး အသိအမြင်နည်းပါးတဲ့လူဟာ ဆုတ်ယုတ်ပျက်ဆီးတတ်ပါတယ်။

ဒီတော့ ပဋိသန္ဓေဉာဏ်ဆိုတာ ဘာကိုခေါ်တာလဲ၊ ပဋိသန္ဓေဉာဏ်ရှိသူဟာ ချမ်းသာနိုင်ပြီး၊ ပဋိသန္ဓေဉာဏ်နုံနဲ့သူဟာ ဘာကြောင့် ဆုတ်ယုတ်ပျက်ပြားရသလဲဆိုတာ ဆက်လက်တွေးခေါ်စဉ်းစားသင့်တဲ့ အရာတွေဖြစ်ပါတယ်။

နတ်သားမေးလျှောက်တာကတော့ ပျက်ဆီးဆုတ်ယုတ်ကြောင်းတရားတွေကို သိရှိလိုလို့ပါပဲ။ ဒါပေမယ့် မြတ်စွာဘုရားကတော့ အသိအလိမ္မာဉာဏ်ပညာခေါင်းခံဖြစ်တဲ့၊ ဝိဇ္ဇာဉာဏ်မရှိသူဟာ ပျက်ဆီးဆုတ်ယုတ်တတ်တယ်ဆိုတာကိုသာ ဟောကြားရုံမဟုတ်ပဲ၊





ပျက်ဆီးခြင်းရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့၊ ကြီးပွားရာကြီးပွားကြောင်း ချမ်းသာခြင်းတရားကိုလည်း ထည့်သွင်းဟောကြားခဲ့ပါတယ်။ "သုဝိဇာနော ဘဝံဟောတိ"တဲ့ ပျက်ဆီးဆုတ်ယုတ်ခြင်းတရားကို သိထား၍ သူ့ရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ ကြီးပွားချမ်းသာအောင်မြင်ရာကို လည်းသိရှိပြီး ဖြစ်ရပါတော့တယ်။

ဝိဇ္ဇာဉာဏ်ထက်သန်အားကောင်းသူက ကြီးပွားချမ်းသာနိုင်ပြီး ပဋိသန္ဓေဉာဏ်ကင်းမဲ့သူဟာ ဆုတ်ယုတ်ပျက်ဆီးတတ်ပါတယ်။ အကြောင်းရင်းကတော့ လူတစ်ယောက်ရဲ့ မူလပထမပျက်ဆီးခြင်း၊ ကြီးပွားချမ်းသာခြင်းတွေဟာ ပဋိသန္ဓေဉာဏ်ဟာ အရင်းခံဖြစ်လို့ ပဓာနကျတဲ့ အကြောင်းတရားဖြစ်လို့ပါပဲ။

ပဋိသန္ဓေစိတ်ဆိုတာ လူသတ္တဝါတစ်ဦးတစ်ယောက်ဟာ အမိဝမ်းကြာတိုက်မှာ ပဋိသန္ဓေနေတဲ့အခါပထမဦးဆုံးဖြစ်တဲ့ စိတ်ကိုပဋိသန္ဓေစိတ်လို့ ခေါ်ပါတယ်။ အဲဒီစိတ်ဟာ-

(၁) ဉာဏ်နဲ့အတူယှဉ်တွဲပြီး ဖြစ်ပေါ်လာတဲ့ ပဋိသန္ဓေစိတ်

(၂) ဉာဏ်နဲ့မယှဉ်တွဲပဲ၊ ဉာဏ်ကင်းမဲ့စွာ ဖြစ်ပေါ်လာတဲ့ ပဋိသန္ဓေစိတ်လို့ နှစ်မျိုးနှစ်စားကွဲပြားလာပါတယ်။

(၁) ဉာဏ်နဲ့အတူယှဉ်တွဲပြီး ဖြစ်ပေါ်လာတဲ့ ပဋိသန္ဓေစိတ်ကို "တိဟိတ်" ပဋိသန္ဓေစိတ်လို့ခေါ်ပါတယ်။ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟိတ်၊ အဲဒီဟိတ်သုံးပါးနဲ့ ပြည့်စုံလို့ တိဟိတ်လို့ခေါ်တာဖြစ်ပါတယ်။ ဟိတ်သုံးပါးနဲ့ ပြည့်စုံတဲ့ ပဋိသန္ဓေစိတ်ကို တိဟိတ်ပဋိသန္ဓေစိတ်လို့ခေါ်ပြီး တိဟိတ်ပဋိသန္ဓေ တည်နေခဲ့သူကို တိဟိတ်ပုဂ္ဂိုလ်လို့ခေါ်ဆိုပါတယ်။

(၂) အဟောတတိတ်မပါပဲ ကျန်တဲ့တိတ်နှစ်ပါးနဲ့သာ ယှဉ်တဲ့ပဋိသန္ဓေစိတ်ကို ဒွိဟိတ်ပဋိသန္ဓေလို့ခေါ်ပါတယ်။

တိဟိတ်ပဋိသန္ဓေစိတ်နဲ့ ပဋိသန္ဓေတည်နေခဲ့သူဟာ အသိဉာဏ်ရှိတဲ့လူ၊ နားလည်တတ်မြောက်လွယ်ကူသူ၊ ဆုံးမမှုကိုနားခံလွယ်သူ၊ ကောင်းမွန်တဲ့ကိုယ်ရည်ကိုယ်သွေးနဲ့ ထက်မြက်ထူးချွန်တဲ့သူ ဖြစ်ပါတယ်။

အဲဒီလို တိဟိတ်ဖြစ်လာတဲ့ ပုဂ္ဂိုလ်ဟာ ငယ်စဉ်လူငယ်ဘဝကတည်းက အသိဉာဏ်ပါရမီခေါ်တ်ခံရှိလာတဲ့အတွက် စာပေသင်ကြားရာမှာပဲဖြစ်ဖြစ်၊ သိပ္ပံပညာအတတ်ပညာလေ့လာရာမှာပဲဖြစ်ဖြစ်၊ အနုပညာနယ်ပယ်နဲ့ ဝိဇ္ဇာပညာသင်ကြားဆည်းပူးရာမှာပဲဖြစ်ဖြစ်၊ လျင်မြန်လွယ်ကူစွာ တတ်မြောက်နိုင်ပါတယ်။ လောကီပညာ ဝိဇ္ဇာ သိပ္ပံ လူ့ကိစ္စကို နှံ့စပ်သိမြင်ခြင်းကြောင့်လည်း လောကီရေး၊ လောကုတ္တရာ ရေးတို့မှာ လိုအပ်တဲ့ အကျိုးစီးပွားပြီးစီးအောင်မြင်နိုင်ပါတယ်။

ပဋိသန္ဓေဉာဏ် ရင့်သန်မှုမရှိတဲ့လူမျိုးကျတော့ ပညာသင်ကြားရာမှာလည်း ထူးချွန်မှုမရှိပါဘူး။ တစ်ဆရာထဲတစ်တန်းထဲတညီတညွတ်ထဲသင်အံလေ့ကျက်ဦးတော့ သူများတွေ၊ သိပြီးတတ်ပြီး နားလည်ပြီးဖြစ်သွားတိုင်၊ ကိုယ်တိုင်ကျတော့မသိမတတ်၊ မလယ်မဝယ်ဖြစ်ရတတ်ပါတယ်။ အသိဉာဏ်ကြီးထွားဖွံ့ဖြိုး မှုနှေးကွေးပြီး နားလည်သိမှတ်နိုင်စွမ်း ကင်းမဲ့ကြပါတယ်။ ပင်ရင်း ပဋိသန္ဓေခေါ်တ်ခံ ရင့်သန်သူတွေ၊ လုပ်ငန်းဆောင်တာတွေမှာ ထူးချွန်ပြောင်မြောက်တဲ့ ခေါင်းဆောင်တွေ၊ ပညာရှင်တွေ၊ အကြီးအကဲတွေ ဖြစ်လာတတ်ပါ





တယ်။ ပဋိသန္ဓေခေါ်တ်ခံနည်းပါးလို့ ဉာဏ်ပညာ နည်းပါးသူတွေမှာမှာတော့ အသိပညာ၊ အတတ်ပညာချို့တဲ့မှုကြောင့် သာမန်လက်လုပ်လက်စားဘဝကမတက်ရပဲ ပင်ပန်းဆင်းရဲခြင်း ကြီးစွာနဲ့ ဘဝဇာတ်သိမ်းရတတ်ပါတယ်။

အဲဒီဉာဏ်ပညာဆိုရာမှာလည်း ပဋိသန္ဓေစိတ်ကို အမှီပြုပြီး သင်အံလေ့လာဆည်းပူးရတာဖြစ်ပေမယ့် မူလပဋိသန္ဓေဉာဏ်ကို ထက်မြက်စူးရှအောင် အမြဲတစေလေ့ကျင့်ပြုစုပျိုးထောင်ပေးရပါသေးတယ်။ အသက်အရွယ်ကြီးရင့်လာတာနဲ့အမျှ ဝိဇ္ဇာပညာ၊ သိပ္ပံပညာရပ်တွေကို လေ့လာဆည်းပူးရာမှာ ပဋိသန္ဓေစိတ်က အစပြုလာတဲ့ ဉာဏ်ဟာ ပွင့်လင်းရင့်သန်ကြီးထွားလာတတ်ပါတယ်။ ဒါပေမယ့် ပညာဗဟုသုတကို လေ့လာဆည်းပူးမှုမပြုပဲ လုံးလဝီရိယနည်းပါးမယ်ဆိုရင်တော့ မူလရှိပြီးဉာဏ်ဟာမှေးမှိန် အားနည်းလာတတ်ပါတယ်။

ဉာဏ်ဆိုတာ အသိပညာအတတ်ပညာကို လေ့လာပွားများရင်းပွင့်လင်းသန်မာ အားကောင်းလာတတ်တဲ့ သဘောရှိပါတယ်။ ဒါပေမယ့် အဲဒီဉာဏ်ဟာ ပဋိသန္ဓေစပြီးပါခဲ့မှသာ လေ့လာဆည်းပူးပြီး ကြီးထွားသန်မာစေနိုင်တာဖြစ်ပြီး ပဋိသန္ဓေစိတ်နဲ့ ယှဉ်တွဲမှုမရှိခဲ့ရင် ကြီးမြင့်မှုဒီလိုဉာဏ်မျိုးရရှိအောင် ပြုပြင်ဖို့မစွမ်းသာပါဘူး။

ပဋိသန္ဓေဉာဏ်ရှိသူတွေမှာလည်း တစ်ဦးနဲ့တစ်ဦးတူညီမှုတော့မရှိကြပြန်ပါဘူး။ ဉာဏ်အနုအရင့်၊ အနိမ့်အထက်ကိုလိုက်ပြီး ကွဲပြားကြပါသေးတယ်။ အဲဒီကွဲပြားခြားနားမှုကြောင့်ပဲ သိပ္ပံဝိဇ္ဇာပညာရပ်မှာပဲဖြစ်ဖြစ်၊ ကြီးပွားချမ်းသာရေးနဲ့ ရာထူးအဆင့်အတန်း

မှာပဲဖြစ်ဖြစ် အဆင့်အတန်းတွေကွဲပြားခြားနားနေကြပါသေးတယ်။

တိဟိတ်ပဋိသန္ဓေစိတ်ရှိသူတွေကိုပဲ ကြည့်ပါဦးတော့။ သံသရာလွတ်ကြောင်းလမ်းကြောင်းမှန်ကို တိဟိတ်ပုဂ္ဂိုလ်တိုင်း သိမြင်နိုင်ကြခြင်းကို မြပေဘူး။ ဉာဏ်ပါရမီ ရင့်သန်တူးခြားတဲ့သူတော်စင်တွေသာ နိဗ္ဗာန်လမ်းကြောင်းအမှန်ကို သိမြင်နိုင်ကြပါတယ်။ ပင်ကိုယ်အသိဉာဏ်ကင်းမဲ့တဲ့သူတွေအဖို့ ပိုပြီးခရီးဝေးလှပါတယ်။ ပုထုဇဉ်တွေပီပီ မှားပြီးရင်းမှား။ အမှားတွေနဲ့ပဲသံသရာလည်နေကြလေတော့ အခုဘဝနောက်ဘဝတို့မှာ ချမ်းသာသုခနဲ့ အလှမ်းဝေးပြီး ဆင်းရဲခြင်းနဲ့သာ အကြိမ်ကြိမ်အခါခါ ကြုံရဆုံရတတ်ပါတယ်။

"အသေဝ နာစ ဗာလနံ" တဲ့။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက 'မင်္ဂလသုတ်' တော်မှာ ဟောကြားတော်မူခဲ့သလိုပါပဲ။ ကြီးပွား ချမ်းသာလိုသူဟာ လူမိုက်နဲ့မပေါင်းနဲ့၊ လူမိုက်နဲ့ပေါင်းသင်း ဆက်ဆံခြင်းဟာ ကြီးပွားချမ်းသာမှုနဲ့ ဘဝတိုးတက်မြင့်မားမှုအတွက် ကြီးစွာအနှောက်အယှက်ဖြစ်တယ်လို့ ဦးစွာဟောကြားတော်မူခဲ့ပါတယ်။ ဒီအတိုင်းပါပဲ 'ပရာဘဝသုတ်'မှာလည်း ပဋိသန္ဓေအသိဉာဏ်ရင့်သန်မှုကို ဦးစွာဟောကြားခဲ့ပါတယ်။ ပဋိသန္ဓေဉာဏ်ရှိသူတွေတောင်မှပဲ တစ်ခြားအကြောင်းအချက်တွေ ချို့တဲ့ခဲ့ရင် ကြီးပွားချမ်းသာရေးလမ်းကို ပိတ်ဆို့ဖျက်ဆီးတတ်ပါသေးတယ်။ ပဋိသန္ဓေဉာဏ်မတော်မပါရှိတဲ့ ပုဂ္ဂိုလ်အဖို့တော့ ကြီးပွားချမ်းသာခြင်းဆိုတာ မမြော်မှန်းရဲလောက်အောင်ပါပဲ။





ဒါကြောင့်ပဲပဋိသန္ဓေဓာတ်ခံပင်ကိုယ်ဉာဏ် ထက်သန်အားကောင်းမှုမရှိခြင်းဟာ ပျက်ဆီးရာ ပျက်ဆီးကြောင်း ဆင်းရဲရာဆင်းရဲကြောင်းဖြစ်တယ်လို့ 'ပထမဦးဆုံးအကြောင်းတရား' အဖြစ် မြတ်စွာဘုရားကဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ပဋိသန္ဓေဉာဏ်ရှိပြီး ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသူဟာ သဘာဝအားဖြင့်–

- လိမ္မာယဉ်ကျေးသူ လူမှုရေးကျွမ်းကျင်သူတွေ ဖြစ်ပါတယ်။
- အသိပညာအလိမ္မာအရင်းခံရှိတဲ့အတွက် အတတ်ပညာသင်ကြားရာမှာ လွယ်ကူစွာ တတ်မြောက်နိုင်သူတွေ သိလွယ်တတ်လွယ်သူတွေလည်း ဖြစ်ပါတယ်။
- တစ်ချို့သောအတတ်ပညာများကို ကြားရုံ မြင်ရုံနဲ့ တတ်မြောက်နိုင်သူတွေ ဖြစ်ပါတယ်။
- ဉာဏ်ပညာ ဗဟုသုတနဲ့ ပြည့်စုံပြီး လောကအကြောင်း လူ့အကြောင်းကိုလည်း နားလည်သိရှိသူတွေဖြစ်ပါတယ်။
- ပြောင်းလဲရွေ့လျားနေတဲ့ ခေတ်စနစ်နဲ့အညီ အံဝင်ခွင်ကျဖြစ်သော မိမိအတွေးအခေါ်အနေအထိုင်ကို မိမိဖာသာပြုပြင်နိုင်စွမ်းရှိသူဖြစ်ကြပါတယ်။

ဒါကြောင့်

'သုဝိဇာနော ဘဝံဟောတိ'

ဉာဏ်ပညာဓာတ်ခံရှိလို့ သိလွယ်တတ်လွယ်သူဟာ စည်းစိမ်ချမ်းသာတိုးပွားနိုင်တယ်။

'ဒု ဗ္ဗိဇာနော ပရာဘဝေါ'

ဉာဏ်ဆတ်နည်းပြီး အသိနောင့်နေး မလိမ္မာသေးတဲ့သူဟာ စီပွားမဖြစ်ပဲ ပျက်ပြားဆုတ်ယုတ်တတ်တယ်လို့ မြတ်ဗုဒ္ဓက ဟောကြားဆုံးမခဲ့တာ ဖြစ်ပါတယ်။

ဓာရဏပရိတ်တော်မှာလည်း 'ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏံ နာနု ပရိဝတ္တံ' လို့ဆိုထားပါတယ်။ ကာယကံ-ဝစီကံ-မနောကံ ဘယ်ကံ ဘယ်အမှုပဲဖြစ်ဖြစ် ဉာဏ်ကရှေ့ကသွားနှင့်ပြီး ဖြစ်ရပါမယ်။ ဉာဏ်ရှေ့ဆောင်တဲ့အမှုကိုသာ ပြုရပါမယ်။ ဉာဏ်အမြော်အမြင်မပါရှိတဲ့အလုပ်ဟာ ပျက်ကန်းအလုပ်ပါပဲ။ မိမိအကျိုးဖြစ်ထွန်းတိုးတက်စေနိုင်တဲ့ သမ္ပတ္တိတရား၊ လေးပါးမှာလည်း 'ဉာဏသမ္ပတ္တိ'က ရှေ့ဆုံးကလာပါတယ်။ မိမိပြုဖွယ်ရှိတဲ့ လုပ်ငန်းဆောင်တာတွေကို ဆောင်ရွက်လုပ်ကိုင်ရာမှာ ဉာဏ်အမြော်အမြင်နဲ့ ရှေ့ရှုလုပ်ဆောင်ရပါမယ်။ သိသင့်သိအပ်တာမှန်သမျှ ကျွမ်းကျင်လိမ္မာအောင်လေ့လာသင်ကြား မှတ်သားနာယူရပါမည်။ မိမိအနေနဲ့ လုပ်ငန်းတစ်ရပ်ရပ်ကို စတင်ထူထောင်လုပ်ဆောင်တော့မယ်ဆိုတာနဲ့ မိမိလုပ်ဆောင်မယ့် လုပ်ငန်းနဲ့ ပတ်သက်သမျှအခြေအနေ အရပ်ရပ်ကို နှံ့စပ်ကျွမ်းကျင်အောင် လေ့လာရပါမယ်။ မိမိလုပ်ဆောင်မယ့် လုပ်ငန်းရဲ့အကျိုးအမြတ်ကို ဉာဏ်အမြော်အမြင်နဲ့ တွက်ဆချင့်ချိန်ရပါမည်။ မိမိရဲ့လက်ရှိ အနေအထားနဲ့ မိမိလုပ်မယ့်လုပ်ငန်းနဲ့ ငွေအင်အား၊ လူအင်အားမျှမမျှ ဒီလုပ်ငန်းလုပ်လို့ အကျိုးအမြတ်ရှိမရှိ သိမြင်ပြီးဖြစ်ရပါမယ်။ မိမိလုပ်ဆောင်မယ့် လုပ်ငန်းဟာ အရှုံးမရှိနိုင်တဲ့လုပ်ငန်းမျိုး ဟုတ်မဟုတ်သိရပါတယ်။ လုပ်ဆောင်နိုင်စွမ်းရှိမရှိလည်း ချိန်ဆရပါမယ်။ လုပ်ငန်းကျွမ်းကျင်မှုမရှိရင် ရှိအောင်လေ့လာရပါမယ်။ ကိုယ်မကျွမ်း





ကျင်ရင် ကျွမ်းကျင်နှံ့စပ်သူထံ ချဉ်းကပ်နည်းခံရပါမယ်။ ဆယ်ရေး တစ်ရေး၊ ကိုးရေးတစ်ရာဆိုသလို မမြော်လင့်ပဲဆုံးရှုံးခဲ့ရင်ခံနိုင်ရည် အားရှိ မရှိလည်းချင့်ချိန်တွက်ဆပြီးဖြစ်ရပါမည်။ ဒီလိုနဲ့မိမိလုပ်ငန်း အပေါ်မှာ အခြေခံကျကျသိရှိနားလည်ခြင်း၊ လုံလောက်တဲ့လုပ်အား၊ ငွေအား၊ တစ်စုံတရာစိုက်ထုတ်နိုင်စွမ်းရှိခြင်းစတဲ့ အချက်အလက်တွေ ပြည့်စုံမှ အလုပ်လုပ်ဖို့ဆုံးဖြတ် လုပ်ကိုင်ကြရမှာဖြစ်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ပြောရရင် ကျွန်တော်တွေ့ဖူးတဲ့ သူတွေတော်တော်များများဟာ ဘာပဲလုပ်လုပ်ချင့်ချိန်ဝေဘန်ပြီးမှ လုပ်သူအလွန်နည်းပါတယ်။ သမရိုးကျလုပ်ရိုးလုပ်စဉ်အတိုင်းသာလုပ်ကြပြီး တစ်ခါတစ်ခါ စွန့်စားကြပြီဆိုပြန်တော့လည်း အကျိုးအမြတ်ကို ဉာဏ်အမြော်အမြင်ရှိရှိနဲ့ ချင့်ချိန်ဝေဘန်ပြီးမှ တွက်ဆတာမျိုး မဟုတ်ပဲ တိုးတိုက်တိုက် ကျားကိုက်ကိုက်ဆိုပြီး တဇွတ်ထိုးတစ်ယူသန်သမားတွေ ဖြစ်ကြပါတယ်။ လူတစ်ယောက် လုပ်ငန်းတစ်ခုနဲ့ အောင်မြင်သွားရင် တတ်ကျွမ်းနားလည်မှု စုံစမ်းလေ့လာမှုမရှိပဲ သူလုပ်သလို လိုက်လုပ်တတ်ကြပြန်ပါတယ်။ သူလုပ်သလို ကိုယ်ဖြစ်မလာတဲ့အခါမှာ ကိုယ့်ရဲ့ဉာဏ်အမြော်အမြင်နည်းတာ လေ့လာစူးစမ်းမှုမရှိတာ၊ လုပ်ငန်းမကျွမ်းကျင်တာကို မမြင်ပဲ'ကံ'ကိုပဲပုံချတတ်ကြပါတယ်။ အရာရာဖြစ်သမျှကို'ကံ' အပေါ်မှာ မှီခိုအားထားပြီး၊ 'ကံ'ကိုပဲ ပုံချခြင်းဟာ 'ကမ္မဝါဒ' 'ကံယုံဝါဒ' သက်သက်ဖြစ်ပါတယ်။ ဘုရားဟောတရားနဲ့ ညီညွတ်တဲ့သဘောမရှိပါဘူး။

ကျွန်တော်တို့ မျက်စိရှေ့မှောက်မှာ တွေ့မြင်နေရတာတွေ ကတော့ လူတွေဟာ သူများခင်းထားတဲ့ လမ်းပေါ်မှာပဲ အသာတက်

လျှောက်ချင်ကြတာများပါတယ်။ ကိုယ့်လမ်းကိုယ်ဖောက် ကိုယ့်ပန်းတိုင်ကိုရှာဖွေသူ နည်းလှပါတယ်။ လွယ်လွယ်နဲ့ ဖြတ်လမ်းလိုက်ချင်တာကျွန်တော်တို့ မြန်မာလူမျိုးတော်တော်များများရဲ့ ဓလေ့ပါပဲ။ ကိုယ်တိုင်စဉ်းစားဉာဏ်နဲ့တွေးခေါ်မြော်မြင်ပြီး လမ်းသစ်ဖောက်ဖို့လိုပါတယ်။ သူများမလုပ်တဲ့အလုပ်၊ သူများမမြင်တဲ့အမြင် သူများမတွေးတဲ့အတွေးမျိုးလုပ်တတ်၊ မြင်တတ်၊ တွေးတတ်ဖို့လိုပါတယ်။

ကြီးကြီးကျယ်ကျယ် ကြံဆမှ ကြီးကြီးကျယ်ကျယ် ဖြစ်တယ်ဆိုတာအမှန်ပါပဲ။ ဒါပေမယ့် ကြီးကြီးကျယ်ကျယ်ကြံဆနိုင်တဲ့ ဉာဏ်အမြော်အမြင်မျိုး၊ လုပ်ဆောင်နိုင်စွမ်းမျိုးနဲ့ အခြေခံငွေအင်အား မရှိပဲကြီးကြီးကျယ်ကျယ်ကြံဆမယ်ဆိုရင်တော့ အလှမ်းကျယ်ပြီး အလယ်လပ်နေပါလိမ့်မယ်။ တောင်ထိပ်ကိုတက်တဲ့လှေကားဟာ မြေကြီးပေါ်ကစရပါတယ်။ သစ်ပင်ကြီးတစ်ပင်ဖြစ်လာဖို့ သစ်စေ့ကလေးတစ်စေ့ကစရပါတယ်။ စစ်မှန်တဲ့အောင်မြင်ချမ်းသာမှုကို အလိုရှိသူဆိုတာ ဖြတ်လမ်းကလိုက်ချင်လို့မရပါဘူး။

လူတစ်ယောက်မှော်ထဲမှာ ကျောက်အောင်လို့ ချမ်းသာသွားပြီဆိုလျှင် ငါလဲသူ့လိုကျောက်အောင်မလားဆိုပြီး မှော်ထဲသွားချင်သူတွေအပုံပါပဲ။ လူတစ်ယောက်ကျောက်အောင်လို့ ချမ်းသာတာကို မြင်လွယ်တွေ့လွယ်ကြပေမယ့် လူထောင်ပေါင်းများစွာ ငှက်ဖျားမိလို့ တွင်းပိလို့သေကြကြေကြတာ လူဆိုးဓားမြနှိပ်စက်လို့ စရိတ်ပြတ်လို့ ဒုက္ခရောက်ကြတာကိုတော့ မမြင်ကြမတွေ့ကြပါဘူး။ လူတစ်ယောက် သိန်းသုံးရာထီပေါက်လို့ သိမ့်သိမ့်လှုပ်သွားပြီလားဆိုရင်၊ သူပေါက်နိုး ငါပေါက်နိုးနဲ့ ထီပိုးနဲ့မွဲနေကြသူတွေလဲအသေချာ အနန္တပါ။ လူတစ်





ယောက်လက်ဖက်ရည်ဆိုင်ဖွင့်လို့ အောင်မြင်ရင် လက်ဖက်ရည်ဆိုင်လိုက်ဖွင့်သူတွေလဲအပုံပါပဲ။ ဒီလိုနဲ့အောင်မြင်သူတွေရှိသလို အရင်းအနှီး ကြီးကြီးရင်းနှီးပြီးမှ လုပ်ငန်းမကျွမ်းကျင်လို့ နေရာဒေသမကောင်းမွန်လို့ပြန်ပိတ်လိုက်ရတဲ့ လက်ဖက်ရည်ဆိုင်တွေလဲ မနည်းလှပါဘူး။

တကယ်သာ မိမိဘာဝါသနာပါသလဲ၊ မိမိဘယ်လုပ်ငန်းမှာ ကျွမ်းကျင်လဲ၊ မိမိဝါသနာမိမိလုပ်ငန်းနဲ့ အလုပ်ဖြစ်နိုင်မယ့် ပတ်ဝန်းကျင်ကိုရှာသင့်ရင် ရှာရပါလိမ့်မယ်။ ဒါမှမဟုတ်လဲ မိမိပတ်ဝန်းကျင် မိမိအနေအထားနဲ့ သင့်လျော်တဲ့ လုပ်ငန်းမျိုးကို ရွေးချယ်သင့်ပါတယ်။ ခုတော့အဲဒီလိုမဟုတ်ပဲ တစ်ယောက်အလုပ်ဖြစ်ရင် ဖြစ်တဲ့အလုပ်နောက်ကိုတစ်ယောက်ပြီးတစ်ယောက် လိုက်လုပ်ကြတာနဲ့ မူလပထမ ထိုးဖောက်ကြံစည်သူလဲ အလုပ်မဖြစ်၊ နောက်လိုက်တွေလဲ အလုပ်မဖြစ်ပဲ အားလုံးပျက်ဆီးကုန်ကြရပါတယ်။

တစ်ချို့သောနိုင်ငံကြီးသားတွေကတော့ တကယ်ပဲအတုယူဖို့ကောင်းလှပါတယ်။ လုပ်ငန်းတစ်ခုခုကို လုပ်တော့မယ်ကြံရင်ဘယ်တော့မှအလုအယက်လုပ်လေ့မရှိပါဘူး။ အလုပ်နဲ့ပတ်သက်နိုးနောသမျှ တတ်အောင်၊ သိအောင်၊ ကျွမ်းကျင်အောင် သင်ကြားတတ်မြောက်ပြီးမှ အသေအချာတွက်ချက်လုပ်ကိုင်လေ့ရှိပါတယ်။ စနစ်တကျတွက်ချက်ပြီး သေချာလောက်မှလုပ်တယ်၊ လုပ်ပြန်တော့လဲ သမံကာလျှံကာမဟုတ်ပဲ တကယ်ကျွမ်းကျွမ်းကျင်ကျင်နဲ့ စေတနာထားလုပ်ဆောင်ကြတဲ့အတွက် ပျက်ဆီးဆုံးရှုံးမှုဆိုလို့ အင်မတန်နည်းတာတွေ့ရပါတယ်။ အောင်မြင်တာပဲများပါတယ်။

တကယ်လို့မတော်တဆ မမြော်လင့်တဲ့ အရေးကိစ္စမျိုးကြောင့် ရှုံးနိမ့်ပြန်ရင်လဲ မမှုပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူတို့မှာ ဖြစ်အောင်လုပ်ဖို့စိတ်ဆုံးဖြတ်ပြီးဖြစ်သလို တကယ်လို့မဖြစ်ခဲ့ရင် ဘယ်လိုအစားထိုးမလဲဆိုတဲ့ အရံအစီအစဉ်လဲထားရှိတတ်လို့ပါပဲ။ ဒါတင်မက သူတို့ဟာ အမြဲတမ်းအပိုငွေရံထားလေ့ရှိပါတယ်။ ဘယ်တော့မှ ရှိတဲ့ငွေပုံအောပြီးလုပ်ရမယ့်အလုပ်မျိုးမလုပ်ဘူး။ တစ်သိန်းရင်းရမယ့်အလုပ်ကို တစ်သိန်းအရံထားပြီး လုပ်လေ့ရှိလို့ မမြော်လင့်ပဲ ဆုံးရှုံးခဲ့ရင်လည်း အသစ်ပြန်စလို့ရအောင်ကြိုတင် စီမံလေ့ရှိပါတယ်။

ကျွန်တော်တို့ဆီမှာတော့ ခုလိုမဟုတ်ပါဘူး။ အကွက်ကောင်းတွေ့ရင် အမြုတ်ဆွယ်ကောင်းရင်ရှိတာပုံအောပြီး လုပ်တတ်ကြပါတယ်။ တစ်ချို့ရှိစုမဲ့စုရှာကြ၊ ပေါင်နှံချေးငှားပြီး သူ့ငွေဖြစ်ငွေဖြစ် မျက်ကန်းတစ္ဆေမကြောက် လုပ်တတ်ကြတဲ့အတွက် ပျက်ဆီးဆုံးရှုံးမှုတွေကို မကြာခဏ ရင်ဆိုင်တွေ့ကြရပါတယ်။

မန္တလေးက စာရေးသူနဲ့ရင်းနှီးတဲ့မိတ်ဆွေတစ်ဦးရှိပါတယ်။ ချို့ချို့တဲ့တဲ့နေရှာတဲ့ မိသားစုကလေးပါ။ ဒါပေမယ့် မကြာခင်မှာပဲ မိုးကောင်းကကျောက်ကုန်သည်ဆိုသူတွေက သူတို့အိမ်မှာပဲတည်းခိုနေထိုင်ရောင်းဝယ်ကြပါတယ်။ ဒီလိုနေထိုင်တဲ့ကာလအတွင်း စားစရိတ်ကိုလည်းတစ်အိမ်လုံးအတွက် လောက်လောက်ငှငှ ပိုပိုလျှံလျှံလေးဈေးဘိုးပေးလေ့ရှိပါတယ်။ ဒီထဲက အရောင်းအဝယ်ကောင်းလို့ ပွဲတည့်လို့ မြတ်မြတ်ကလေးရတဲ့အခါတွေမှာ မုန့်ဖိုးပဲဖိုးကလည်း ငါးရာတစ်ထောင်ပေးပေးသွားပါသေးတယ်။ နောက်တော့ သူတို့ဆင်းရဲတာ မကြည့်ရက်လို့ဆိုပြီး သူကျောက်လုပ်ငန်းထဲမှာ ရှယ်ယာ





အထည်ညှိနိုင်းပါတယ်။ အိမ်ရှင်လင်မယားလဲ သူတို့ရှေ့မှာ ဖောဖောသီသီသုံးစွဲနေကြတာတွေ့ရလေတော့ ဝမ်းပါးပြီးရှိစုမဲ့စုရွှေတို့ရွှေစလေးဖြတ်ပြီး ရှယ်ယာထည့်လိုက်ပါတယ်။ ပထမတစ်ခေါက်မှာ ငါးထောင်လောက်မြတ်တယ်။ ဒုတိယအခေါက်မှာ ခုနစ်ထောင်လောက်မြတ်တယ်။ တစ်ခေါက်တစ်ခေါက်ဆိုတာကလည်း ဘာမှကြာလှတာမဟုတ်ပါဘူး။ ခြောက်ရက်ခုနစ်ရက်ပါ။ ဆယ်ရက်ဆိုတာ အကြာဆုံးပါပဲ။ ကျောက်လဲမကိုင်ရ၊ ကျောက်လဲမမြင်ရ၊ ဝယ်လဲမဝယ်ရ၊ ရောင်းလဲမရောင်းရ၊ ဘာမှမလုပ်ရပဲ ငွေရနေတဲ့အလုပ်ဆိုတော့ အိမ်ရှင်လင်မယားလဲ မိုးကောင်းကဧည့်သည်တွေနဲ့ခုလို ဆက်သွယ်မိတာ ပျော်မဆုံး မော်မဆုံး တပြုံးပြုံးပါပဲ။

ဒီလိုနဲ့သုံးလေးခေါက်လောက်လဲ အမြတ်ရပြီးရော များများရှယ်ယာထည့်ဝင်ရင် များများမြတ်မှာပဲဆိုတဲ့ လောဘနဲ့ယှဉ်တဲ့အသိကဝင်လာပါတော့တယ်။ လောဘစိတ်ကရှေ့ဆောင်နေလေတော့ စဉ်းစားတွေးခေါ်မှုဆိုတာလဲ လောဘရှေ့ဆောင်တဲ့ စဉ်းစားတွေးခေါ်မှုပဲဖြစ်တော့မှာပေါ့။ တစ်သောင်းရင်းရင် ငါးထောင်လောက်မြတ်တယ်။ ဈေးကွက်ကောင်းပစ္စည်းကောင်းရရင် ခေါက်ချိုးမြတ်ချင်လဲ မြတ်မယ်။ ခေါက်ချိုးမကမြတ်ချင်လဲ မြတ်မယ်ဆိုတာသိလေတော့ အရင်းများများထည့်ချင်လာကြပါတယ်။

ဒီအချိန်မှာ ကျောက်ပွဲစားဧည့်သည်တွေကလဲ ကျောက်တွေဈေးကောင်းနေတယ်။ သုံးလေးသိန်းလောက်ရင်းရင်၊ သိန်းသုံးလေးဆယ်ပွပေါက်တိုးနိုင်တယ်။ ဝယ်-ရောင်းမဟုတ်လဲ ကိုယ်တိုင်ဖွင့်ချင်တယ်လို့ပြောလာတော့ သိန်းဂဏန်းမပြောနဲ့ သောင်းဂဏန်း

ထောင်ဂဏန်းတောင် မနေ့တစ်နေ့ကမှ ကိုင်ဖူးတဲ့အိမ်ရှင်တွေခမျာ သိန်းသုံးလေးဆယ်ပွပေါက်တိုးနိုင်တယ်ဆိုတဲ့အသိက လောဘနဲ့ယှဉ်ပြီးဖြစ်ပေါ်လာပါတယ်။ ဒါနဲ့ပဲလင်မယားနှစ်ယောက်တိုင်ပင်ပြီး အိမ်ဂရံကိုပေါင်ပေးလိုက်ကြပါတယ်။

အစကပြောခဲ့သလိုပါပဲ၊ ဉာဏ်အမြော်အမြင်နဲ့ မယှဉ်ပဲ တစ်ခွတ်ထိုး တစ်ပွဲထိုး လူမိုက်နှုန်းတိုးလုပ်လိုက်ကြသော အိမ်ပါဆုံးရတော့တာပါပဲ။ အဲဒီအခေါက်ပြီးကတည်းက ကျောက်ပွဲစား ကျောက်သမားတွေ ပေါ်မလာတော့ဘူးလို့ ဆိုပါတယ်။ ပေါ်မလာတာနဲ့ ချေးငှားပေါင်နှံပြီးလိုက်သွားတော့လည်း ဘယ်မှာမှရှာမတွေ့ခဲ့ပါဘူး။

ဒါ့ကြောင့် 'ဉာဏသမ္ပတ္တိ' အသိဉာဏ်ရှေ့ဆောင်ပြီး လုပ်ကိုင်ဆောင်ရွက်နိုင်မှုချို့တဲ့သူဟာ အကန်းလမ်းလျှောက်သလိုပါပဲ။ တစ်ခါတစ်ရံ ခရီးသင့်ပေမယ့်လည်း၊ မကြာခင်မှာ ချော်ကျပျက်ဆီးရတတ်ပါတယ် ဉာဏ်ရှေ့မဆောင်တဲ့ အလုပ်မှန်သမျှဟာ လမ်းညွှန်မြေပုံမပါပဲ ခရီးသွားတဲ့ ကမ္ဘာလှည့်ဧည့်သည်လိုပါပဲ။ လိုရာမရောက် ခရီးမပေါက်နိုင်ပါဘူး။





# အမှန်တရား ချစ်မြတ်နိုးမှု

စင်စစ်ကမ္ဘာလောကကြီးဟာ အမှန်နဲ့အမှား၊ တရားနဲ့ အဓမ္မ၊ အလှနဲ့အကျည်းတန်၊ အယဉ်နဲ့အရိုင်း စတဲ့ ဆန့်ကျင်ဘက်တွေရဲ့ စုဆည်းရာ ပဋိပက္ခတွေရဲ့ တိုက်ပွဲစမ်မျက်နှာ ဖြစ်ပါတယ်။ လူတွေရဲ့ ပါးစပ်များကအမြဲပြောနေကြစကားဟာ 'အမှန်တရား' 'အမှန်တရား' ဆိုတာကြီးပါပဲ။ ဒါပေမယ့် လက်တွေ့အရတော့ လူတွေဟာ အမှန်တရားဆိုတဲ့ စကားကို တွင်တွင်ကျယ်ကျယ် သုံးသလောက်၊ ဖြစ်ဖြစ်မြောက်မြောက် လုပ်ဆောင်နေကြတာ ကတော့ 'အမှား' တွေချည်းပါပဲ။ ဒါပေမယ့် အဲဒီအမှားတွေကိုပဲ အမှန်လို့ထင်ချင်ထင်နေ ကြပါသေးတယ်။ အမှန်တရားဆိုတာ တစ်ခုတည်းရှိရမယ်လို့ ဆိုနေ ကြပေမယ့်၊ ခေါင်းဘက်က ကြည့်တဲ့လူကလည်း 'ခေါင်း'အမှန်၊ 'ပန်း'ဘက်ကြည့်တဲ့လူကလည်း 'ပန်း'အမှန်ပဲလေ။ အမှန်တရားဆို တာကြီးကို လိုသလိုအဓိပ္ပါယ် ဖွင့်ဆိုနေကြတာပဲ မဟုတ်ပါလား။

ပရာဘဝသုတ်မှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ကလူတွေထဲ့ ပျက်ဆီးရာပျက်ဆီးကြောင်းတရားအနေနဲ့ အမှန်တရားကို လိုလားနှစ်သက်သူဟာ ကြီးပွားချမ်းသာနိုင်တယ်။ အမှန်တရားကိုမလိုလားသူ၊ ဒုစရိုက်မှုများမှာမွေ့ပျော်နေသူများကို ပျက်ဆီး ဆုတ်ယုတ်စေတယ်လို့ ဟောကြားတော်မူခဲ့ပါတယ်။ ပျက်ဆီးရာပျက် ဆီးကြောင်းတရားကိုဟောကြားရာမှာ တရားမှန်မလိုလားသူ မမှန် တရားကိုလက်ခံသူဟာ ဆုတ်ယုတ်ပျက်စီးတတ်တယ်လို့ ဟောရမှာ ပါပဲ။ ဒါပေမယ့် ပျက်ဆီးခြင်းတရားရဲ့ ဆန့်ကျင်ဘက်ဟာ ကြီးပွားခြင်း





တရားချမ်းသာခြင်းတရားဖြစ်တဲ့အတွက် တရားမှန်လိုလားသူ အမှန် တရားချစ်မြတ်နိုးသူဟာ ကြီးပွားချမ်းခြင်းကို ဖြစ်စေတယ်လို့ ဦးစွာ ဟောကြားတာဖြစ်ပါလိမ့်မယ်။ ကောင်းမှုနဲ့မကောင်းမှု၊ သုစရိုက်မှုနဲ့ ဒုစရိုက်မှုဟာ ကျောခြင်းကပ်နေပေမယ့် လားရာမတူတဲ့မျှားနှစ်စင်း ဖြစ်ပါတယ်။

အမှန်တရားကို ချစ်မြတ်နိုးသူဆိုတာ ဒုစရိုက်မှုများကို ရှောင်ကြဉ်သူ၊ မတော်မတရားတဲ့ ဒုစရိုက်မှုတွေကို ရှောင်ရှားပြီး လမ်းမှားကိုမလိုက်ပဲ၊ လမ်းမှန်အတိုင်း လျှောက်သူကိုခေါ်ပါတယ်။ မကောင်းမှုဒုစရိုက်နဲ့ ကင်းရှင်းတဲ့အတွက် တရားသဖြင့် နေထိုင်သူ ဖြစ်တာကြောင့် လူအများရဲ့ချစ်ခင်ရိုသေမှုကို ခံရပါတယ်။ ယုံကြည် မြတ်နိုးမှုလည်းရှိကြပါတယ်။ ယုံကြည်မှု ဆိုတာ လူ့သဘာဝ၊ လူ့လောကအတွက် အင်မတန်အဖိုးတန်ပါတယ်။ စီးပွားရေးလောက မှာပဲဖြစ်ဖြစ်၊ တစ်ခြားဘယ်လောကမှာပဲဖြစ်ဖြစ်၊ လူလူချင်းဆက်ဆံ ပေါင်းသင်းရာမှာ 'ယုံကြည်မှု' ကအရင်းခံဖြစ်ပါတယ်။ 'ယုံကြည်မှု' မပါတဲ့ ချစ်ခင်မှု 'ယုံကြည်မှု'မပါတဲ့ ဆက်ဆံရေး၊ 'ယုံကြည်မှု'မပါတဲ့ အလုပ်ဆိုတာ အင်ဂျင်မပါတဲ့ ယဉ်တစ်စီးလိုပါပဲ။ ဘာမှအသုံး မဝင်ပါ ဘူး။ ဘာကိုမှလည်း ဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်မှာမဟုတ်ပါဘူး။

ဒီနေ့ခေတ်အခါဆိုရင် ပိုပြီးသိသာထင်ရှားလှပါတယ်။ ငွေရှင် ကြေးရှင်တွေ၊ ကုမ္ပဏီရှင်လုပ်ငန်းရှင်တွေဟာ ငွေရေးကြေးရေးကို သိပ်ပြီးဂရုစိုက်လှတယ် မဟုတ်ပါဘူး။ သူတို့လိုချင်တာက လူကောင်း လူမှန်သာဖြစ်ပါတယ်။ အလုပ်ကိုမှန်မှန်ကန်ကန်လုပ်မယ့်သူ၊ သစ္စာ

ရှိမယ့်သူ၊ အရည်အချင်းရှိမယ့်သူမျိုးကိုသာ လစာကောင်းကောင်းပေးပြီးခန့်အပ်ချင်ကြပါတယ်။ အရည်အချင်းရှိသူတွေ ပညာတတ်သူတွေ ဆိုတာရှာရတာလွယ်ကူပါတယ်။ ဒါပေမယ့် အမှန်တရားချစ်မြတ်နိုးမှု မှန်မှန်ကန်ကန်ရိုးရိုးသားသားအလုပ်လုပ်သူ၊ သစ္စာရှိသူကတော့ တွေ့ရခဲလှပါတယ်။ ဒါ့ကြောင့်လည်း လုပ်ငန်းကြီးတွေ၊ ကုမ္ပဏီကြီးတွေမှာ အလုပ်သမားလျှောက်လွှာတွေထပ်နေ၊ အင်တာဗျူးတွေပြေနေကြပေမယ့်၊ ပုံသေစိတ်ချရတဲ့ အလုပ်သမားတွေကတော့ အမြဲလိုနေတာပဲမဟုတ်လား။

အမှန်တရား ချစ်မြတ်နိုးသူ၊ တရားနဲ့အညီလည်း ကျင့်ကြံနေ ထိုင်သူဆိုတာ မျက်မှောက်ဘဝမှာ သာမက တမလွန် အတွက်ပါ စိတ်ချရတဲ့သူ၊ ချမ်းသာကြီးပွားနိုင်တဲ့သူ ဖြစ်ပါတယ်။ တရားစောင့် တဲ့လူကို လူမကာနတ်တွေကပါ ချစ်ခင်ကြပါတယ်။

လောကမှာ ကောင်းမှုပြုလုပ်သူ(သုစရိုက်သမား)နဲ့၊ မကောင်းမှု အကုသိုလ်ပြုလုပ်သူ (ဒုစရိုက်သမား)တွေရဲ့ အနေအထားဟာ မိုးနဲ့မြေပမာကွာခြားတာ ထင်ထင်ရှားရှားတွေ့နိုင်ပါတယ်။

တရားနည်းလမ်းမကျသူ၊ တရားမျှတစွာနေထိုင်လေ့မရှိသူ၊ မကောင်းမှုအကုသိုလ် ဒုစရိုက်နဲ့ အသက်မွေးဝမ်းကျောင်းသူကို ဘယ်သူမှမလိုလား မနှစ်သက်ကြပါဘူး။ ဒါ့ကြောင့်လည်း တရားသဖြင့်နေထိုင်လေ့မရှိသူ၊ အမှန်တရားလမ်းပေါ်က သွေဖီလျှောက်လှမ်းသူတွေကို ဘာသာတရားအရသာမဟုတ်ပဲ လူ့ပတ်ဝန်းကျင်ကပါ ဆန့်ကျင်ရှုတ်ချအပြစ်တင် ကဲ့ရဲ့ကြပါတယ်။ မကောင်းမှု ဒုစရိုက်





ပြုလုပ် သူတွေကို ဖမ်းဆီးချုပ်နှောင်ပြီး ထိုက်တန်တဲ့အပြစ်ပေးခြင်းလည်း ခံရတတ်ပါတယ်။ ဘယ်ဘာသာ၊ ဘယ်တိုင်းနိုင်ငံဘယ်မင်း အစိုးရမဆိုမကောင်းမှု ဒုစရိုက်လုပ်သူတွေကို ဖမ်းဆီးချုပ်နှောင်ပြီး ထိုက်တန် တဲ့အပြစ်ပေးမှုပြုလုပ်ကြပါတယ်။ ဒုစရိုက်မှု ကျူးလွန်သူတွေမှာလည်း မိမိတို့ရဲ့မကောင်းမှုပြုလုပ်တဲ့ကံအတိုင်း ပြစ်ဒဏ်ချမှတ်စီရင်တာ ခံကြရပါတယ်။ ဒီလိုပြစ်ဒဏ်ခံရတဲ့အတွက် စိတ်ရောကိုယ်ပါ ဆင်းရဲ ခြင်းကြီးစွာခံရပါတယ်။ ရောဂါဘယမျိုးစုံ ကူးစက်ကျရောက်တာ၊ ဘဝတစ်ခုလုံး ဆုံးရှုံးတာ၊ အသက်ပါစတေးလိုက်ရတာမျိုးတွေရှိပါ တယ်။ ဒါတကယ်တော့ ဘယ်သူမပြု မိမိမှုဆိုသလိုပါပဲ သူတို့ကိုဆင်း ရဲအောင်၊ ပင်ပမ်းအောင်၊ ထောင်ကျအောင်၊ ပျက်ဆီးဆုံးရှုံးအောင် ဘယ်သူကမှလုပ်တာမဟုတ်ပါဘူး။ သူတို့ကိုယ်တိုင် မကောင်းမှုပြုလို့ မကောင်းတဲ့ဒဏ်ကို ခံကြရတာဖြစ်ပါတယ်။ ဒါ့ကြောင့် တရားမျှတမှုကို မလိုလားသူ (အဓမ္မပြုကျင့်သူ) တွေကို ဥစ္စာစည်းစိမ်၊ ဂုဏ်သိမ်တန် နိုးညှိုးယော်ပျက်ဆီးစေတယ်လို့ မြတ်စွာဗုဒ္ဓ ညွှန်ပြဆုံးမခဲ့ခြင်း ဖြစ်ပါ တယ်။

မကောင်းမှုဒုစရိုက်ပြုသူ၊ တရားလမ်းကြောင်းအတိုင်း မလိုက်သူ၊ အမှန်တရားနဲ့သွေဖီဆန့်ကျင်သူတွေအဖို့ ပစ္စုပ္ပန်လူ့ဘဝမှာသာမဟုတ်ပါဘူး။ တမလွန်ဘဝအတွက်ရော၊ သံသရာအတွက်ပါ ရင်လေးစရာကောင်းလှပါတယ်။ သေလွန်ပြီးနောက် အပါယ်ဘုံရောက်ပြီဆိုတာနဲ့ လက်ရှိဘဝထက်အဆပေါင်းများစွာပိုမိုကြီးမားတဲ့ဆင်းရဲမှုဒဏ်၊ ညှဉ်းပမ်းနှိပ်စက်မှုဒဏ်ကို နှစ်ကာလပေါင်းထောင်သောင်းမကခံကြရဦးမှာပါ။

မကောင်းမှုဒုစရိုက်မှုကို ပြုလုပ်လေ့ရှိသူတို့အတွက် တမလွန်ဘဝမှာ ခံယူကြရမယ့် အပြစ်တွေကို မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ်မှာ ခုလိုဟောပြောဆုံးမတော်မူခဲ့ပါတယ်။

(၁) သတ္တဝါတို့ရဲ့အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်းပြုကျင့်သူတွေဟာ၊ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံတွေမှာ ဖြစ်ရတတ်တယ်။ အနိမ့်ဆုံးကတော့ သူတစ်ပါးအသက်ကို သတ်တဲ့ ပါဏာတိပါတ ကံထိုက်သူဟာလူအဖြစ်ရဦးတော့ အသက်ရှည်ရှည်မနေရ။

(၂) ပိုင်ရှင်မပေးတဲ့ သူတစ်ပါးပိုင်ဆိုင်တဲ့ပစ္စည်းကို ခိုးဝှက်လုယူခြင်း။ ကံကိုကျူးလွန်သူတို့ဟာ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံတွေမှာ ဖြစ်ရတတ်တယ်။ အနိမ့်ဆုံးအနေနဲ့ အဒိန္နာဒါနာကံထိုက်သူ သူတပါးပစ္စည်းကိုခိုးယူသူဟာ လူအဖြစ်ကိုရဦးတော့ ဆင်းရဲမွဲတေတတ်တယ်၊ စည်းစိမ်ဥစ္စာပျက်ဆီးဆုံးရှုံးရတတ်တယ်။

(၃) သူတပါးရဲ့အိမ်ယာကို ဖောက်ပြားကျူးလွန်တဲ့ အပြစ်၊ ကံကိုကျူးလွန်သူတို့ဟာ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံတွေမှာ ဖြစ်ရတတ်တယ်။ အနိမ့်ဆုံးအဆင့်အနေနဲ့ ကာမေသုမိစ္ဆာစာရကံထိုက်သူဟာ လူ့ဘဝကိုရရှိဦးတော့ ရန်သူပေါ်များတတ်တယ်။

(၄) လိမ်လည်လှည့်ဖျား။ မုသားစကားပြောဆိုတတ်သူဟာ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံတို့မှာ ဖြစ်ရတတ်တယ်။ အနိမ့်ဆုံးအဆင့်အနေနဲ့ မုသာဝါဒကံကို ကျူးလွန်သူဟာ သူတစ်ပါးရဲ့ပုတ်ခတ်စွပ်စွဲမှုကို ခံရတတ်တယ်။

(၅) မိတ်ဆွေအချင်းချင်း မသင့်မတင့်အောင်၊ အထင်အမြင်လွဲမှားအောင် ကုန်းချောစကားပြောကြားတတ်သူဟာ ငရဲ တိရစ္ဆာန်၊





ပိသုဏဝါစာ ပြိတ္တာဘုံတွေမှာ ဖြစ်ရတတ်တယ်။ အနိမ့်ဆုံး အဆင့်အနေနဲ့ ပိသုဏဝါ ကံကြောင့် မိတ်ဆွေတို့နဲ့ပျက်ပြား ရန်မီးပွားစေတတ်တယ်။

(၆) နုတ်ကြမ်း၊ လျှာကြမ်း၊ ဆဲရေးတိုင်းထွာပြောဆိုတတ်သူတွေဟာ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံတွေမှာ ဖြစ်ရတတ်တယ်။ အနိမ့်ဆုံး၊ အချင်းဆုံးအနေနဲ့ ဖရုသဝါစာကံဟာ လူဖြစ်ဦးတော့ နှစ်သက်ဖွယ်ရာ သာယာနာပျော်ဘွယ်အသံတို့ကို မကြားရပဲ၊ နားခါးခံခက် စိတ်ပျက်စရာအသံတွေကိုသာ ကြားရတတ်တယ်။

(၇) အရေမရ၊ အဖတ်မရ ပေါက်တတ်ကရစကား၊ အပေါ့အသွမ်းများသော ပြောဆိုတတ်သူဟာ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံတွေမှာ ဖြစ်ရတတ်တယ်။ အနိမ့်ဆုံးအဆင့်အနေနဲ့ သမ္ဖပ္ပလာပကံ ကျူးလွန်သူတွေဟာ မိမိတို့ပြောစကားဆိုစကားကို သူတစ်ပါးတို့လေးစားယုံကြည်မှုမရှိပဲ ဖြစ်ရတတ်တယ်။

(၈) အရက်သေစာစတဲ့ သောက်စားမူးယစ်တတ်တဲ့သူတွေဟာ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံတွေမှာ ဖြစ်ရတတ်တယ်။ အနိမ့်ဆုံး အချင်းဆုံးအနေနဲ့ သုရာမေရယကံကို ကျူးလွန်သူတို့ဟာ လူအဖြစ်ကိုရစေဦးတော့ ရူးသွပ်မိုက်မဲသူတွေဖြစ်ရတတ်တယ်။

(၉) သူတစ်ပါးပစ္စည်းဥစ္စာချမ်းသာတာကို မကျေမနပ်ဖြစ်သူ၊ သူ့ဥစ္စာကိုငါ့ဥစ္စာဖြစ်ရင်ကောင်းမှာပဲလို့ တွေးတောကြံစည်သူဟာ သူ့ရဲ့အဘိဇ္ဈာစေတနာကံကြောင့် ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံမှာ ဖြစ်ရတတ်တယ်။ အနိမ့်ဆုံးအနေနဲ့ လူ့အဖြစ်ကိုရစေဦးတော့ မိမိပစ္စည်းကို သူတစ်ပါးကြံစည်တာခံရတတ်တယ်။

(၁၀) သူတစ်ပါးမျက်ဆီးမှုကို တွေ့ချင်မြင်ချင်လိုတဲ့သူ၊ သူတပါးအကျိုးမျက်ဆီးစေတဲ့လူဟာ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံတွေမှာ ဖြစ်ရတတ်တယ်။ အနိမ့်ဆုံးအဆင့်အနေနဲ့ ဖျာပါးကံကြောင့် လူ့အဖြစ်ကိုရရှိစေဦးတော့ မိမိရဲ့ စည်းစိမ်ကို သူတစ်ပါးမျက်ဆီးတာခံရတတ်တယ်။

(၁၁) ကောင်းမှု-မကောင်းမှုဆိုတာမရှိ၊ ကောင်းမှုအကျိုး-မကောင်းမှုအကျိုးဆိုတာလဲသားမရှိ၊ ဤလောကဆိုတာလည်းမရှိ၊ တစ်ခြားတစ်ပါးသောလောကဆိုတာလည်းမရှိ၊ ယခုဘဝလည်းမရှိ၊ နောက်ဘဝလည်းမရှိစတဲ့ အမြင်အယူလွဲမှားသူ၊ အမိရယ်အဖရယ်ဆိုတာလည်းမရှိစတဲ့ မိစ္ဆာအယူရှိသူဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံဘဝတို့မှာ ရောက်ရတတ်တယ်။ အထူးသဖြင့် ငရဲဘုံမှာသာ ကျရောက်ခံစားရတတ်ပါတယ်။

ဒီနေရာမှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဉာဏ်အမြော်အမြင်ရှိသူက ကြီးပွားချမ်းသာတတ်တယ်။ ဉာဏ်အမြော်အမြင်နည်းသူဟာ ဆုတ်ယုတ်ပျက်ဆီးတတ်တယ်လို့ ဟောကြားပြီးတဲ့နောက်မှာ အမှန်တရားသိမြင်လိုလားသူဟာ ချမ်းသာကြီးပွားနိုင်ပြီး အမှန်တရားမလိုလားသူဟာ ဆုတ်ယုတ်ပျက်ဆီးတတ်တယ်လို့ ဆက်လက်ဟောမြွက်ခဲ့ရာမှာအကြောင်းအကျိုးရှိပါတယ်၊ ဉာဏ်အမြော်အမြင်ရှိသူပင်ဖြစ်လင့်ကစား အပေါင်းအသင်းမှားလို့ပဲဖြစ်ဖြစ်၊ တစ်စုံတစ်ရာဘဝရဲ့တိုက်တွန်း လှုံ့ဆော်မှုကြောင့် လောဘရမက်ဇောကပ်လို့ပဲဖြစ်ဖြစ်၊ တရားနည်းလမ်းမကျတဲ့ လုပ်ရပ်တွေကို ကျူးလွန်မိတတ်ကြပါတယ်။ အမှန်တရားနဲ့ သွေဖည်ရာလမ်းကြောင်းကို





မမြော်လင့်ပဲ မလိုလားပဲ လျောက်မိ၊ ရပ်မိလျက်သားဖြစ်သွားတတ်ပါတယ်။ ဒါကြောင့် အမှန်တရားချစ်မြတ်နိုးမှုကို ကြီးပွားချမ်းသာရေးတရားအဖြစ် ဆက်လက်ဟောကြားတော်မူတာဖြစ်ပါလိမ့်မယ်။ ဉာဏ်အမြော်အမြင်နုံနဲ့သူအဖို့တော့ ပိုပြီးတော့တောင်ဆိုးပါလိမ့်ဦးမယ်။ အမှန်အမှားခွဲခြားဝေဖန်နိုင်တဲ့ အသိဉာဏ်အမြော်အမြင်မရှိတာကြောင့် အမှားကိုအမှန်ထင် အမေ့ကို မေ့ထင်ပြီး မကောင်းမှုဒုစရိုက်အမှုကို တွင်တွင်ကျယ်ကျယ်ကြီးပြုမိတတ်ပါတယ်။

ဒါ့ကြောင့် ပုထုဇဉ်လူသားတွေအနေနဲ့ မိမိရဲ့ကိုယ်ပိုင်ဉာဏ်စွမ်းဉာဏ်စကို အသုံးချအားကိုးပြီး လမ်းမှားကိုမလိုက်မိအောင်၊ ဒုစရိုက်အမှုကို မပြုမိ၊ မလုပ်မိအောင် ရှောင်ရှားနိုင်ဖို့ လိုပါတယ်။ အမှန်တရားကို လိုလားမြတ်နိုးပြီး ကောင်းသောအသက်မွေးမှုနဲ့ သဘာဝကိုရှင်သန်ဖို့လိုပါတယ်။ အမှန်တရားကို မျက်ကွယ်ပြုပြီး မကောင်းမှု ဒုစရိုက်မှုကို ယောင်လို့မှမကျူးလွန်မိအောင် သတိရှိရပါမယ်။

စာရေးသူရဲ့မိတ်ဆွေတစ်ယောက်ဟာ စာပေဗဟုသုတအထိုက်အလျောက်ရှိသူပါ။ ဝင်းစားဆင်ခြင်ဉာဏ်လဲသိပ်တော့ မနည်းလှပူးလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့်သူဟာ အပျင်းပြေသဘောမျိုးနဲ့ လောင်းကစားဝိုင်းမှာ အပေါင်းအသင်းကောင်းလို့ ဝင်ပါမိတာနဲ့ လောင်းကစားမှုကိုစွဲသွားပါတယ်။ နိုင်တဲ့အခါတုန်းလိုက် သောက်လိုက်သုံးလိုက်ဖြုန်းလိုက်ပါပဲ။ ရှုံးတဲ့အခါကျတော့လည်း ပေါင်နှံချေးငှားအကြွေးများခဲ့ရပါတယ်။ ဒါပေမယ့် သူပြောတာက

"ကောင်းကောင်းမွန်မွန် လုပ်စားလို့ ဘယ်နှယ်လုပ်ကြီးပွားချမ်းသာပါ့မလဲကွာ၊ ဒီအလုပ်ကမှ အခန့်သင့်ရင် နေ့ချင်းညချင်း ကြီးပွားနိုင်မှာ"တဲ့။

အမှန်တော့ သူ့ရဲ့အသိတရားကို သူ့ရဲ့လောဘကလွှမ်းမိုးအနိုင်ယူသွားတာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် လောဘဟာ အမှန်တရားကိုမသိမြင်နိုင်အောင် ဖုံးလွှမ်းစေတဲ့ တိမ်သလ္လာပဲဖြစ်ပါတယ်။ နောက်ဆုံးတော့ အဆိုပါစာရေးသူ့ရဲ့မိတ်ဆွေခမျာ လောင်းကစားကျူးတဲ့အပြစ်ကြောင့် သားတကွဲ မယားတကွဲဖြစ်ရ၊ အိမ်ပါပေါင်ရတဲ့ ဘဝမျိုးကနေ၊ နောက်ဆုံးလောဘကြောင့် ထင်ရာလုပ်မိရာကနေ ထောင်ထဲမှာပဲဘဝ ဆုံးရတဲ့အဖြစ်မျိုးရောက်ခဲ့ရပါတယ်။

မဟုတ်တာလုပ်ရင် မဟာတ်တာဖြစ်တတ်တယ်ဆိုတာ အမှန်ပါပဲ။ လောကထဲမှာ ဘယ်အကုသိုလ် ဒုစရိုက်သမားမှ ချမ်းချမ်းသာသာပျော်ပျော်ရွှင်ရွှင် နေရတာမျိုးမတွေ့ဖူးပါဘူး။ မကောင်းမှုကြောင့် စည်းစိမ်ချမ်းသာ အထိုက်အလျောက်ခံစားရတယ်ဆိုဦးတော့စင်ကြယ်တဲ့ စည်းစိမ်ချမ်းသာမဟုတ်တဲ့အတွက် မိမိရဲ့ရရှိပြီးစည်းစိမ်ချမ်းသာအပေါ်စိတ်အေးလက်အေး စိတ်ချလက်ချမခံစားနိုင်ပါဘူး။ အမြဲလိုလို စိုးရိမ်စိတ်တွေသောကတွေနဲ့ နောင်ဖွဲ့နေရတတ်ပါတယ်။ မိမိစည်းစိမ် သူတစ်ပါးလုယူမှာစိုးရိမ်နေရသလို၊ မိမိရဲ့မကောင်းမှု ဒုစရိုက်ကံကြောင့်လည်း ဘယ်အချိန်မှာဘယ်လိုအန္တရာယ်ကြုံရမလဲဆိုပြီးတော့လည်း ရင်တထိတ်ထိတ်နဲ့ စိုးရိမ်မကင်းဖြစ်ရပါတယ်။

ဒါ့ကြောင့် ဒုစရိုက်မှုကိုရှောင်ပြီး သုစရိုက်မှုကိုဆောင်နိုင်ဖို့လိုပါတယ်။ ဒီလိုရှောင်နိုင်ဆောင်နိုင်ဖို့အတွက် ဒုစရိုက်ဆိုတာဘာလဲ





သုစရိုက်ဆိုတာဘာလဲဆိုတာ သိရှိဖို့လိုပါတယ်။ ဒီလိုသိရှိနိုင်ဖို့အတွက် အမှန်တရားချစ်မြတ်နိုးမှု သုစရိုက်(၁၀)ပါးနဲ့ အမှန်တရားမလိုလားမှု ဒုစရိုက်(၁၀)ပါးကို ဖော်ပြလိုက်ပါတယ်။

## <u>သုစရိုက် (၁၀) ပါး</u>

ကာယသုစရိုက်(၃)ပါး

၁။ ပါဏာတိပါတာ ဝေရမဏီ

သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်းမှာ ရှောင်ကြဉ်ခြင်း။

၂။ အဒိန္နာဒါနာ ဝေရမဏီ

သူတစ်ပါး၏ပစ္စည်းဥစ္စာကို မပေးပဲ ယူခြင်းမှရှောင်ကြဉ်ခြင်း။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ

မကျူးလွန်ထိုက်သော ယောကျ်ားမိန်းမတို့ကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း။

## <u>ဝစီသုစရိုက်(၄)ပါး</u>

၁။ မုသာဝါဒါ ဝေရမဏီ

မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ ပိသုဏာဝါစာ ဝေရမဏီ

ကုံးချောစကားပြောခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ ဖရုသဝါစာ ဝေရမဏီ

နှုတ်လျှာကြမ်းတမ်းစွာ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၄။ သမ္ဖပ္ပလာပါ ဝေရမဏီ

သိမ်ဖျင်းယုတ်ညံ့သော စကားပြောခြင်းမှ ရှောင်ကြဉ်ခြင်း။

## မနောသုစရိုက် (၃)ပါး

၁။ အဘိဇ္ဈာ ဝေရမဏီ

သူ့ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်လိုမှု ရှောင်ကြဉ်ခြင်း။

၂။ ဗျာပါဒ ဝေရမဏီ

သူတစ်ပါးကို ပျက်စီးစေလိုမှု ရှောင်ကြဉ်ခြင်း။

၃။ မိစ္ဆာ ဒိဋ္ဌိယာ ဝေရမဏီ

အယူအမြင်လွဲမှားမှု ရှောင်ကြဉ်ခြင်း။

ကာယသုစရိုက် (၃)ပါး၊ ဝစီသုစရိုက်(၄)ပါး၊ မနောသုစရိုက်(၃)ပါး၊ စုစုပေါင်း သုစရိုက်(၁၀)ပါးရှိပါတယ်။

အဆိုပါသုစရိုက်(၁၀)ပါးကို

၁။ ကိုယ်တိုင်ပြုလုပ်ခြင်း

၂။ သူတစ်ပါးအားပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၃။ သူတစ်ပါးပြုလုပ်သည်ကို ချီးမွမ်းအားပေးခြင်း

၄။ သူတစ်ပါးနှင့်အတူတကွ ပူးတွဲဆောင်ရွက်ခြင်း စတဲ့ (၄)ပါးနဲ့ မြှောက်ရင်သုစရိုတ်ပေါင်း (၄၀) ဖြစ်ပါတယ်။

## ဒုစရိုက် (၁၀) ပါး

### ကာယဒုစရိုက် (၃)ပါး

၁။ ပါဏာတိပါတာ

သတ္တဝါတို့ကို အသက်ကို ညှဉ်းဆဲခြင်းသတ်ဖြတ်

၂။ အဒိန္နာဒါနာ

သူတစ်ပါး၏ပစ္စည်းဥစ္စာကို မပေးပဲယူခြင်း





၃။ ကာမေသု မိစ္ဆာစာရာ

မကျူးလွန်ထိုက်သော ယောကျ်ားမိန်းမတို့ကို ကျူးလွန်ခြင်း

### ဝစီဒုစရိုက် (၄)ပါး

၁။ မုသာဝါဒ – မမှန်တဲ့စကားကိုပြောဆိုခြင်း

၂။ ပိသုဏာဝါစာ – ကုန်းချောစကားဆိုခြင်း

၃။ ဖရုသဝါစာ– ကြမ်းတမ်းခက်ထန်တဲ့စကားပြောဆိုခြင်း

၄။ သမ္ဖပ္ပလာပ – သိမ်ဖျင်းယုတ်ညံ့တဲ့စကားပြောဆိုခြင်း

### မနောဒုစရိုက် (၃) ပါး

၁။ အဘိဇ္ဈာ – သူတစ်ပါးဥစ္စာကို မိမိဥစ္စာဖြစ်အောင် ကြံဆောင်ခြင်း။

၂။ ဗျာပါဒ– သူတစ်ပါးအကျိုးပျက်စီး ယုတ်လျော့အောင် ကြံဆောင်ခြင်း။

၃။ မိစ္ဆာဒိဋ္ဌိ – အယူအမြင်မှားခြင်း။

ကာယသုစရိုက် (၃)ပါး၊ ဝစီသုစရိုက်(၄)ပါး၊ မနောသုစရိုက် (၃)ပါး၊ စုစုပေါင်း ဒုစရိုက် (၁၀)ပါး ဖြစ်ပါတယ်။

ဒီ ဒုစရိုက် (၁၀)ပါးကို–

၁။ ကိုယ်တိုင်ပြုလုပ်ခြင်း

၂။ သူတစ်ပါးပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၃။ သူတစ်ပါးပြုလုပ်သည်ကို ချီးမွမ်းအားပေးခြင်း

၄။ သူတစ်ပါးနှင့်အတူတွဲဖက်ဆောင်ရွက်ခြင်း စတဲ့(၄)ပါးနဲ့မြှောက်ရင် ဒုစရိုက်(၄၀) ဖြစ်ပါတယ်။

မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့တဲ့ မင်္ဂလာတရား (၃၈)ပါးဟာ သူတော်ကောင်းတွေ၊ ပညာရှိတွေကျင့်ကြံအပ်တဲ့ တရား ဖြစ်ပါတယ်။ မင်္ဂလာတရားတော်နဲ့အညီ ကျင့်ကြံလိုက်နာခြင်းဟာ

လည်း တရားမှန်ကို ချစ်မြတ်နိုးခြင်းပဲဖြစ်တဲ့အတွက် အမျိုးကောင်းသားတိုင်း၊ အမျိုးကောင်းသမီးတိုင်းအဖို့ လိုက်နာကျင့်ကြံဖို့လိုပါတယ်။ မင်္ဂလာတရားနဲ့ အညီနေထိုင်ခြင်း၊ ဘာသာတရားကိုင်းရှိုင်းခြင်း၊ ဉာဏ်အမြော်အမြင်ကြီးခြင်း၊ မကောင်းမှု၌မမွေ့လျော်ခြင်း တွေဟာလည်းတိုးတက်ကြီးပွားချမ်းသာရာတရားတွေပဲ ဖြစ်ပါတယ်။ အတိုချုံးပြီးပြောရရင် ကိုယ်ကျင့်တရားဖြင့်နေထိုင်ခြင်းဟာ အမှန်တရားချစ်မြတ်နိုးခြင်းတရားနဲ့အညီ နေထိုင်ခြင်းပါပဲ။

# သူတော်ကောင်းတရားလက်ကိုင်ထား

ဗုဒ္ဓမြတ်စွာက မင်္ဂလသုတ်မှာ "အသေဝနာစ ဗာလနံ ပဏ္ဍိတာနဉ္စ သေဝနာ၊ ပူဇာစပူဇနေယျာနံ"တဲ့။ မင်္ဂလာတရား (၃၈)ပါးမှာ ပထမဦးဆုံးဟောကြားတော်မူတာက လူမိုက်ကိုမမှီဝဲ မဆည်းကပ်ရဘူး။ ပညာရှိကိုမှီဝဲဆည်းကပ်ရမယ်။ ပူဇော်ထိုက်သူကို ပူဇော်ရမယ်၊ ဒါဟာမင်္ဂလာတရားဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။ အမှန်ပါပဲ လူမိုက်ကို လူယုတ်တို့နဲ့ပေါင်းသင်း ဆက်ဆံမှုမပြုတာ ပညာရှိသူ တော်ကောင်းကို မှီဝဲဆည်းကပ်တာဟာ မင်္ဂလာတရား၊ အမြတ်တရားဖြစ်တယ်ဆိုရင် လူမိုက်ကိုပေါင်းတာ၊ သူတော်ကောင်းပညာရှိနဲ့ မပေါင်းသင်းတာဟာ ဆန့်ကျင်ဘက်အားဖြင့် အယုတ်တရား ပျက်ဆီး ခြင်းတရားပဲဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ လောကမှာ လူဆိုး လူမိုက် ဒုစရိုက်သမားနဲ့ပေါင်းလို့ နစ်နာ





ရောက်ရတယ်၊ ကြီးပွားချမ်း သာသွားတယ် အများချီးကျူးစရာဖြစ်လာတယ်ဆိုတာမျိုးတွေမှုးလို့ လား။ ဆန့်ကျင်စွာပဲ အပေါင်းအသင်းမှားလို့ ရုံးရောက်၊ ဂါတ်ရောက်၊ ဒုက္ခမျိုးစုံရောက်ကြရတာကတော့ လောကမှာလက်ညှိုးထိုးပြစရာတွေပုံလို့ပါ။

လူဆိုတာကလည်း အပေါင်းအသင်းကို ခုံမင်တက်မက်တတ်တဲ့သဘာဝရှိပါတယ်။ တစ်ဦးတည်းအထီးတည်း နေထိုင်လိုစိတ်မရှိကြပါဘူး။ သွားဖော်လာဖော်၊ စကားပြောဖော်၊ လုပ်ဖော်ကိုင်ဖက်တွေ အပေါ်မှာတကယ်ပဲသံယောဇဉ်ကြီးတတ်တဲ့ သဘာဝရှိပါတယ်။ ဒီအခါမှာ တူရာတူရာ ပေါင်းမိသင်းမိတတ်ကြပါတယ်။ ငှက်တောင်မှ အရောင်တူ၊ အသွေးတူအမျိုးအစားတူတဲ့ ငှက်တွေ အချင်းချင်းအုပ်စု ဖွဲ့ပျံသန်းလေ့ရှိတယ်။ မဟုတ်ပါလား။ အရက်ဆိုင်မှာ စုမိကြတာ အရက်သမားတွေချည်းပါပဲ၊ လောင်းကစားဝိုင်းမှာ စုမိကြတာလည်း လောင်းကစားသမားတွေချည်းပါပဲ။ ဥပုသ်ဇရပ်မှာ စုမိကြတာ ဥပုသ်သည်တွေချည်းပါပဲ။ စာကြည့်တိုက်မှာ စုမိတာစာပေဝါသနာရှင် တွေချည်းပါပဲ။

ဒါ့ကြောင့် မိမိဘဝကောင်းစားချင်ရင် ကြီးပွားတိုးတက်ချမ်းသာချင်တယ်ဆိုရင်၊ မိမိဘဝကိုအထောက်အပံ့ဖြစ်စေမယ့် စောင့်ရှောက်ကူညီနိုင်မယ့် ပညာရှိသူတော်ကောင်းတွေ၊ ရိုးသားကြိုးစားသူတွေကိုသာ ရွေးချယ်ပေါင်းသင်းအပ်ပါတယ်။ တစ်ခါတစ်ခါ ဘဝပေးအခြေအနေအရ တွေ့တဲ့လူနဲ့ပဲ အလျည်းသင့်သလိုပေါင်းရသင်းရတာမျိုးရှိပါတယ်။ ဒါပေမယ့် မိမိကိုယ်၌က သူတော်ကောင်းတရားလက်ကိုင်ထားသူ၊ သူတော်ကောင်းတရားရှိသူတို့မှ ချစ်ခင်နှစ်သက်

လေ့ရှိသူဆိုရင် မလွှဲသာလို့ပေါင်းရသင်းရဦးတော့ လူမိုက်လူမျိုးတွေရဲ့ အလိုကို လိုက်မိမှာမဟုတ်ပါဘူး။ ကိုယ်ပေါင်းစိတ်ခွာမတတ်သာ လို့ပေါင်းရတာဖြစ်တဲ့အတွက် ကိုယ်ရဲ့ပင်ကိုယ်စရိုက်၊ ကိုယ်ရဲ့ကိုယ်ကျင့်တရားကို ထိပါးလိမ့်မယ်မဟုတ်ပါဘူး။ ဒီလိုမှမဟုတ်ပဲ မိမိကိုယ်တိုင်ကလည်း ကိုယ်ကျင့်တရားမခိုင်မာ၊ မိမိပေါင်းသင်းမိတဲ့လူတွေကလည်း လူယုတ်ယူညံ့တွေ၊ လူမိုက်လူမျိုးတွေဖြစ်နေမယ်ဆိုရင်တော့ မကောင်းမှုဒုစရိုက်မှုတွေ ကျူးလွန်မိမှာ မလုပ်သင့်မလုပ်ထိုက်တာကိုလုပ်မိမှာ မမှားသင့်တာကိုမှားမိကြမှာ ကေန်ပါကဲ။ ဒီလိုနဲ့ မိမိဘဝတာလည်း မုဆိုးနားနီးမုဆိုး၊ တံငါနီးနည်းတံငါဆိုသလို အဖတ်ဆည်မရပဲ ဖြစ်သွားတတ်ပါတယ်။

ဒီနေ့ခေတ်ပိုပြီးတော့ ဆင်ခြင်တင့်တာက လူငယ်ဆိုတာ လွတ်လပ်မှုကိုလိုလားတယ်။ ချုပ်ချယ်တာမခံချင်ဘူး။ စည်းကမ်းတင်းကြပ်မှုကိုမလိုလားဘူး။ ခေတ်နဲ့အညီနေဖို့ထိုင်ဖို့ လိုတယ်ဆိုတဲ့ အတွေးနဲ့တလွဲဆံပင်ကောင်းပြီး လွဲမှားတဲ့ လွတ်လပ်မှုလမ်းကြောင်းမှားထဲကိုဝင်ရောက်သွားတတ်ပါတယ်။ လွတ်လပ်မှုဆိုတာ ရှိသင့်ရှိအပ်တဲ့အရာပါ။ ဒါပေမယ့် လွတ်လပ်မှုဆိုတဲ့စကားဟာ စည်းကမ်းနဲ့တွဲပြီးပါလာမှသာ အဖိုးတန်တဲ့ လွတ်လပ်မှု၊ စစ်မှန်တဲ့လွတ်လပ်မှု ဖြစ်ပါလိမ့်မယ်။ စည်းကမ်းမရှိတဲ့လွတ်လပ်မှု၊ အတိုင်းအဆမဲ့တဲ့ လွတ်လပ်မှု၊ အကြွင်းမဲ့လွတ်လပ်မှုဆိုတာ ပေါက်လွတ်ပဲစားလွတ်လပ်မှု ကလေကချေလွတ်လပ်မှု၊ ဗရမ်းဗတာလွတ်လပ်မှုမျိုးပဲ ဖြစ်ပါလိမ့်မယ်။ ဒီလွတ်လပ်မှုမျိုးဟာ အန္တရာယ်ကြီးတဲ့ လွတ်လပ်မှုမျိုးပါ။





မိဘ-ဆရာလူကြီးသူမတွေက လူငယ်တွေအပေါ် ကောင်းစေလိုတဲ့စိတ်၊ ကြီးပွားချမ်းသာစေလိုတဲ့စိတ်နဲ့ စည်းကမ်းချမှတ်လေ့ရှိပါတယ်။ ဒါကိုပဲ ချုပ်ချယ်မှုလို့ထင်ပြီး ထင်ရာစိုင်းမယ်ဆိုရင်တော့ပျက်ဆီးဆုတ်ယုတ်ခြင်း၊ ချောက်ကမ်းပါးထဲကို ထိုးကျသွားဖို့ အလွန်သေချာပါတယ်။ လူပေလူတေလေးတွေနဲ့ မပေါင်းနဲ့၊ အလုပ်အကိုင်အတည်တကျမရှိပဲ လပ်ယားလပ်ယားလုပ်နေသူတွေနဲ့မပေါင်းသင်းနဲ့၊ လောင်းကစားသမားတွေနဲ့ မပေါင်းနဲ့၊ အရက်သမားတွေနဲ့ မပေါင်းနဲ့၊ ညဉ့်နက်မိုးချုပ်အောင်မလေလယ်နဲ့၊ ဆေးလိပ်မသောက်နဲ့၊ ကွမ်းမစားနဲ့ဆိုပြီး စေတနာနဲ့ ပြောဆိုဆုံးမတာကို မနာခံပဲ လူကြီးတွေက နေရာတကာ ချုပ်ချယ်တယ်၊ လူငယ်တွေအပေါ် နားမလည်ဘူး။ ခေတ်မမီရှိတော့ဘူး။ သိပ်ခေတ်နောက်ကျသွားပြီ၊ ရှေးအဖိုးကြီးတွေပါစတဲ့၊ မချေမငံ သဘောမျိုးမတွေးတောမိပါစေနဲ့၊ မပြောဆိုမိပါစေနဲ့၊ မပြစ်မှားမိပါစေနဲ့။ ဒါဟာအင်မတန် အပြစ်ကြီးလေးလှပါတယ်။

လူငယ်တွေအပေါ်လူကြီးတွေက နားလည်ပါတယ်။ နားလည်လွန်းသဘောပေါက်လွန်းလို့သာ ခက်နေတာပါ။ ဘာမဆိုကြိုတင်ပြီးတွေး တတ်၊ မြင်တတ်၊ ဆင်ခြင်စဉ်းစားတတ်လို့ မမှားသင့်တာ မမှားအောင်၊ ဒုက္ခမရောက်သင့်တာ ဒုက္ခမရောက်ရအောင်ပြော နေဆိုနေဆုံးမနေ ကြတာဖြစ်ပါတယ်။ မိဘတွေ-ဆရာသမားတွေ၊ လူကြီးသူမတွေက မိမိအပေါ်ပြောဆိုဆုံးမနေလေ၊ စည်းကမ်းတင်းကြပ်လေ၊ ချုပ်ချယ် လေ မိမိတို့အဖို့ ကံကောင်းလေလို့ပဲသဘော ပေါက်ပါ။ လူကြီးမိဘ ဆရာသမားဆိုတာ ကိုယ့်တပည့်သားမြေး

အပေါ်မှာ ချစ်လို့ဆုံးမကြ တာပါ။ ချစ်လို့စည်းကမ်းတင်း ကြပ်ကြတာပါ။ ချစ်လို့ချုပ်ချယ်ကြ တာပါ။ အဆုံးအမခံရခြင်းဟာ မင်္ဂလာရှိတဲ့ အရာ ကျေနပ်နှစ်သိမ့်သင့် တဲ့အရာဖြစ်ပါတယ်။ ဆုံးမသွန်သင်မယ့်သူ မရှိတဲ့ဘဝ၊ ဥပေက္ခာပြုပြီး လုပ်ချင်တာလုပ်ပေ့စေ သူ့ထိုက်နဲ့ သူ့ကံပဲဆိုပြီး စွန့်ပစ်ခံထားရတဲ့ ဘဝသာ နာကျည်းစိုးထိတ်စရာ ကောင်းတဲ့ဘဝ ဖြစ်ပါတယ်။

မိဘဆရာလူကြီး သူ့မပြောဆိုဆုံးမတဲ့စကားကို မနာခံတဲ့ အတွက် လူငယ်အပြောက်အများဟာ ကိုယ်ကျင့်တရားပျက်ဆီးပြီး၊ ကြီးပွားချမ်းသာခြင်းနဲ့ ကင်းမဲ့ကြရရှာပါမယ်။ မိဘပစ္စည်းကိုဖြုန်းတီး လို့လဲ ပျက်ဆီးဆုံးရှုံးကြရပါတယ်။ အသွားအလာအနေအထိုင် မဆင်ခြင်တဲ့အတွက်လည်း အထင်မှားအမြင်မှားခံရ၊ အစွပ်စွဲပြော ဆိုခံရ၊ လူမုန်းခံရ၊ အန္တရာယ်နဲ့တွေ့ကြုံကြရသလို၊ မျှတသင့်လျော်တဲ့ နေထိုင်စားသောက်မှုမျိုးမရှိတဲ့အတွက်လည်း ရောဂါမျိုးစုံကျရောက် ရ၊ ကိုယ်ခန္ဓာရောစိတ်ဓါတ်ရေးရောပါ ထိခိုက်နစ်နာပျက်ဆီးကြရ ပါတယ်။

အကြောင်းကတော့ မိမိနဲ့ဆက်ဆံပေါင်းသင်းသူဟာ၊ လူကောင်းလူတော်တွေမဟုတ်လို့ ကြီးပွားရေး၊ စီးပွားရေးအလေး မထားတဲ့၊ ကိုယ်ကျင့်တရားပျက်ပြားနေသူဖြစ်လို့ လူပေါ့လူရမ်းကား၊ လူပေါက်ပန်းဖြစ်လို့ပဲဖြစ်ပါတယ်။ လူမိုက်။ လူညံ့လူမိုက်များနဲ့သာ မိတ်ဆွေဖွဲ့နေ ထိုင်လေ့ရှိသူဟာ မီးနဲ့ကစားသူ၊ မြွေပွေးခေါင်း ပိုက်ပိုက် သူနဲ့ အတူတူပါပဲ။

တရေးသူတွေ့ဖူးတဲ့ မိတ်ဆွေတစ်ဦးရဲ့ တူတစ်ယောက် ဟာ မကောင်းမှု ခုစရိုက်သမားတစ်ဦးနဲ့ ခရီးသွားရင်းတွေ့ဆုံရင်း





နီးမိပြီး လက်ဖက်ရည်ဆိုင်အတူထိုင်မိတာနဲ့ ကြုံရာပါမှုတွဲတရားခံ အဖြစ်ဖမ်းဆီးချုပ်နှောင်တာခံခဲ့ရဖူးပါတယ်။ မကောင်းတဲ့ ခုစရိုက် သမားတစ်ဦးကို အကြောင်းမသိပဲသနားစိတ်ဝင်မိလို့ လူမှုရေးအရ တစ်ညတာတည်းခိုဖို့လက်ခံမိတာနဲ့ 'ဓားပြ'လက်ခံမှုနဲ့ အရေးယူခံရ တဲ့လယ်သမားကြီးတစ်ဦးလဲ တွေ့ခဲ့ရဖူးပါတယ်။

ဆင်ခြင်တုံတရားရှိသူဟာ မိမိရဲ့ကိုယ်ကျင့်တရားကို ဇာမနီငှက်ကသူ့ရဲ့အမြီးကို တန်ဘိုးထားသလို၊ တန်ဖိုးထားသင့်လှပါ တယ်။ ဇာမနီငှက်ဟာ သူ့ရဲ့အမြီးကိုတန်ဘိုးထားမြတ်နိုးရာမှာ စံပြလောက်ပါတယ်။ သူ့အမြီးကို သူ့လယ်လောက်အထိစောင့်ရှောက် သလဲဆိုရင် သူ့ရဲ့အမြီးကို တစ်စုံတစ်ခုသော သစ်ပင်နွယ်ပင်၊ ဆူးခြုံပင် နဲ့ငြိနေတယ်ဆိုရင် သူ့ရဲ့အမြီးကိုအပျက်ဆီးခံ၊အပြတ်ခံပြီး ရုန်းထွက် လေ့မရှိဘူး အသက်ကိုအသေခံပြီးတော့ သူ့အမြီးသူစောင့်ရှောက်လေ့ ရှိပါတယ်။ ဒီလိုပါပဲ သူတော်ကောင်းတရား ချစ်မြတ်နိုးသူဟာ၊ မိမိရဲ့ ကိုယ်ကျင့်သီလကိုသာအကြောင်းနဲ့မျှ အပျက်အဆီးမခံပဲထိန်း သိမ်းစောင့်ရှောက်ရပါမယ်။

ဒါပေမယ့် ဆင်ခြင်ဉာဏ်တရားဆိုတာ တစ်ခါတစ်ခါ အဖျက်ဆီးခံရလေ့ရှိပါတယ်။ လူဆိုတာ လောဘသားမဟုတ်လား။ လောဘဇောကြောင့် လုပ်သင့်၊မလုပ်သင့် မစဉ်းစားမိတော့ပဲ၊ မိမိ အကျိုးစီးပွားအတွက် မိုက်မိုက်မဲမဲ ဇွတ်တိုးပြီးလုပ်မိတတ်လေ့ရှိပါ တယ်။ သူငယ်ချင်းအပေါင်းအသင်း အဆွယ်ကောင်းလို့ ကိုယ်ရဲ့ပင် ကိုယ်ဓါတ်ခံကောင်းပါလျက် စိတ်ဓာတ်အားပျော့ညံ့ပြီး အမှားကျူး လွန်လို့ဒုက္ခရောက်ရသူတွေအပုံပါပဲ။ မပေါင်းသင့် မပေါင်းအပ်တဲ့

မိတ်ဆွေကိုပေါင်းမိလို့ ပျက်ဆီးဆုတ်ယုတ်ရတဲ့ ငုံးငယ်လေး အကြောင်းကို အလျဉ်းသင့်လို့ပြောပြပါဦးမယ်။

တစ်ခါက ကျေးငှက်တိရစ္ဆာန်တွေဟာ ငှက်တို့ရဲ့အရှင်သခင်လို့ဆိုရမယ့် ဂဠုန်မင်းကို ပူဇော်ဖို့အတွက် မိမိတို့နေရာဒေသကနေ သမုဒ္ဒရာကမ်းခြေတစ်ခုဆီကို ဦးတည်ပြီးသွားနေကြပါတယ်။ အဲဒီ ပျံသန်းနေတဲ့ငှက်အုပ်ထဲမှာ ငုံးငယ်တစ်ကောင်ဟာလဲ ကျီးတစ်ကောင်ကိုအဖော်ပြုပြီး လိုက်ပါလာခဲ့ပါတယ်။ အဲဒီလိုအတူတူ ပျံသန်းသွားလာရာလမ်းမှာ ကျီးကန်းငှက်ဟာ နွားကျောင်းသားရဲ့ ခေါင်းပေါ်က နို့ခမ်းအိုးကို မကြာခဏ ထိုးသုတ်စားသောက်ရင်း လိုက်ပါလာပါတယ်။ ဒီတော့ နွားကျောင်းသားက နို့ခမ်းအိုးကိုအသာချပြီး သူ့နို့ခမ်းကို ဘယ်သတ္တဝါများ ထိုးသုတ်နှိုက်ယူစားသောက်သလဲဆိုတာအကဲခတ်လေ့လာပါတယ်။ ဒီမှာ နွားကျောင်းသားက ကျီးနဲ့ငုံးကို သွားတွေ့ပါတယ်။ ဒီတော့ နွားကျောင်းသားက ဒေါသတကြီးကြိမ်းမောင်းအော်ဟစ်လိုက်တာနဲ့ ကျီးလဲလန့်ဖျန့်ပြီးတစ်ကောင်ထဲ ထွက်ပြေးပါတော့တယ်။ အမှန်တော့ ကိုယ်လွတ်ရုန်းသွားတာပါပဲ။

ဒီမှာ ငုံးငယ်ကတော့ သူဟာ နို့ခမ်းအိုးကိုမနှိုက်ဘူး။ ဘာမှအပြစ်ကျူးလွန်ခဲ့တာမရှိဘူး။ ဒီတော့ သူ့အနေနဲ့လဲ ရှောင်ပြေးစရာလဲမလိုဘူးလို့ အောက်မေ့ပြီး အေးအေးဆေးဆေးပဲနေလိုက်ပါတယ်။ ဒါပေမယ့် နွားကျောင်းသားကတော့ သူ့နို့ခမ်းအိုးကို ဘယ်သူနှိုက်သလဲဆိုတာဘယ်မှာစဉ်းစားတွေးတောနေပါတော့မလဲ။ အဆင်သင့်တွေ့ရတဲ့ငုံးငယ်ကိုပဲ ရိုက်သတ်ပစ်လိုက်ပါတော့တယ်။





ဒါကိုကြည့်ခြင်းအားဖြင့် ကျီးငှက်ကယုတ်မာကောက်ကျစ်တဲ့စိတ်ရှိသူ၊ သူတော်ကောင်းတရားနဲ့ ကင်းလွတ်သူဆိုတာ သိသာပါတယ်။ ခြေဆော့လက်ဆော့နိုင်တဲ့ သူ့ရဲ့အကျင့်အရေကြုံလာရင်တစ်ကိုယ်ကောင်းဆန်ဆန်ကိုယ်လွတ်ရုန်းတဲ့အကျင့် စတာတွေဟာ မသမာတဲ့ အချက်တွေဆိုတာ သိသာထင်ရှားလှပါတယ်။ အပေါင်းအသင်းမှားလို့ အသက်နဲ့ရင်းပြီးပေးဆပ်လိုက်ရတဲ့ ငုံးငယ်ကို သာဓကယူပြီး အကြောင်းမသိတဲ့လူတစ်ယောက်အပေါ်မှာ ဘုမသိဘမသိ မစုံစမ်းမလေ့လာပဲ၊ မပေါင်းအပ်ဖူး။ လူမိုက်လူယုတ် တွေ၊ သူတော်ကောင်းတရားကျင့်သုံးခြင်းမရှိသူတွေကို မပေါင်းအပ်ဖူး ဆိုတာ သင်ခန်းစာယူသင့်ပါတယ်။

ပညာရှိသူတော်ကောင်းနဲ့ ရင်းနှီးချစ်ခင်စွာ ပေါင်းသင်းဆက်ဆံမှုပြုခြင်းဟာလဲ မင်္ဂလာပါပဲ၊ ဒါနဲ့ဆန့်ကျင်စွာပဲ ပညာရှိသူတော်ကောင်းတွေကို မပေါင်းမသင်း၊ မတွေ့မဆုံ၊ မမေးမမြန်း ချစ်ခင်ရမှန်း မသိခြင်းဟာလဲ ပျက်ဆီးဆုတ်ယုတ်စေတဲ့တရားပါပဲ။

လူမိုက်လူဖျင်းတွေ၊ ယုတ်မာကောက်ကျစ်သူတွေနဲ့သာ အပေါင်းအဖော်ပြုနေသူတွေအဖို့ ပညာရှိသူတော်ကောင်းတွေအပေါ် ချစ်မြတ်နိုးရကောင်းမှန်း သိမှာမဟုတ်ပါဘူး။

လူမိုက်နဲ့လူလိမ္မာဆိုတာ မိုးကောင်းကင်နဲ့မြေကြီး၊ မီးလျှံနဲ့ ရေသီတာပမာ အတကွာလွန်းလှပါတယ်။ လူမိုက်ဆိုတာ မကောင်းတာမှန်သမျှပြုလုပ်ရမှကျေနပ်သူဖြစ်ပြီး၊ အရှက်တရားအကြောက်တရားကင်းမဲ့နေသူများဖြစ်ပါတယ်။ ပညာရှိလူလိမ္မာ၊ သူတော်ကောင်းတရားလက်ကိုင်ထားသူများမှာတော့ ရတနာသုံးပါးကို ဝပ်တွားရိုကျိုး

ရှိုးပြားဝပ်မြင့်မြတ်တဲ့ အကျင့်ကိုကျင့်ကြံသူတွေ ဖြစ်ပါတယ်။ လူမိုက်ဆိုတာ မကောင်းမှုမှာ မွေ့လျော်ပြီး မကောင်းမှုပြုသူအချင်းချင်းသာ အဖော်သဟဲပြုနေထိုင်ပျော်မွေ့လေ့ရှိပါတယ်။ တရားမှုတာမှု မြတ်နိုးတဲ့လူ သူတော်ကောင်းတွေကိုတော့ အကောင်းမထင်၊ အကောင်းမြင်နိုင်ခြင်းမရှိကြပါဘူး။ ဆည်းကပ်ဖို့နေနေသာသာ အဘိဇ္ဈာပွားများ မလိုမုန်းထားခြင်းများစွာနဲ့ အားပြိုင်ရန်စ ရှောင်တိမ်းကင်းကွာချင်ကြမှာပါပဲ။ လောကရဲ့နီယမသဘောတရားကိုက ဓာတ်သဘာဝတူရာတူရာခြင်းသာ စုဝေးပေါင်းစပ်မိကြတဲ့ သဘောရှိပါတယ်။ အချင်းချင်းသာ ပူးပေါင်းဆက်ဆံလေ့ရှိပါတယ်။ ကျီးတွေရဲ့ အလယ်မှာ ဟင်္သာမတင့်တယ်သလို၊ ဟင်္သာတွေရဲ့အလယ်မှာလည်း ကျီးဟာမတင့်တယ်ပါဘူး။ ခြင်္သေ့ဟာ ခွေးအနဲ့ပေါင်းသင်းဆက်ဆံမှု မပြုသလို၊ ခွေးအဟာလည်း အချင်းချင်းသာ ပေါင်းသင်းနေထိုင်ပါလိမ့်မယ်။

မကောင်းသောစိတ်ရင်းသဘောသဘာဝရှိသူဟာ ကောင်းသောနေရာ၊ ကောင်းသောပတ်ဝန်းကျင်မှာ နေထိုင်ပျော်ပိုက်လေ့မရှိပါဘူး။ မြတ်စွာဘုရားလက်ထက်က သုနက္ခတ္တရဟန်းကြီးဟာ မြတ်စွာဘုရားရဲ့ထံပါးမှာ အလုပ်အကျွေးဖြစ်ပါလျက်၊ မြတ်စွာဘုရားကိုမနှစ်သက်ပဲ ဒိဋ္ဌိတက္ကတွန်းတွေကိုသာ နှစ်သက်လေ့ရှိပါတယ်။ တစ်နေ့တော့ မြတ်စွာဘုရားကို စွန့်ခွာပြီး မိစ္ဆာဒိဋ္ဌိတွေနောက်ကို ကောက်ကောက်ပါအောင် လိုက်ပါသွားတဲ့အတွက် ပျက်ဆီးဆုတ်ယုတ်ခြင်းနဲ့ကြုံတွေ့ခဲ့ရပါတယ်။





လူဆိုတာ စိတ်အမျိုးမျိုးပါပဲ၊ လူတစ်ကိုယ်စိတ်တစ်မျိုးလို့ ဆိုလေ့ရှိတယ်မဟုတ်လား။ ဒါ့ကြောင့် လူတစ်မျိုးဟာ သူတော်ကောင်းနဲ့တွေ့ရင် မကောင်းထင်တတ်ကြပြီး မသူတော်ကိုမှ သူတော်ကောင်းထင်တတ်ကြပါတယ်။

ဒါ့ကြောင့်လဲ ဒီခေတ်မှာ ပညာတတ်ပါတယ်၊ ခေတ်မီပါတယ်ဆိုတဲ့ လူယဉ်ကျေးတစ်ချို့တောင် တရားစစ်တရားမှန်ကို မမြင်နိုင်ကြပဲ။ ဘုရား–တရား–သံဃာ–ရတနာသုံးပါးနဲ့ မိဘ–ဆရာစတဲ့ ကိုးကွယ်အားထားရာ အစစ်အမှန်ရှိနေပါလျက်နဲ့ ဂိုဏ်းဆရာတွေ၊ နတ်ဆရာတွေ၊ လူလိမ်တွေ၊ ဘိုးတော်တွေလိုလို၊ ဘာလိုလို ပုဂ္ဂိုလ်တု ပုဂ္ဂိုလ်ယောင်တွေကို လွဲမှားကိုး ကွယ်ဆည်းကပ်နေကြတယ် မဟုတ်လား။

တကယ်စစ်မှန်တဲ့သူတော်ကောင်း စရိုက်ရှိသူတွေအဖို့တော့အနိုက်အတန့်အားဖြင့် ကံအလှည့်မသင့်လို့ သူတော်တွေနဲ့ ပေါင်းဖက်ဆုံးဆည်းမိကြပေမယ့်၊ အခြေခံဓာတ်ခံ မကူတာကြောင့် မကြာမတင်မှာပဲ လမ်းခွဲခဲ့ကြပါတယ်။ မကောင်းမှန်းသိရင် စောစောစီးစီး လမ်းခွဲပြီး ကိုယ်လမ်းကိုယ်လျှောက်ရတာအမှန်ပါပဲ။

ဒါပေမယ့် လူတစ်ချို့မှာတော့ သူတော်ကောင်းစရိုက်လည်း ရှိပါရဲ့၊ ဉာဏ်အမြော်အမြင်လည်းရှိပါရဲ့။ ဒါပေမယ့် ကြမ္မာဆိုးနှိပ်စက်လို့ပဲဖြစ်ဖြစ်၊ မိမိကိုယ်တိုင်က မနိုင်မာလို့ပဲဖြစ်ဖြစ်၊ အမှားအမှန်ဝေခွဲမရဖြစ်တတ်ကြရပါတယ်။ ဒီလိုနဲ့ ပျက်ဆီးကြောင်းတရားကို ကြီးပွားချမ်းသာရေးတရားမှတ်ပြီး ရေလိုက်လွဲလို့အကျိုးနည်းသူတွေလည်း အသေချော်အနန္တပါပဲ၊ သူတော်ကောင်းတွေရဲ့ရိုးဖြောင့်မှုကို အားမလို

အားမရဖြစ်ပြီး သူယုတ်မာတွေရဲ့ ဟန်ဆောင်ကောင်းမှု၊ လှည့်ပတ်လိမ်ညာမာယာများမှုကို မခံနိုင်ပဲ သူယုတ်မာနဲ့ပေါင်းသင်းမိလို့ ပျက်ဆီးကြရပါတယ်။

ဒီ့ကြောင့် မြတ်စွာဘုရားက

'' ကမ္မာ ပရာ သေတ္တာနံ
ဝိနာသေ ပစ္စုပဋ္ဌိတေ။
အနယော နယရူပေန၊
ဗုဒ္ဓိမာကမျ တိဋ္ဌတိ။''

ကံဆိုးနိဗ်စက်တဲ့သတ္တဝါတွေအဖို့ ပျက်ဆီးချိန်တန်လာတဲ့အခါ၊ နည်းလမ်းမကျတဲ့ အယူမှားတွေကို နည်းမှန်လမ်းကျအစစ်အမှန်မှတ်ယူကြတတ်ကြတယ်။ အသိဉာဏ်ယွင်းပျက်ပြီး အမှားဘက်ကိုလိုက်တတ်ကြတယ်လို့ ဟောကြားတော်မူခဲ့ပါတယ်။

အခါတစ်ပါးမှာ မြတ်ဗုဒ္ဓဟာ ရာဇဂြိုလ်မြို့အနီး ဂိဇ္ဈကုတ်တောင်မှာ သီတင်းသုံးနေတော်မူခဲ့ပါတယ်။ အဲဒီအချိန်မှာ အရှင်သာရိပုတ္တရာဟာရဟန်းများစွာနဲ့အတူ မြတ်စွာဘုရားနဲ့မနီးမဝေးမှာ စင်္ကြံ လျှောက်တော်မူနေခဲ့ပါတယ်။ ဒီမှာ မြတ်စွာဘုရားကခုလို ဟောကြားတော်မူပါတယ်။

''ရဟန်းတို့ --- သာရိပုတ္တတို့ စင်္ကြံ လျှောက်နေကြသည်ကိုကြည့်စမ်းလော့၊ အဲဒီရဟန်းတွေအားလုံးဟာ ပညာဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်တွေချည်းသာဖြစ်တယ်။

''ရဟန်းတို့-- အရှင်မောဂ္ဂလန်မထေရ်နဲ့အတူ စင်္ကြံ လျှောက်နေကြတဲ့ ရဟန်းတို့ကို ကြည့်စမ်းလော့၊ အားလုံးသော





ရဟန်းတို့ဟာ တန်ခိုးကြီးတဲ့ ရဟန်းတွေချည်းသာဖြစ်တယ်။

''ရဟန်းတို့ --ရှင်မဟာကဿပထေရ်နဲ့အတူ စင်္ကြံ လျှောက်နေကြတဲ့ ရဟန်းတို့ကို ကြည့်စမ်းလော့၊ အားလုံးသောရဟန်းတို့ဟာ ''ဓုတင်''ဆောင်ပုဂ္ဂိုလ်တွေချည်းဖြစ်တယ်။

''ရဟန်းတို့ -- အရှင်ပုဏ္ဏထေရ်နဲ့အတူ စင်္ကြံ လျှောက်နေကြတဲ့ ရဟန်းတို့ကို ကြည့်စမ်းလော့၊ အားလုံးသောရဟန်းတို့ဟာ ဓမ္မကထိကတွေချည်းဖြစ်တယ်။

''ရဟန်းတို့-- အရှင်ဥပါလိထေရ်နဲ့အတူ စင်္ကြံ လျှောက်နေကြတဲ့ ရဟန်းတို့ကို ရှုစမ်းလော့၊ အားလုံးသောရဟန်းတွေဟာ ဝိနည်းဆောင်ရဟန်းတွေချည်းဖြစ်တယ်။

''ရဟန်းတို့--အရှင်အာနန္ဒာနဲ့အတူ စင်္ကြံ လျှောက်နေကြတဲ့ ရဟန်းတို့ကို ရှုစမ်းလော့၊ အားလုံးသောရဟန်းတွေဟာ ပညာဗဟုသုတပြည့်စုံတဲ့ ရဟန်းတွေချည်းဖြစ်သည်။

''ရဟန်းတို့--ဒေဝဒတ်နှင့်တကွသော ရဟန်းတို့ကိုကြည့်စမ်းလော့၊ အားလုံးသောရဟန်းတို့ဟာ ယုတ်မာတဲ့အလိုရမက်ရှိကုန်သောပုဂ္ဂိုလ်တွေချည်းသာဖြစ်ကြတယ်''။

ဒါဟာ မြတ်စွာဘုရားသခင်က သဘောမနောခြင်း၊ အကျင့်စရိုက်လက္ခဏာခြင်းတူတဲ့အချင်းချင်းသာ ပူးပေါင်းနေထိုင် တတ်တဲ့ သဘာဝကိုပြဆိုတော်မူလိုက်ခြင်း ဖြစ်ပါတယ်။

အခွင့်မသာလို့ သူယုတ်မာတွေနဲ့အတူ နေရတဲ့သူတော်ကောင်းဟာလည်းသူယုတ်မာတွေကြားမှာ ရေရှည်ပျော်ပိုက်မနေပါဘူး။ အခွင့်သာတာနဲ့ သူယုတ်မာတွေနဲ့ခွဲထွက်သွားမှာပါပဲ။ သူတော်ကောင်းတွေနဲ့အတူနေရတဲ့ သူယုတ်မာဟာလည်း တို့အတူပါပဲ။

သူတော်ကောင်းအကျင့်စရိုက်တွေကို မနှစ်မြို့နိုင်တဲ့အတွက် ဒုက္ခအမျိုးမျိုးပေးတတ်ပါတယ်။

အရှင်မဟာကဿပ မထေရ်ကြီးရဲ့ တပည့်ရဟန်းငယ်တပါးကိုပဲကြည့်ပါ။ အဆိုပါရဟန်းဟာ မုသားစကားနဲ့လှည့်တားလိမ်ညာလေ့ရှိပါတယ်။ ဒကာတွေဆီကလည်း မကောင်းအာပ်တဲ့ စကားနဲ့ လှည့်ဖျားတောင်းခံလေ့ရှိပါတယ်။ ဒီအကြောင်းကို အရှင်မဟာကဿပမထေရ် သိတော်မူတာနဲ့ ရဟန်းကို မသင့်လျော်မလျောက်ပတ်တတ်၊ မုသားစကားမသုံးဖို့ ဒကာတွေကို လှည့်ဖျားပြီးအလှူမခံဖို့ တားမြစ်ဆုံးမတော်မူပါတယ်။ ဒါပေမယ့် ပင်ကိုယ်စရိုက်မကောင်းတဲ့ ရဟန်းငယ်ဟာ ရှင်မဟာကဿပရဲ့ ဆုံးမတာကို မနာခံတဲ့အပြင် ရှင်မဟာကဿပကို စွပ်စွဲရက်စက်ရုံမက ရှင်မဟာကဿပ မထေရ်ထွက်ခံကြွသွားချိန်မှာ ကျောင်းသင်္ခန်း ကိုမီးရှို့ပြီး ကြွင်းကျန်တဲ့ သေနာသနပရိဘောဂတွေကို ရိုက်ချိုး ဖျက်ဆီးခဲ့ပါတယ်။ ပြီးတော့ ကျောင်းကထွက်ပြေးစွန့်ခွာသွားပါတော့တယ်။

ဒီလိုနဲ့ အဆိုပါရဟန်းငယ်ဟာ လက်ရှိဘဝမှာလည်း သူတော်ကောင်းပညာရှိဆရာသမားကို လက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။ တမလွန်လည်းငရဲကိုကျရောက်ပြီး ဆင်းရဲပင်ပမ်းစွာခံစားရပြန်ပါတယ်။ သူတော်ကောင်းမဟုတ်တဲ့ရဟန်းငယ်ကို လက်ခံခဲ့မိတဲ့ အရှင်မဟာကဿပမထေရ်မှာလည်း သူယုတ်မာကို အဖော်ပြုမိလို့ ကျောင်းသင်္ခန်းရော၊ သေနာသနပရိဘောဂတွေပါ ဆုံးရှုံးပျက်ဆီးခံခဲ့ရပါတယ်။ ဒါကြောင့် (၁) သူတော်ကောင်းတရားကင်းမဲ့တဲ့သူမိုက် သူယုတ်မာကို ချစ်ခင်ခြင်း၊ (၂) ပညာရှိသူတော်ကောင်းတို့ကို ချစ်ခင်





နှစ်သက်မှုမရှိခြင်း၊ (၃) သူယုတ်မာတို့ကို နှစ်သက်စုံမက်ပေါင်းဖော်လေ့ရှိခြင်းဟာ ပျက်ဆီးဆုတ်ယုတ်တတ်တယ်လို့ မြတ်စွာဘုရားက ဟောကြားဆုံးမတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ အလျင်းသင့်လို့ ရွှေသမင်လေးအကြောင်းကို ပြောပြပါဦးမယ်။

တစ်ခါက တောအုပ်တစ်ခုမှာ သတ္တဝါပေါင်းစုံကျက်စားပြီး သူ့အုပ်စုနဲ့သူ စုပေါင်းနေထိုင်ခဲ့ကြပါတယ်။ အဲဒီတောအုပ်မှာ ရွှေသမင်လေးတစ်ကောင်လဲပါပါတယ်။ အဲဒီရွှေသမင်လေးဟာ သူ့မွေးပြီးတာနဲ့ မကြာခင်မှာပဲ မိခင်ရွှေသမင်မကြီးဆုံးပါးသွားခဲ့တဲ့အတွက် အထီးကျန်အဖော်မဲ့ဖြစ်နေရှာပါတယ်။ ဒီလိုနဲ့ရွှေသမင်လေး အရွယ်ရောက်လာတဲ့အခါမှာ ဇာမဏီငှက်ကလေးတစ်ကောင်နဲ့ မိတ်ဆွေဖွဲ့မိခဲ့ပါတယ်။ ဒါပေမယ့် အဲဒီတောအုပ်ထဲကတစ်ခြားသတ္တဝါတွေကို လေ့လာအကဲခတ်မိတဲ့အခါ သတ္တဝါတွေဟာ ယဉ်ကျေးမှုမရှိကြတာ တစ်ကောင်နဲ့တစ်ကောင် မနာလိုရန်ပြုချင်ကြတာ၊ တစ်ကောင်နဲ့တစ်ကောင်အကျိုးမပြုကြဘဲ တစ်ကောင်ရဲ့ပျက်ဆီးကြောင်းကို တစ်ကောင်ကကြံစည်နေတာကို စိတ်မကောင်းစွာတွေ့ရှိခဲ့ရပါသတဲ့။

ရွှေသမင်လေးဟာ ငယ်စဉ်ကတည်းက နူးနူးညံ့ညံ့သိမ်သိမ်မွေ့မွေ့နေလာခဲ့ကြတာဆိုတော့ သူနဲ့အကျင့်စရိုက်သဘာဝခြင်းမတူတဲ့ သတ္တဝါတွေနဲ့အတူ ဒီတောအုပ်မှာနေရတာကို စိတ်ပျက်လာပါတယ်။ ဒါနဲ့ ဒီတောအုပ်ကနေပြောင်းသွားဖို့ကြံစည် စိတ်ကူးမိပါသတဲ့။ မိမိမွေးရာဇာတိမှန်ပေမယ့် မိမိအတွက်လည်းအကျိုးမပြု မိမိအကျင့်စရိုက်နဲ့လည်းမကိုက်ညီတဲ့အတွက် ဒီတောအုပ်ကိုစွန့်ဖို့ကြံ

ပေမယ့် မိတ်ဆွေကောင်းဖြစ်တဲ့ ဇာမဏီငှက်ငယ်လေးက တားနေတဲ့အတွက်ဒီတောအုပ်ကမထွက်ဖြစ်ခဲ့ပါဘူး။

ဒီလိုနဲ့ ကြီးနိုင်ငယ်ညှဉ်း အချင်းချင်းရန်လိုနေတဲ့တောအုပ်ထဲမှာ ရွှေသမင်လေးနဲ့ ဇာမဏီငှက်ကလေးတို့ဟာ တစ်ခြားတစ်ဘာသာဖြစ်နေတော့တာပေါ့။ ဇာမဏီငှက်ကလေးအနေနဲ့ ဒီတောကို စွန့်လွှတ်ချင်ပေမယ့်လည်း မိဘဆွေမျိုးတွေရှိတဲ့အတွက် ဒီတောကခွာဖို့မဖြစ်နိုင်ပါဘူး။ ရွှေသမင်လေးကိုလည်း သံယောဇဉ်ကြီးတာကြောင့် တားနေရပေမယ့် သူကိုယ်တိုင်ကလည်း ဒီတောကိုမနှစ်မြို့ရှာပါဘူး။ ရွှေသမင်လေးခမျာလည်း ဒီတောကို အကြိမ်ကြိမ်အခါခါ စွန့်ခွာဖို့ကြိုးစားပေမယ့် ဇာမဏီငှက်ကလေးသံယောဇဉ်ကြောင့် မခွာနိုင်ပူး ဖြစ်နေရှာပါတယ်။

ဒီလိုနဲ့တစ်နေ့တော့ တောလိုက်မုဆိုးကြီးတစ်ဦးဟာ ရွှေသမင်လေးသတင်းကိုရလို့ ဒီတောကိုရောက်ရှိခဲ့ပါတယ်။ တောစပ်မှာမြွေခွေးတစ်ကောင်နဲ့ဆုံတော့ မြွေခွေးကိုဖမ်းဆီးပြီး ရွှေသမင်လေးနေရာကိုပြဖို့ခြိမ်းခြောက်ပြောဆိုပါတယ်။ ဒီတော့မြွေခွေးက သူ့ကိုမသတ်ပါနဲ့ ရွှေသမင်ရှိရာကိုလိုက်ပြပါ့မယ်၊ ဖမ်းဆီးနိုင်အောင်လဲကူညီပါ့မယ်လို့ဆိုပါတယ်။ ဒီလိုမြွေခွေးနဲ့မုဆိုးတို့ အချေအတင်ပြောနေတာကို သစ္စာရှိတဲ့ ဇာမဏီငှက်ကလေးကကြားတော့ အချိန်မီထွက်ပြေးနိုင်အောင် ရွှေသမင်လေးဆီသွားပြီးသတင်းပို့ခဲ့ပါတယ်။ ဇာမဏီငှက်ငယ်လေးရဲ့ ကူညီသတင်းပေးပို့မှုကြောင့် ရွှေသမင်လေးလဲအချိန်မီထွက်ပြေးနိုင်ခဲ့လို့ မုဆိုးဘေးကလွတ်မြောက်ခဲ့ရပါတယ်။





နောက်တော့ ရွှေသမင်လေးဟာ သူနဲ့အကျင့်စရိုက်မတူတဲ့ သူယုတ်မာတွေကျက်စားတဲ့တောအုပ်ကလွတ်မြောက်ပြီး သူနဲ့အကျင့်စရိုက်ခြင်းတူတဲ့ သူတော်ကောင်းတရားထွန်းကားတဲ့တစ်ခြားတောအုပ်မှာ ချောချောမောမော ပျော်ပျော်ရွှင်ရွှင်နဲ့ ဘေးကင်းချမ်းသာစွာနေထိုင်ရရှာပါတယ်။ ဒါကြောင့် မိတ်ကောင်းဆွေကောင်းရှိခြင်းဟာ ဘေးကင်းချမ်းသာရာရသလို အကျင့်စရိုက်မကောင်းတဲ့ နေရာဒေသမျိုးကိုမွေးရပ်မြေဖြစ်ဦးတော့ စွန့်သင့်တယ်ဆိုတာ ဒီပုံပြင်လေးကပေးတဲ့သင်ခန်းစာအဖြစ် မှတ်ယူသင့်ပါတယ်။

ဒါကြောင့် လောကနီတိမှာ

"ဦးချိုရှိသော သတ္တဝါကို အတောင်ငါးဆယ်ရှိသော အရပ်မှ ကြဉ်ရာ၏။ မြင်းကို အတောင်တစ်ရာမှ ကြဉ်ရာ၏။ အစွယ်ရှိသောဆင်ကို အတောင်တစ်ထောင်မှ ကြဉ်ရာ၏ သူတော်မဟုတ်သူယုတ်မာကိုမူကား အရပ်ကိုစွန့်၍ ကြဉ်ရာ၏။

"မကောင်းသောအရပ်ကို၎င်း။ မကောင်းသောခင်ပွန်းကို၎င်း။ မကောင်းသောအမျိုးကို၎င်း။ မကောင်းသောမိတ်ဆွေကို၎င်း။ မကောင်းသောမယားကို၎င်း။ မကောင်းသောကျွန်ကို၎င်း။ ဝေးစွာကြဉ်ရာ၏" လို့ ဖော်ပြခဲ့ခြင်း ဖြစ်ပါတယ်။

သူတော်ကောင်းကို ဆည်းကပ်ပေါင်းသင်းရမယ်။ သူယုတ်မာကို ရှောင်ကြဉ်ရမယ်။ ဒီတော့ မိမိပေါင်းသင်းအပ်တဲ့ သူတော်ကောင်းဆိုတာဘာလဲ။ ဘယ်လိုပုဂ္ဂိုလ်ကို သူတော်ကောင်းလို့ခေါ်မလဲ။ သူတော်ကောင်းဟုတ်မဟုတ် ဘယ်လိုခွဲခြားမလဲဆိုတာ စဉ်းစားဝေဖန်စရာဖြစ်လာပါတယ်။ ဒါကြောင့်သူတော်ကောင်းလက္ခ

ဏာခုနှစ်ပါးကိုသိရှိထားဖို့ လိုပါတယ်။ သူတော်ကောင်းလက္ခဏာခုနှစ်ပါးနဲ့ ပြည့်စုံသူဟာ သူတော်ကောင်းလို့ခေါ်နိုင်ပြီ။ ဒီလက္ခဏာခုနှစ်ပါးနဲ့ ပြောင့်ပြောင့်ကြီး ဆန့်ကျင်နေသူဆိုရင်တော့ သူယုတ်မာဆိုတာ သိလောက်ပြီးဖြစ်ပါတယ်။

**သူတော်ကောင်းလက္ခဏာခုနှစ်ပါး**

၁။ အသက်ရှည်သမျှ မိခင်ဘခင်ကျေးဇူးရှင်တို့ကို ရိုသေစွာပြုစုလုပ်ကျွေးခြင်း။

၂။ အသက်ရှင်သမျှ မိမိထက်အသက်အရွယ်ကြီးရင့်သူများ ကိုလေးစားရိုသေသဖြင့် ခရီးဦးကြိုပြုခြင်း၊ နေရာထိုင်ခင်းပေးခြင်း၊ တလေးတစား ဆက်ဆံခြင်း။

၃။ အသက်ရှည်သမျှ သာယာချိုမြိန်သောချစ်ဖွယ်စကားကို အပြောဆိုလေ့ရှိခြင်း။

၄။ အသက်ရှည်သမျှ ဂုံးတိုက်စကားပြောကြားမှုမပြုခြင်း။

၅။ အသက်ရှင်သမျှ ဝန်တိုမစ္ဆေယျကင်း၍ စွန့်ကြဲလှူဒါန်းပေးကမ်းဝေခြမ်း၍ သုံးဆောင်လေ့ရှိခြင်း။

၆။ အသက်ရှည်သမျှ မှန်ကန်သောစကားကိုသာ ပြောဆိုလေ့ရှိခြင်း။

၇။ အသက်ရှည်သမျှ အမျက်ဒေါသနည်းပါး၍ ဒေါသထွက်စရာရှိရင်လည်း ဉာဏ်ရှေ့သွား၍ ပယ်ဖျက်နိုင်စွမ်းရှိခြင်း။

ဒီသူတော်ကောင်းလက္ခဏာ ခုနှစ်ပါးနဲ့ ပြည့်စုံသူကို သူတော်ကောင်းအဖြစ် သတ်မှတ်ပြီး နတ်ဒေဝတာတို့ရိုသေလေးစားလေ့ရှိတယ်လို့ ဆိုပါတယ်။





မြတ်စွာဘုရားကိုယ်တော်တိုင် ဟောညွှန်ပြသတော်မူခဲ့တဲ့ သူတော်ကောင်းလက္ခဏာတွေကိုလည်း ဖော်ပြပါဦးမယ်။

"ရဟန်းတို့ သူတော်ကောင်းမည်သည်–

၁။ သတ္တဝါတို့၏ အသက်ကိုလည်း မသတ်တတ်

၂။ အရှင်မပေးသောဥစ္စာကိုလည်း မယူတတ်

၃။ မပြစ်မှားအပ်သော ယောကျ်ား မိန်းမတို့၌လည်း ပြစ်မှားကျူးလွန်ခြင်းမရှိတတ်။

၄။ မုသားစကားမဆိုတတ်

၅။ ဂုံးတိုက်စကားမဆိုတတ်

၆။ ကြမ်းတမ်းယုတ်ညံ့သောစကားကိုလည်း မပြောတတ်

၇။ အနှစ်သာရမဲ့သော သိမ်ဖျင်းညံ့စကားကိုလည်း မပြောတတ်

၈။ သူတစ်ပါးပစ္စည်းကိုလည်း ကိုယ့်ပစ္စည်းဖြစ်အောင် မကြံဆောင်တတ်

၉။ သူတစ်ပါး ပျက်ဆီးခြင်းကိုလည်း မလိုလားတတ်

၁၀။ အယူအမြင်လည်း မမှားတတ်

ရဟန်းတို့––

သူတော်ကောင်းတို့မည်သည်

၁။ မှန်ကန်ကောင်းမွန်သော အယူအမြင်လည်းရှိကြ၏။

၂။ မှန်ကန်ကောင်းမွန်သော အကြံအစည်လည်းရှိကြ၏။

၃။ မှန်ကန်ကောင်းမွန်သော စကားကိုလည်းပြောဆိုကြ၏။

၄။ မှန်ကန်ကောင်းမွန်သော အလုပ်ကိုလည်း ပြုလုပ်ကြ၏။

၅။ မှန်ကန်ကောင်းမွန်သော အသက်မွေးမှုလည်း ရှိကြ၏။

၆။ မှန်ကန်ကောင်းမွန်သော လုံ့လ ဝိရိယလည်းရှိကြ၏။
၇။ မှန်ကန်ကောင်းမွန်သော သတိလည်းရှိကြ၏။
၈။ မှန်ကန်ကောင်းမွန်သော သမာဓိလည်းရှိကြ၏'' လို့ ညွှန်ပြတော်မူခဲ့ပါတယ်။

သူတော်ကောင်းထက်ပိုတဲ့ သူတော်ကောင်းကိုလည်း ညွှန်ပြတော်မူခဲ့ပါသေးတယ်။

''ရဟန်းတို့–– သူတော်ကောင်းထက် သူတော်ကောင်းဖြစ်သူသည် မိမိကိုယ်တိုင်လည်း သူတော်ကောင်းလက္ခဏာတို့နှင့် ပြည့်စုံ၏။ သူတစ်ပါးကိုလည်း သူတော်ကောင်းလက္ခဏာတို့ဖြင့် ပြည့်စုံစေ၏။''

ဒါပေမယ့် လူဆိုတာ အဘက်ဘက်ကပြည့်စုံဖို့တော့ တယ်ပြီးမလွယ်လှပါဘူး။ သူတော်ကောင်းလက္ခဏာများစွာထဲက တစ်ပါးလောက်သာ ပြည့်စုံသူ၊ နှစ်ပါးလောက်သာပြည့်စုံသူ၊ သုံးပါးလောက် ပြည့်စုံသူ၊ လေးပါးလောက်သာပြည့်စုံသူစသဖြင့် လူအမျိုးမျိုးအစားစားတွေ့ရှိရပါလိမ့်မယ်။ ဦးစွာအားဖြင့် မိမိကိုယ်တိုင် မိမိသူတော်ကောင်း လက္ခဏာနဲ့ ညီမညီခံထိုးပြီး တတ်နိုင်သမျှသူတော်ကောင်းလက္ခဏာနဲ့ ပြည့်စုံသူကိုလည်း ပြည့်စုံသည်ထက် ပြည့်စုံသူကိုရွေးခြယ်ဆည်းကပ်သင့်ပါသည်။

ဒါပေမယ့် လူတစ်ဦးတစ်ယောက် သူတော်ကောင်းလက္ခဏာနဲ့ ပြည့်စုံမပြည့်စုံဆိုတာတော့ တစ်ပတ်ဆယ်ရက်လောက်လေးပေါင်းရုံ သင်းရုံနဲ့ မသိနိုင်ပါဘူး။ လူဆိုတာ ဟန်ဆောင် တတ်တဲ့သတ္တဝါဖြစ်လေတော့ ဟန်ဆောင်ကောင်းတဲ့သူအပေါ် ယုံလို့ပုံအပ်ပြီးမှ





မျက်နှာပုံးကွာကျလို့ ဒုက္ခရောက်ရတာမျိုးမဖြစ် အောင်အတွင်းကျကျ ပေါင်းသင်းကြည့်ဖို့လိုပါတယ်။

ကောသလမင်းကြီးကို မြတ်စွာဘုရားက ခုလိုမိန့်မြွက်တော်မူခဲ့ပါတယ်။

''မင်းကြီး
သီလ သမာဓိရှိမရှိကို အတူနေမှသိရသည်။
ကြာကြာပေါင်းဖူးမှသိရသည်။
သတိပြုနှလုံးသွင်းမှ သိရသည်။
ကိုယ်တိုင်ပညာရှိမှသိရသည်။

အတူမနေသော မင်းကြီးအဖို့ သူတော်ကောင်းသူတော်မြတ်ဟုတ်မဟုတ် အမှန်သိနိုင်ရန်ခဲယဉ်း၏။ အတူတကွနေသော်လည်း ကြာကြာနေဖူးမှသိနိုင်သည် နှစ်ရက်၊ သုံးရက်နေကာမျှဖြင့် မသိနိုင်၊ ကြာကြာနေသော်လည်း မိမိကသတိပြု၍ နှလုံးသွင်းမှုရှိမှသိနိုင်သည်။ အမှတ်တမဲ့နေ၍ မသိနိုင်။ သတိပြုနေသော်လည်း ကိုယ်တိုင်က ခွဲခြမ်းစိတ်ဖြာနိုင်သော ဉာဏ်အမြော်အမြင်ရှိမှ သိနိုင်သည်။ ဉာဏ်ပညာမရှိက မသိနိုင်''

သူတော်ကောင်းနဲ့ ပေါင်းသင်းတဲ့အတွက် အကျိုးတရားခုနှစ်ပါးရှိပါတယ်။ မြတ်စွာဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က သာဝနတ်သားကခုလိုပြောကြားခဲ့ဖူးတာကို သံယုတ်ပါဠိတော်မှာ ခုလိုဖော်ပြထားပါတယ်။

၁။ သူတော်ကောင်းနဲ့ပေါင်းသင်းရမယ်။ သူတော်ကောင်းနဲ့ပေါင်းသင်းမှ သူတော်ကောင်းသဘောတရားကိုသိပြီး သူတော်ကောင်းဖြစ်လာ

နိုင်တယ်။

၂။ သူတော်ကောင်းနဲ့ပေါင်းမှ အသိပညာအလိမ္မာရရှိနိုင်တယ်။

၃။ သူတော်ကောင်းနဲ့ ပေါင်းမှစိုးရိမ်ပူပန်မှုတွေနဲ့ ပြွမ်းတီးနေတဲ့လောကထဲမှာ စိုးရိမ်ပူပန်မှုကင်းနေနိုင်မယ်။

၄။ သူတော်ကောင်းနဲ့ပေါင်းမှ ဆွေမျိုးအသိုင်းအဝန်းအလယ်မှာ တင့်တယ်နိုင်တယ်။

၅။ သူတော်ကောင်းနဲ့ပေါင်းမှ ကောင်းရာသုဂတိကို ရောက်နိုင်တယ်။

၆။ သူတော်ကောင်းနဲ့ပေါင်းမှ ချမ်းသာစည်းစိမ်တည်မြဲမယ်။

၇။ သူတော်ကောင်းနဲ့ပေါင်းမှ သူတော်ကောင်းတရားကို သိပြီး ဆင်းရဲဒုက္ခမှန်သမျှက လွတ်မြောက်နိုင်လိမ့်မယ်။

သူတော်ကောင်းနဲ့မပေါင်းမသင်း မဆက်ဆံပဲ၊ လူယုတ်လူမိုက်တို့ရဲ့သဘောသဘာဝကို စရိုက်လက္ခဏာကို ချစ်ခင်နှစ်သက်လေ့ရှိသူအဖို့တော့ ဘဝမှာအစစအရာရာ ပျက်ဆီးခြင်းဆီကိုသာရှေ့ရှုနေပါတော့တယ်။ မဟာပဒုမဇာတ်တော်မှာ ဗြဟ္မဒတ်မင်းဟာ ယုတ်မာတဲ့မိဖုရားအပေါ် ချစ်ခင်နှစ်သက်စွာပေါင်းဖော်မိလို့ ယုတ်မာတဲ့မိဖုရားရဲ့ကုန်းချောကုန်းတိုက်စကားကိုနားယောင်မိလို့ မိမိရဲ့ရင်သွေးသားကောင်းရတနာကိုရော၊ မိဖုရားကိုပါဆုံးရှုံးခဲ့ရဖူးပါတယ်။ ဒီလိုနဲ့ မိုက်မဲတဲ့မင်းကြီးအဖြစ် သမုတ်ခေါ်ဝေါ်တာခံခဲ့ရပါတယ်။ စိဉ္စမာနဟာလည်း မပေါင်းသင့် မပေါင်းအပ်တဲ့ တိတ္ထိဂိုဏ်းဆရာသူယုတ်မာတွေနဲ့ ပေါင်းဖော်မိလို့ မြတ်စွာဘုရားကို ပြစ်မှားခဲ့ပါတယ်။ ဒီအတွက် ပရိတ်သတ် အလယ်မှာအရှက်သိက္ခာအကျိုးနည်း ဖြစ်ရုံမျှမက၊ အပါယ်ငရဲမှာကျရောက်ခံစားရပါတယ်။ အဇာတသတ်မင်းသား





ဟာလည်း မပေါင်းသင့်တဲ့ ဒေဝဒတ်ကိုပေါင်းဖော်ဆရာတင်မိလို့ ဖခင်ကိုပြန်သတ်တဲ့ ကံထိုက်ပြီး ငရဲထိအဖော်လိုက်သွားရဖူးပါတယ်။

လောကအလယ်လူ့ရေးကျယ်လှတဲ့အတွက် အပေါင်းအသင်းမှားဖို့ဟာ သိပ်ကိုသတိထားရမယ့်အရာဖြစ်ပါတယ်။ ဒီနေ့ခေတ်စီးပွားရေးလောကမှာ သူ့အကျိုးကိုယ့်အကျိုးအပြန်အလှန်မျှော်ကိုးပြီး ပေါင်းသင်းဆက်ဆံကြရတဲ့အတွက် တစ်ခါတစ်ခါ မချစ်သော်လည်းအောင့်ကာနမ်းဆိုသလို လူ့စရိုက် လူ့သဘာဝကို မကြိုက်နှစ်သက်ပေမယ့်လည်း ကြိုက်နှစ်သက်ဟန်ဆောင်ပြီး ရေလိုက်ငါးလိုက်ဆက်ဆံရတာမျိုးတွေရှိနိုင်ပါတယ်။ ခုခေတ်စီးပွားရေး လောကမှာတော့ အရက်နဲ့စီးကရက်ဟာ မပါရင်မဖြစ်တော့သလောက်ပါပဲ။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီဝန်ထမ်းတွေနဲ့ သောက်ရင်းစားရင်းအလုပ်စကားပြောဆိုလေ့ရှိပါတယ်။ ဒီနေရာမှ အရက်မသောက်တတ်ရင်ပဲ လူရာမဝင်တော့သလောက်အခြေအနေမျိုးရောက်နေပါတယ်။ မသောက်တတ်ပေမယ့်လည်း လုပ်ငန်းသဘောအရ လူပုဂ္ဂိုလ်ခြင်းရင်းနှီးအောင်တစ်ခွက်တစ်ဖလားဆိုသလို သောက်ရင်းစားရင်းက တစ်ချို့လောက်သာ ကိုယ်စိတ်ကိုယ်ထိန်းနိုင်လို့ အရက်သမားကြီးဘဝမကျရောက်ကြပေမယ့်၊ တော်တော်များများမှာတော့ အရက်စွဲပြီး ယစ်ထုတ်ကြီးဘဝကိုရောက်မှန်းမသိရောက်သွားကြပါတယ်။

တစ်ချို့လဲအပေါင်းအသင်းမှားပြီး တစ်ခါလောက်သုံးစွဲကြည့်ဖူးရုံနဲ့ဘာမှ မဖြစ်နိုင်ပါဘူးလေဆိုပြီး စူးစမ်းစမ်းသပ်လိုတဲ့စိတ်နဲ့ဘိန်းဖြူဘိန်းမဲစွဲမိရာက ဘဝပါပေးဆပ်ခဲ့ရ၊ လူညွန့်တုံးခဲ့ရသူ

တွေအများကြီးပါပဲ။

လူဆိုတာမကောင်းမှုမှာ မွေ့ပျော်တဲ့သဘောရှိပါတယ်။ ရေဆိုတာမြင့်ရာကနိမ့်ရာကို စီးဆင်းတတ်တဲ့သဘာဝအတိုင်းလို့ပဲ ပြောရပါလိမ့်မယ်။ ဘုရားသွားဖို့၊ ကျောင်းတက်ဖို့၊ ဥပုသ်စရိပ်မှာ သီလယူဖို့ အဖော်ခေါ်ရင်လိုက်ချင်မှလိုက်ကြမှာဖြစ်ပေမယ့် အပျော်အပါးအသောက်အစားဆိုရင် လွယ်လွယ်နဲ့ပါတတ်ကြပါတယ်။ တကယ်တော့မကောင်းမှုန်းသိနေရင် ကိုယ်တိုင်စမ်းသပ် ကြည့်စရာ မလိုပါဘူး။ မကောင်းမှုန်းသိရက်နဲ့ ကိုယ်တိုင်စမ်းသပ်ကြည့်ချင်တာဟာ အင်မတန်မိုက်မဲရာကျပါတယ်။ နေရာတကာကိုယ်တိုင်စမ်းသပ်ကြည့်မှမဟုတ်ပါဘူး။ ပညာရှိသူဟာ သူတစ်ပါးအမှားကို ကြည့်မြင်ပြီး သင်ခန်းစာယူတတ်ကြတယ်။ သာမာန်လူတွေကတော့ ကိုယ်တိုင်မှားမှသင်ခန်းစာယူတတ်ကြတတ်တဲ့ မိုက်မဲသူတွေအဖို့ကျတော့ ကိုယ်တိုင်မှားပူးတာတောင်သင်ခန်းစာမယူတတ်ကြပါဘူး။ ဒါကြောင့်မလိုအပ်ပဲ ကိုယ်တိုင်အမှားကျူးလွန်မိအောင် အများက မကောင်းမှုလို့သိရှိပြီးဖြစ်တဲ့ ဘာသာတရားနဲ့ လူမှုရေးအရလည်း မကောင်းမှုလို့သတ်မှတ်ခံနေရတဲ့ ကွမ်း၊ ဆေး၊ အရက်၊ စီးကရက်တို့ကို အစလုပ်ပြီး သုံးစွဲမကြည့်ကြပါနဲ့ သုံးစွဲမိရင် စွဲသွားဖို့က သေချာပါတယ်။ ပြတ်အောင် ဖြတ်ဖို့ဆိုတာတော့ မလွယ်တဲ့ကိစ္စကြီးပါ။

ဒါ့ကြောင့် ဆေးလိပ်သောက်ဖို့ တိုက်တွန်းတဲ့၊ အရက်သောက်ဖို့တိုက်တွန်းတဲ့၊ လောင်းကစားဖို့ တိုက်တွန်းတဲ့၊ မကောင်းမှုမှာမွေ့လျော်ပျော်ပါးတတ်တဲ့ မိတ်ဆွေအပေါင်းအသင်းအမျိုးမျိုးကို သတိကြပ်ကြပ်ထားပြီး ရှောင်ကြဉ်ဖို့လိုပါတယ်။ ပစ္စည်းထုတ်တဲ့ဖက်





တောင်မှ ပန်းထုတ်တဲ့ဖက်ဟာ ပန်းရနံ့မွှေးကြိုင်နေတတ်ပြီး ငါးထုတ်တဲ့ ဖက်ဟာ ငါးနံ့နဲ့ နံစော်စွဲကျန်နေတတ်ပါတယ်။ အကျင့်မကောင်းတဲ့သူ ယုတ်မာတဲ့သူ၊ လူမိုက်လူဖျင်းတွေနဲ့ ပေါင်းရင်ကိုယ်ပါ သိက္ခာကျပြီး ဒုက္ခရောက်ရတတ်ပါတယ်။

လူတစ်ယောက်ဘယ်လိုလူလဲဆိုတာကို သိချင်ရင် ဘယ်သူတွေနဲ့ပေါင်းသင်းဆက်ဆံနေသလဲဆိုတာ ကြည့်ရင်သိနိုင်ပါတယ်။ လောင်းကစားသမားဟာ လောင်းကစားသမားတွေနဲ့ပဲ ပေါင်းဖော်ပါလိမ့်မယ်။ အရက်သမားဟာ အရက်သမားအချင်းချင်းပဲ ပေါင်းဖော်ပါလိမ့်မယ်။ ပညာလိုလားသူဟာ ပညာရှင်အချင်းချင်းသာ ပေါင်းသင်းဆက်ဆံပါလိမ့်မယ်။ ကုသိုလ်အမှုကိုပြုလေ့ရှိသူဟာ ကုသိုလ်အမှုပြုသူအချင်းချင်းပဲ ပေါင်းသင်းဆက်ဆံပါလိမ့်မယ်။ အရက်သမားအချင်းချင်း "ပလင်းတူဖူးဆို့"တွေဖြစ်ကြသလို၊ ပညာရှိသူတော်ကောင်း အချင်းချင်း ဆိုတာလည်း "သူတော်အချင်းချင်း သတင်းလွှေ့လွှ ပေါင်းဖက်တွေ" ကြမှာအမှန်ပါပဲ။

မိမိထက်ဥစ္စာစည်းကြွယ်ဝချမ်းသာသူနဲ့ ပေါင်းသင်းမိရင် အရင်းအနှီးရရှိပြီး ကြီးပွားတိုးတက်နိုင်ပါတယ်။ ပညာမရှိသူနဲ့ပေါင်းမိရင်ပေါင်းသင်းဆက်ဆံလို့ကတော့ ဥစ္စာလဲမရ၊ ပညာလဲမရ ဘာမှမတိုးပွားပဲအချည်းနှီးအလဟဿ အချိန်ကုန်ရုံပဲရှိပါလိမ့်မယ်။

စည်းစိမ်ဥစ္စာမရှိနွမ်းပါးသူနဲ့ မပေါင်းသင်းရဖူးလို့တော့ တစ်ထစ်ချတွက်ဆလို့ မရပါဘူး။ စည်းစိမ်ဥစ္စာမချမ်းသာပေမယ့်လည်း၊ ပင်ကိုယ်အားဖြင့် ရိုးသားကြိုးစားသူ၊ ကိုယ်ကျင့်တရားကောင်းမွန်သောသူ၊ ပညာရှိသူ၊ ပညာလိုလားသူဆိုရင် လူတော်

လူကောင်းလို့ သတ်မှတ်ရမှာပဲဖြစ်ပါတယ်။ ဒီလိုလူမျိုးနဲ့ပေါင်းမိရင်လဲ ဥစ္စာမရပေမယ့် အချိုးနိုးမဖြစ်နိုင်ပါဘူး။ အကြိုကောင်းဉာဏ်ကောင်း တွေတခြားအကူအညီတွေရရှိနိုင်ပါတယ်။ ဥစ္စာလည်းမရှိ ပညာလည်း မဲ့ပြီး ကိုယ်ကျင့်တရားလည်း မခိုင်မာပူးဆိုရင်တော့ အဲဒီလိုလူမျိုးကို ဝေးဝေးကရှောင်ရပါလိမ့်မယ်။ ပညာရှိသူ၊ လူကောင်းလူတော်တွေ၊ အနေနဲ့အခြေမဲ့အနေမဲ့ ပညာမဲ့တွေအပေါ် ဂရုဏာတရားထားသင့်တာ၊ တနာသနားစိတ်ရှိသင့်တာ အမှန်ဖြစ်ပေမယ့်။ ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံဖို့ဆိုတာတော့ အန္တရာယ်ကြီးလွန်းလှပါတယ်။

ကိုယ်ကျင့်တရားအရရော၊ ပညာအရာမှာပါ မိမိထက်သာ လွန်မြင့်မြတ်သူကို ဆည်းကပ်ပေါင်းသင်းကြရမယ်။ မိမိထက်သာလွန် ထက်မြက်သူနဲ့ပေါင်းမှ မိမိလည်းအကြံကောင်းဉာဏ်ကောင်း အကူအညီကောင်းရပြီး မိမိပါကိုယ်ကျင့်တရားရော ပညာပါ တိုးတက်ဖွံ့ဖြိုးလာနိုင်ပါတယ်။ မိမိထက်တော်သူသာမဟုတ်တောင် မှ မိမိနည်းတူကိုယ်ကျင့် သီလကောင်းမွန်သူ၊ ဉာဏ်ပညာရှိသူမျိုးကို ရွေးချယ်ပေါင်းသင်းအပ်ပါတယ်။ မိမိထက်ယုတ်ညံ့နိမ့်ပါးသူနဲ့ ပေါင်းသင်းခြင်းဟာ ရန်သူနဲ့ပေါင်းသင်းမိသလိုပါပဲ။ မိမိအကျိုးကို တစ်ချိန်မဟုတ်တစ်ချိန်မှာ ထိခိုက်စေ်ကားလာမှာ အသေအချာပါပဲ။





# ကိုယ့်စိတ်ကိုယ်ထိန်းချုပ်ပါ

## အိပ်စက်ခြင်းဖြင့် အချိန်တွေမကုန်ဆုံးစေနဲ့

အိပ်စက်ခြင်းဟာ လူသားရဲ့လိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ တစ်နေ့တာ (၂၄)နာရီမှာ အိပ်ချိန်(၈)နာရီ၊ အလုပ်လုပ်ချိန်(၈)နာရီ အနားယူအပန်းဖြေချိန် (၈)နာရီလို့ ယေဘုယျသတ်မှတ်လေ့ရှိပါတယ်။ ဒါပေမယ့် တကယ်တမ်းအလုပ်လုပ်သူတွေ၊ ထူးချွန် ထက်မြက်သူတွေအဖို့တော့ အိပ်ချိန်ဟာ အလွန်ပဲနည်းပါးလှတာတွေကရပါတယ်။ တစ်ချို့သောနိုင်ငံ ခေါင်းဆောင်ကြီးတွေဟာ တစ်ညမှာ (၂)နှစ်နာရီသုံးနာရီလောက်ပဲအိပ်ကြတယ်လို့ဆိုပါတယ်။ ရှေးခေတ်မင်းကောင်းမင်းမြတ်များကတော့ ညဉ့်သုံးယံတစ်ယံပဲအိပ်ပါသတဲ့။

အိပ်စက်ခြင်းဟာ ပင်ပန်းနွမ်းနယ်စွာ အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်ကြီးကို ပုံကျမသွားအောင်၊ အားသစ်အင်သစ်တွေ ပြန်လည်ရရှိအောင် အလုပ်ကိုပိုမိုလုပ်နိုင်အောင် သဘာဝအရအနားယူ ခြင်းပဲ ဖြစ်ပါတယ်။ တစ်ချို့အလုပ်အများဆုံးလုပ်တဲ့ လုပ်ငန်းရှင်ကြီး တွေဟာ နေ့လည်နေ့ခင်းဘက်မှာ ဆယ့်ငါးမိနစ်ခန့်လောက် အနားယူ အိပ်စက်တတ်ကြတယ်လို့လည်း သိရပါတယ်။ စိတ်ပညာနယ်ပယ်နဲ့ဆေးပညာအလိုအရတော့ နေ့လည်နေ့ခင်းမှာ အလုပ်ပင်ပန်းသူတွေအဖို့ နေ့လည်စာစားပြီး ဆယ့်ငါးမိနစ်၊ နာရီဝက်ခန့်မှေးစက်အနားယူသင့်တယ်လို့ဆိုပါတယ်။ ဒါပေမယ့် စစ်မှန်တဲ့စိတ်ပညာအလိုအရတော့ နေ့လည်နေ့ခင်းဘက်အနားယူခြင်းကို အိပ်စက်ခြင်းနဲ့ရောထွေးတာမျိုးကို လက်မခံပါဘူး။ မိမိရဲ့ စိတ်နဲ့ခန္ဓာကိုယ်ကိုဖြေလျော့ အနားယူခြင်းပြုရာမှာ မိမိရဲ့ခန္ဓာကိုယ်ကို မိမိစိတ်ကနေအမိန့်ပေးညွှန်





ကြားပြီးအနားယူစေခြင်းသက်သက်ပဲ ဖြစ်ပါတယ်။ လုံးဝအိပ်ပျော်သွားတာကိုခွင့်မပြုပါဘူး။ အိပ်ပျော်ခြင်းမရှိတဲ့ အနားယူပြေလျော့ခြင်းကသာ ခန္ဓာကိုယ်ကျန်းမာရေးနဲ့ စိတ်ဓါတ်ရွှင်လန်းတက်ကြွရေးကို အားပေးနိုင်ပြီး အိပ်ပျော်ခြင်းကတော့ ခန္ဓာကိုယ်ကိုရော၊ စိတ်ဓါတ်ကိုပါ ထုံထိုင်းလေးလံစေပါတယ်။

တကယ်တော့ အိပ်စက်ခြင်းဟာ လူပြိန်းကြိုက် အချိန်ဖြုန်းခြင်းသက်သက်ပဲ။ ကျန်းမာရေးအရ၊ လိုအပ်တဲ့ အိပ်စက်နားနေမှုထက်ပိုတဲ့၊ အလွန်အမင်းအိပ်စက်ခြင်းဟာ ကျန်းမာရေးအရရော၊ လူ့ဘဝမြင့်မားတိုးတက်ရေးအတွက်ပါ အကျိုးမရှိတဲ့ ဆုတ်ယုတ်ပျက်စီးခြင်းအကြောင်းတရားစစ်စစ် ဖြစ်ပါတယ်။ အိပ်ခြင်းဟာ ပျင်းရိခြင်းကိုအားပေးသလို ထကြွလုံ့လရှိခြင်း ဝီရိယရှိခြင်းနဲ့ စိတ်ကူးဉာဏ်ကွန့်မြူးခြင်းကိုလည်း ထိခိုက်စေပါတယ်။ နေ့စဉ်နေမြင့်အောင် အိပ်တတ်သူအဖို့ နံနက်စောစော ဆောင်ရွက်ရမယ့်အလုပ်ကိစ္စတွေ၊ လုပ်ငန်းတာဝန်၊ မိသားစုတာဝန်၊ လူမှုရေးတာဝန်မှန်သမျှလစ်ဟင်းပြီး အကျိုးမဲ့တတ်ပါတယ်။

ဒါတင်မကနေမြင့်အောင်အိပ်တဲ့အတွက် နံနက်လင်းရရှိမဲ့ အကျိုးစီးပွားမှန်သမျှဟာလည်း လက်လွှတ်ဆုံးရှုံးရတတ်ပါတယ်။ အိပ်နေတဲ့သူကို အချိန်နဲ့အလုပ်တာဝန်တွေက ဖြတ်ကျော်သွားတဲ့အတွက် ပြီးစီးသင့်တဲ့အရေးကိစ္စတွေမပြီးမြောက်ပဲ နှောင့်နှေးကြန့်ကြာတတ်ပါတယ်။ အလုပ်တွေမပြီးမပြတ်ဖြစ်လို့မို့ စိတ်မောကိုယ်မောဖြစ်ရတတ်ပါတယ်။ စောစောထလေ့ရှိသူတွေရလေ့ရထရှိတဲ့ စီးပွား

ရေး၊ ကျန်းမာရေး၊ ပညာရေးသာမက ကောင်းမှုကုသိုလ်ရေးတို့မှာပါ ပျက်ဆီးယုတ်လျော့တတ် ဆုံးရှုံးတတ်ပါတယ်။

နံနက်ခင်းဆိုတာ နေ့တစ်နေ့တာအတွက် မင်္ဂလာအပေါင်းနဲ့အပြည့်စုံဆုံး အချိန်ဖြစ်ပါတယ်။ နံနက်စောစောအိပ်ရာမထတဲ့အတွက် နံနက်ခင်းအေးမြတဲ့လေကောင်းလေသန့်ရဲ့ အထိအတွေ့ကိုလည်း မခံစားရ၊ လေကောင်းလေသန့်ကိုလည်း မရှူရှိုက်ရတဲ့အတွက် ခန္ဓာကိုယ်တွင်းမှာသန့်ရှင်းမှုနည်းပါးပြီး ရောဂါဘယဆိုးတွေဝင်ရောက်ကူးစက်လွယ်ပါလိမ့်မယ်။ နံနက်ခင်းရဲ့လေပြေလေညှင်းဆိုတာပန်းရနံ့ပေါင်းစုံနဲ့ သစ်ပင်သစ်တောထဲက ဖြတ်သန်းတိုက်ခတ်လာသမျှအောက်စီဂျင်နဲ့ ပြည့်ဝနေတဲ့အတွက် ခန္ဓာကိုယ်တွင်းက မကောင်းတဲ့အညစ်အကြေးတွေကိုသန့်စင်ပေးပါတယ်။ အိပ်ရာထနောက်ကျသူအဖို့တော့ တစ်ညတာလုံးခန္ဓာကိုယ်က ထုတ်သွင်းတဲ့လေဟောင်းလေသိုးတွေ၊ မကောင်းတဲ့အနံ့အသက်တွေနဲ့ ခြင်ထောင်ထဲမှာပုပ်နံ့ဟောင်စော်နေတဲ့အတွက် ရောဂါပိုးမွှားတွေဝင်ရောက်ကူးစက်ဖို့လွယ်ကူလှပါတယ်။ နေမြင့်အောင်အိပ်တဲ့အတွက်လည်း မူးဝေထိုင်းမှိုင်းခြင်း၊ ခန္ဓာကိုယ်လေ့လံခြင်းနဲ့အတူ ကိုယ်ရောစိတ်ပါ ကျန်းမာရေးထိခိုက်ပျက်ဆီးတတ်ပါတယ်။

ခန္ဓာကိုယ်ကျန်းမာရေးချို့တဲ့ပြီး သန့်ရှင်းမှုမရှိတဲ့အတွက်လည်း စိတ်နှလုံးရွှင်လန်းတက်ကြွမှုကင်းမဲ့ကာ၊ ချည့်နဲ့ထိုင်မှိုင်းပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ အိုစာတဲ့ရုပ်လက္ခဏာတွေ ဖြစ်စေပါတယ်။

စိတ်ဓါတ်ထိုင်းမှိုင်းအိုစာပြီး ချည့်နဲ့လေးလံနေတဲ့လူတစ်ယောက်အဖို့ သူများတန်းတူအကြံကောင်း၊ ဉာဏ်ကောင်းလဲမထုတ်





နိုင်၊ ကြီးပွားချမ်းသာရေးအတွက်လည်း မဆောင်ရွက်နိုင်တဲ့အတွက် လူတန်းစေ့မနေနိုင်ပဲ အောက်တန်းစားဘဝကိုသာ ရရှိလိမ့်မယ်။

အအိပ်လွန်ကျူးတဲ့သူဟာ သူများတကာတွေရရှိတဲ့အခွင့်အရေးမျိုး ဆုံးရှုံးရပါတယ်။ မိမိအကျိုးစီးပွားရှိမယ့် အလုပ်တစ်ခုခုကို ကြိုးစားလုပ်ဆောင်ရမယ့်အစား အိပ်နေတဲ့အတွက် အခွင့်အရေးမှန်သမျှဟာ မိမိအိပ်တံခါးပေါက်ကပဲ လှည့်ပြန်သွားပါလိမ့်မယ်။ အအိပ်ကိုစုံမက်ခြင်းဟာ "ဇာဂရိယာ နုယောဂ"ဆိုတဲ့၊ ဖျက်လတ်နိုးကြားဂုဏ်က ယုတ်လျော့တဲ့အတွက် ဖျက်လတ်ခြင်းနဲ့ အသိဉာဏ်ပညာနိုးကြားခြင်းဆိုတဲ့ လာဘ်လာဘနဲ့လဲလွဲချော်တတ်ပါတယ်။

အအိပ်လွန်ကြူးတဲ့ပုဂ္ဂိုလ်ဟာ ဇာဂရိယာပုတ်မှုတာမှုမရှိပဲ၊ လျောင်းလှဲခြင်းဆိုတဲ့ ဇာဂရိယာပုတ်တစ်ပါးထဲသာနေထိုင်လေ့ရှိပါတယ်။ ဒီ့ကြောင့် အမြဲတစ်စေ လျောင်းစက်နေခြင်းရဲ့ အကျိုးကြောင့် ကိုယ်ရောစိတ်ပါ ထိုင်းမှိုင်းလေးလံပြီး အနာရောဂါထူပြောတတ်ပါတယ်။ ထိန မိဒ္ဓဆိုတဲ့ ထိုင်းမှိုင်းလေးလံခြင်း အညစ်အကြေးဟာ အအိပ်လွန်ကျူးသူတွေရဲ့ အဖော်သဟဲ ဖြစ်ပါတယ်။ အအိပ်ကျူးတဲ့သူအဖို့မိမိရဲ့အိုးအိမ်ဝေဟာကိုလည်း စောင့်ရှောက်နိုင်စွမ်းမရှိပါဘူး။ ဒုစရိုက်သမားတွေ၊ ခိုးဝှက်လုယက်လိုသူတွေဟာ ဝိုင်ရှင်အိပ်ချိန်ကိုပိုပြီးအသုံး ချလေ့ရှိပါတယ်။

လူတစ်ဦးတစ်ယောက်စီအတွက် သဘာဝလောကကြီးက (၂၄)နာရီညီတူညီမျှခွဲပေးထားပါလျက်၊ မိမိရသင့်ရထိုက်တဲ့ (၂၄)နာရီကိုမိမိအကျိုးစီးပွားအတွက် အသုံးမချပဲ အိပ်စက်ခြင်းဖြင့် ကုန်လွန်စေတာဟာ အလွန်နှမျောဖို့ကောင်းသလို အလွန်လဲပိုက်ခဲရာကျပါတယ်။

သာမန်လူတစ်ယောက်အဖို့တောင်မှ လူ့သက်တမ်းရဲ့ သုံးပုံတစ်ပုံကို အိပ်စက်ခြင်းဖြင့် ကုန်ဆုံးလေ့ရှိတယ်လို့ ဆိုပါတယ်။ ဒါဆိုရင်အအိပ်လွန်ကျူးသူတွေအဖို့ ဘဝရဲ့သက်တမ်းတစ်ဝက်လောက်ဟာ အိပ်စက်ခြင်းနဲ့ပဲ ကုန်လွန်နေပါလိမ့်မယ်။ လူတစ်ချို့အနေနဲ့ကတော့ အိပ်တာကိုပဲ စည်းစိမ်တစ်ခုလို ခံစားလေ့ရှိပါတယ်။

"ငါတို့ဆင်းရဲသားတွေအဖို့တော့ အိပ်တာနဲ့စားတာပဲ စိမ်ယူရတာ စိမ်ရှိရှိအိပ်လိုက်ဦးမယ်" လို့ပြောတတ်တဲ့ သူတွေဟာ ဘယ်တော့မှ တိုးတက်ကြီးပွားဖို့ ချမ်းသာအောင်မြင်ဖို့ လမ်းစရှာမရတဲ့သူတွေပဲ ဖြစ်ပါတယ်။ သူရဲ့စိတ်ဓါတ်အရင်းခံကိုယ်၌က ဆင်းရဲတာကိုလက်ခံ၊ အိပ်တာကိုစိမ်ယူတတ်လို့သဘောထားနေတဲ့အတွက် သူဘဝရဲ့ကြီးပွားချမ်းသာရေးနဲ့ အောင်မြင်ရေးတံခါးဝကို သူကိုယ်တိုင်အပြီးအပိုင်ပိတ်ဆို့သော့ခတ်ထားတာနဲ့ အတူတူပါပဲ။ စိတ်နေစိတ်ထားမြင့်မြတ်တဲ့သူတွေ၊ ကိုယ့်ဘဝကိုယ်မြှင့်မြှင့်မားမား တန်ဘိုးထားတဲ့သူတွေအဖို့တော့ အိပ်ခြင်းကို အမှန်ပဲ စက်ဆုတ် လေ့ရှိကြပါတယ်။ လောကီစီးပွားရေးလုပ်ဆောင်ရာမှာပဲဖြစ်ဖြစ်၊ အတတ်ပညာ၊ အသိပညာရပ်တွေကို ဆည်းပူးလေ့လာရာမှာပဲဖြစ်ဖြစ် ၊ ဘာဝနာကမ္မဋ္ဌာန်းဆီးဖြန်းရာမှာပဲဖြစ်ဖြစ်၊ အအိပ်စုံမက်ခြင်းဟာ အနှောင့်အယှက်ကြီးတစ်ရပ်ဖြစ်ပါတယ်။

ဒိဝါ သုပ္ပန – နေ့လည်ခင်းဘက်အိပ်ခြင်းနဲ့ ဥ သူရသေယျာ – နေမြင့်အောင်အိပ်ခြင်းဆိုတဲ့ အိပ်ခြင်းနှစ်ပါးကို မြတ်စွာဘုရားက အပြစ်တစ်ခုအဖြစ်သတ်မှတ်တော်မူခဲ့ပါတယ်။





အိပ်စက်ခြင်းကိုနတ်ကောင်း။ နတ်မြတ်တွေမဆိုထားနဲ့ မာရ်နတ်ကတောင် အပြစ်အဖြစ်မြင်ပါသေးတယ်။

တစ်ခါက မြတ်စွာဘုရားဟာ ရာဇဂြိုလ်ပြို့ ဝေဠုဝန်ကျောင်းတော်မှာသီတင်းသုံးတော်မူခဲ့ပါတယ်။ အဲဒီလိုသီတင်းသုံးတော်မူရာမှာ ညဉ့်သုံးယံရဲ့နောက်ဆုံးအချိန်ဖြစ်တဲ့ ပစ္ဆိမယံ အဆုံးအာရုံမတက်မီအချိန်ကလေးအတွင်းမှာ ဂန္ဓကုဋိကျောင်းတော်ကိုဝင်တော်မူပြီး လက်ရာပက်စောင်းငဲ့ကာ အပမ်းဖြေကျိန်းစက်တော်မူပါတယ်။

ဒီအချိန်မှာ မာရ်နတ်ကရောက်လာပြီး

"အိပ်တယ်ဆိုတာ ဒါကိုခေါ်တာလား
ဘာကြောင့်ခုလိုအိပ်ရတာလဲ
လူသေကောင်လို ဘာ့ကြောင့်အိပ်နေရတာလဲ
လူတိတ်ဆိတ်တဲ့ကျောင်းကိုရပြီဆိုပြီး အိပ်တော့တာပဲလား
နေထွက်အောင်ဘာကြောင့်အိပ်ရတာလဲ" လို့ အပြစ်ကင်းစင်တဲ့မြတ်စွာဗုဒ္ဓကိုတောင် တမင်တကာအပြစ်ရှာပြီး ဝေဖန်ပြောဆိုပါသေးတယ်။ ညဉ့်သုံးယံမှာတစ်ယံရဲ့ နောက်ဆုံးအချိန်ကလေးမှာ ဣရိယာပုထ်မျှတအောင် အပမ်းဖြေကျိန်းစက်တော်မူခဲ့တဲ့ မြတ်ဗုဒ္ဓကိုတောင် ခုလိုအပြစ်ရှာပြောဆိုသူရှိသေးတယ်ဆိုရင်၊ နေထွက်အောင် နေမြင့်အောင်အိပ်တဲ့သူတွေအပေါ် ပိုပြီးတော့တောင် အပြစ်တင်ကြပါလိမ့်ဦးမယ်။

နံနက်အာရုံတက်တာနဲ့ အိပ်ရာကနိုးထပြီး ခြေလက်သန့်စင်ကာ ဘုရားဝတ်ပြုခြင်းဟာ တကယ့်မင်္ဂလာပါပဲ။

အရုဏ်ဦးဆိုတာ နေ့သစ်တစ်ခုကိုစတင်တာ၊ မျှော်လင့်ချက်အသစ်တွေကို မွေးဖွားပေးတာ ဖြစ်ပါတယ်။ နေရောင်ခြည်ရဲ့ နွေးထွေးတဲ့နံနက်ခင်း အလင်းရောင်ကြောင့် ပန်းမာန်တွေဟာ ပုံရာက ဖူးပွင့်လာကြပါတယ်။ ကျေးငှက်သာရကာတွေ အိပ်တန်းကနိုးထလာကြတယ်။ အောက်စီဂျင်ပြည့်ဝတဲ့ သဘာဝလောကရဲ့ လေကောင်းလေသန့်ကို အားရပါးရရှူရှိုက်ရင်း နေ့သစ်တစ်ခုကိုစတင်ပါ။ လောဘ၊ ဒေါသတွေ မာန်မာနတွေနဲ့ အညစ်အကြေးမှုန်သမျှကို မနေ့ညကဝင်ခဲ့တဲ့အိပ်ရာထဲမှာပဲ ထားခဲ့လိုက်ပါ။

စောစောအိပ်ရာကထခြင်း၊ ရေမိုးသန့်စင်ပြီး နေ့သစ်တစ်ခုကိုစတင်ခြင်းဟာ ဘဝရဲ့ကောင်းမြတ်တဲ့ အောင်မြင်မှုတွေကို ဖိတ်ခေါ်ကြိုဆိုလိုက်ခြင်းပဲ ဖြစ်ပါတယ်။

နံနက်စောစော အိပ်ရာထခြင်းရဲ့ အကျိုးကိုဖော်ပြရမယ်ဆိုရင် မကုန်နိုင်အောင်ပါပဲ။

တစ်ခါက ရာဇဂြိုလ်မြို့မှာ ဃောသကဆိုတဲ့လုလင်ပျို တစ်ယောက်ရှိပါတယ်။ အဲဒီဃောသကလုလင်ပျိုဟာ အလုပ်သမားများနေထိုင်ရာရပ်ကွက်အတွင်းမှာ လှည့်လည်ပြီး ခုလိုနှိုးဆော်လေ့ရှိပါတယ်။

"မိတ်ဆွေအပေါင်းတို့ အရုဏ်ကျင်းလို့အလင်းတံခါးကြီး ပွင့်ပါပြီ။ လုပ်ငန်းခွင်ဝင်ဖို့ ပြင်ဆင်ကြပါလော့၊ နွားများကို အစာကျွေးကြပါလော့၊ လှည်းများကိုပြင်ကြပါလော့—။

အို--မောင်ရင်းနှမအပေါင်းတို့ -- နိုးထကြပါလော့၊





ထွန်းချက်ရန်ပြင်ဆင်ကြပါလော့၊ ထမင်းဟင်းချက်ပြုတ်ရန် စီမံကြပါလော့။"

နေ့စဉ်နဲ့အမျှ နံနက်အာရုံမတက်မီမှာ ဃောသကလုလင်ဟာ ဝတ်မပျက် နိုးဆော်လျက်ရှိပါတယ်။ ဃောသကလုလင်ရဲ့ နိုးဆော်သံကြောင့် အလုပ်သမားတွေ၊ လယ်သမားတွေဟာ စောစောထပြီးလှည်းနွားကို ပြင်ကြ၊ လုပ်ငန်းခွင်ဝင်ဖို့ စတင်ကြပါတယ်။ သူတို့ရဲ့ဇနီးမယားတွေလည်း စောစောထပြီး ထွန်းလောင်းဖို့ ချက်ကြပြုတ်ကြပါတယ်။ လင်ယောကျ်ားအလုပ်သွားရာမှာ ထည့်ပေးဖို့ ထမင်းဟင်းအဆင်သင့် ဖြစ်စေပါတယ်။

ဒီအသံကိုကြားရတဲ့အခါ ရာဇဂြိုလ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးဟာ အသံလက္ခဏာကိုသိရှိနားလည်တဲ့အတွက် "သူကြွယ်တစ်ဦးရဲ့အသံပဲ" လို့ မှတ်ချက်ချပြောဆိုလိုက်ပါတယ်။ ဒီတော့ အနီးအနားမှာရှိတဲ့မောင်းမတစ်ယောက်ဟာ ဗိမ္ဗိသာရမင်းကြီးခုလိုပြောတာ အမှုမဲ့အမှတ်မဲ့ပြောတာမဟုတ်လောက်ဘူး။ အကြောင်းတော့ရှိရမယ်လို့တွေးပြီးမင်းချင်းတစ်ယောက်ကို အမြန်စေလွှတ်စုံစမ်းစေခဲ့ပါတယ်။ မင်းချင်းစုံစမ်းပြီးပြန်လာတဲ့အခါမှာတော့ အဆိုပါသူဟာ သူကြွယ်တစ်ဦးမဟုတ်ပဲ သူဆင်းရဲသားတစ်ဦးပဲလို့ လျှောက်ထားခဲ့ပါတယ်။

ဒါပေမယ့် ဗိမ္ဗိသာရမင်းကြီးကတော့ နောက်နေ့တွေမှာလည်းရှေးနည်းအတိုင်းပါပဲ။ ဃောသကလုလင်ရဲ့ နိုးဆော်သံကိုကြားရတိုင်း "ဒါ—သူကြွယ်တစ်ဦးရဲ့အသံပဲ" လို့ မိန့်မြွက်မြဲမိန့်မြွက်တော်မူပါတယ်။ ဒီတော့ အနီးအနားမှာ ခစားနေတဲ့မောင်းမလည်း မနေသာတာနဲ့

“အရှင်မင်းကြီး—— အသပြာတစ်ထောင်သာချီးမြှင့်တော်မူပါ။ သမီးကိုခေါ်ပြီး ဒီပစ္စည်းတွေကို နန်းတော်အရောက် ဆက်သပါ့မယ်”လို့လျှောက်တင်ပါတယ်။ ဒါနဲ့ ဗိမ္ဗိသာရမင်းကြီးလဲ အသပြာတစ်ထောင်ပေးပြီး ဆောင်ရွက်စေလိုက်ပါတယ်။

ဒီတော့ ငွေတစ်ထောင်ရတဲ့ မောင်းမလည်း သမီးကိုခမ်းနားတဲ့အဝတ်တန်ဆာတွေဆင်စေပြီး၊ သားအမိနှစ်ယောက်ခရီးသွားဧည့်သည်ဟန်ဆောင်ကာ ဃောသကလုလင် နေထိုင်ရာရပ်ကွက်ဆီကို ဦးတည်သွားခဲ့ကြပါတယ်။

နောက်တော့ ဃောသကအိမ်မှာပဲ မရရအောင် တည်းခိုခွင့်ပြုဖို့ အမျိုးမျိုးတောင်းပန်ပြီး ညအိပ်တည်းခိုခဲ့ပါတယ်။ တည်းခိုခွင့်ရတာနဲ့ ပထမပိုင်းမှာ ဃောသကကိုကောင်းမွန်စွာ ချက်ပြုတ်ကျွေးမွေးပြီးပြုစုဖျားယောင်းပါတယ်။ နောက်တော့ ဃောသကရဲ့အိပ်ရာနေရာတွေကို ကြွက်ကိုက်တယ်လို့လိမ်ညာဖို့ ရစရာမရှိအောင် ခုတ်ဖြတ်ထိုးဆွထားလိုက်ပါတယ်။ ဒီလိုနဲ့ ဃောသကအိမ်မှာ ဃောသကအတွက် အိပ်စရာနေရာလွတ်မရှိအောင် ပရိယာယ်မာယာသုံးပြီး သူ့သမီးအနီးအပါးမှာပဲ အိပ်စက်အောင်ကြံဆောင်ခဲ့ပါတယ်။ ဒီလိုနဲ့အိုးချင်းထားအိုးချင်းထိ၊ ကြိုးချင်းထားကြိုးချင်းငြိဆိုသလို အဲဒီညမှာပဲ အကြင်လင်မယားအဖြစ် ကိုယ်လက်နှီးနှော မိခဲ့ကြပါတယ်။ အဲဒီအချိန်မှာပဲ အလုပ်အကျွေးမောင်းမဟာ မင်းကြီးဆီသွားပြီး“အရှင်မင်းကြီး အလုပ်သမားရပ်ကွက်မှာပွဲသဘင်လုပ်ဖို့ အမိန့်ထုတ်ပါ။ ပွဲသဘင်လုပ်ဖို့ အလှူတော်ငွေကောက်ခံပါ။ မထည့်ဝင်ရင်





ဒဏ်ခတ်မယ်လို့ အမိန့်ထုတ်ပါ”လို့ လျှောက်ထားခဲ့ပါတယ်။ ဗိမ္ဗိသာရမင်းကြီးလည်း ပြောတဲ့အတိုင်း အမိန့်ထုတ်လိုက်တယ်။

ဒီအခါမှာ ဃောသကရဲ့ယောက္ခမဖြစ်သွားပြီဖြစ်တဲ့ မောင်းမဟာ မင်းကြီးရဲ့အမိန့်ကို အကြောင်းပြုပြီး အခွန်ငွေထည့်ဖို့ တောင်းပါတယ်။ ပထမတော့ဃောသကက ထည့်ဝင်စရာငွေမရှိဘူးလို့ အကြိမ်ကြိမ်ငြင်းပယ်ခဲ့ပါတယ်။ ဒီမှာယောက္ခမကြီးက

“မရှိလို့မဖြစ်ဘူး ဃောသက၊ အရှင်မင်းကြီးရဲ့ အမိန့်နဲ့ ပွဲလမ်းသဘင်ပြုလုပ်ဖို့ အခွန်တော်ငွေ မထည့်ရင်ဒဏ်သင့်လိမ့်မယ်၊ မရှိလဲ၊ ချေးငှားပြီးပေးဆောင်ရလိမ့်မယ်”လို့ ပြောမှ၊ ဃောသကလည်း ငြီးငြီးငြူငြူနဲ့ ထွက်သွားပြီး၊ မြေအောက်မြှုပ်ထားတဲ့ငွေထဲက အသပြာတစ်ကျပ်ကိုယူပေးခဲ့ပါတယ်။ ယောက္ခမကြီးလဲ အဲဒီငွေကိုယူပြီး မင်းကြီးထံဆက်သလိုက်ပါတယ်။

ဒီလိုနဲ့ နောက်တစ်ကြိမ် ပွဲလမ်းသဘင်ပြုလုပ်ဖို့ အမိန့်ထုတ်ပြန်ပါတယ်။ ဒီအခါမှာလည်း ဃောသကကတော့ အတန်တန်ငြင်းကွယ်ခဲ့တာပါပဲ။ ယောက္ခမလုပ်သူက မဖြစ်မနေအတင်းအကြပ်တောင်းမှ မြှုပ်ထားတဲ့ငွေထဲက အသပြာသုံးကျပ်ကိုယူပေးခဲ့ပါတယ်။ ယောက္ခမကြီးကလဲ အသပြာသုံးကျပ်ကို မင်းကြီးအားဆက်စေပြီး ဃောသကကို လူလွတ်ခေါ်သင့်ပြီဖြစ်ကြောင်း အကြောင်းကြားလိုက်ပါတယ်။ ဒီလိုနဲ့ မင်းချင်းယောကျ်ားတွေဟာ ဃောသကအိမ်ရောက်ပြီး နန်းတွင်းခေါ်ဆောင်ခဲ့ပါတယ်။ ဘုရင့်ရှေ့မှောက်ရောက်တာနဲ့ ဗိမ္ဗိသာရမင်းကြီးက ဃောသကကို ခုလိုမေးပါတယ်။

“အမောင် ဃောသက အသင့်မှာများစွာသော ရွှေငွေဥစ္စာ ပစ္စည်းတွေရှိပါလျက်နဲ့ ဘာ့ကြောင့်မသုံးစွဲပဲ လူဆင်းရဲဟန်ဆောင် နေရသလဲ။ ဘာ့ကြောင့် ဥစ္စာငွေကြေးမရှိဘူးလို့ အတန်တန်ငြင်းဆန် ဖုံးကွယ်နေရတာလဲ” လို့ မေးတော့ ဃောသကဟာ မိမိဆင်းရဲသား ဖြစ်ကြောင်း။ ဘယ်ကရွှေငွေဥစ္စာနေမှ မရှိကြောင်း ငြင်းကွယ်ပါတယ်။ ဒီတော့ ဗိမ္ဗိသာရမင်းကြီးက သူ့ဆီရတဲ့ငွေအသပြာတွေထုတ်ပြပြီး “ဒါတွေကကောဘယ်သူ့ငွေလဲ”လို့မေးပါတယ်။ ဒီတော့မှ ဃောသက ကလည်း မိမိငွေပါလို့ဝန်ခံပြီး ဒီငွေတွေမင်းကြီးဆီဘယ်လိုရောက်ပါ လိမ့် ငါ့ငွေမှန်းဘယ်လို သိပါလိမ့်လို့တွေးမိတာနဲ့ ဟိုဟိုဒီဒီ မျက်စိက စားလိုက်တော့မှ သူ့ယောက္ခမနဲ့ဇနီးဖြစ်သူကိုတွေ့သွားပါတော့တယ်။

“အမောင် ဃောသက၊ ဘာ့ကြောင့် ငွေကြေးဥစ္စာနေကြွယ် ဝချမ်းသာပါလျက် ခုလိုသိုဝှက်ရပါသလဲ”လို့မင်းကြီးကမေးတဲ့အခါ ဃောသကလုလင်လည်း မရှောင်သာတော့တဲ့အတွက် မိမိမှာအားကိုး အားထားမရှိ အမိအဖတို့လည်းကွယ်လွန်ကြပြီမို့ သူခိုးဓားပြရန် ကြောင့် ခုလိုဆင်းရဲသားအသွင်နဲ့ နေရတာပါ”လို့ ဖြေကြားခဲ့ပါတယ်။ ဒါဆိုရင် ငါလိုလူကို အားထားရာမဖြစ်သင့်သလောလို့မေးပြီး မြေအောက်မြှုပ် နှံထားတဲ့ကုဋေလေးဆယ်သောငွေအသပြာတွေကို ထုတ်ဖော်ယူငင် စေခဲ့ပါတယ်။ ဒီလိုနဲ့ ဃောသကလုလင်ဟာ ကုဋေ(၄၀)ပိုင်ရှင်သူဌေး ကြီးဘွဲ့နဲ့ဘုရင်ချီးမြှောက်တာခံခဲ့ရပါတယ်။

တကယ်တော့ ဃောသကခုလိုဆင်းရဲသားဟန်ဆောင်နေ ရတာဟာ အကြောင်းမဲ့မဟုတ်ပါဘူး။ ဃောသကလုလင်ငယ်စဉ်က မိနှစ်ပါးစလုံးဟာ ကူးစက်ရောဂါကြောင့် သေဆုံးခဲ့ရရှာပါတယ်။





သေဆုံးခါနီးမှာ ဃောသကကိုခေါ်ပြီး–

“ချစ်သား ဃောသက ငါတို့တော့ကောနိမှုချသေ ကြရ တော့မယ်။ ငါတို့ပိုင်ဆိုင်တဲ့ငွေတွေကိုတော့ ဒီအရပ်ဒီနေရာမှာ မြှုပ်နှံ ထားခဲ့တယ်။ ငါ့သားမှတ်သားထားပြီး တော်ရာကိုရှောင်ရှားလေ တော့။ ငါတို့ကိုငဲ့ကွက်မနေနဲ့ ငါတို့ကိုငဲ့ကွက်နေရင် ဒီကပ်ရောဂါဆိုး ကြီးဖေးကလွတ်မှာမဟုတ်ဘူး။ ဒီအရပ်ဒေသမှာ ဒီကပ်ရောဂါဆိုးကြီး ဘေးကင်းအေးချမ်းသာမှ ပြန်လာခဲ့ပေတော့။ ခုတော့ သင့်လျော်ရာအ ရပ်မှာသွားပြီး ရှောင်ရှားနေချေဆိုပြီး ဝေလွှတ်တဲ့အတွက် မိဘနှစ် ပါးကိုကန်တော့ကာ မျက်ရည်စက်လက်နဲ့ ထွက်ခွာခဲ့ရတာ ဖြစ်ပါ တယ်။

ဆယ့်နှစ်နှစ်လွန်လို့ ပြန်လာတဲ့အခါမှာ ကပ်ရောဂါဘေး ကြောင့်ထွက်ခွါသွားတဲ့ ဃောသကဟာ လူပျိုပေါက်အရွယ်ပြီဖြစ်လို့ ရပ်ဆွေရပ်မျိုးတွေအနေနဲ့ လုံးဝမှတ်မိခြင်း မရှိတော့ပါဘူး။ တချို့လဲ ကပ်ရောဂါဆိုးကြီးဘေးမှာ သေတဲ့လူတွေလဲ သေခဲ့ပြီလေ။

ဃောသကလုလင်တော့ မိဘတွေညွှန်ကြားပြသတဲ့ အမှတ်အသားတွေအတိုင်း ပစ္စည်းဥစ္စာတွေကို ကြည့်ရှုခဲ့ပါတယ်။ အားလုံးဟာ မိဘများထားခဲ့တဲ့အတိုင်း အရာမယွင်းရှိနေတာကို တွေ့ရပါတယ်။ ဒါပေမယ့် ပစ္စည်းတွေကိုတော့ ထုတ်ဖော်ယူငင်ခြင်း မပြုခဲ့ဘူး။ တကယ်လို့ မြှုပ်နှံထားတဲ့ပစ္စည်းတွေကို တူးဖော်ယူပြန် ရင်လဲ ဃောသကကိုဘယ်သူကမှ ယုံကြည်ကြမှာ မဟုတ်ပါဘူး။ အရပ်တစ်ပါးက သူဆင်းရဲတစ်ယောက်၊ ဥစ္စာပစ္စည်းတွေကိုလာ ရောက်တူးဖော်ရမလားဆိုပြီး အန္တရာယ်ပြုတာကိုခံရဖွယ်ရှိပါတယ်။

ဒါနဲ့ အခြေအနေစောင့်ကြည့်ပြီး အခစားကူလီလုပ်ရင်း နံနက်တိုင်း စောစောထကာ နိုးဆော်တဲ့အလုပ်ကို လုပ်နေခဲ့ပါတယ်။

ဃောသကလုလင်ဟာ အိပ်ရာက စောစောထလေ့ရှိတယ်။ လူတွေကို လုံ့လဝီရိယရှိဖို့ ကောင်းရောင်းကောင်းဝယ်လုပ်ဖို့နိုးဆော်တယ်။ အသက်မွေးဝမ်းကျောင်းမှုလဲ သန့်ရှင်းစင်ကြယ်တယ်။ ကိုယ်နှုတ်နှလုံးလဲ စောင့်ထိန်းသူဖြစ်တယ်။ မမေ့မလျော့ပဲသတိဝီရိယလည်းရှိတယ်။ ဒါ့ကြောင့် ဃောသကလုလင်က ဘုရင်ချီးမြှင့်တဲ့ဃောသကသူဌေးဘွဲ့ခံယူပြီး ကုဋေ(၄၀)ကြွယ်ဝသူဖြစ်ရခြင်းပါပဲ။

ဒီလိုဂုဏ်ပုဒ်တွေနဲ့ ပြည့်စုံမှုကြောင့် မြတ်စွာဘုရားရှေ့တော်မှာ ဗိမ္ဗိသာရမင်းကြီးက ခုလိုချီးကျူးလျှောက်ထားခဲ့တာ ဖြစ်ပါတယ်။

“အရှင်မြတ်ဘုရား—

ဃောသကလုလင်ဟာ ကုဋေ(၄၀)ကြွယ်ဝသူဖြစ်ပေမယ့် လျှပ်ပေါ်လော်လီခြင်း မာနထောင်လွှားခြင်းလည်း မရှိပါ။

လူဆင်းရဲကဲ့သို့အဝတ်ကြမ်းဝတ်ပြီး အလုပ်သမားရပ်ကွက်မှာ အခစားကူလီလုပ်ရင်း အသက်မွေးပါတယ်ဘုရား။

ဒီလိုတည်ငြိမ်အေးဆေးသူ ဝီရိယရှိနေတတ်သူကို ရှေးရှေးယခင်က တပည့်တော်မတွေ့ မမြင်ခဲ့ပါ။

အမှန်ပါပဲ။ ပစ္စည်းဂုဏ်၊ ပညာဂုဏ်မောက်ကြွားပြီး မာနထောင်လွှားနေမယ်ဆိုရင် ဃောသကလုလင်ဟာ ခုလိုသူကောင်းပြုခြင်းလည်းခံစားရမှာ မဟုတ်ပါဘူး။ လူအများရဲ့ ရန်ဘက်ကလူပြုရင်းနဲ့သာပျက်ဆီးဆုံးရှုံးဖွယ်ရှိပါတယ်။ အအိပ်အနေနည်းပါ။ သူတော်ကောင်းတရား နှလုံးသွင်းခြင်းဖြင့်သာ တိုးတက်ကြီးပွား ကောင်းစားနိုင်မှာ ဖြစ်ပါတယ်။





# အပျော်မလွန်ပါနဲ့

## "ပျော်ပွဲရွှင်ပွဲ မလွန်ကဲပါနဲ့"

လူဆိုတာ ပျော်ချင်ပါးချင်တဲ့ သတ္တဝါပါပဲ။ ဘုရားသွား ကျောင်းတက် အဖော်ခေါ်လို့ ခက်ချင်ခက်မယ်။ ပွဲလမ်းသဘင်ဆိုရင် 'ဗေထိ' ဆိုတာနဲ့ ထကချင်တဲ့လူတွေအပုံပါပဲ။ ပျော်ပွဲရွှင်ပွဲဆိုတာ ဓမ္မတာအတိုင်းပါပဲ။ ပျော်ချင်ပါးချင်တဲ့ လူအများစုဝေးပြီး ဟစ်အော်ကခုန်ရာဌာနကိုဆိုလိုပါတယ်။ တီးကြဆိုကြကကြခုန်ကြ၊ နောက်ကြပြောင်ကြနဲ့ မိမိစိတ်ကို မိမိအထိန်းအကျောင်းမဲ့လွှတ်ပြီးထားတဲ့နေရာမျိုးကို လူအများနှစ်သက် သဘောကျလေ့ရှိပါတယ်။ အငြိမ့်ပွဲလမ်း ဇာတ်သဘင်ကစ ခုခေတ်စတိတ်ရှိုးတွေ၊ လက်ဝှေ့ပွဲ၊ ဘောလုံးပွဲတွေအထိ တစ်ခါတစ်ရံ ကြုံလို့ရောက်ဖူးအောင်သွားရတဲ့ ဘုရားပွဲမျိုး ဝါသနာအရ စိတ်အပန်းဖြေသဘောနဲ့ သွားရတဲ့ပွဲလမ်းသဘင်မျိုးကို မဆိုလိုပါဘူး။ မိမိရဲ့ အလိုရမက်နောက်ကိုလိုက်ပြီး မသွားရမနေနိုင် အလုပ်ပျက်အကိုင်ပျက် အိပ်ရေးပျက်ခံ၊ ငွေကုန်ကြေးကျခံပြီး သွားရတာကမျိုး အနိုင်အရှုံး အသေအချာမသတ်နိုင်တဲ့ လောင်းကစားပွဲမျိုးကို ဝါသနာထုံမိရင် လိုက်စားပျော်ပါးမိရင်တော့ ဧကန်မုချပျက်စီးဆုတ်ယုတ်မှာ ဖြစ်ပါတယ်။

တကယ်တော့ ပွဲလမ်းသဘင်၊ပျော်ရွှင်အန်လောင်း မကောင်းမိတ်ဖျင်း လယ်ပတ်ခြင်းဆိုတာ မိမိဘဝမိမိကြီးပွားချမ်းသာရေးအ တွက် မဆောင်မရွက်လိုသူတွေ၊ ဘာကိုမှလေးလေးနက်နက် သဘောမထားသူတွေ၊ ပေါ့ပေါ့တန်တန်နေလိုသူတွေအတွက် ကျက်စားရာနေရာသာ ဖြစ်ပါတယ်။ ပျော်ပွဲရွှင်ပွဲဆိုတာ အရင်းစစ်လိုက်တော့ ကာမဂုဏ်ငါးကို တစ်ပါးမကျန်ဇက်ကုန် လွှတ်ပေးရာ





ဌာနကြီးလဲ ဖြစ်ပါတယ်။

လူရဲ့စရိုက်သဘာဝအရ လှတာမြင်ရင်ကြည့်ချင်တယ်။ ဒါ့ကြောင့် မျက်စိအလိုကိုလိုက်ပြီး စက္ခုအာရုံကာမဂုဏ်ခံစားလိုတဲ့အတွက်ပွဲလမ်းသဘင်ကိုသွားကြခြင်းလဲဖြစ်ပါတယ်။ ဆိုင်းသံဗုံသံသာယာငြိမ့်ညောင်းတဲ့ဂီတသံကလည်း ဆွဲဆောင်မှုတစ်မျိုးပါပဲ။ အဲဒီပျော်ပွဲရွှင်ပွဲ လောင်းကစားပွဲတွေရဲ့ ဆွဲဆောင်မှုနောက်ကိုလိုက်ရင်း လွန်ကဲလာတဲ့အခါ

(၁) မိမိလုပ်ကိုင်ဆောင်ရွက်ရမယ့် အလုပ်အကိုင်တွေ၊ တာဝန်တွေ၊ လစ်ဟင်းပြီး ရရှိလာမယ့်အကျိုးစီးပွားလာဘ်လာဘတွေ၊ ယုတ်လျော့ ပိတ်ပင်တတ်ပါတယ်။

(၂) အအိပ်မမှန်၊ အစားမမှန်တဲ့အတွက် ခန္ဓာကိုယ်ဖောက်ပြန်ပျက်စီးပြီး ရောဂါတွေပွား ကျန်းမာရေး ဆုတ်ယုတ်သွားတတ်ပါတယ်။

(၃) ရရှိပြီးသား စည်းစိမ်ဥစ္စာလည်း လျော့ပါးယုတ်လျော့တတ်ပါတယ်။

(၄) ပွဲလမ်းသဘင်တို့ထုံးစံအတိုင်း အပေါင်းအသင်းမျိုးစုံ၊ လူမျိုးစုံနဲ့ ထိတွေ့ဆက်ဆံရတာဖြစ်လေတော့ မပေါင်းသင်းအပ်သူနဲ့ ပေါင်းသင်းမိပြီး မကောင်းတဲ့အကျင့်စရိုက်တွေ၊ မလေ့ဝါသနာတွေကူးစက် ပြီး အကျင့်စာရိတ္တထိခိုက်ပျက်ပြားလာနိုင်ပါတယ်။

(၅) ပျော်ရွှင်နေတဲ့အခိုက်မှာ ဘာကိုမှ အလေးအနက်မထားတာကြောင့်လူပေါ့လူသွမ်းအဖြစ်မျိုးရောက်ပြီး အချိန်နှီးအလဟဿ အချိန်တွေ ကုန်လွန်စေပါတယ်။

(၆) အပျော်အပါးလိုက်စားတဲ့အတွက် စစ်မှန်တဲ့အပေါင်းအသင်းကောင်းတွေ၊ ဆရာကောင်း၊ သမားကောင်းတွေနဲ့လဲမိတ်ပျက်တတ်ပါတယ်။

(၇) ပျော်လို့ရွှင်လို့အားရတဲ့အခါ ပျော်ပွဲရွှင်ပွဲပြီးတာနဲ့ လူလည်းနွမ်းနယ်ပင်ပန်းပြီး စိတ်နှလုံးမချမ်းမသာနဲ့ ဘုံးဘုံးလဲကျ ပူပင်သောကတွေ ရရှိတတ်ပါတယ်။

"ငှက်မြူးတော့လေးတွေ၊ လူမြူးတော့ ဘေးတွေ" ဆိုတဲ့ စကားအတိုင်း ပျော်ပွဲရွှင်ပွဲတွေမှာ ခိုက်ရန်ဖြစ်ပွား၊ ရန်မီးလည်းပွားတတ်ပါသေးတယ်။ ဒါကြောင့်မြတ်ဗုဒ္ဓကပွဲလမ်းသဘင်ပျော်ရွှင်လိုက်စားမှုကို ဆုတ်သုတ်ပျက်ဆီးခြင်းတရားအဖြစ် ဟောကြားတော်မူခဲ့တာဖြစ်ပါတယ်။

ဒါတင်မက

(၁) အပေါင်းအသင်းလွန်ကဲပြီး ပျော်ပါးလေ့ရှိသူဟာလည်း "သင်္ဂဏိကာရာမ" တရား။

(၂) စကားပြောဆိုရာမှာ စုံမက်လေ့ရှိတဲ့ "ဘဿာရာမ" တရားတို့ဟာလည်း ပွဲလမ်းသဘင်ပျော်ရွှင်မှုနဲ့ညီးတူ ပျက်ဆီးရာ ပျက်ဆီးကြောင်းတရားတွေဖြစ်တာမို့ အပေါင်းအသင်းမလွန်ကဲဖို့ စကားပြောကောင်းကောင်းနဲ့ လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်တွေမှာ အချိန်မဖြုန်းမိစေဖို့ပဲလိုပါတယ်။ ဘယ်အရာမဆို လိုအပ်မှုထက်ပိုမိုလွန်ကဲခြင်းဟာမိမိအတွက် ဘေးအန္တရာယ်ဖြစ်စေတတ်တယ်ဆိုတာကိုသတိပြုသင့်လှပါတယ်။

လူဆိုတာ အပျော်အပါး လိုက်စားချင်တတ်တာ မမှတာ





ပါပဲ။ အသစ်အဆန်းလေးတွေကိုမက်တယ်။ မခံစားဖူးတဲ့ ကာမဂုဏ်အာရုံကိုခံစားလိုကြပါတယ်။ ဒါကြောင့်ကာမဂုဏ်တို့ကျက်စားရာနေရာဌာနတွေကို သွားရောက်လိုကြပါတယ်။ နုပျိုလှပမှုတွေကို ကြည့်ချင်မြင်ချင်ကြတယ်။ သာယာနာပျော်ဘွယ်အသံကို ကြားချင်နားထောင်ချင်ကြတယ်။ ရသတဏှာကိုစားသောက်ခံစားလိုကြတယ်။ အထိအတွေ့မှာမူ့မေ့မွေ့လျော်ချင်ကြတယ်။ သင်းပျံ့တဲ့အနံ့အရသာကိုရှိုက်မွေ့လျော်လိုကြတယ်။ အာရုံငါးပါးခံစားမှုကိုပဲ လူ့ဘဝရဲ့အရသာ၊ လူ့ဘဝရဲ့စည်းစိမ်ချမ်းသာအဖြစ် မှတ်ယူခံစားလိုကြပါတယ်။

နေ့စဉ်နဲ့အမျှ သားကျွေးမှုမယားကျွေးမှုအတွက်ရုန်းကန်လှုပ်ရှားရတဲ့အတွက်ပဲဖြစ်ဖြစ် မိမိရဲ့လုပ်ငန်းခွင်မှာ ငြီးငွေ့လောက်အောင်တာဝန်တွေထမ်းဆောင်ရလို့ပဲဖြစ်ဖြစ်၊ မိမိရဲ့ကိုယ်စိတ်နှလုံးသုံးပါးစလုံးအေးအေးချမ်းချမ်း အနားယူအပန်းဖြေဖို့၊ စိတ်ဖြေဖျော်ဖို့အတွက် သင့်တင့်လျောက်ပတ်တဲ့ ပျော်ရွှင်မှုကိုတော့ရှာကြရမှာပါပဲ။ ဒါပေမယ့် ပျော်ရွှင်မှုနောက်ကို ကောက်ကောက်ပါအောင်လိုက်ရင်း ဆားငန်ရေသောက်သလို သောက်လေသောက်လေတော်မပြေဖြစ်ပြီး အပျော်တွင်းထဲကျရင်တော့ ပြန်တက်နိုင်ဖို့ခဲယဉ်းလှပါတယ်။

မြတ်စွာဘုရားသခင် ဘုရားမဖြစ်မီဗောဓိပင်နဲ့ရွှေပလ္လင်မှာထိုင်နေတော်မူစဉ်မှာ မာရ်နတ်သားက ခုလိုဖျားယောင်းဖြားခြောက်ပါတယ်။

"အို--အသင်ရဟန်း
နတ်ပြည်မှာဖြစ်တဲ့ ကျော့ကွင်းလည်းရှိတယ်။
လူပြည်မှာဖြစ်တဲ့ကျော့ကွင်းလည်းရှိတယ်။

ဒီကြော့ကွင်းနှစ်ကွင်းဟာ အထင်အရှားရှိပါတယ်။

သင့်ကိုကျွန်ုပ်ဒီကြော့ကွင်းတွေနဲ့ ဖမ်းဆီးချည်နှောင်ရပါတယ်။ နှောင့်ဖွဲ့ရပါမယ်။

ကျွန်ုပ်ရဲ့ကာမဂုဏ်ကြော့ကွင်းက သင်လွတ်နိုင်ပါ့မလား" တဲ့။ ကာမဂုဏ်ကို ကြော့ကွင်းအဖြစ်အသုံးပြုပြီး မြတ်စွာဘုရားကို မာရ်နတ်ကခြိမ်းခြောက်ခဲ့ပါတယ်။ ကာမဂုဏ်အာရုံတို့ကို တပ်မက်တဲ့ အကြောင်းရင်းဖြစ်တဲ့ တဏှာလောဘကို အမြစ်ကမကျန်အောင် သုတ်သင်ပြီးတော်မူတဲ့ မြတ်စွာဘုရားဟာ မာန်နတ်ရဲ့မြူဆွယ်မှု မာယာနဲ့ ချည်နှောင်မှုကိုလွတ်မြောက်အောင်ရှောင်ရှားနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ ပုထုဇဉ်တွေအဖို့တော့ ပွဲလမ်းသဘင်ပျော်ရွှင်မှုတွေ နောက်ကိုလိုက်ပါရင်း အလိုအလျောက်နှောင်ဖွဲ့တာခံနေကြရပါတယ်။ ဒီ့ကြောင့် ပျက်စီးခြင်းအကြောင်းတံခါးဖြစ်တဲ့ ပွဲလမ်းသဘင်ပျော်ရွှင်မှုများကိုတတ်နိုင်သမျှ ရှောင်ရှားခြင်းဖြင့်သာ မိမိဘဝတိုးတက်ရာတိုးတက်ကြောင်းလမ်းကြောင်းမှန်ပေါ်မှာ ခြေချမိပါလိမ့်မယ်။

## လုံ့လဝီရိယရှိပါစေ

"ဝီရိယဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ"

"ဝီရိယရှိသောသူအဖို့ မပြီးစီးမအောင်မြင်သောကိစ္စသည် မရှိ" တဲ့။

ကမ္ဘာလောကဟာ ဝီရိယစိုက်ထုတ်ကြိုးပမ်းသူတို့ရဲ့ လုံ့လဥဿာဟနဲ့ တည်ဆောက်ထားတာဖြစ်ပါတယ်။ ဝီရိယမပါတဲ့ အောင်မြင်မှုရယ်လို့ လောကမှာ မရှိပါဘူး။ လယ်သမားဟာဝီရိယစိုက်





ထုတ်မှုမရှိပဲ သူ့ရဲ့လယ်ယာစပါးကို အောင်မြင်အောင်ထွန်ယက်စိုက်ပျိုးနိုင်မှာမဟုတ်ပါဘူး။ စက်ရုံအင်ဂျင်နီယာတာလဲ သူ့ရဲ့ဝီရိယစိုက်ထုတ်လုံ့ပမ်းမှုမပါပဲ စက်ရုံကြီးတွေအလုပ်ရုံကြီးတွေဧရာမ မြစ်ကူးတံတားကြီးတွေကို တည်ဆောက်နိုင်မှာ မဟုတ်ပါဘူး။ မြတ်စွာဘုရားဟာ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းပါရမီဖြည့်ဆည်းခဲ့၊ လုံ့လဝီရိယ စိုက်ထုတ်ခဲ့လို့သာ သဗ္ဗညုတဉာဏ်တော်ရရှိပြီး၊ ဘုရားအဖြစ် ရောက်ရှိခဲ့တာဖြစ်ပါတယ်။ တရုတ်ပြည်က မဟာတံတိုင်းကြီးကိုပဲကြည့်ကြည့်၊ ပါရီကအီဖယ်မျှော်စင်ကြီးကိုပဲကြည့်ကြည့်၊ အီဂျစ်ပြည်က ပိရမစ်တွေကိုပဲကြည့်ကြည့်၊ မြန်မာနိုင်ငံက ပုဂံဘုရားပုထိုးတွေ ကိုပဲကြည့်ကြည့်၊ လူသားတွေရဲ့လုံ့လဝီရိယနဲ့စိုက်ထုတ်လုံ့ပမ်းခဲ့လို့ သာခုလိုသမိုင်းတွင်ရမယ့် ဧရာမအဆောက်အဦကြီးတွေ၊ နိုင်နိုင်မာမာ တည်ရှိနေတာ ဖြစ်ပါတယ်။ ရာမယနဝတ္ထု၊ ခန်းဘောင်နီ အိပ်မက် ဝတ္ထု၊ စစ်နဲ့ငြိမ်းချမ်းရေးဝတ္ထု၊ လေရူးသုန်သုန်လိုဝတ္ထုမျိုးတွေဟာ စာရေးဆရာရဲ့ လုံ့လဝီရိယစိုက်ထုတ်မှုနဲ့သာခုလို ဂန္တဝင် စာပေသမိုင်း မှာထင်ထင်ရှားရှားတည်ရှိနေတာဖြစ်ပါတယ်။

လောကမှာ ဘာမှမလုပ်ရင်ဘာမှဖြစ်မလာတတ်ပါဘူး။ ခူးပြီးခတ်ပြီးထမင်းဟင်းကိုတောင်မှ ကိုယ်တိုင်မစားရင် ဝမ်းမဝပါ ဘူး။ ကိုယ်တိုင်စားမှကိုယ့်ဝမ်းဝပါလိမ့်မယ်။ ဘုရားအလောင်းတော် မဟာဇနက္ကမင်းသားဟာ မလျော့သောဇွဲလုံ့လဝီရိယနဲ့ သမုဒ္ဒရာကို လက်ပစ်ကူးခဲ့လို့ မဏိမေခလာနတ်သမီးရဲ့ကယ်ဆယ်တာကိုခံရပြီး မင်းအဖြစ်ရိုးစံတော်မူရတာမဟုတ်လား။ ဥဂ္ဂသေနလုလင်ဟာလည်း ကချေသည်ဇနီးမယားကို မခံချင်တဲ့စိတ်နဲ့ကြိုးစားလို့၊ အတောင်

တစ်ရာ မြင့်တဲ့ဝါးလုံးထိပ်မှာကပြရင်း ရဟန္တာ ဖြစ်ခဲ့ရတယ်မဟုတ်လား။ ဒါကိုကြည့်ခြင်းအားဖြင့် ဝိရိယစိုက်ထုတ်ကြိုးစားမှုဟာ အောင်မြင်မှုကိုရရှိစေတယ်။ ဝိရိယစိုက်ထုတ်ကြိုးစားမှုမရှိရင် ဆုတ်ယုတ်ပျက် စီးတတ်တယ်ဆိုတာ သိသာထင်ရှားလှပါတယ်။

ပျော်လိုက်ပါးလိုက်၊ စားလိုက်သောက်လိုက်၊ ပေါ့ပေါ့ဆဆ နေသူအဖို့စီးပွားရေးအရရော၊ ကျန်းမာရေးမှာပါပျက်စီးဆုတ်ယုတ်တတ်ပြီးလုံ့လဝီရိယလည်းနည်းပါး တတ်ပါတယ်။ လုံ့လဝီရိယမရှိသူဟာအစွမ်းအစနည်းပါးပြီးထုံထိုင်းလေးလန်နေတတ်ပါတယ်။ ဘယ်အလုပ်ဘယ်အရာကိုစွဲကိုမျှ စိတ်အားထက်သန်တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ခြင်းလည်းမရှိပါဘူး။ ထိုင်လိုက်ထလိုက်၊ လျောင်းထိုက်နဲ့တစ်နေ့တစ်နေ့အချိန်တွေကုန်လွန်သွားပေမယ့်၊ သူ့အတွက် ကုသိုလ်ပညာ၊ ဥစ္စာဘာမှမရပဲ ဆင်းရဲတွင်းနက်မွဲသထက်မွဲတတ်ပါတယ်။ ဝိရိယနည်းသူဟာ သူ့ရဲ့စိတ်ကူးကြံစည်မှုဟာလည်း ထက်သန်မြင့်မားခြင်းမရှိတဲ့အတွက် အောက်တန်းစားဘဝမှာပဲ တဝဲလည်လည်ဖြစ်နေပါတယ်။ ဘယ်အရေးဘယ်အရာမှလည်း ရဲရဲဝံ့ဝံ့ဆောင်ရွက်နိုင်စွမ်းမရှိပါဘူး။ လူလူခြင်းတန်းတိုးထားခြင်းမခံစားရတဲ့အပြင် မိမိကိုယ်ကိုတောင်မိမိ မစောင့်ရှောက်နိုင်တဲ့အတွက် ဘဝမှာ အမြဲလိုလိုနိမ့်ကျလျော့ပါးဆုတ်ယုတ်သွားရပါတယ်။ လူ့ဘုံလောကဆိုတာ ဝိရိယနဲ့ကင်းပြီး စည်းစိမ်ချမ်းသာ၊ ဂုဏ်အရှိန်အဝါကို ဆောက်တည်လို့မရနိုင်ပါဘူး။ ဒါကြောင့် ဝိရိယချွတ်ယွင်းတဲ့သူအဖို့ အရာရာချို့တဲ့ပြီးမျက်နှာမလှဖြစ်ရတတ်ပါတယ်။

လုံ့လဝီရိယမရှိသူအဖို့ အမြဲတန်းနောက်လိုက်ငယ်သား





အနိုင်းအစေခံဘဝမှာပဲနေရတတ်ပါတယ်။ ဝိရိယစိုက်ထုတ်လုံ့လပန်းသူကတော့ ခေါင်းဆောင်ကောင်းတွေ၊ အကြီးအကဲတွေ ချမ်းသာကြွယ်ဝသူတွေဖြစ်လာနိုင်ပါတယ်။ လုံ့လဝီရိယနည်းပါးခြင်းဟာ စီးပွားတိုးတက်မှုကို မမျှော်မှန်းနိုင်ရုံမက၊ ရရှိပြီးသားစည်းစိမ်ချမ်းသာကိုပါ ယုတ်လျော့ပျက်စီးကြရပါတယ်။

ဝိရိယနည်းသူဟာအပျင်းကြီးသူ၊ ခန္ဓာကိုယ်လှုပ်ရှားရုန်းကန်မှုနည်းသူဖြစ်ပါတယ်။ ဒါကြောင့်ကျန်းမာရေး ချွတ်ယွင်းချို့တဲ့ပြီး လူထဲမဝင် လူစဉ်မမှီလည်းဖြစ်နိုင်ပါသေးတယ်။ ကိုယ်လက်လှုပ်ရှားခြင်း အားကစားမှုတစ်ခုခုမှာ လှုပ်ရှားခြင်းဟာဝိရိယစိုက်ထုတ်ရတဲ့ အလုပ်ဖြစ်ပါတယ်။ ဝိရိယမရှိသူတွေအဖို့ ကျန်းမာခြင်းဆိုတဲ့ လာဘ်နဲ့ လွဲတတ်ပါတယ်။

လူမဆိုထားပါနဲ့ နတ်ဒေဝတာတွေတောင်မှ လုံ့လဝီရိယ စိုက်ထုတ်မှုမရှိပဲမရပ်တည်နိုင်ပါဘူး။ ဒါကြောင့် သိကြားမင်းဟာ သူ့ရဲ့သားတော်နတ်သားနှစ်ပါးကိုဆုံးမရာမှာ

"ငါ့သား သုသိမ၊ ထကြွလုံ့လဝီရိယမရှိပဲ ချမ်းသာကြီးပွားနိုင်တဲ့အရပ်ဒေသရှိရင် အဲဒီအရပ်မှာမင်းသွားနေပါ။ ငါ့ကိုလဲအဲဒီအရပ်ဒေသကိုပို့ဆောင်ပေးပါ"တဲ့။

အမှန်ပါပဲလုံ့လဝီရိယကင်းတဲ့ချမ်းသာကြွယ်ဝခြင်း ဆိုတာ မရှိပါဘူး။ ဘယ်လိုအလုပ်အကိုင်မျိုးမဆို ထက်သန်တဲ့လုံ့ဝိရိယနဲ့သာ ပြီးစီးအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း လောကနီတိကျမ်းမှာ
"အ--လသဿ ကုတောသိပ္ပံ
အ--သိပ္ပဿ ကုတောဓနံ
အ--ဓနဿ ကုတောမိတ္တံ
အ--မိတ္တဿ ကုတောသုခံ
အ--သုခဿ ကုတောပုညံ
အ--ပုညဿ ကုတောဝရံ"
ပျင်းရိသောသူမှာ ပညာမတတ်
ပညာတတ်သူမှာ ဥစ္စာမရှိ
ဥစ္စာမရှိသူမှာ အဆွေခင်ပွန်းကောင်းမရှိ
အဆွေခင်ပွန်းမရှိသူမှာ ချမ်းသာသုခမရှိ
ချမ်းသာသုခမရှိသူမှာ ကောင်းမှုကုသိုလ်မပြုနိုင်
ကောင်းမှုကုသိုလ်မရှိသူမှာ နိဗ္ဗာန်ကိုမရရှိနိုင်" လို့ ဆုံးမစကားဆိုခဲ့တာဖြစ်ပါတယ်။

ဘယ်အရေးကိစ္စမဆို ဆောင်ရွက်ရာမှာ ကြီးသည်ငယ်သည်ဆိုပြီးပေါ့လျော့လို့မရပါဘူး။ ခြသေ့မင်းက ယုန်ကလေးကိုဖမ်းသည်ဖြစ်စေ၊ သမင်ဒရယ်ကိုဖမ်းသည်ဖြစ်စေ၊ ဝီရိယမလျော့ပဲ ဖမ်းသင့်ကြောင်း၊ ယုန်ကလေးပဲဆိုပြီး မပေါ့လျော့သင့်ကြောင်း စာဏကျနီတိကျမ်းမှာလည်း ဖွင့်ဆိုထားပါတယ်။

လုံ့လဝီရိယနဲ့ ပြည့်စုံလောက်သောသူသာ တိုးတက်သည်ထက်တိုးတက်ကြီးပွားသည်ထက်ကြီးပွားလာပါတယ်။ သေးငယ်တဲ့အလုပ်ပဲဆိုပြီး ပေါ့ပေါ့ဆဆလုပ်မိခြင်းဟာ မိမိရဲ့လုပ်ငန်းကိုမိမိ





အထင်သေးရာရောက်ပြီး တစတစနဲ့လုပ်ငန်းဆောင်ရွက်ရာမှာညံ့ဖျင်းသေးသိမ်သွားတတ်ပါတယ်။ ဒီနေ့ခေတ်လို စီးပွားရေး၊ ပညာရေး၊ လူမှုရေးနယ်ပယ်မှာ အပြိုင်အဆိုင်သူ့ထက်ငါတိုးတက်ကြီးပွားအောင် ကြံဆောင်နေတဲ့ကာလမှာ မိမိလုပ်ငန်းအပေါ်မိမိတန်ဖိုးထားပြီး ကောင်းသကောင်းအောင် အောင်မြင်သထက်အောင်အောင် ဝီရိယစိုက်ထုတ်ကြိုးစားကမှတန်ရာကျပါလိမ့်မယ်။ မိမိကနည်းနည်းပေါ့ဆမိတာနဲ့ ပြိုင်ဘက်တာ ပန်းဝင်သွားပါလိမ့်မယ်။

## ပျင်းလဲမပျင်းပါနဲ့
## ဖျင်းလဲမဖျင်းပါနဲ့

ပျင်းရိခြင်းနဲ့ညံ့ဖျင်းတာ မိမိအိမ်ဝကတံခါးနှစ်ချပ်ဖြစ်ပါတယ်။ ပျင်းရိခြင်းတံခါးတစ်ချပ်နဲ့ ညံ့ဖျင်းခြင်း၊ တံခါးတစ်ချပ်ရဲ့ပိတ်ဆို့ကာဆီးမှုကြောင့် မိမိအိမ်ထဲဝင်ရောက်လာမယ့် အကျိုးစီးပွားတွေ၊ လာဘ်လာဘတွေ၊ အောင်မြင်မှုတွေ၊ ပျော်ရွှင်ချမ်းမြေ့ခြင်းတွေ၊ မိတ်ကောင်းဆွေကောင်းတွေ ဝင်ရောက်မလာနိုင်ပဲ ဖြစ်ရပါတတ်ပါတယ်။ ပျင်းခြင်းနဲ့ဖျင်းခြင်းဟာ သုံးလို့မရတဲ့ကြေးနီပြားတစ်ပြားရဲ့ခေါင်းနဲ့ပန်းလဲဖြစ်ပါတယ်။ ပျင်းခြင်းနဲ့ဖျင်းခြင်းဟာ သဲကြိုးပြတ်နေတဲ့ဖိနပ်တစ်ရံလဲဖြစ်တယ်။ ပျင်းခြင်းနဲ့ဖျင်းခြင်းဟာ လူတစ်ယောက်ရဲ့ဘဝကိုနလံမထူနိုင်အောင်ထိုးမယ့် ရန်သူရဲ့ဘယ်ဝိုက်လက်သီးနဲ့ ညာဝိုက်လက်သီးလဲဖြစ်ပါတယ်။

ပျင်းရိတဲ့သူဟာ ဘယ်နေရာမှအသုံးမကျပါဘူး။ "ပျင်းတယ်ဆိုတာ နာမည်သာဆိုးတာ အလွန်သက်သာတဲ့အလုပ်ဗျ" လို့အရပ်ထဲမှာ လူပြက်စကားပြောကြတာမျိုးကြားဖူးပါတယ်။ ဒါကို

ကြည့်ခြင်းအားဖြင့် ပျင်းရိသူဆိုတာ သက်သက်သာသာနေလိုသူ၊ အချောင်ခိုလိုသူ စိတ်ဓာတ်စိတ်ထား ယုတ်ညံ့သိမ်ဖျင်းသူ၊ တိုးတက်ကြီးပွားလိုစိတ်မရှိသူ၊ စိတ်ဓာတ်အင်အားပျော့ညံ့သိမ်ဖျင်းသူဆိုတာ အလွန်သိသာထင်ရှားလှပါတယ်။

ပျင်းရိတယ်ဆိုတာ ရည်ရွယ်ချက်ကင်းမဲ့တဲ့သူတွေသာရှိတတ်ပါတယ်။ ဘဝရည်မှန်းချက်ရှိသူ မိမိဘဝမိမိတိုးတက်မြင့်မားအောင်ကြံဆောင်လိုသူတွေအဖို့ကတော့ ပျင်းရိဖို့အချိန်မရနိုင်ပါဘူး။ သူတို့ဟာ သူတို့ဘဝရည်မှန်းချက်အောင်မြင်ပြီးမြောက်ရေးအတွက် အချိန်ပြည့်စဉ်းစား၊ အချိန်ပြည့်ကြံဆ၊ အချိန်ပြည့် လုပ်ကိုင်ဆောင်ရွက်နေကြသူတွေဖြစ်ပါတယ်။ သူတို့မှာ ဘဝရည်မှန်းချက်ပြည့်မြောက်အောင်မြင်ရေးအတွက် စိတ်အားတက်ကြွထက်သန်နေကြပါတယ်။ တက်ကြွထက်သန်တဲ့ စိတ်ကရှေ့ဆောင်နေတဲ့အတွက်လည်းသူတို့မှာပျင်းရိခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ ငြီးငွေ့ခြင်း၊ အချိန်ဆွဲခြင်းဆိုတာ မရှိတော့ပဲ အားသွန်ခွန်စိုက်နဲ့ အလုပ်ပဲလုပ်လိုကြပါတယ်။ ဒါကြောင့် ရည်ရွယ်ချက်မရှိတဲ့သူဟာ စိတ်အားထက်သန်မှုလဲမရှိ၊ ဘဝနဲ့အချိန်ကိုတန်ဖိုးထားမှုလဲမရှိတော့ပဲ ပျင်းရိငြီးငွေ့စွာ စိတ်ဓါတ်ကျဆင်းစွာနဲ့ပဲဘဝရဲ့ အချိန်တွေကိုကုန်လွန်စေပါတော့တယ်။

ဒါကြောင့်

"စိတ်အားထက်သန်မှု လျော့ပါးသောအခါတွင် အသက်၏ ခွန်အားနှင့် စိတ်အားများအစွမ်းသတ္တိများ လျော့ပါးလာမြဲဖြစ်သည်" လို့ ဒေါက်တာပီလီကရေးသားခဲ့ခြင်းဖြစ်ပါတယ်။





"ပူသည် အေးသည်၊ စောသေးသည်နှင့် ပြည့်သည် ဆာသည်၊ ဗိုးချုပ်သည်ခြောက်လီပျင်းရိကြောင်း"တဲ့ နေပူတော့လည်း ပူသေးလို့နေလည်းနေ့မို့ ဆောင်းလည်းဆောင်းမို့အလုပ်ကိုအချိန်ဆွဲတာ၊ စောရင်လဲစောသေးလို့ ဗိုးချုပ်ရင်လဲဗိုးချုပ်လို့ နောက်ကျလို့ ဆာရင်လည်းဆာသေးလို့ ဗိုက်ပြည့်ပြန်တော့လည်း ထမင်းစားကြီးမို့ဆိုပြီး ကြံဖန်အချိန်ဆွဲလုပ်ဆောင်နေသူတွေဟာ မိမိရဲ့ဘဝကို မိမိဖြုန်းတီးနေသူတွေ၊ ကိုယ့်ဘဝကိုယ်ဖျက်ဆီးနေသူတွေ ဖြစ်ပါတယ်။

လုပ်ဆောင်စရာရှိတဲ့အမှုကိစ္စကိုချက်ခြင်းပဲ လုပ်ကိုင်ဆောင်ရွက်သင့်ပါတယ်။ သတိဝီရိယစိုက်ထုတ်ပြီးသူများထက် ဦးဆောင်စောအောင်ပြီးစီးအောင်မြင်အောင် ကြိုးစားလုပ်ဆောင်ရပါတယ်။ ပျင်းရိသူမှာလုံ့လဝီရိယကင်းမဲ့တဲ့အတွက် မိမိရရှိရမယ့် အခွင့်အရေးတွေကို ဆုံးရှုံးနစ်နာစေပါတယ်။

ပျင်းရိပေါ့ဆခြင်းဟာ စီးပွားရေး ပညာရေးဘဝတိုးတက်မြင့်မားရေးနဲ့ လူမှုရေးကိစ္စအဝဝတို့ရဲ့ ပျက်စီးခြင်းအကြောင်းတရားဖွဲ့မြတ်စွာက မိန့်မှာခဲ့တာဖြစ်ပါတယ်။ ကုဋေရှစ်ဆယ်သူဌေးသားဟာ ပျင်းရိမှုယိုပေါက်ဟာပေါက်ကြီးကြောင့် မိဘများလက်ထက်က စည်းစိမ်ဥစ္စာတွေဆုံးရှုံးခဲ့တာဖြစ်ပါတယ်။

ပျင်းရိရာမှာလည်း မွေးရာပါပင်ကိုသဘောအပျင်းဓါတ်ကြောင့် ပျင်းရိတတ်တဲ့ ဇာတိအလသမျိုး၊ အပေါင်းအသင်းမှားလို့ ရောလိုက်လွဲပြီးတန်ဘိုးမဲ့ရတဲ့ပဝတ္တိအလသမျိုးရယ်လို့ နှစ်မျိုးနှစ်စားခွဲပြားပါသေးတယ်။

မွေးရာပါအပျင်းဓာတ်အခံပါလာသူတွေကတော့ ငယ်စဉ်ကထဲကလေးလံထိုင်းမှိုင်းနေတတ်ပါတယ်။ ပညာသင်ကြားရာမှာ

လည်းအထိုတက်သေးနဲ့ဆုံးမရခက်ပါတယ်။ ဒါ့ကြောင့်ပညာသင်ကြားရေးမှာခက်ခဲသလို၊ ပညာမတတ်တဲ့အတွက် ဘာကိုမှတွက်တွက်ဆဆနိုင်းနိုင်းချိန်ချိန် မဆောင်ရွက်နိုင်ပဲ အမှားမှားအယွင်းယွင်းဖြစ်ရုံမက ဉာဏ်အမြော်အမြင်မရှိတဲ့အတွက် သူများနည်းတူစီးပွားရှာနိုင်စွမ်းလဲမရှိပါဘူး။ စည်းစိမ်ချမ်းသာကင်းမဲ့တဲ့အတွက် လူမှုရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးရာတွေမှာ မျက်နှာငယ်အောက်တန်းကျရရုံမျှမက လူ့ရေးတန်းရေးကုသိုလ်ရေးပါ မလုပ်ဆောင်နိုင်တဲ့အတွက် သံသရာအတွက်လည်း အကျိုးကျေးဇူးယုတ်လျော့လှပါတယ်။

ပျင်းရိသူကို ဘယ်လိုပုဂ္ဂိုလ်ကမှလည်း အထင်ကြီးလေးစားမရှိပါဘူး။

အပေါင်းအသင်းမှားလို့ ပျင်းရိလေးလံသူမျိုးကတော့ အရက်စွဲ၊ ဘိန်းစွဲဆေးစွဲတဲ့လူမျိုးတွေပါပဲ။ လူအများကမိမိဘဝနိုင်မာရေးအတွက် ကြိုးစားလုပ်ဆောင်နေချိန်မှာ အပေါင်းအသင်းမှားလို့ အရက်၊ ဘိန်းဖြူ ဘိန်းမဲ၊ စီးကရက်၊ ဆေးပြားစတဲ့မူးယစ်ဆေးဝါးမှီဝဲပြီးစွဲမိသူတွေများတော့ သူတို့စွဲတဲ့ဆေးရရှိရေးအတွက် မကောင်းမှုမှန်သမျှကျူးလွန်တတ်ကြပြီး ဘဝတုန်းလူညွှန့်တုံးကာ၊ အသက်ပါပါသွားတတ်ပါသေးတယ်။

သံယုတ်ပါဠိတော်မှာ ပျင်းရိခြင်းကြောင့် ပျက်စီးဆုတ်ယုတ်နိုင်တဲ့အပေါက်ကြီးခြောက်ပေါက်ကို ခုလိုဖော်ပြထားတာတွေ့ရပါတယ်။

"ဆ လောကသ္မိံ ဆိဒ္ဒါနိ၊
ယတ္ထ ဝိတ္တံ န တိဋ္ဌတိ။





အာလဿဉ္စ ပမာဒေါ စ၊
အနုဋ္ဌာနံ အသံယမော၊
နိဒ္ဒါ တန္ဒီ တေ ဆိဒ္ဒေ
သဗ္ဗသော နံ ဝိဝဇ္ဇယေ။"

"အို နတ်သား။ ပျင်းရိခြင်းကြောင့် ဖြစ်ပေါ်လာတတ်သော အကြောင်းအပေါက်၌ စည်းစိမ်ဥစ္စာတို့သည် ရပ်တံ့နားနေခြင်းမရှိ။ ဤလောက၌ ထိုအပေါက်တို့သည် ခြောက်ပါးဖြစ်ကုန်၏။ အဘယ်ခြောက်ပါးနည်းဟူမူ—

၁။ တက်ကြွထက်သန်မှုမရှိပဲ ပျင်းရိလေးလံထိုင်းမှိုင်းခြင်းသည်တစ်ပါး။
၂။ သတိပေါ့ဆ မေ့လျော့တတ်ကြခြင်းလည်းတစ်ပါး။
၃။ ပြုဖွယ်ကိစ္စဟူသမျှတို့၌ ထကြွလုံ့လဝီရိယမရှိခြင်းလည်းတစ်ပါး။
၄။ ကိုယ်နှုတ်နှလုံးကိုဆုံးမစောင့်စည်းနိုင်ခြင်းမရှိသည်လည်းတစ်ပါး။
၅။ ငိုက်မျဉ်းခြင်းလည်းတစ်ပါး။
၆။ အေးသည်ပူသည်စသည်စသည်သောအကြောင်းပြချက်များဖြင့် အလုပ်ကိစ္စတို့ကိုလုပ်ကိုင် ဆောင်ရွက်ရန် ကြောက်ရွံ့ခြင်းလည်းတစ်ပါး။

ထိုခြောက်ပါးသောအပေါက်တို့ကို ချမ်းသာကြီးပွားလိုသူသည်အခါခပ်သိမ်း ပိတ်ဆို့ဖာထေးခြင်းအားဖြင့် ရှောင်ရှားအပ်ပေ၏။

ဒါဟာ မထင်ရှားတဲ့နတ်သားတစ်ပါးရဲ့ "အိတ်ပေါက်အိုးပေါက်နှင့်တူသော လောကီလောကုတ္တရာနှစ်ပြားသော အကျိုးစီးပွားတို့ကို ပျက်ဆီးဆုတ်ယုတ်စေသည့်အပေါက်များမည်မျှရှိပါသနည်းဘုရား"ဆိုတဲ့မေးလျှောက်ချက်ကို မြတ်စွာဘုရားက ဖြေဆိုဟောကြားခဲ့ခြင်းဖြစ်ပါတယ်။ အကျိုးစီးပွားမှန်သမျှရဲ့ ယိုပေါက်ကျပေါက်ဖြစ်တဲ့ဒီအပေါက်ခြောက်ပေါက်ကို ပိတ်ဆို့နိုင်ဖို့ဆိုတာ ပျင်းရိခြင်းကင်းမှဖြစ်ပါလိမ့်မယ်။

# အမျက်ဒေါသကိုထိန်းချုပ်နိုင်ပါစေ





## အမျက်ဒေါသကို ထိန်းချုပ်နိုင်ပါစေ

လူဆိုတာ အတ္တရှေ့ဆောင်တဲ့သတ္တဝါဖြစ်ပါတယ်။ မိမိအတ္တနဲ့ဆန့်ကျင်တဲ့အခါ စိတ်တိုတာ၊ စိတ်ဆိုးတာ၊ ဒေါသထွက်တာတွေဖြစ်ပါတယ်။ ဒေါသအမျက်ကြီးခြင်းဟာလည်း ပျက်ဆီးဆုတ်ယုတ်ခြင်းအကြောင်းတစ်ပါးဖြစ်ပါတယ်။ ဒေါသဟာဆင်ခြင်တုံတရားကို ပျက်ဆီးစေပါတယ်။ ဒါ့ကြောင့် မြတ်စွာဗုဒ္ဓကပရာဘဝသုတ်မှာ "ကောဓပညာဏော" ဆိုတဲ့ဒေါသအမျက်ထွက်ခြင်းကို ပျက်ဆီးခြင်းအကြောင်းတရားအဖြစ်ထည့်သွင်းဟောကြားတော်မူတာ ဖြစ်ပါလိမ့်မယ်။

ဒေါသဆိုတာမြွေဟောက်တစ်ကောင်ပါပဲ။ တို့မိထိမိတာလေးနဲ့လည်းပါးပျဉ်းထောင်လာတတ်ပါတယ်။ ဒေါသစရိုက်ကြီးသူအဖို့ ထစ်ကနဲရှိတာနဲ့တုတ်ဆွဲဓားဆွဲထိမ်းမနိုင်သိမ်းမရပဲဖြစ်ရတတ်ပါတယ်။ ဒေါသကြီးတဲ့လူဟာ စိတ်ပိုင်းဆိုင်ရာမှာ တစ်စုံတစ်ရာချွတ်ယွင်းနေသူလို့လဲပြောနိုင်ပါတယ်။ သူဟာအရာရာကို ဒေါသမျက်စိနဲ့ပဲကြည့်တတ်ပါတယ်။ ဒေါသထွက်စရာအကြောင်းတွေချည့်ပဲတွေးနေလေ့ရှိပါတယ်။ အထူးသဖြင့် သူ့စိတ်နဲ့သူပဲဒေါသပြန်ဖြစ်နေပါတော့တယ်။

တကယ်တန်းပြောကြစို့ဆိုရင် ဒေါသစရိုက်ကြီးတဲ့ လူဆိုတာ အပြုံစိတ်ထားကင်းတဲ့လူ၊ အကောင်းမြင် စိတ်မရှိတဲ့လူ၊ မေတ္တာတရားခေါင်းပါးသူလဲဖြစ်ပါတယ်။ အပြုံစိတ်ဓာတ်မွေးမြူနိုင်ပြီး အကောင်းမြင်စိတ်ရှိသူ၊ မေတ္တာတရားပွားများသူဆိုတာ ဒေါသဖြစ်ဖို့

အင်မတန်ခဲယဉ်းပါတယ်။ ဘာမဆိုနားလည်ခွင့်လွှတ်တဲ့စိတ်နဲ့ ကြည့်မြင်သုံးသပ်နိုင်၊ သည်းခံနိုင်စွမ်းရှိပါတယ်။ ကောင်းတဲ့ဘက်က သာတွေးတောစဉ်းစားတတ်တဲ့အတွက် စိတ်ရောကိုယ်ပါချမ်းသာစွာ နေရလေ့ရှိပါတယ်။ ဒေါသစရိုက်ဟာ သဘောတူညီမှုနည်းပါးပြီး သဘောထားကွဲလွဲမှုတွေမသင့်မြတ်မှုတွေကိုလည်း မွေးထုတ်ပါတယ်။

လူဆိုတာ တစ်ပါးသူအပေါ်အပြစ်မြင်တတ်၊ အပြစ်ပြော တတ်ကြပေမယ့် ကိုယ့်အပြစ်ကိုကိုယ်ပြန်မမြင်နိုင်ကြပါဘူး။ ပြန်မမြင် နိုင်ကြတဲ့အပြင် မြင်တဲ့လူကမြင်လို့ စေတနာနဲ့ထောက်ပြမိရင် ကောင်းစေချင်လို့ဝေဖန်မိရင်လဲ စေတနာကဝေဒနာဖြစ်ပြီး ဒေါသ ထွက်၊ အမျက်မွေးတတ်ကြပါတယ်။

အထူးသဖြင့် ဒီနေ့ခေတ်လူငယ်နဲ့လူကြီးဆက်ဆံရေးမှာဒီ စရိုက်မျိုးတွေအများအပြားတွေ့နေ မြင်နေရပါတယ်။ လူကြီးသူမ၊ ဆရာသမား၊ ဘိုးဘွားမိဘတွေက၊ မိမိရဲ့တပည့်သားမြေးတွေအပေါ် ကောင်းစေချင်တဲ့စေတနာနဲ့ ပြောဆိုဆုံးမကြပေမယ့် စေတနာဝေဒနာ ဖြစ်ကြရပါတယ်။ လူကြီးတွေအပေါ်နေရာတကာ အပြစ်မြင်တတ်သူ တွေ၊ ရှေးအဖိုးကြီးတွေ၊ ခေတ်အမြင်ခေတ်အတွေးမရှိသူတွေလို့ တွေးမြင်ပြီး ဒေါသထွက်ကြပါတယ်။ အပေါင်းအသင်းမှားမှာစိုးလို့ ဟိုလူမပေါင်းနဲ့ ဒီလူမပေါင်းနဲ့ပြောဆိုဆုံးမတာ၊ ဒီလမ်းဒီခရီးမသွားနဲ့ အချိန်အခါလင့်အောင်မလည်နဲ့လို့ ဆုံးမတာကိုလည်း ချုပ်ချယ်တယ်။ တင်းကြပ်တယ်လို့တွေးမြင်ပြီး ရှုံ့ရှုံ့ရွဲ့ရွဲ့ဖြစ်တတ်ကြပါသေးတယ်။ ဒီလိုနဲ့အမျက်ဒေါသနဲ့မိဘတွေ၊ ဆရာသမားတွေကိုအရွဲ့တိုက်ရင်း





မိမိသာပဲရတဲ့အပြစ်မျိုးတွေ ခုနဲ့အေးပါပဲ။

တကယ်တော့ မိမိကသားသမီးအပေါ် ဆရာကတပည့်အ ပေါ် လူကြီးကလူငယ်အပေါ်ဆုံးမတယ်ဆိုတာ ချစ်လို့ ခင်လို့တန်ဘိုး ထားလို့ကောင်းစေချင်လို့ဆိုတာ ဒီနေ့လူငယ်တွေသဘောပေါက် နားလည်သင့်ပါတယ်။ မိမိအပေါ်ဆုံးမပဲ့ပြင်မဲ့သူ၊ လမ်းညွှန်ပြမယ့်သူ၊ ထိန်းကြောင်းသုတ်သင်မယ့်သူရှိတာဟာ ဂုဏ်ယူဖို့လဲကောင်းပါတယ်။ ဆုံးမပဲ့ပြင်ပေးမယ့်သူမရှိတာ ကောင်းရာကောင်းကြောင်းဆုံးမမယ့်သူ မရှိတာ ထိန်းကျောင်းမယ့်သူမရှိတာဟာ အင်မတန်ဝမ်းနည်းစရာ ကောင်းပါတယ်။

ဆုံးမပဲ့ပြင်ခြင်းဟာ ဆရာသမား၊ ဘိုးဘွားမိဘတို့ရဲ့တာဝန် ဖြစ်ပါတယ်။ "သားကို ငယ်ကမဆုံးမသော် မိဘတလီရန်သူမည်၏" လို့တောင်အဆိုရှိပါတယ်။ သားသမီးကိုဆုံးမပဲ့ပြင်မှုမပြုကြဟာ ချစ်ရာမရောက်ပါဘူး။ နှစ်ရာရောက်ပါတယ်။ သားသမီးချစ်လို့နေရာ တကာအလိုလိုက်ခြင်းအားဖြင့် မပျက်စီးသင့်ပဲပျက်စီးကြရပါတယ်။ ပညာတတ်သင့်လျက် ပညာမဲ့ဖြစ်ကြရပါတယ်။ ကြီးပွားသင့်လျက် မကြီးပွားပဲဖြစ်တတ်ပါတယ်။

ဒီနေရာမှာစကားစပ်လို့ မြင်းထိန်းဆရာကြီးနဲ့ ဗုဒ္ဓမြတ်စွာရဲ့ အမေးအဖြေကိုပြောပြချင်ပါတယ်။ ဗုဒ္ဓမြတ်စွာဟာ ငါးရာမျှသော ရဟန်းတို့နဲ့ ဆွမ်းခံထွက်ရာမှာ ရဟန်းငါးရာဟာ စည်းကမ်းစနစ် တကျနဲ့ မျက်လွှာချပြီးကျာ့ခြေ့သိက္ခာပြည့်ဝစွာနဲ့ ဘုရားနောက်တော်ပါး ကပါလာခဲ့ကြပါတယ်။ ငါးရာသောရဟန်းတွေရဲ့ စည်းလုံးမှု ညီညွတ်

မှု၊စည်းကမ်းရှိမှု၊ ဣန္ဒြေရမှုကိုကြည်ညိုစွာဖူးမြင်ရပြီးတဲ့နောက် မြင်းထိန်းဟာမြတ်စွာဘုရားရှေ့မှောက်မှာ ခုလိုမေးမြန်းလျှောက်ထားခဲ့ပါတယ်။

"အရှင်ဘုရား--ငါးရာသောရဟန်းတို့ဟာ မျက်လွှာကိုယ်စီချပြီးစီတန်းညီညာစွာ မြတ်စွာဘုရားနောက်တော်က ပါလာခဲ့ကြပါတယ်။ ငါးရာသောရဟန်းတို့ကို ခုလိုစည်းလုံးအောင်၊ ညီညွတ်အောင်စည်းကမ်းတကျရှိအောင်ဘယ်လိုများထိန်းကျောင်းပဲ့ပြင်ပါသလဲ ဘုရားဆုံးမသွန်သင်ပါသလဲဘုရား"တဲ့။

ဒီတော့မြတ်စွာဘုရားက

"အသင်မြင်းထိန်း--အသင်ကောအသင့်ရဲ့မြင်းတွေကို ဘယ်လိုဆုံးမပါသလဲ"လို့ ပြန်မေးပါတယ်။ ဒီတော့ မြင်းထိန်းက

"တပည့်တော်ရဲ့မြင်းတွေကို အနုနည်းနဲ့ဆုံးမသင်ကြားပါတယ်ဘုရား။ အနုနည်းနဲ့ဆုံးမသင်ကြားလို့မရတဲ့မြင်းတွေကိုတော့ အကြမ်းနည်းနဲ့ဆုံးမရပါတယ်ဘုရား"

"ကောင်းပြီ အသင်မြင်းထိန်း။ အနုနည်း၊အကြမ်းနည်း၊ နှစ်နည်းနဲ့ဆုံးမလို့မရတဲ့မြင်းကိုရော ဘယ်လိုဆုံးမပါသလဲ"

"မှန်လှပါဘုရား--အနုနည်းနဲ့ရော၊ အကြမ်းနည်းနဲ့ရော၊ နှစ်နည်းစလုံးနဲ့မှဆုံးမလို့မရခဲ့ရင်၊ မရတဲ့မြင်းကို သတ်ပစ်ရပါတယ်ဘုရား"

"ကောင်းပြီအသင်မြင်းထိန်း ငါဘုရားလဲရဟန်းတွေကို အနုနည်းနဲ့ဆုံးမပါတယ်၊ အနုနည်းနဲ့မရင် အကြမ်းနည်းနဲ့ဆုံးမပါ





တယ်၊"

"အရှင်ဘုရားအနုနည်း၊အကြမ်းနည်းဆုံးမလို့မရင်ကောဘုရား"

"အနုနည်း၊ အကြမ်းနည်းဆုံးမလို့မရတဲ့ရဟန်းကို သတ်ပစ်ရပါတယ်"

"အရှင်ဘုရား--အရှင်ဘုရားဟာ ပါဏာတိပါတကံကို စောင့်ရှောက်တယ်မဟုတ်လား။ အဲဒီဆိုရင်သတ်ပစ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"အသင်မြင်းထိန်းနာဦးလော့-- ချိုချိုသာသာဆုံးမခြင်း၊ နားလည်အောင်ပြောဆိုဆုံးမခြင်းဆိုတဲ့ အနုနည်းသုံးပြီးဆုံးမပါတယ်။ ဒီလိုနည်းနဲ့မရရင် သူတို့ကိုနာအောင်၊ ကျင်အောင်ဖိနှိပ်ပြောဆိုဆုံးမပါတယ်။ ဒါကိုအကြမ်းနည်းနဲ့ဆုံးမတယ်လို့ခေါ်ပါတယ်။ ဒီနှစ်နည်းမရင်တော့ ငါဘုရားလျစ်လျူရှုလိုက်တာပါပဲ။ ငါဘုရားရဲ့အဆုံးအမ အပြုအပြင်ကိုအခံတဲ့ ရဟန်းဟာကြီးပွားခြင်းမရှိဆုတ်ယုတ်ပျက်ဆီးခြင်းပဲရှိမှာမို့ သေတာနဲ့အတူတူပါပဲ။ ဒါ့ကြောင့် ငါဘုရားဆုံးမဩဝါဒ မပေးခြင်းကို သတ်ပစ်တယ်လို့ဆိုလိုပါတယ်"

ဒါကိုကြည့်ခြင်းအားဖြင့် ဆုံးမသွန်သင်မယ့်သူမရှိတဲ့ဘဝ၊ မိဘ-ဆရာလူကြီးသူမ၊ ဦးလေး-ဘကြီး၊သက်ကြီးရွယ်အိုတို့ရဲ့ဆုံးမမှုမရှိတဲ့ဘဝဟာ သေဆုံးနေတဲ့ဘဝနဲ့ပအတူတူပါပဲ။ ဒါ့ကြောင့် လူကြီးသူမ မိဘ-ဆရာတွေရဲ့ဆုံးမမှုကိုခံယူခြင်းဟာ ဝမ်းမြောက်ဂုဏ်ယူစရာ၊ ကြီးပွားချမ်းသာရာမင်္ဂလာဖြစ်ပါတယ်။

သည်းခံခြင်း၊ အကောင်းမြင်စိတ်ရှိခြင်း၊ မေတ္တာထားတတ်ခြင်းဟာဒေါသတရားကိုနည်းပါးစေပါတယ်။ တွေ့ကြုံလာရတဲ့ဘဝလောကဓံကို အသင့်အတင့်နှလုံးမသွင်းတတ်သူသော ဒေါသဖြစ်တတ်၊ စိတ်ဆိုးတတ်ပြီး မိမိအပြစ်ကြီးကိုမမြင်ပဲ၊ သူတစ်ပါးအပြစ်သေးသေးကိုပုံကြီးချဲ့ကြည့်မြင်တတ်ကြပါတယ်။ ဒေါသကြီးသူဟာ လူမှုဆက်ဆံရေးမှာလည်းညံ့ဖျင်းတတ်ပါတယ်။ ဒေါသကြီးသူကို လူအများကဆက်ဆံရမှာကြောက်ပါတယ်။ ဒေါသကြီးသူကို ဘယ်လိုလူမျိုးကမှလိုလားနှစ်သက်လိမ့်မယ် မဟုတ်ပါဘူး။ သည်းခံသင့်တဲ့အရာကိုသည်းခံမှ မိမိအတွက်အကျိုးစီးပွား ဖြစ်ထွန်းနိုင်ပါလိမ့်မယ်။ သည်းခံစိတ်ရှည်ခြင်းမရှိသူအတွက် အောင်မြင်မှုနဲ့ကြီးပွားချမ်းသာမှုဟာ မရရှိနိုင်ပါဘူး။

တစ်ခါက သက္ကောသကဘာရဒွါဇအမည်ရှိတဲ့ ဗြာဟ္မဏတစ်ယောက်ရဲ့သားချင်းဆွေမျိုးတစ်ဦးဖြစ်တဲ့ ဘာရဒွါဇဂေါတ္တဗြာဟ္မဏဟာ မြတ်စွာဘုရားထံမှာရဟန်းပြုခဲ့ပါတယ်။ ဒီသတင်းကိုကြားသိရတဲ့ ဗြာဟ္မဏဟာ အလွန်အမင်းဒေါသထွက်ပြီး မြတ်စွာဘုရားဆီသွားပါတယ်။ ဘုရားရှေ့တော်မှောက်ရောက်တာနဲ့ ရန့်ရင်းကြမ်းတမ်းတဲ့စကားတွေနဲ့ဆဲဆိုကြိမ်းမောင်းခဲ့ပါတယ်။ ဒါပေမယ့်မြတ်စွာဘုရားကတော့ သည်းခံတော်မူခဲ့ပါတယ်။ ဗြာဟ္မဏကြီးပြောချင်ဆိုချင်သမျှတွေပြောပြီးမှ မြတ်စွာဗုဒ္ဓက ဗြာဟ္မဏကြီးကိုခုလိုမေးမြန်းပါတယ်။

"ဗြာဟ္မဏ-- သင့်ရဲ့ဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေသင်္ဂဟတွေဟာတစ်ခါတစ်ရံ သင့်ဆီလာတတ်ကြတယ် မဟုတ်လား"





"လာတတ်ပါတယ်ရှင်ဂေါတမ"

"သင့်ဆီကိုလာကြတဲ့ သားချင်းမိတ်ဆွေတွေကိုသင်ကစားသောက်ဖွယ်ရာတွေကျွေးမွေးပေးကမ်းခဲ့ပါသလား"

"မှန်ပါတယ် ပေးကမ်းခဲ့ပါတယ်"

"သင်ကျွေးမွေးပေးကမ်းတဲ့စားသောက်ဖွယ်ရာတွေကိုသူတို့မယူကြဘူးဆိုရင်၊ အဲဒီပစ္စည်းတွေဟာ ဘယ်သူ့ပစ္စည်းတွေဖြစ်ဖြစ်မလဲ"

"သူတို့ကမယူကြဘူးဆိုရင် ဒီပစ္စည်းတွေဟာ ကျွန်ုပ်ပစ္စည်းတွေဖြစ်ပါတယ်၊ ကျွန်ုပ်ပိုင်ပါတယ်"

"အို-ဗြာဟ္မဏ၊ ဒီဥပမာအတိုင်းပါပဲ၊ အသင်ဟာဆဲရေးခြင်းမရှိတဲ့ငါ့ကိုဆဲရေးတယ်၊ ချုပ်ချယ်ခြင်းမရှိတဲ့ငါ့ကို ချုပ်ချယ်တယ်။ ငြင်းခုံခြင်းမရှိတဲ့ငါ့ကို ငြင်းခုန်တယ်။ အဲဒီဆဲရေးခြင်းငြင်းခုံခြင်းတို့ကို ငါဘုရားလက်မခံတဲ့အတွက် အသင့်ပစ္စည်းသာဖြစ်တယ်-အသင်သာပိုင်ဆိုင်တယ်"

"အချင်းဗြာဟ္မဏ--မိမိကိုဆဲရေးသူအား ပြန်လှန်ဆဲဆိုသူ၊ ချုပ်ချယ်ငြင်းခုန်သူအား၊ ပြန်လှန်ငြင်းခုန်သူ၊ ထိုသူကိုလက်ခံဆောင်ယူသူလို့ခေါ်ပါတယ်။ ငါဘုရားက လက်ခံခြင်းလည်းမပြု ယူဆောင်ခြင်းလည်းမပြု၊ သင့်ပစ္စည်းပဲဖြစ်ပါတယ်။"

နောက်ဆုံးတော့ ဘဒွါဇဗြာဟ္မဏကိုယ်တိုင်မြတ်စွာဘုရားရဲ့တရားစကားကို နှစ်သက်ကြည်ညိုတာနဲ့ သူကိုယ်တိုင်ဘုရားရှင်ရှေ့မှာရဟန်းပြုခဲ့လို့ ရဟန္တာဖြစ်ခဲ့ရပါတယ်။

ဒေါသဟာ မိမိကိုယ်ကိုမိမိဦးစွာ လောင်မြိုက်ပါတယ်။ ပြီးတော့ မိမိနဲ့ဆက်နွယ်နေတဲ့အပေါင်းအသင်းတွေ၊ မိသားစုဝင်တွေ ပါကူးစက်လောင်မြိုက်တာခံရတတ်ပါတယ်။ ဒေါသရဲ့ပူလောင်မှုကြောင့် ဥပတိရုပ်ကြည်လင်သန့်ရှင်းခြင်းမရှိပဲ၊ သုန်သုန်မှုန်မှုန်နဲ့မြင်ရသူမနှစ်သက်စရာလည်း ဖြစ်ရတတ်ပါတယ်။ ဒေါသဆင်ရိုင်းမုန်ယိုမိတဲ့အခါ အရာရာဆင်ခြင်နိုင်စွမ်းမရှိတော့ပဲ အာကြမ်းလျှာကြမ်းနဲ့ဆဲရေးတိုင်းထွာကိုယ်အမူအရာကြမ်းကြုတ်လာပါတယ်။

လူဆိုတာ အပြစ်နဲ့မကင်းနိုင်ပါဘူး။ တစ်စုံတစ်ဦးရဲ့ အပြစ်ကိုလည်းနားလည်ခွင့်လွှတ်နိုင်သလို မိမိအပြစ်ကိုလည်း မိမိဝန်ခံချုပ်ငြိမ်းနိုင်ခြင်းဟာ မွန်မြတ်တဲ့နှလုံးသားရဲ့ဖော်ပြမှုပဲ ဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ရန်ညှိုးမဖွဲ့အာဃာတမထားပဲ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ခြင်းဟာ အမှန်ပဲကောင်းပါတယ်။ လောကမှာ လူမိုက်(၂)မျိုး၊ ပညာရှိ(၂)မျိုးကိုတယ်လို့ ''သံယုတ္တနိကာယ်''မှာ ဟောတော်မူခဲ့ပါတယ်။

၁။ ဒေါသကြောင့် ကျူးလွန်မိတဲ့အပြစ်ကိုအပြစ်လို့ မသိတဲ့လူမိုက်က တစ်ယောက်။

၂။ အပြစ်ကိုဝန်ချတောင်းပန်ခြင်းမရှိတဲ့ လူမိုက်ကတစ်ယောက်။

၃။ အပြစ်ကိုအပြစ်လို့သိရှိတဲ့ ပညာရှိသူတော်ကောင်းကတစ်ယောက်။

၄။ ဝန်ချတောင်းပန်ခြင်းကိုခွင့်လွှတ်နားလည်ပြီး ကျေအေးစေတဲ့ ပညာရှိသူတော်ကောင်းကတစ်ယောက်။

အခါတစ်ပါးမှာ သိကြားမင်းကလည်း နတ်တို့ကိုဆုံးမဩဝါဒပေးခဲ့ဖူးပါတယ်။





''အချင်းနတ်တို့--အမျက်ဒေါသရဲ့အလိုကိုမလိုက်ကြနဲ့။
မိတ်ဆွေများနဲ့ ခင်မင်မှုမပျက်ကြစေနဲ့
မကဲ့ရဲ့ထိုက်သူကိုမကဲ့ရဲ့ကြနဲ့
ဂုံးတိုက်ဂုံးချောစကားမပြောကြနဲ့

ငါသတိပေးသလို မလိုက်နာပဲ၊ အမျက်ဒေါသရဲ့အလိုကိုလိုက်ကြရင် အမျက်ဒေါသဟာ ကျောက်တောင်ကျောက်ခဲနဲ့ ဖိနှိပ်ချေမွသလို သင်တို့ကိုဖိနှိပ်ချေမွလိမ့်မယ်'' တဲ့။

ပညာရှိသူတော်ကောင်းဆိုတာ အမျက်ဒေါသထွက်မှုကိုကြောက်လန့်လေ့ရှိပါတယ်။ အပြစ်အဖြစ်မြင်လေ့ရှိပါတယ်။ စောင့်စည်းလေ့ရှိပါတယ်။ မိမိကိုယ် မိမိပညာရှိသူတော်ကောင်းဖြစ်အောင်စောင့်ရှောက်တဲ့အနေနဲ့ မိမိသန္တာန်မှာကိန်းအောင်းနေတဲ့အမျက်ဒေါသကိုထိန်းချုပ်ကာကွယ်ရပါမယ်။ အမျက်ဒေါသကို မထွက်ရလေအောင်--မဖြစ်ပေါ်ရလေအောင် ''သတိ''တရားလက်ကိုင်ထားပြီး မိမိစောင့်ရှောက်ရပါမယ်။

စိတ်ဆိုးပြစ်မှားတဲ့လူကို ပြန်ပြီးစိတ်ဆိုးတာဟာ ပထမစိတ်ဆိုးတဲ့လူထက် မိုက်မဲရာကျပါတယ်။ စိတ်ဆိုးပြစ်မှားကသူကိုရန်တုန့်မပြုပြန်လည်စိတ်မဆိုးတတ်တဲ့သူဟာ အောင်မြင်နိုင်ခဲတဲ့ စစ်ပွဲကိုသော်မှ အောင်မြင်နိုင်ပါလိမ့်မယ်။

ဒို့ကြောင့်

၁။ နိုးကြားသတိရှိခြင်း

၂။ ပွဲလမ်းသဘင်မခုံမင်ခြင်း

၃။ ထကြွလုံ့လဝီရိယနှင့်ပြည့်စုံခြင်း

၄။ မပျင်းရိခြင်း

၅။ အမျက်ဒေါသနည်းပါးခြင်းဟာ အမျိုးကောင်းသား၊ အမျိုးသမီးကောင်းတို့အတွက် ကြီးပွားရာကြီးပွားကြောင်းတရားလို့ မှတ်ယူရပါမယ်။

# မိဘနှစ်ပါးကို လုပ်ကျွေးပြုစုပါ





## လက်ဦးဆရာ

"လက်ဦးဆရာမည်ထိုက်စွာ ပုပ္ပစရိယမိနဲ့ဘ" တဲ့။

လူသားတစ်ယောက် လူ့ဘဝထဲရောက်လာဖို့ဆိုတာ အင်မတန်ခဲယဉ်းပင်ပမ်းလှပါတယ်။ ကိုးလလွယ်ဆယ်လဖွား သားသမီးရင်နှစ်သည်းချာကို ရင်ထဲမှာလွယ်ထားရပြီဆိုတာနဲ့ မိခင်ဖခင်များ မိမိတို့ရင်ဆိုင်ရမယ့် ဒုက္ခသုက္ခတွေကို မစဉ်းစားနိုင်ပါဘူး။ ဘယ်လောက်အဆိုးမြင်တတ်တဲ့လူမျိုးပဲဖြစ်ပါစေ သားသမီးရတနာရတော့မယ်ဆိုရင်တော့ ရအောင်စောင့်ရှောက်ရမဲ့ဒုက္ခ၊ မွေးရဖွားရမယ့်ဒုက္ခ၊ ကိုယ်ဝန်ကိုမထိမခိုက်ဖွားလာပြီးတဲ့နောက် ချေးသုတ်သင် သေးသုတ်သင်နဲ့ အအိပ်ပျက်ခံ၊ ဆင်းရဲဒုက္ခခံပြီး ပြုစုကျွေးမွေး အလေးထား ရမယ့်ဒုက္ခတွေကို ဘယ်သူမှကြိုတင်စဉ်းစား ပူပန်မှုမရှိကြရပါဘူး။ နောက်ဒီကလေးကြီးလာရင် မိဘဒုက္ခပေးမယ့် သားသမီးလား။ လူလားမြောက်အောင်ကျွေးရ မွေးရဦးမှာပါလား။ ပညာသင်ပေးရဦးမှာ ပါလား။ အဝတ်အစားမညှိုး ငယ်ရအောင်ဆင်ရမြင်ရဦးမှာပါလား။ ငွေကြေးအမြောက်အများကုန်ကျဦးမှာပါလား။ မင်္ဂလာဆောင်ပေးရဦး မှာပါလား။ သားတွဲလောင်းမယားတွဲလောင်းနဲ့ အဆင်မပြေရင် တို့ဆီပဲ အပူကပ်ဦးမှာပါလား။ စတာတွေဘယ်အမေ၊ ဘယ်အဖေမှကြိုတင် တွေးတောပူပန်စိုးရိမ်ပြီး၊ စိတ်ဆင်းရဲနေကြတယ်လို့မရှိပါဘူး။ တကယ်ကြုံရမယ့်ဒုက္ခကို သုခထင်ပြီး ဝမ်းသာကြ ပျော်ကြရွှင်ကြနဲ့ ကိုယ်ပခုံးပေါ်ထမ်းရမယ့်ဒုက္ခထုတ်ကို အဟုတ်ကြီး ထင်နေတာပဲမ ဟုတ်ပါလား။

သားလေးမွေးလာရင် ဘာလုပ်မယ်၊ သမီးလေးမွေးလာရင် ဘယ်လိုထားမယ်၊ လူတန်းစေ့အောင်၊ အောက်တန်းမကျအောင်၊ မျက်နှာမငယ်ရအောင် ဘယ်လိုထားမယ်၊ ဘယ်လိုကြိုးစားမယ်၊ ငါ့သားသမီးဟာ ဖမ္မုပေါ်လူဇော်ဖြစ်မယ့်သားသမီးပဲလို့ ထင်မှတ်ကြတဲ့မိဘတွေချည်းပါပဲ။ ဘယ်မိဘမှ သူတို့မွေးလာမယ့် သားသမီးကို ဒုက္ခပေးမယ့်ကလေးပဲ၊ တာဝန်ကြီးစေမယ့်ကလေးပဲ၊ ဘာမှအသုံးကျမယ့် ကောင်မဟုတ်ဘူးလို့ ဘယ်သူမှမတွေးတောကြပါဘူး။ ဘယ်သောကဆင်းရဲပြီးဘယ်လောက်မှပညာမတတ်တဲ့ မိဘဖြစ်ပါစေ မိမိမွေးလာမယ့်သားသမီးကိုတော့ ချမ်းသာစေချင်ကြတာ၊ ပညာတတ်စေချင်ကြတာ၊ လူပေါ်လူဇော်ဖြစ်စေချင်ကြတာချည်းပါပဲ။ ကိုယ်တိုင် ကဘယ်လောက်အောက်တန်းကျနေပါစေ၊ ဘယ်လောက် ဆင်းရဲမွဲတေနေပါစေ ကိုယ်မွေးလာမယ့် သားသမီးကိုတော့ အကောင်းဆုံး၊ အတော်ဆုံးအညွှန့်ဆုံးအဖူးဆုံးတွေပေးချင်ကြတာ မိဘတိုင်းရဲ့ စေတနာပါ။

ဒါ့ကြောင့်လည်း မင်္ဂလာတရားတော်မှာ မြတ်စွာဘုရား "မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော"အမိနှင့်အဘတို့ကို လုပ်ကျွေးမွေးမြူခြင်းသည် မင်္ဂလာ"လို့ ဟောကြားတော်မူခဲ့တာပေါ့။

ဗိမ္ဗိသာရမင်းကြီးကိုပဲကြည့်ပါ။

အဇာတသတ်မင်းသားကို ကိုယ်ဝန်ဆောင်ရတဲ့အချိန်မှာ မိဖုရားခေါင်းကြီးဟာ ဗိမ္ဗိသာရမင်းကြီးရဲ့ညာဘက်လက်မောင်းသွေး ကိုသောက်ချင်တဲ့ချင်ခြင်းတပ်ပါသတဲ့။ ဒါကိုပြောပြတော့ ဗိမ္ဗိသာရမင်း





ကြီးဟာမိမိရဲ့ရင်သွေးရတနာကိုယ်ဝန်လွယ်ထားရတဲ့ မိဖုရားကြီးအတွက်မဆိုင်းမတွပဲ သူ့ရဲ့ညာလက်ရုံးကိုသံလျက်နဲ့ကိုယ်တိုင်ဖောက်ပြီး မိဖုရားကြီးရဲ့ချင်ခြင်းတပ်မှုကိုပြေပျောက်စေခဲ့ပါတယ်။ နောက်မွေးဖွားလာမယ့်သားရတနာနဲ့ပတ်သက်ပြီး နန်းတွင်းဗေဒင်ပညာရှင်တွေ၊ နက္ခတ်ပညာရှင်တွေကိုတင်ပင်ကြည့်တော့မင်းကြီးရဲ့ မွေးဖွားလာမယ့် သားရတနာဟာ မင်းကြီးအတွက်ကောင်းကျိုးမပေး ဖခင်ကိုပြန်သတ်မယ့်သားပါလို့တညီတညွတ်ထဲဟောခဲ့ကြပါတယ်။ ဒါပေမယ့် ဗိမ္ဗိသာရမင်းကြီးဟာသူ့ကိုပြန်သတ်မယ့်သားဆိုတာသိလျက်နဲ့တောင် မငြိုငြင် ကိုယ်ဝန်ကိုစောင့်ရှောက်စေခဲ့ ကောင်းမွန်စွာမွေးဖွားသန့်စင်စေခဲ့ပါတယ်။ ဒါလောက်တင်လားဆိုတော့မဟုတ်သေးပါဘူး။ အဲဒီ အဇာတသတ်မင်းသား ရက်သားလသားအရွယ်မှာ လက်ညှိုးကိုခုနာပေါက်လို့နေမအိပ်၊ ညမအိပ်အနာကပြီကိုက်တဲ့အတွက် ငိုယိုနေတော့ လည်းခုနာပေါက်တဲ့လက်ညှိုးကိုမင်းကြီးကခံတွင်းမှာငုံပြီး ချော့သိပ်ခဲ့ပါတယ်။ အာခံတွင်းကအပူငွေ့နဲ့ ပြီတည်နာပေါက်သွားတော့လဲ ပါးစပ်ထဲကပြီတွေကိုထွေးထုတ်လိုက်ရင် သားငယ်ကလေးနိုးမှာစိုးလို့ လက်ညှိုးကိုမနုတ် ပြီကိုမထုတ်ပဲ မျိုချခဲ့ပါတယ်။ ဖခင်ရဲ့မေတ္တာဟာ အဲဒီလောက်ကြီးမားပါတယ်။

နောက် အဇာတသတ်မင်းကြီးပြင်းလာတဲ့အခါမှာလည်း "အသန္တသဟိသေဝနာတိ"ဆိုတဲ့အတိုင်း ရှင်ဒေဝဒတ်လိုမသူတော်နဲ့ပေါင်းမိပြီး ဖခင်ကိုလုပ်ကြံဖို့ကြိုးစားတဲ့အခါမှာလည်း ဗိမ္ဗိသာရမင်းကြီးဟာ သားငယ်ကိုအပြစ်မမြင်ပဲ သားငယ်လိုချင်တဲ့ထီး

နန်းကိုပါအသာတကြည်နဲ့လွှဲအပ်ပေးခဲ့ပါတယ်။ ထီးနန်းကိုရပြန်တော့လည်း မသူတော်အရှင်ဒေဝဒတ်နဲ့ပေါင်းမိတဲ့ အဇာတသတ်မင်းသားဟာ အရှင်ဒေဝဒတ်ရဲ့အလိုဆန္ဒအတိုင်းဖခင်ကို ထောင်သွင်းအကျဉ်းချထားရုံမျှမက ခြေဖဝါးကိုဓားနဲ့ခွဲပြီးနှိပ်စက်ခဲ့လို့ ဖခင်ကြီးနတ်ရွာစံရပါတယ်။ မြတ်စွာဘုရားသခင်ကို ပြစ်မှားမိတဲ့ရှင်ဒေဝဒတ်ဟာ လတ်လတ်ဆတ်ဆတ်ကြီးမြေမျိုတာခံရပေမယ့် ဘုရားသခင်နဲ့တွေ့လို့ဆောက်တည်ရာရသွားတဲ့အဇာတသတ်မင်းသားဟာ ဘုရားကိုကြည်ညိုတဲ့နေရာမှာ နှစ်ယောက်မရှိပေမယ့် ဖခင်ကိုပြစ်မှားမိတဲ့အကုသိုလ်ကံကြောင့် တစ်မဂ်တစ်ဖိုလ်မရနိုင်တော့ပါဘူး။ အဝီစိငရဲမှာ ခုချိန်ထိခံနေရရှာပါတယ်။

မိမိအသက်ကိုလုပ်ကြံမယ့်သား၊ မိမိကိုဒုက္ခပေးမယ့်ရန်ရှာမယ့်သားမှန်းသိရက်နဲ့ သားငယ်အပေါ်မေတ္တာမပျက်တဲ့ ဗိမ္ဗိသာရမင်းလိုဖခင်မျိုးရဲ့ မေတ္တာဟာဘယ်လောက်ကြီးမားတယ်၊ ဘယ်လောက်နိုင်မာတယ်၊ ဘယ်လောက်ကျေးဇူးတရားများပြားလှတယ်ဆိုတာ သဘောပေါက်သင့်လှပါတယ်။ အမိနဲ့အဖကျွေးမွေးပြုစုယုယပဲ့ပြင်ကြင်နာစွာထိန်းကျောင်းခြင်းမပြုခဲ့ရင် သားသမီးတွေဟာလူလားမြောက်လာမှာ အသက်ရှင်နေထိုင်ခွင့်ရလာမှာ မဟုတ်သလို အသိဉာဏ်ပညာအလိမ္မာလည်း ရှိလာနိုင်လိမ့်မယ်မဟုတ်ပါဘူး။

"မာတာပိတာစ ပုတ္တာနံ၊ ဗဟုကာရာစ ပေါသကာ"တဲ့ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့အတိုင်း၊ မိခင်ဖခင်ကျေးဇူးရှင်တို့ဟာ သားသမီးတွေအတွက် ပေးဆပ်မကုန်နိုင်တဲ့ ကျေးဇူးရှင်တွေ





ဖြစ်ပါတယ်။ ဗိမ္ဗိသာရမင်းကြီးလိုသားဆိုးသားမိုက်ကိုတော်ခွင့်လွှတ်ခြင်းနှင့် ချစ်ခင်မေတ္တာထားနိုင်တဲ့ဖခင်မျိုးတွေ ကမ္ဘာမှာမကုန်နိုင်မခမ်းနိုင်လောက်အောင်ရှိပါလိမ့်မယ်။ ဒီအတူပါပဲ မိခင်တွေဟာလည်း သားငယ်ရင်သွေးအပေါ်မှာ မေတ္တာတရားအလွန်ကြီးမားလှပါတယ်။

အမေဆိုတာသားသမီးအပေါ်မှာ ဘယ်တော့မှမပြတ်တဲ့ မေတ္တာနဲ့ထာဝရခွင့်လွှတ်တတ်သူဖြစ်ပါတယ်။ တောင်းဆိုးပလုံးကို ပစ်ရိုးထုံးစံရှိပေမယ့် သားဆိုးသမီးဆိုးကို ဘယ်မိခင်မှ ပစ်ရိုးထုံးစံမရှိပါဘူး။ မိမိသားသမီးဘယ်လောက်ပဲဆိုးပါစေ၊ မိခင်အပေါ်ဘယ်လောက်ပဲ အနိုင်ယူပါစေ၊ မိခင်ကတော့ သားသမီးအပေါ်မှာ ဘယ်တော့မှမေတ္တာပျက်တယ်မရှိပါဘူး။ မေတ္တာမပျက်တဲ့အပြင် မလိမ္မာတဲ့သားမိုက်သားဆိုးကိုသနားဂရုဏာသက်စွာနဲ့ အပြစ်မတင်ပဲအချစ်ဝင်ဖြစ်နေကြဆဲသာဖြစ်ပါတယ်။

ဒီနေရာမှာ ဥမင်္ဂဇာတ်တော်လာ ဘုရားအလောင်းတော် မဟော်သဓာနဲ့ ထီးချက်စောင့်နတ်သမီးရဲ့ ပြဿနာလေးရပ်ကို လေ့လာကြည့်ရင် သိနိုင်ပါတယ်။

ထီးချက်စောင့်နတ်သမီးက ဘုရင်ကြီးကိုပြဿနာလေးရပ် အဖြေပေးဖို့မေးမြန်းခဲ့ပါတယ်။ ဒီပြဿနာလေးရပ်ကိုဖြေဆိုဖို့အတွက် ဘုရင်ကြီးဟာ သူ့ရဲ့ပညာရှိတွေဖြစ်ကြတဲ့ သေနကအမတ်၊ ဒေဝိန္ဒအမတ်စတဲ့အမတ်ပညာရှိတွေကိုမေးမြန်းပေမယ့် မဖြေဆိုနိုင်ကြပါဘူး။ မဟော်သဓာပညာရှိထံရောက်မှသာ ဒီပြဿနာကိုဖြေဆိုနိုင်ခဲ့ပါတယ်။

ထီးချက်စောင့်နတ်သမီးမေးတဲ့ မေးခွန်းရဲ့ပထမပြဿနာက မိမိကိုခြေတို့လက်တို့နဲ့ကန်ကျောက်တယ်။ ရိုက်နှက်ပုတ်ခတ်တယ်။ ပါးစပ်နဲ့လည်းကိုက်တယ်။ ဒါပေမယ့် သူ့အပေါ်မှာအမုန်းမပွား။

အမျက်မထားပဲချစ်ခြင်းချစ်နေသူဟာ ဘယ်သူလဲတဲ့။

ဘုရားလောင်းမဟော်သဓာက အဲဒီပုဂ္ဂိုလ်ဟာ "မိခင်"ပါပဲလို့ဖြေဆိုခဲ့ပါတယ်။

မိခင်ဟာ မိမိရင်ခွင်ထဲမှာ ချိုးတွေးပိုက်ထားတဲ့ကလေးငယ်ကမိမိရဲ့ရင်ဘတ်ကိုခြေထောက်နဲ့လည်းကန်ကျောက်တယ်။ လက်နဲ့လည်းကုပ်ခြစ်ရိုက်ပုတ်တယ်။ မိမိရဲ့မျက်နှာကိုလည်းခြေထောက်နဲ့ပြန်ကျောက်တယ်၊ လက်နဲ့လည်းကုပ်ဖဲ့တယ်၊ ဆံပင်ကိုလဲဆွဲသေးတယ်။ ဒီအခါမှာ မိခင်ဟာသားငယ်ကို စိတ်မဆိုးတဲ့အပြင် သားလေးကမေမေ့ကို လုပ်တာပေါ့လေဟုတ်လား။ တကယ်တတ်တဲ့သားလေးပဲဆိုပြီး ရယ်မောပျော်ရွှင်နေတတ်ပါသေးတယ်။

ထီးချက်စောင့်နတ်သမီးမေးတဲ့ ဒုတိယပြဿနာကတော့ ပါးစပ်ကစိတ်ထင်တိုင်းဆဲဆိုကြိမ်းမောင်းပြီး အပြစ်တင်နေပေမယ့် စိတ်ထဲကတော့ချမ်းသာစေလို ကြီးပွားတိုးတက်စေလိုပြီး အချစ်ပိုနေတတ်တဲ့ ပုဂ္ဂိုလ်ဟာဘယ်သူလဲတဲ့။

မဟော်သဓာသုခမိန်က ဒီပုဂ္ဂိုလ်ဟာလည်း"မိခင်"ပဲဖြစ်ပါတယ်လို့ဖြေခဲ့ပါတယ်။

မိဘတွေက မိမိရဲ့သားသမီးကိုတစ်စုံတစ်ရာ တာဝန်ပေးခိုင်းစေပါတယ်။ သားလုပ်ပါ့မယ်၊ သမီးလုပ်မယ်လို့ဝန်ခံပြီး ကျေးသမ္မတ။ လက်ငါးဖြန့်ပြီးလိုချင်တာ တောင်းတတ်ပါတယ်။ ပြီးတော့လည်းခိုင်းတာကိုတော့မလုပ်ပဲဝေ့လည်ချောင်ပတ်ခိုကပ်နေပြန်ပါတယ်။ ဒီအခါအမေကရိုက်မယ်တကဲကဲနဲ့ ထုတ်ကိုကိုင်ပြီးလိုက်ပါတယ်။ ဒီတော့သားငယ်က ရှောင်တိမ်းကွေ့ပတ်ပြီး ပြေးပါတယ်။ ဒီတော့မိခင်ကသားငယ်ကိုစိတ်ဆိုးမာန်ဆိုးနဲ့ ဘာဖြစ်ပါစေတော်၊ ညာဖြစ်ပါစေဆိုပြီး ဆဲဆိုကြိမ်းမောင်းပါတယ်။ ဒါပေမယ့် ပါးစပ်က





ကြိမ်းမောင်းဆဲဆိုနေသလောက်၊ အချိန်တန်လို့သားသမီးပြန်မရောက်ခဲ့ရင်ဖယောက်ယက်ခတ်လှုပ်ရှားပြီး နေမရထိုင်မရသောကများပါဒနဲ့ စိတ်ပူနေရတာလဲ မိခင်ပဲဖြစ်ပါတယ်။ နောက်ဆုံးတော့ မိခင်ခမျာ မနေသာတော့ပဲ သားသမီးကိုဟိုရှာဒီရှာလိုက်ရှာရပါတော့တယ်။ တွေ့ပြန်တော့လည်းရိုက်ဖို့ မဆိုထားနဲ့လက်ဖျားနဲ့တောင်မတို့တော့ပဲ ချော့ကာမော့ကာပြန်ခေါ်ခဲ့ရှာပါတယ်။ အိမ်ရောက်တာနဲ့ချက်ထားတဲ့ထမင်းဟင်းမုန့်ပဲသွားရည်စာကိုချကျွေးပြီး "သားကလိမ္မာပါတယ်ကွယ်၊ သားလိမ္မာမှမေမေစိတ်ချမ်းသာမှာပေါ့၊ နောက်ဒီလိုထွက်မသွားရဘူးနော်"ဆိုပြီး မေတ္တာဂရုဏာ၊ မုဒိတာနဲ့ဆုံးမတတ်ရှာတာလည်း "အမေ"ပဲဖြစ်ပါတယ်။

## ဗြဟ္မာနဲ့တူသဲ့မိဘ

မိဘနှစ်ပါးဟာ ဗြဟ္မာကြီးနဲ့တူတယ်လို့ ဗုဒ္ဓမြတ်စွာက ညွှန်ပြဟောကြားတော်မူခဲ့ပါတယ်။

ဗြဟ္မာကြီးတွေဟာ မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ဗြဟ္မာစိုရ်တရားလေးပါးကိုသာ အမြဲပွားများနေတတ်သလို မိခင်ဖခင်တို့ဟာလည်း ဗြဟ္မာစိုရ်တရားလေးပါးကို သားသမီးအပေါ်မှာ အမြဲပွားများကြပါတယ်။

ဗြဟ္မာစိုရ်တရားလေးပါးမှာ မေတ္တာဆိုတာ အကျိုးစီးပွားကိုလိုလားခြင်း။ ချစ်ခင်နှစ်သက်ခြင်းဖြစ်ပြီး သူငါမခွဲခြား တသားတည်းချစ်ခင်ခြင်းကိုဆိုလိုပါတယ်။ အားလုံးအပေါ်အကျိုးလိုလားတာပဲ ဖြစ်ပါတယ်။

ဂရုဏာဆိုတာဆင်းရဲဒုက္ခရောက်နေတဲ့သားသမီးကို မြင်ရရင်သနားကြင်နာမှုအပြည့်နဲ့ သူ့ကိုဆင်းရဲဒုက္ခထဲကကယ်တင်လိုပါတယ်။ လွတ်မြောက်စေလိုပါတယ်။

မုဒိတာဆိုတာကတော့ သားသမီးတွေချမ်းသာကြွယ်ဝရင်

မိမိထက်သာလွန်ရင် မနာလိုဝန်တိုမဖြစ်ရုံမက ဝမ်းမြောက်ဂုဏ်ယူကြည်ဖြူနေရှာပါတယ်။

ဥပေက္ခာမှာတော့ သားသမီးများဆုံးမလို့မရရင် မိုက်တွင်းနက်နေရင် မတတ်သာတော့လို့ လက်မှိုင်ချပြီး ဥပေက္ခာပြုရတာမျိုးဖြစ်ပါတယ်။ ဒါပေမယ့် ဥပေက္ခာတရားဆိုတာတော့ ဗြဟ္မစိုရ်တရားလေးပါးထဲမှာ ပုထုဇဉ်တွေအဖို့ ပြုနိုင်ခဲတဲ့တရားပါပဲ။

မိခင်ဖခင်ဆိုတာ သားသမီးအပေါ်မှာ ဘယ်တော့မှမေတ္တာပျက်ရိုးထုံးစံမရှိပါဘူး။ ပိုလို့ပိုလို့သာချစ်၍ချစ်၍လာတတ်ကြပါတယ်။ မိမိအပေါ် စွန့်ခွာသွားတဲ့သားသမီးတွေအပေါ်မှာတောင် မေတ္တာမပျက် ဥပေက္ခာဖက်လဲသေးကင်းရန်ကင်း။ အန္တရာယ်ကင်းစေဖို့ ကျန်းမာချမ်းလိုရာဆန္ဒပြည့်မြောက်စေဖို့သာ တောင့်တဆန္ဒရှိကြပါတယ်။ ဒါကြောင့်လည်းသားသမီးတွေအပေါ် ပစ်တင်ပိုင်ခွင့်ခြင်းမရှိတဲ့ မိဘတွေကိုဗြဟ္မာကြီးနဲ့တူကြောင်း မြတ်စွာဘုရားကဟောကြားခဲ့တာဖြစ်ပါတယ်။

## မိဘနှစ်ပါးလုပ်ကျွေးပြုစုပါ

"ရဟန်းတို့မိမိမှာရှိနေတဲ့ ကြောင်း စည်းစိမ်ကိုမိဘတို့အားအပ်နှင်းပြီးကျေးဇူးဆပ်သော်လည်း ကောင်းစွာကျေးဇူးဆပ်သည်မမည်။"

ဗုဒ္ဓ

မိခင်ဖခင်တို့ရဲ့ ကျေးဇူးဟာကြီးမားလွန်းလှတဲ့အတွက် ကြောင်းစည်းစိမ်ကိုစွန့်ပြီး ကျေးဇူးဆပ်ဦးတော့မကုန်နိုင်ပါဘူး။

ရှင်သာရိပုတ္တရာရဲ့ မယ်တော်ဟာအလျှုံခံပုဂ္ဂိုလ်တွေအပေါ်ပြစ်မှားမိလို့ ဝေမာနိကပြိတ္တာဘဝကို ကျရောက်ခဲ့ရပါတယ်။ အလွန်အရှပ်ဆိုးပြီး လူတို့ရဲ့အညစ်ကြေးဖြစ်တဲ့ ကျပ်ကြီးကျင်ငယ်နှပ်တံတွေးတို့ကိုသာသုံးဆောင်ရရှာပါတယ်။ ဒါကြောင့်ငါးခုမြောက်ဘဝကသား





ဖြစ်ခဲ့တဲ့ရှင်သာရိပုတ္တရာကိုအကူအညီတောင်းခဲ့ပါတယ်။ ရှင်သာရိပုတ္တရာက မိမ္ဗိသာရမင်းကြီးကိုအကျိုးအကြောင်းပြောပြပြီး အလှူဒါနပြုစေကာရေစက်သွန်းချအမျှဝေစေခဲ့ပါတယ်။ ပြိတ္တာမကြီးဟာ အဲဒီကောင်းမှုကို "သာဓု" ခေါ်ခဲ့လို့ ပြိတ္တာဘဝကလွတ်မြောက်ပြီး နတ်ပြည်ကိုရောက်ခဲ့ပါတယ်။ နောက်တစ်နေ့မှာပဲ သူဟာနတ်စည်းစိမ်ခံစားနေရပြီဖြစ်ကြောင်း ကိုယ်ထင်ပြလျှောက်ထားခဲ့ပါတယ်။

ရှင်သာရိပုတ္တရာရဲ့ ကျေးဇူးသိမှုကြောင့် ဘဝဟောင်းကမိခင်ကြီးပြိတ္တာဘဝကလွတ်မြောက်ခဲ့ပါတယ်။ ဒါတင်မက ရှင်သာရိပုတ္တရာဟာလက်ရှိဘဝက မယ်တော်ကိုလည်း မိမိပရိနိဗ္ဗာန်မစံမီသွေးအန်ရောဂါခံစားနေရင်းက တရားဓမ္မဟောပြောမှုကြောင့်သောတာပန်အရိယာဖြစ်ပြီး အပါယ်ငရဲကချမ်းသာရာရခဲ့ပါတယ်။

အလောင်းတော်သုဝဏ္ဏသာမဟာလည်း မျက်မမြင်မိအိုဖအိုကိုလုပ်ကျွေးခဲ့ပါတယ်။ ရင်ဝမှာ မြားတန်းလန်းနဲ့သေရမယ့်ဝေဒနာခံစားနေရတာတောင် သေဘေးထက်ပိုပြီးမိဘကိုဒုက္ခရောက်မှာစိုးရိမ်တာကြောင့် သမ္မဒေဝနတ်ကောင်းနတ်မြတ်တို့က မစခဲ့တဲ့အတွက်မိမိလည်းအသက်ချမ်းသာ၊ မိဘများလည်းမျက်စိ နှစ်ကွင်းအလင်းရခဲ့ဖူးပါတယ်။

ဘုရားအလောင်းမာတုပေါသက ဆင်မင်းဘဝကလည်း မိခင် မျက်မမြင်ဆင်မကြီးကိုလုပ်ကျွေးပြုစုနေခဲ့ပါတယ်။ ဘုရားအလောင်းတော်ကေသာရကျေးမင်းဘဝကလည်း မိခင်ဖခင်ကိုလုပ်ကျွေးခဲ့လို့ အနှောင်အဖွဲ့ကလွတ်မြောက်ခဲ့ဖူးပါတယ်။ မိခင်ဖခင်ကိုကျေးဇူးဆပ်ခြင်းဟာချမ်းသာခြင်းကိုဆောင်ကျဉ်းလာပါတယ်။

မိခင်ဖခင်ကိုကျေးဇူးဆပ်ခြင်းဟာ ထေရ်ရဝါဒဗုဒ္ဓဘာသာရဲ့ အနှစ်သာရလည်း ဖြစ်ပါတယ်။ သူတော်ကောင်းတို့ရဲ့ ကျင့်ကြံအားထုတ်အပ်တဲ့တရားလည်း ဖြစ်ပါတယ်။

"ရဟန်းတို့ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊ ရှင်ရဟန်း၊ ရှင်သာမဏေပြုခြင်း၊ မိခင်ဖခင်တို့ကို လုပ်ကျွေးခြင်းဟူသော ဤတရားသုံးပါးတို့ကို သူတော်ကောင်းပညာရှိတို့က ကောင်းမြတ်၏ ဟုဆိုကုန်၏"

(အင်္ဂုတ္တရ၊ တိက၊ မဏ္ဍိတပညတ္တသုတ်)

မိခင်ဖခင်တို့အပေါ် ကောင်းမွန်စွာကျင့်သုံးခြင်းသည် ချမ်းသာခြင်း၏အကြောင်း ဖြစ်သည်။

(ဓမ္မပဒ၊ နဂဝဂ်၊ မာရဝတ္ထု)

မိဘတို့ကိုပြုစုကျွေးခြင်းသည် ကြီးမွားချမ်းသာကြောင်း မင်္ဂလာဖြစ်သည်။

(ခုဒ္ဒကပါဠိ မင်္ဂလသုတ်)

မိဘတို့၏အဆုံးအမကိုလိုက်နာ၍ မိဘတို့ကိုပြုစုလုပ်ကျွေးသောမိဘတို့၏ မျိုးရိုးဂုဏ်သိက္ခာကိုမြှင့်တင်ပေးသော သဒ္ဓါသီလနှင့် ပြည့်စုံသောသားသမီးကိုချီးမွမ်းအပ်၏။

(အင်္ဂုတ္တရ၊ ပဉ္စက၊ ပုတ္တသုတ်)

မိဘတို့ကို ပြုစုလုပ်ကေးရာမှာ ကျေးဇူးဆပ်ရာမှာ ဒါန ကုသိုလ်နည်းသောမိဘကို ငွေကြေးစွာပေးကမ်းခြင်းလှူဖွယ်ဝတ္ထု တို့ကို စီမံပေးပြီး လှူဒါန်းစေခြင်း၊ ဘုရားဝတ်မပျက်အောင် ကူညီပေးခြင်းတို့ဖြစ်ပါတယ်။

အသိပညာနည်းပါးတဲ့မိဘတွေကို သဒ္ဓါ သီလ၊ စာဂပညာ လေးဖြာသောသူတော်ကောင်းတရားတို့ကို မိဘတို့ရဲ့ ခန္ဓာမှာ တည်ဆောက်ဆောင်ရွက်ပေးခြင်းဟာ လက်ရှိဘဝအတွက်သာမက နောင်ဘဝသံသရာအဆက်ဆက်အတွက်ပါ အကျေးဇူးများလှပါတယ်။ အကောင်းဆုံးကျေးဇူးဆပ်နည်းလဖြစ်ပါတယ်။ မြတ်စွာဘုရားသခင်





ကိုယ်တော်မြတ်ကြီးကိုယ်တိုင်တောင်ဝါတွင်းသုံးလပတ်လုံး တရားဟောကြား မိခင်ရဲ့ကျေးဇူးကိုဆပ်ခဲ့ပါတယ်။ မယ်တော်ရင်းနတ်ရွာစံပြီးတဲ့နောက်နို့ချိုတိုက်ကျွေးစောင့်ရှောက်ခဲ့တဲ့ မိထွေးတော်ဂေါတမီကိုလည်းရဟန္တာထေရီမကြီးဖြစ်အောင် တရားဓမ္မဟောပြပြီး ကျေးဇူးဆပ်ခဲ့ပါတယ်။

ဒါ့ကြောင့်ကျေးဇူးတရားအလွန်ကြီးမားလှပြီး ဘုရားနဲ့တစ်ဂိုဏ်းထဲထားရတဲ့ အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိဘနှစ်ပါးကိုမသေခင်မှာမပျက်မကွက် လုပ်ကျွေးပြုစုခြင်းဟာ ချမ်းသာကြွယ်ဝခြင်းကိုဖြစ်စေတဲ့ "မင်္ဂလာ" တရားဖြစ်ပါတယ်။

မိဘအပေါ်ရှိသေသူ၊ လုပ်ကျွေးပြုစုသူကို လူလူခြင်းမဆိုထားနဲ့ နတ်ကောင်းနတ်မြတ်များအားကတောင် ဂါရဝပြုချစ်ခင်ကြပါတယ်။ မိဘနှစ်ပါးအပေါ်မှာ မိမိကလုပ်မကျွေးပြုစု နိုင်တဲ့အခွင့်အရေးရှိပါလျက်နဲ့ မသိကျိုးကျွင်ပြုကာ၊ မျက်နှာလွှဲတာ၊ တာဝန်မယူပဲခေါင်းရှောင်တာဟာ သားသမီးအနေနဲ့ကြီးမားတဲ့ဝတ္တရားပျက်ကွက်မှုကြီး ဖြစ်ပါတယ်။ ဝတ္တရားပျက်ခြင်းဟာ မင်္ဂလာပျက်ခြင်းပါပဲ မင်္ဂလာပျက်တာနဲ့ ပျက်စီးဆုတ်ယုတ်ခြင်းကိုဖြစ်ပေါ်စေမှာ အပြစ်သင့်မှာအမှန်ပါပဲ။

မိဘနှစ်ပါးအပေါ်လုပ်ကျွေးပြုစုနိုင်ပါလျက်နဲ့ အိုမင်းမစွမ်းဖြစ်နေတဲ့မိခင်ဖခင်အပေါ်မကြည့်ရှု မထောက်ပံ့ပဲ၊ ပြုပြင်စွာပစ်ပယ်ထားခြင်းဟာလူလူခြင်းကဲ့ရဲ့ရှုတ်ချစရာဖြစ်ပါတယ်။ လူမကြည့်သိ နတ်မကြည့်သိနိုင်တဲ့ဘဝမှာ ရှေးကကုသိုလ်ကောင်းမှု ဘယ်လောက်ပဲအထောက်အပံ့ကောင်းကောင်းကြီးမွား သင့်သလောက်မကြီးမွားပဲ ဖြစ်တတ်ပါတယ်။ အရှိန်လျော့ပြီး လျော့တိလျော့ရဲ့အကျိုးပေးနည်းတတ်ပါတယ်။ ဝသလသုတ်မှာမိဘကို မလုပ်ကျွေးသူဟာသူယုတ်မာလို့ဆိုပါတယ်။

ရုပ်ဝတ္ထုငွေကြေး၊ စီးပွားရေးအရမိမိကိုယ်တိုင်ကချို့ငဲ့လို့ မထောက်ပံ့မကျွေးမွေးနိုင်ဦးတော့ မိဘရဲ့ဂုဏ်ကျေးဇူးကိုသိရှိနေရပါတယ်။ စိတ်ထဲကချစ်ခင်ရိုသေပြီး ဝတ်ကြီးဝတ်ငယ်ပြုရပါမယ်။ ကိုယ်နဲ့ရိုသေခြင်း၊ နှုတ်နဲ့ရိုသေခြင်းရှိရပါမယ်။

မိမိကငွေကြေးသင့်တင့်လို့ ထောက်ပံ့ကူညီပါရဲ့ ကျွေးမွေးစောင့်ရှောက်မှုတော့ပြုပါရဲ့။ ဒါပေမယ့် မိဘအပေါ်မှာ မရိုမသေမလေးမစား၊ မခန့်မညားပြုလုပ်တာ၊ အော်ဟစ်ကြိမ်းမောင်းတာ၊ နှုန်လှန်ထိုးတာတွေပြုနေရင်တကယ်စစ်မှန်တဲ့လုပ်ကျွေး ပြုစုမှုမဟုတ်တော့ပါဘူး။ မိဘအပေါ်မှာ ကိုယ်နှုတ်နှလုံးသုံးပါးစလုံးရိုသေလေးမြတ်တန်ဘိုးထားတတ်ရပါတယ်။

မိအိုဖအိုကိုလုပ်ကျွေးပြုစုတဲ့သူ၊ မိဘနှစ်ပါးကိုရိုသေလေးမြတ်တဲ့လူ၊ အနန္တောအနန္တငါးပါးကို မှီခိုရာ၊ ကိုးကွယ်ရာအဖြစ်ထားတဲ့ သူဆိုတာဘယ်တော့မှမနစ်မွန်းပါဘူး။ မိဘလုပ်ကျွေးတဲ့သူဟာ ဆင်းရဲရင်တောင်မှပဲ အောက်ကျနောက်ကျမဆင်းရဲနိုင်ပါဘူး။ ကုသိုလ်ကံအကြောင်းမသင့်လို့ ဆင်းရဲလဲမျက်နှာမငယ်ရပါဘူး။ လူရိုသေ၊ နတ်ရိုသေတဲ့လူပီသတဲ့လူ ဖြစ်နေတာမို့ တစ်နေ့နေ့တစ်ချိန်ချိန်မှာကောင်းမှုကြီးပွားချမ်းသာလာမှာ အသေအချာပဲဖြစ်ပါတယ်။ မိဘလုပ်ကျွေးတဲ့သားသမီးဟာ ဘယ်တော့မှ ရေရှည်မဆင်းရဲဘူး ဆိုတာ မျက်မှောက်လောကထဲမှာလည်း ရှာကြည့်ရင်အမြောက်အများတွေ့နိုင်ပါလိမ့်မယ်။





# လှည့်ဖျားလိမ်ညာမပြုပါနှင့်

ရဟန်းသံဃာတွေအပေါ် သူတော်စင်တွေအပေါ်လှည့်ဖျားခြင်းကို ပျက်ဆီးဆုတ်ယုတ်စေခြင်းရဲ့အကြောင်းတရားအဖြစ် မြတ်စွာဗုဒ္ဓက ဟောကြားခဲ့ပါတယ်။ ရဟန်းသံဃာတွေ သူတော်စင်တွေမှလား မဟုတ်ပါဘူး။ ဘဝကံနည်းပါးလို့ ဆင်းရဲချို့တဲ့သူတွေ အကူအညီတောင်းခံသူတွေ၊ ဒါမှမဟုတ် တောင်းရမ်းစားသောက်သူတွေက အစ လှည့်ဖျားလိမ်ညာခြင်းမပြုအပ်ပါဘူး။ အယုတ်အလတ်အမြတ်မရွေး လူလူခြင်း။ လှည့်ပတ်ခြင်းကင်းရှင်းဖို့လိုပါတယ်။ အထူးသဖြင့် ရဟန်းသံဃာတွေအပေါ် သူတော်စင်တွေအပေါ်လှည့်ဖျား လိမ်ညာတာမျိုးကတော့ ပိုလို့တောင်မလုပ်သင့်တဲ့ နည်းနည်းမှမလုပ်သင့် မလုပ်အပ်တဲ့ရှောင်ကြဉ်ရမယ့်တရားဖြစ်ပါတယ်။ ရဟန်းဖြစ်စေ၊ ကိလေသာနည်းပါးတဲ့ သူတော်စင်တွေဖြစ်စေ၊ လေးမျက်နှာလေးရပ်က လာသမျှအလှူခံပုဂ္ဂိုလ်တွေကို လိမ်လည်လှည့်ဖျားခြင်းဟာ အင်မတန်အပြစ်ကြီးပါတယ်။

လှူတယ်တန်းတယ်၊ ပေးကမ်းစွန့်ကြဲတယ် ကူညီထောက်ပံ့တယ်ဆိုတာမှန်သမျှဟာ အလှူဒါနပြုခြင်းတွေချည်းပါပဲ။ အလှူအတန်းပြုခြင်းဒါနပြုခြင်းဟာ မင်္ဂလာဖြစ်ပါတယ်။ ချမ်းသာကြွယ်ဝစေတဲ့အကျင့်စရိုက်လက္ခဏာဖြစ်ပါတယ်။ ရဟန်းသံဃာတွေ၊ သူတော်စင်တွေ အလှူခံပုဂ္ဂိုလ်တွေလာတဲ့အခါ လှူနိုင်တန်းနိုင်လျက်နဲ့ မလှူချင်မတန်းချင်လို့ လိမ်လည်လှည့်စားလိုက်ခြင်းဟာ တကယ့်ကိုကောက်ကျစ်စဉ်းလဲရာကျပါတယ်။ ဘယ်နေ့ဘယ်ရက် ဘယ်အချိန်ဘယ်အခါမှာ ဘယ်လိုပစ္စည်းမျိုးလှူပါမယ်လို့ကတိဝန်ခံပြီး မလှူပဲနေခြင်းတာလည်း လိမ်လည်လှည့်ဖျားရောက်ပါတယ်။ တောင်းရမ်းစားသောက်သူကိုတောင်မှ လှည့်ဖျားလိမ်ညာမှု မပြုအပ်ဖူးလို့ဆိုတဲ့အတွက်တောင်းရမ်းစားသောက်သူမဟုတ်တဲ့ မြင့်မြတ်စင်ကြယ်တဲ့





အလှူခံပုဂ္ဂိုလ်တွေ၊ ရဟန်းသံဃာတွေ၊ သီလစင်ကြယ်သူတွေအပေါ်သာလို့တောင်လှည့်ဖျားလိမ်ညာမှု မပြုသင့်ပါဘူး။

အရပ်ထဲမှာမကြာခဏတွေ့ရတဲ့ မြင်ကွင်းတွေရှိပါတယ်။ အလှူခံပုဂ္ဂိုလ်ကြွရောက်လာတဲ့အခါ “လူကြီးတွေမရှိသေးလို့ကန်တော့ပါရဲ့” “အိမ်ရှင်တွေမရှိလို့ကန်တော့ပါရဲ့” “အကြွေမရှိသေးလို့ကန်တော့ပါရဲ့”ဆိုတဲ့စကားသံတွေပါပဲ။ အလှူခံသူက လူကြီးတွေရှိမှလှူပါလို့ အလှူခံတာမဟုတ်တဲ့အတွက် လူကြီးတွေမရှိသေးလို့ဆိုတဲ့ စကားဟာ လိမ်ညာလှည့်ဖျားရာရောက်နေပါတယ်။ လူကြီးတွေမရှိသေးလို့ဆိုတဲ့လူကိုကြည့်ပြန်တော့လည်း အလုပ်မလုပ်နိုင်သေးတဲ့၊ ငွေမကိုင်ရသေးတဲ့ သူငယ်နှပ်စားကလေးအရွယ်တွေမဟုတ်ကြပါဘူး။ လင်ယူသားမွေးအိမ်ထောင်ထိန်းနေတဲ့အိမ်ထောင်သည်မရွယ်တွေဖြစ်နေပါတယ်။ “အိမ်ရှင်တွေမရှိသေးလို့ကန်တော့ပါရဲ့”ဆိုတာလည်းတယ်ပြီးနားဝင်မချိုလှပါဘူး။ အလှူခံပုဂ္ဂိုလ်က အိမ်ရှင်ရယ်ညည့်သည်ရယ်ခွဲခြားပြီး အလှူခံတာမှမဟုတ်ပေပဲ။ လူမျိုးတစ်ရာ့တစ်ပါးဆီက အလှူခံနေကြတဲ့ပုဂ္ဂိုလ်တွေပဲမဟုတ်လား။ မတတ်နိုင်လို့တကယ်မရှိလို့မလှူနိုင်ရင် “ကန်တော့ပါ သေးရဲ့” ဆိုတာနဲ့တင်လုံလောက်ပါတယ်။ အကြွေမရှိသေးလို့ဆိုတာကတော့ သိပ်ကိုတန်ဖိုးနည်းပြီးအောက်တန်းကျလွန်းအားကြီးတတ်ပါတယ်။ လှူတယ်တန်းတယ်ဆိုတာ မြင့်မြတ်တဲ့ပစ္စည်း၊ သန့်ရှင်းစင်ကြယ်တဲ့ပစ္စည်းမျိုးမှ ပိုပြီးမွန်မြတ်ပါတယ်။ တစ်ချို့ဆိုရင်ပညာမတတ်၊ မချမ်းသာပေမယ့် ရှိရုမယ့်စုငွေကလေးထဲက ငါးဆယ်တန်အသစ်ကလေးတွေတစ်ရာတန်အသစ်ကလေးတွေများ ကိုင်ရလို့ရှိရင် မသုံးရက်မခွဲရက်ကြပါဘူး။ ဘုန်းကြီးလှူမယ့်ဘုရားလှူမယ်ဆိုပြီး အမြတ်တနိုး အမွန်အမြတ်ထားပြီး သိမ်းဆည်းထားလေ့ရှိပါတယ်။

အဲဒါဟာ စေတနာပါပဲ။ မရှိပေမယ့်ဆင်းရဲပေမယ့် ပညာမတတ်ပေမယ့်မြတ်နိုးဖွယ်ရာထူးထူးခြားခြားစားစရာ၊ သောက်စရာလေးတွေတွေ့ရင်လှူချင်တန်းချင်ကြပါတယ်။ တစ်ချို့ကျတော့ သူတောင်းစားစွန့်မယ့်ငွေစက္ကူတောင်နွမ်းပပ်နေတာလေးတွေ၊ စုတ်ပြဲနေတာမျိုးတွေဟာထေးတာတွေကိုစွန့်ကြလေ့ရှိပါတယ်။

ကြည့်စမ်းပါဦး။

ငွေစက္ကူခြင်းအတူတူတောင်မှ အသစ်လေး၊ လတ်လတ်ဆတ်ဆတ်ကလေးကိုသိမ်းချင်ထားချင်ကြပြီး အနွမ်းအစုတ်သုံးရမရမသေချာတာမျိုးမှ ပေးချင်ကမ်းချင်လှူဒါန်းချင်တဲ့စေတနာဟာသန့်စင်တယ်လို့ဆိုနိုင်ပါ့မလား။ စိတ်ရင်းမမှန်စေတနာမမှန်ရင်အကျိုးပေးလဲမမှန်တတ်ပါဘူး။ စိတ်ရင်းစေတနာထက်သန်မှ အကျိုးပေးသန်ပါလိမ့်မယ်။ ထမင်းနဲ့အိုးကွဲလို့ ရှေ့စည်းခုံလှူတာမျိုး၊ မကောင်းကျောင်းပို့တာမျိုး၊ လွှင့်ပစ်ရမယ့်အတူတူ သူများပေးလိုက်တာကုသိုလ်ရပါတယ်ဆိုတာမျိုးဟာ ယုတ်ညံ့သိမ်ဖျင်းတဲ့ လူ့စိတ်ရဲ့ဖော်ပြချက်တွေဖြစ်ပါတယ်။ ကိုယ်မသုံးချင်တဲ့ပစ္စည်းမို့လှူတာ၊ ကိုယ်မလိုချင်တဲ့ပစ္စည်းမှပေးတာကမ်းတာဟာ စေတနာစစ်စေတနာမှန်လို့မဆိုသာပါဘူး။ ကိုယ်မြတ်နိုးတဲ့ပစ္စည်း၊ ကိုယ်နှစ်သက်သဘောကျတဲ့ပစ္စည်း၊ ကိုယ်တိုင်တန်ဖိုးထားတဲ့ပစ္စည်းမျိုးကို ကိုယ့်လိုပဲမြတ်နိုးပါစေ၊ နှစ်သက်နိုင်ပါစေ၊ သုံးဆောင်ပါစေဆိုတဲ့ စေတနာဆိုတဲ့ စေတနာမျိုးနဲ့လှူမှ ပေးမှစွန့်ကြမှ မှန်ကန်တဲ့စေတနာ မှန်ကန်တဲ့အလှူမှန်ကန်တဲ့ဒါနမြောက်ပါလိမ့်မယ်။

လှူဒါန်းခြင်း၊ ပေးကမ်းစွန့်ကြခြင်းဆိုတာ ချမ်းသာခြင်းတ





ရားရဲ့မျိုးစေ့တွေဖြစ်ပါတယ်။ လူဆိုတာ လူလားမြောက်ကတည်းကမိမိဘဝရပ်တည်နိုင်မာရေးအတွက် အလုပ်အမျိုးမျိုးလုပ်ကိုင်ရှာဖွေစားသောက်ကြရပါတယ်။ မိမိတို့ကိုယ်တိုင် ကိုယ်အားဉာဏ်အားနဲ့လုံ့လဝီရိယစိုက်ထုတ်ရှာဖွေသိုမှီးထားသမျှကို ရဟန်းသံဃာတွေအပေါ်ပဲဖြစ်ဖြစ် မြင့်မြတ်တဲ့အလှူခံပုဂ္ဂိုလ်ကိုပဲဖြစ်ဖြစ်၊ တောင်းရမ်းသူကိုပဲဖြစ်ဖြစ် လှူချင်မှလှူ၊ ပေးချင်မှပေးရတာဖြစ်ပါတယ်။ အလှူခံပုဂ္ဂိုလ်ဆိုတာ သူတစ်ပါးပိုင်တဲ့ပစ္စည်းကို မရ ရအောင်နည်းအမျိုးမျိုးနဲ့ကြံဖန်လှည့်စားယူငင်သူ၊ ခြိမ်းခြောက်ကြိမ်းမောင်းယူငင်သူ၊ အနိုင့်အထက်နည်းနဲ့မပေးချင်လို့မနေနိုင်အောင်လုပ်ဆောင်သူတွေ မဟုတ်ကြပါဘူး။ ဒါပေမယ့် လှူဒါန်းစွန့်ကြလိုသူတွေအဖို့တော့ လောကီ-လောကုတ္တရာနှစ်ပြာအကျိုးအတွက် ပစ္စုပ္ပန်သံသရာအတွက် အလျှင်းသင့်သလိုပေးကမ်းလှူဒါန်းကြစမြဲဖြစ်ပါတယ်။ ဒီနေရာမှာ အလှူခံပုဂ္ဂိုလ်ရဲ့စင်ကြယ်မှုအလျောက် အကျိုးကျေးဇူးကြီးနိုင်ပါတယ်။ ရဟန်းသံဃာတွေအပေါ် လှူဒါန်းရတဲ့အကျိုးဟာ ပစ္စုပ္ပန်မှာရောသံသရာအတွက်ပါ အလွန်ပဲအကျိုးများပါတယ်။ ရဟန်းသံဃာမဟုတ်တဲ့မြင့်မြတ်တဲ့ပုဂ္ဂိုလ်ဆိုတာလည်းရှိပါတယ်။ ဘုရားလက်ထက်ကဒီလိုအလှူခံပုဂ္ဂိုလ်မျိုးကို ဗြဟ္မဏာလို့ခေါ်ပါတယ်။ အဲဒီဗြဟ္မဏာတွေဟာ

(၁) ကိုယ်နှုတ်နှလုံးကိုစောင့်ထိန်းကြပါတယ်။

(၂) မြဲမြံတဲ့ကိုယ့်ကျင့်တရားနဲ့လည်း ပြည့်စုံကြပါတယ်။

(၃) ကာစဂုဏ်ငါးပါးကိုပတ်သက်ပြီး နတ်ပြည်ဗြဟ္မပြည်ကိုရောက်လိုကြတဲ့အတွက် အားထုတ်ကြိုးပမ်းနေသူတွေလည်း ဖြစ်ပါတယ်။

(၄) ရွှေ-ငွေ-ဥစ္စာအသပြာကိုရော ဆန်စပါးစတဲ့စားနပ်ရိက္ခာပါ အပိုအလျှံသိုလှောင်သိမ်းဆည်းထားခြင်းမရှိကြပါဘူး။

(၅) ဂါထာမန္တန်တွေကိုရွတ်ဖတ်သရဇ္ဈာယ်ခြင်းနဲ့မြတ်သောအကျင့်ကို ကျင့်ကြံအားထုတ်ကြသူတွေ ဖြစ်ပါတယ်။

အလှူခံပုဂ္ဂိုလ်အမျိုးမျိုးရှိသလို လှူဒါန်းသူပုဂ္ဂိုလ်လည်းအမျိုးမျိုးရှိပါတယ်။ အထူးသဖြင့် သုံးမျိုးသုံးစားခွဲခြားလို့ရပါတယ်။

မရွာတဲ့မိုးနဲ့တူတဲ့လူ
ကွက်ကျားမိုးနဲ့တူတဲ့လူ
အနှံ့အပြားရွာတဲ့မိုးနဲ့တူတဲ့လူ

မရွာတဲ့မိုးနဲ့တူတဲ့လူကတော့ ရဟန်းသံဃာတွေကိုလည်း လှူဒါန်းခြင်းမရှိ၊ လူပုဂ္ဂိုလ်တွေကိုလည်း လှူဒါန်းခြင်းမရှိ။ သူတောင်းစားစကားတွေကိုလည်း စွန့်ကြဲပေးကမ်းခြင်းမရှိ။ ဘယ်လိုပုဂ္ဂိုလ်ဘယ်လိုအလှူခံမျိုးကိုမှ ပေးကမ်းစွန့်ကြဲခြင်းမရှိတဲ့အတွက် လုံးဝမရွာမိုးနဲ့တူပါတယ်။

ကွက်ကျားမိုးနဲ့တူတဲ့လူကတော့ ရဟန်းသံဃာတွေ၊ ကြည်ညိုတဲ့သူတော်စင်တစ်ချို့တစ်လေကိုပဲ လှူဒါန်းလေ့ရှိပြီး တစ်ချို့အလှူခံတွေကိုတော့ ပေးကမ်းလှူဒါန်းလေ့မရှိပါဘူး။ ဒါ့ကြောင့် ဒီလိုအလှူရှင်မျိုးကို ကွက်ကျားမိုးနဲ့တူတဲ့လူလို့ဆိုပါတယ်။

အနှံ့အပြားရွာတဲ့မိုးနဲ့တူတဲ့လူကတော့ ရဟန်းသံဃာမှစပြီး အကူအညီတောင်းခံလာသူ၊ တောင်းရမ်းစားသောက်သူပါမကျန် အလှူခံမှန်သမျှတို့အပေါ်မဆုတ်မရွံ့ပေးကမ်းလှူဒါန်းလေ့ရှိပါတယ်။ ဒါ့ကြောင့်ဒီလိုလူမျိုးကို အနှံ့အပြားရွာတဲ့မိုးနဲ့တူတဲ့လူလို့ ဆိုရခြင်းဖြစ်ပါတယ်။





အလှူဒါနပြုတယ်ဆိုရာမှာ အယုတ်အလတ်အမြတ်မရွေး လှူနိုင်ရင်လှူနိုင်သလောက်အကျိုးကျေးဇူးရှိတာပါပဲ။ အလှူခံပုဂ္ဂိုလ်က သီလစင်ကြယ်ပြီး မြင့်မြတ်ရင်မြင့်မြတ်သလို ပိုမိုထူးကဲတဲ့အကျိုးကျေးဇူးတွေရရှိလာနိုင်ပါတယ်။ ဒါပေမယ့် မကောင်းမှုဒုစရိုက်သမားတွေ၊ မိစ္ဆာဒိဋ္ဌိတွေ၊ အယူအမြင်မှားတဲ့သူတွေကိုလှူဒါန်း ပေးကမ်းခြင်းကတော့အကျိုးမများဘူးလို့ မြတ်စွာဘုရားကိုယ်တိုင်ဟောကြားတော်မူခဲ့ပါတယ်။ သီလသမာဓိနဲ့ ပြည့်စုံတဲ့အလှူခံပုဂ္ဂိုလ်မျိုးကို ရွေးချယ်လှူဒါန်းသင့်တယ်လို့လည်း ဟောကြားတော်မူခဲ့ပါတယ်။

ဒီနေရာမှာ ပေးလှူသူပုဂ္ဂိုလ်ရဲ့စင်ကြယ်မှုနဲ့ အလှူပစ္စည်းစင်ကြယ်မှုရှိဖို့လည်း လိုပါတယ်။ အလှူဒါနပြုသူရဲ့ သီလစင်ကြယ်မှု၊ လှူဖွယ်ဝတ္ထုပစ္စည်းရဲ့စင်ကြယ်မှုကြောင့် စင်ကြယ်တဲ့ဒါနကိုဖြစ်စေပါတယ်။ စင်စင်ကြယ်ကြယ်နဲ့ရရှိလာတဲ့ပစ္စည်း၊ စင်ကြယ်တဲ့အလှူခံပုဂ္ဂိုလ်တို့ကြောင့် စင်ကြယ်တဲ့ဒါနဟာ အကျိုးထူးကိုပေးစေပါတယ်။ လျင်မြန်စေပါတယ်။ ဖွံ့ဖြိုးရှင်သန်စေပါတယ်။

အလှူခံပုဂ္ဂိုလ်ကမစင်ကြယ်ပေမယ့်လည်း ပေးလှူသူက စင်ကြယ်ရင်စင်ကြယ်တဲ့ဒါနဖြစ်မြောက်ပါတယ်။ ပေးလှူသူကမစင်ကြယ်ပေမယ့်အလှူခံပုဂ္ဂိုလ်ကလည်းသီလမစင်ကြယ်၊ လှူတဲ့ပုဂ္ဂိုလ်ကလည်း သီလမစင်ကြယ်ရင်တော့ မစင်ကြယ်တဲ့ဒါနဖြစ်တဲ့အတွက် အကျိုးပေးနဲပါတယ်။ ထိုက်တန်တဲ့အကျိုးမခံစားရပါဘူး။ နှစ်ဦးစလုံး သီလသမာဓိစင်ကြယ်ခဲ့ရင် အကျိုးပေးသန်မာပြီး မြန်ဆန်စွာ အကျိုးထူးစေပါတယ်။

ကံ ကံ၏အကျိုးကိုယုံကြည်ခြင်း၊ စေတနာသဒ္ဓါတရား ထက်သန်ခြင်းဟာလည်း ကောင်းကျိုးပေးမှုကို မြန်စေသန်စေပါ

တယ်။ အလှူခံပုဂ္ဂိုလ်က သီလသမာဓိပြည့်စုံခဲ့ရင် အလှူဒါနပြုသူရဲ့ လိုအင်ဆန္ဒတောင်းတမှုတွေ တောင်းဆုတွေကိုပြည့်ဝစေပြီး လူ့နတ် ချမ်းသာဘဝကိုရရှိခံစားစေပါတယ်။

သံဃာကိုအာရုံပြုပြီး ပေးလှူတတ်ခဲ့ရင် သာသနာတော် အပ ဒုဿီလဖြစ်ပေမယ့်လည်း သံဃာတော်အစစ်အမှန်တို့ကို အာရုံပြု ပြီးနှလုံးသွင်းလှူဒါန်းမှုကြောင့် အတိုင်းမသိမရှိတဲ့ အကျိုးကျေးဇူးကို ရရှိနိုင်ကြောင်း သံဃိကဒါနဖြစ်ကြောင်း ဟောတော်မူခဲ့ပါတယ်။ ဒါနကိုသံသရာရှည်စေတယ်ဆိုတာဟာ အသိအမြင်မစင်ကြယ်သူ၊ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းချို့တဲ့သူတစ်ချို့ရဲ့ မပြည့်ဝမှုစကားသာ ဖြစ်ပါတယ်။

ဒါနဟာမိမိပြုသလောက်ခံစားရရိုးဖြစ်ပါတယ်။ ဒါနနည်း နည်းပြုရင် နည်းနည်းအကျိုးခံစားရမယ်။ အတော်အတန်ပြုရင် အတော်အတန်ခံစားရမယ်။ ထူးထူးကဲကဲပြုရင် ထူးထူးကဲကဲခံစားရ မယ်ဆိုတာသေချာပါတယ်။

စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့ဟာ ထူးကဲတဲ့ဒါန အမှုကိုပြုနိုင်ခဲ့တဲ့အတွက် စတုမဟာရာဇ်တံစ်ခြားနတ်တွေထက် ဘုံမှာထူးကဲတဲ့အသက်၊ ရုပ်ဆင်းသဏ္ဍာန်၊ ချမ်းသာသုခ၊ အခြွေအရံ၊ အနံ့အရသာတို့ကို ခံစားရပါတယ်။ သိကြားမင်းဟာလည်း ထူးကဲသာ လွန်တဲ့ဒါနတ်တွေထက် ထူးကဲသာလွန်တဲ့ စည်းစိမ်ချမ်းသာ၊ အခြွေ အရအသင်းအပင်းနဲ့ အဆင်းအနံ့အရသာ ကောင်းကျိုးအပြားပြားကို ခံစားရပါတယ်။

ဒါနပြုဖို့ဝန်လေးကြောက်ရွံ့သူ၊ စွန့်ကြဲပေးကမ်းခြင်းမရှိတဲ့





လူ၊ မျှဝေသုံးစွဲဖို့နားမလည်တဲ့သူ၊ နှမျောတွန့်တိုတတ်သူဆိုတာ ချမ်း သာမှာကိုကြောက်တာနဲ့အတူတူပါပဲ။ ကောင်းမှုကုသိုလ်ကို အလိုရှိ တဲ့ယောကျ်ားကောင်းမှန်သမျှဟာ ဒါနကိုမဖြစ်မနေပြုရမှာသာ ဖြစ်ပါတယ်။

အလှူခံတို့အပေါ် လှူဒါန်းပါ့မယ်လို့ ဝန်ခံပြီးမှမပေးမလှူပဲ ထားတဲ့အကျိုးပေးအပြစ်ကြီးပုံကို မြတ်စွာဘုရားကခုလို ဟောကြားခဲ့ ပါတယ်။

"ချစ်သားသာရိပုတ္တရာ--

တစ်ချို့သောသူသည် သာမဏေကိုဖြစ်စေ၊ ရဟန်းကိုဖြစ်စေ၊ ရဟန္တာကိုဖြစ်စေ၊ ချဉ်းကပ်၍အရှင်ဘုရားပစ္စည်းလေးပါးကို အလိုရှိပါက မိန့်တော်မူပါဟူ၍ ဘိတ်ကြား၏။ အကြင်သူသည် အကြင်ပစ္စည်းဖြင့် ဘိတ်ကြားဝန်ခံ၏။ ထိုဝန်ခံသောပစ္စည်းကိုအလှူခံလာသောအခါ မပေးလှူပဲနေ၏။ ထိုသူသည် ထိုဘဝမှ စုတေသည်ရှိသော် လူ့ဘဝသို့ အကယ်၍ရောက်လာသည်ဖြစ်အံ့၊ ထိုသူသည်စီးပွားရေးကိုကြိုး ပမ်းအားထုတ်သော်လည်း ထိုသူသည် -ထိုသူ၏လုပ်ငန်းအကြံအစည် သည် မကြီးပွားပဲပျက်စီးဆုတ်ယုတ်ခြင်းသို့သာရောက်သည် ဖြစ်၏"တဲ့။

ဒါ့ကြောင့် အလှူခံပုဂ္ဂိုလ်တွေအပေါ်မှာ လှူပါ့မယ်၊ ပေးပါ့ မယ်လို့ကတိဝန်ခံပြီးမှ ကတိအတိုင်းမလှူဒါန်းမပေးကမ်းပဲနေခြင်းဟာ ပျက်ဆီးဆုတ်ယုတ်စေတတ်ပါတယ်။ ဒါ့ကြောင့် ပျက်ဆီးဆုတ်ယုတ် စေတဲ့အလှူခံပုဂ္ဂိုလ်တွေအပေါ်လှည့်ဖျားလိမ်ညာခြင်းမပြုပဲ၊ ကတိရှိရင် ကတိအတိုင်းပေးကမ်းလှူဒါန်းခြင်းဟာ ချမ်းသာကြီးပွားခြင်းအ ကြောင်းတရားဖြစ်ပြီး လူ-နတ်-နိဗ္ဗာန်ချမ်းသာသုခကိုခံစားနိုင်ပါ တယ်။

# အစားကောင်းစားရင် မိတ်ကောင်းတွေကို သတိရပါ





အစားကောင်းအသောက်ကောင်းတွေ စားရသောက်ရတဲ့ အခါမိတ်ကောင်းဆွေကောင်းတွေကို သတိရတတ်တာဟာ လူမှုရေး တာဝန်ကျေသူ၊ မိမိကိုယ်တိုင်က မိတ်ကောင်းဆွေကောင်းပီသသူ တွေရဲ့ပင်ကိုယ်စရိုက်လက္ခဏာပါ။ အိမ်မှာဟင်းကောင်းချက်ရင် ထူးထူးခြားခြား ဥပုသ်နေ့မို့ မွေးနေ့မို့ သားစာမေးပွဲအောင်လို့ ရာထူး တိုးလို့၊ ဆုလာဘ်ရလို့ ဆွမ်းကျွေးတာမျိုး။ မိသားစုပျော်ပျော်ပါးပါး မုန့်ဟင်းခါးလေးချက်၊ အုန်းနို့ခေါက်ဆွဲလေးချက်လို့ လက်ဆုံစားရတဲ့ အခါမျိုးတွေမှာ မိမိအပေါ်ကောင်းခဲ့တဲ့ မိမိရဲ့လုပ်ဖော်ကိုင်ဘက်တွေ၊ မိတ်ကောင်းဆွေကောင်းတွေ၊ သူငယ်ချင်းကောင်းတွေ၊ အိမ်နီးနားချင်း တွေကို ဝေငှခွဲခြမ်းပြီး မိတ်ကြားကျွေးမွေးသင့်ပါတယ်။

လင်သည်ယောကျ်ားတွေ၊ အိမ်ထောင်ဦးစီးတွေအဖို့တော့ လုပ်ငန်းခွင်ကမိတ်ဆွေတွေ၊ လုပ်ဖော်ကိုင်ဘက်တွေ၊ ပါတနာတွေနဲ့ အတူညှိခံပွဲတွေ မိတ်ဆုံပွဲတွေမှာ မကြာခနစားရသောက်ရမှာပါပဲ ဒီလိုအခါမျိုးမှာလည်း အိမ်သူသက်ထား ဇနီးမယားကိုသတိရသင့်ပါ တယ်။ မိဘရှိရင်၊ မိဘနဲ့အတူနေရင် မိဘနက်ပါးအတွက် စားကောင်း သောက်ဖွယ်လေးတွေကိုဝယ်ခြမ်းကျွေးမွေးသင့်ပါတယ်။ လင် ယောကျ်ားအပြင်ကပြန်လာတဲ့အခါ မျှော်နေမယ့်ဇနီးမယားအတွက် ဖခင်အိမ်ပြန်လာမှာမျှော်နေမယ့် သားငယ်သမီးငယ်တွေအတွက် သားသမီးအိမ်ပြန်ရောက်မှာမျှော်နေတဲ့ မိခင်ဖခင်အတွက် တတ်နိုင် သလောက်စားကောင်းသောက်ဖွယ်တွေကိုဝယ်ခြမ်းလာသင့်ပါတယ်။ မိမိမိသားစုရဲ့ စိတ်ချမ်းသာမှုပျော်ရွှင်မှုဟာ မိမိရဲ့စိတ်ချမ်းသာမှုပျော်ရွှင် မှုပဲဖြစ်ပါတယ်။

မိမိကောင်းစားတဲ့အခါ မိမိမှာရတနာရွှေငွေ စားရေးရိက္ခာ ပေါများကြွယ်ဝနေတဲ့အခါမျိုးမှာ မိမိရဲ့ကြွယ်ဝချမ်းသာမှုကိုခွဲဝေသုံးစွဲခြင်းဟာကြီးပွားချမ်းသာခြင်းရဲ့ အကြောင်းရင်းဖြစ်ပါတယ်။ မြတ်စွာဗုဒ္ဓက ပရာဘဝသုတ်မှာ ပျက်စီးခြင်းအကြောင်းတရားတွေကို ဟောပေမယ့်၊ ပျက်စီးခြင်းအကြောင်းတရားတွေရဲ့ ဆန့်ကျင်ဘက်အတိုင်း ကျင့်သုံးရင် ချမ်းသာကြွယ်ဝခြင်းနဲ့ ဘဝအောင်မြင်ခြင်းကိုရရှိမှာဖြစ်ပါတယ်။ ဘာမဆိုပြောင်းပြန်လုပ်ရင် ပြောင်းပြန်အကျိုးပေးပါတယ်။ ၃၈-ဖြာသောမင်္ဂလာတရားတွေကို လိုက်နာကျင့်ကြံရင် လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာကိုရနိုင်တယ်။ ပစ္စုပ္ပန်ချမ်းသာ သံသရာချမ်းသာကို ရနိုင်တယ်ဆိုတာသိရင် ၃၈-ဖြာမင်္ဂလာတရားတော်အတိုင်း လိုက်နာကျင့်ကြံခြင်းမရှိရင် ဆန့်ကျင်ဘက်အတိုင်းပြုမူကျင့်ကြံရင် ပျက်စီးဆုတ်ယုတ်လိမ့်မယ်ဆိုတာသိသာပါတယ်၊ ထို့နည်းအတိုင်းပါပဲ ပျက်စီးရာပျက်စီးကြောင်းတရားတွေဖြစ်တဲ့ အကျင့်စရိုက်တွေကို မကျင့်ကြံပဲ ဆန့်ကျင်ဘက်အတိုင်း ပြုမူနေထိုင်ပြောဆိုကျင့်ကြံမယ်ဆိုရင် ချမ်းသာခြင်းတရား ကြီးပွားအောင်မြင်ခြင်းတရားတွေဖြစ်လာပါလိမ့်မယ်။

မျှဝေစားသုံးခြင်းဆိုတာ ကမ္ဘာဦးလူ့ယဉ်ကျေးမှုဖြစ်ပါတယ်၊ ကမ္ဘာဦးလူသားတွေဟာ သားကောင်ရှာတော့လည်း အတူတူ၊ ရလာတဲ့သားကောင်ကို စားကြတော့လည်းအတူတူပါပဲ။ စိုက်ပျိုးကြတော့လည်းအတူတူ အသီးစားကြတော့လည်း အတူတူပါပဲ။ မိမိရရှိလာတဲ့လာဘ်လာဘကိုပဲဖြစ်ဖြစ်၊ စားစရာအသုံးအဆောင်ကိုပဲဖြစ်ဖြစ် လာဘ်ဦးလာဘဦး၊ စားဦးသောက်ဦးကိုရတနာသုံးပါးနဲ့တကွ၊ မိဘနဲ့





ဆရာသမားကိုဦးစားပေးကျွေးမွေးပြုစုသင့်ပါတယ်။ အပေါင်းအသင်းတွေနဲ့အတူမျှဝေစားသောက်သင့်ပါတယ်။

လူဆိုတာအဖွဲ့အစည်းနဲ့နေတတ်တဲ့သတ္တဝါပါ။ ကျေးငှက်တိရစ္ဆာန်တွေသော်မှအုပ်စုလိုက်၊ အုပ်ဖွဲ့လိုက်နေထိုင်ကျက်စားပျံသန်းသွားလာတတ်ကြပါတယ်။ တိရစ္ဆာန်တွေသော်မှ ရရှိလာတဲ့သားကောင်၊အစာအဟာရကိုမျှဝေစားသောက်လေ့ရှိကြပါတယ်။ အလောင်းတော်ကေသာကြက်တူရွေးမင်းဟာ ထူးခြားကောင်းမွန်တဲ့သလေးစပါးခင်းကို အပေါင်းအဖော်တွေနဲ့ ဝင်ရောက်စားသောက်လေ့ရှိပါတယ်။ စားသောက်အားရလို့ဝမ်းဝတဲ့အခါ သလေးစပါးနှံတွေကို ကိုက်ချီပြီး ပျံသန်းသွားပါတယ်။ တစ်နေ့တော့ စပါးခင်းစောင့်တဲ့သူက စပါးခင်းကိုဝင်စားတဲ့ကျေးငှက်တွေထဲကထူးခြားတဲ့ ကြက်တူရွေးကို ဖမ်းဆီးပါတယ်။ တစ်ခြားကျေးငှက်တွေက ကြက်တူရွေးတွေကလွတ်ထွက်သွားပေမယ့် စပါးနှံတွေကိုအသိုက်ပါအောင် အပိုအလျှံကိုက်ချီနေတဲ့အတွက် ဘုရားလောင်းကြက်တူရွေးမင်းကို မိသွားပါတယ်။ ဒီအခါကြက်တူရွေးငှက်ကြီးက ကြီးလဲကြီးလှလဲလှလွန်းတဲ့အတွက် စပါးခင်းစောင့်ကသူဌေးဆီယူဆောင်သွားပါတယ်။

စပါးခင်းစောင့်က သူဌေးကို

"သူဌေးမင်း ဒီကြက်တူရွေးဟာတစ်ခြားကျေးငှက်တွေရဲ့ခေါင်းဆောင်ပါ၊ ဒီကြက်တူရွေးဟာတစ်ခြားငှက်တွေကို မိမိစားရုံမကပဲ စပါးနှံတွေကို နေ့စဉ်အပိုအလျှံချီယူဆောင်သွားလေ့ရှိတယ်" လို့ ပြောတော့သူဌေးက

"အသင်ကြက်တူရွေး မိမိတစ်ဝမ်းတစ်ခါစားလို့ဝလျှင်ပါ

လျက်ဘာ့ကြောင့်စပါးနှံတွေကိုအပိုအလျှံ ကိုက်ချီယူဆောင်သွားသလဲ"လို့မေးပါတယ်။ ဒီအခါ ဘုရားအလောင်းတော် ကြက်တူရွေးက

"အသင်သူဌေးမင်း ကျွန်ုပ်ဟာကြွေးဟောင်းလဲဆပ်နေရပါတယ်။ ကြွေးသစ်လဲချနေရပါတယ်။ ဒီအတွက် စပါးနှံကိုကိုက်ချီယူဆောင်ရတာပါ"

"ဟုတ်ပါပြီ ကြွေးဟောင်းလဲဆပ်ရတယ်၊ ကြွေးသစ်လဲချရတယ်ဆိုတာဘာကိုခေါ်တာတုံး"ဆိုတော့

"ကျွန်ုပ်မှာအိုမင်းမစွမ်းဖြစ်နေတဲ့ မိအိုဖအိုနှစ်ပါးလဲရှိပါတယ်။ ကျွန်ုပ်ငယ်စဉ်ကတည်းက ပြုစုကျွေးမွေးလာခဲ့တဲ့ ကျေးဇူးရှင်မိခင်ဖခင်တာ ခုအခါငယ်စဉ်ကလိုအစာရှာမထွက်နိုင်တော့တဲ့အတွက် ကျွန်ုပ်ရဲ့ကျေးဇူးရှင် မွေးမိခင်နဲ့ဖခင်အိုတို့အတွက် စပါးနှံတွေကိုက်ချီသယ်ဆောင်ရခြင်းဖြစ်ပါတယ်။ ဒါကိုကြွေးဟောင်းဆပ်တယ်လို့ခေါ်ပါတယ်။ ပြီးတော့ကျွန်ုပ်မှာအရွယ်မရောက်သေးတဲ့ မပျံသန်းနိုင်သေးတဲ့သားသမီးကြက်တူရွေးငယ်လေးတွေလဲရှိပါတယ်။ သူတို့အတွက်လည်းစပါးနှံတွေကိုအစာအဟာရအဖြစ် သယ်ဆောင်ရပါသေးတယ်။ ဒါကိုကြွေးသစ်ချတယ်လို့ ခေါ်ပါတယ်"လို့ဘုရားအလောင်းကြက်တူရွေးမင်းကဖြေတဲ့အခါ သူဌေးမင်း အင်းဒီကြက်တူရွေးဟာ မိခင်ဖခင်မှန်းလဲသိတတ်တယ်၊ လုပ်ကျွေးပြုစုရကောင်းမှန်းလဲသိတတ်တယ်၊ သားသမီးတွေအပေါ်မှာလဲ တာဝန်ကျေတယ်၊ ဒီလိုမြင့်မြတ်တဲ့အသိတရားရှိတဲ့ ကြက်တူရွေးကိုငါသတ်လို့အသင့်လျော်မှုးလို့တွေးပြီး ပြန်လွှတ်လိုက်ပါတယ်။ ပြန်လွှတ်ရုံတင်မက ဘုရားလောင်းကြက်တူရွေးမင်းနဲ့တကွ ကြက်တူရွေးတွေကိုလည်း သူရဲ့စပါးခင်းကိုစား





သောက်ဖို့ခွင့်ပေးခဲ့ပါတယ်။ သူ့ရဲ့စပါးခင်းကို ဘေးမဲ့ပေးလိုက်ပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် မျှဝေစားသုံးခြင်း။ ကျေးဇူးရှင်မိခင်ဖခင်တွေအပေါ်လုပ်ကျွေးပြုစုခြင်း။ သားမယားမိသားစုအပေါ်မှာ တာဝန်ကျေခြင်းဟာ ကောင်းမြတ်တရားဆိုတာထင်ရှားလှပါတယ်။ ဝေငှသုံးစွဲသင့်တဲ့ပစ္စည်းဥစ္စာကိုပဲဖြစ်ဖြစ်၊ စားသောက်ဖွယ်ရာဆန်ရေစပါးကစလို့ပဲဖြစ်ဖြစ်၊ ဝေငှသုံးစွဲခြင်းမပြုပဲနှမြောတွန့်တိုခြင်း။ ကပ်စေးနည်းခြင်းဟာလူမှုဝတ္တရားပျက်ကွက်ခြင်း ဖြစ်ပါတယ်။ ဒီလိုလူမှုရေးဝတ္တရားပျက်ကွက်သူကို အများကမုန်းတီးကြပါတယ်။ မိတ်ကောင်းဆွေကောင်းနည်းပါးတတ်ပါတယ်။ မိတ်ကောင်းဆွေကောင်းနည်းပါးတဲ့လူအဖို့ အလုပ်ကောင်းအကိုင်ကောင်းစီးပွားရေးကောင်းလုပ်ဖို့မလွယ်ကူတတ်ပါဘူး။

မျှဝေသုံးစွဲဖို့မဆောင်ရွက်လိုသူဟာ နှမြောတွန့်တိုသူလည်းဖြစ်ပါတယ်။ လူမှုရေးတာဝန်မကျေပြွန်သူလည်း ဖြစ်ပါတယ်။ အပေါင်းအသင်းမိတ်ဆွေသင်္ဂဟကို အလေးမပြုရမထားတတ်သူလည်းဖြစ်ပါတယ်။

"ပေးကမ်းချိုမြိန်၊ ကိုယ်နှင့်ယှဉ်ထား
စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ
သစ္စာမှန်စေ၊ ဝတ်ငါးထွေ
ကျင့်လေမိတ်သဟာ "ဆိုတဲ့အတိုင်း မျှဝေပေးကမ်းခြင်း။ မျှဝေခံစားခြင်းဟာ မိတ်ကောင်းဆွေကောင်းတို့ရဲ့ ကျင့်ဝတ်လဲဖြစ်ပါတယ်။ မိတ်ကောင်းဆွေကောင်းပေါ်များခြင်းဟာ ကြီးပွားချမ်းသာရခြင်းရဲ့အကြောင်းရင်းလည်း ဖြစ်ပါတယ်။

မိမိမှာ ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝလျက်၊ စားသောက်ဖွယ်ရာပေါ်များပြည့်စုံပါလျက် ကျွေးမွေးဖို့၊ ဧည့်ခံဖို့ ပေးကမ်းစွန့်ကြဲဖို့ စေတနာနုံ့နဲ့ခြင်းဟာ သံဝိဘာဂဂုဏ်ချွတ်ယွင်းတဲ့အတွက်

(၁) အခြွေအရံနည်းပါးခြင်း

(၂) မိမိအရေးကိစ္စကြုံတဲ့အခါ ကူညီမယ့်သူမရှိခြင်း

(၃) အပေါင်းအသင်းပြုရန် ရှောင်ကြဉ်ခံရခြင်းစတဲ့ ပစ္စုပ္ပန်ဆိုးကျိုးတွေကိုခံစားရတတ်ပါတယ်။ ဒါတင်မက မိတ်ကောင်းဆွေကောင်း ပျက်စီးဆုံးရှုံးတတ်ပြီး ပစ္စည်းဥစ္စာပေါ်မှာ တပ်မက်လွန်းတဲ့ဥပါဒါန်နဲ့ဝန်တိုမစ္ဆေရတို့ကြောင့် သေလွန်တဲ့အခါ အပါယ်ငရဲမှာကျရောက်ခံစားရတတ်ပါတယ်။

ရှေးအခါက ဗာရာဏသီပြည်မှာ အလောင်းတော်သူဌေးသားဟာ မိဘများကွယ်လွန်တဲ့အခါ ကျန်ရှိနေတဲ့ရွှေငွေပစ္စည်းလက်ဝတ်ရတနာတွေ၊ စည်းစိမ်ချမ်းသာတွေကိုကြည့်ပြီး ငါ့မိဘတွေဟာ ဒီပစ္စည်းတွေကိုယူဆောင်မသွားနိုင်ကြပါလား။ ပစ္စည်းအားလုံးကို ဒီအတိုင်းထားခဲ့ရတော့တာပါလား။ ငါ့အဖို့တော့ ဒီပစ္စည်းတွေကို ငါ့နောက်ပါအောင်ယူဆောင်တော့မယ်လို့ နှလုံးသွင်းပြီး အလှူမဏ္ဍပ်ကြီးဆောက်ပါတယ်ပြီးတော့ အလှူမဏ္ဍပ်ဖွင့်ပြီးနေ့စဉ်ရက်ဆက် အသက်ရှည်သမျှအလှူကြီးပေးခဲ့တဲ့အတွက် ကွယ်လွန်ပြီးတဲ့နောက်မှာ တာဝတိံသာနတ်ပြည်မှာ သိကြားမင်းဖြစ်ခဲ့ရပါတယ်။

ကျန်ခဲ့တဲ့အလောင်းတော်ရဲ့ သားဖြစ်သူလည်း မိဘအရိုက်အရာကိုခံယူပြီးတဲ့နောက် မိဘနည်းတူ အလှူဒါနကိုနေ့စဉ်ရက်ဆက်ပြုလုပ်ခဲ့လို့ ကွယ်လွန်တဲ့အခါမှာ တာဝတိံသာမှာ စန္ဒနတ်သားဖြစ်ခဲ့ပါတယ်။ သူ့သားဟာလည်း သူ့လိုပဲဆက်ပြီး လှူဒါန်းခဲ့တဲ့အတွက်





တာဝတိံသာမှာသူရိယနတ်သားဖြစ်ခဲ့ပါတယ်။ သူရိယနတ်သားရဲ့ သားလည်းဆက်လက်ပြီးလှူဒါန်းတဲ့ကောင်းမှုကြောင့် ကွယ်လွန်တဲ့အခါမှာ မာတလိနတ်သားဖြစ်ခဲ့ပါတယ်။ မာတလိနတ်သားရဲ့ သားလည်းဝတ္တရားမပျက်ဆက်လက်လှူဒါန်းခဲ့တာကြောင့် ကွယ်လွန်ပြီးနောက်မှာပဉ္စသိခ်နတ်သားဖြစ်လာပါတယ်။

ဒါပေမယ့် ဆဋ္ဌမမြောက်မျိုးဆက်ဖြစ်တဲ့ သားတစ်ယောက်ဖြစ်တဲ့ကောသိယသူဌေးကတော့ နှမြောတွန့်တိုခြင်းကြီးစွာနဲ့ အစဉ်အလာကိုဖျက်ဆီးပြီး မစားရက်အသောက်ရက်၊ မပေးရက်မလှူရက်နဲ့ပစ္စည်းတွေကိုသာ သိုဂှက်ပြီးအလှူမဏ္ဍပ်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ မိဘအဘိုးအဘွားလက်ထက်ကတည်းက ပြုကျင့်ခဲ့တဲ့အလှူရေစက်ကို ဖြတ်တောက်ပစ်လိုက်ပါတယ်။ ခုလိုကောသိယသူဌေးရဲ့ ဝန်တိုမှုကို သိကြားမင်းကစပြီး ပဉ္စသိခ်နတ်သားအထိ သိရှိလာကြတဲ့အခါ သတိပေးဦးမှတော်တော့မယ်ဆိုပြီး ပုဏ္ဏားအသွင်နဲ့ ကောသိယသူဌေးထံအလှူခံထွက်ခဲ့ကြပါတယ်။

ဒါပေမယ့် ကောသိယသူဌေးကတော့မလှူပဲ အတင်းသာ နှင်လွှတ်နေပါတော့တယ်။ အတန်တန်နှင်ထုတ်လို့မရတဲ့အခါကျမှ နွားစာထမင်းကိုပေးပါသတဲ့။ ပုဏ္ဏားတွေလည်း ထမင်းကြမ်းကိုမျိုမချနိုင်တဲ့အတွက် သေချင်ယောင်ဆောင်တော့မှ လူကဲ့ရဲ့လွှတ်အောင် သလေးထမင်းနဲ့ဟင်းကောင်းလျာတို့ကို ပုဏ္ဏားတွေအနီးမှာချပြီး အရပ်ထဲကလူတွေကို ခေါ်ပြပါတယ်။ ထမင်းကောင်းဟင်းကောင်းတွေ ကျွေးပေမယ့် လောဘကြီးပြီး အလွန်အကျွံစားကြတဲ့အတွက် တဆို့နင့်ပြီး သေကုန်ကြတယ်လို့လည်း ပြောပါတယ်။ ဒီတော့မှ

ပုဏ္ဏားတို့လည်း သေချင်ယောင်ဆောင်ရာကထပြီး သူဌေးသားကမု သားဆိုကြောင်းကြမ်းတမ်းလှတဲ့နွားစာထမင်းတွေကိုသာ ကျွေး ကြောင်းသေချင်ယောင်ဆောင်နေမှ ဘေးမှာထမင်းကောင်းဟင်း ကောင်းတွေဟန်လုပ်ချထားပြီးခုလိုပေါ်ပြတာ ဖြစ်ကြောင်းပြောဆိုကြ ပြီး ထမင်းကြမ်းဟင်းကြမ်းတွေကိုလည်းချောင်းထဲက အနံ့ထုတ်ပြကြ ပါတယ်။

ဒီတော့ပရိတ်သတ်တွေလည်း အံ့အားသင့်ပြီးကောသိယ သူဌေးကိုဝိုင်းဝန်းကဲ့ရဲ့ကြပါတယ်။ ဒီတော့မှ သိကြားမင်းနဲ့နတ် မင်းသားတို့ဟာ ပကတိအသွင်နဲ့ကောင်းကင်မှာရပ်ပြီး

"ငါတို့ဟာကောသိယသူဌေးမျိုးရဲ့ဘိုးဘေးဘီဘင် အဆက် အနွယ်တွေဖြစ်ကြတယ်။ အလှူဒါနရဲ့ကောင်းမှုကြောင့် တာဝတိံသာမှာ သိကြားမင်း၊ နတ်သားအဖြစ်ခံစားစံစားကြရတယ်။ အခုတော့ ကောသိယသူဌေးကဝတ္တရားပျက်ပြီး တွန့်တိုစေးနဲတာကြောင့်ခုလို လာရောက်သတိပေးရခြင်း ဖြစ်တယ်"လို့ပြောပြီး ဒါနအကျိုးသီလ အကျိုးတို့ကိုဟောပြောပါတယ်။ ဒါတင်မက ငါးပါးသီလကိုဆောက် တည်စေခဲ့တာကြောင့် ကောသိယလည်း အမြင်မှန်ရခဲ့ပြီး အလှူအ တန်းပြုခဲ့လို့ တမလွန်မှာနတ်သားဖြစ်ခဲ့ပါတယ်။

မိမိပစ္စည်းကိုသူတစ်ပါးမပေးကမ်းလိုခြင်း၊ သူတစ်ပါးနဲ့ မဆက်ဆံစေလိုခြင်းစတဲ့ မစ္ဆေယျကင်းရှင်းတဲ့ ဒါနမှုကိုပြုခြင်းဟာ အကျိုးကျေးဇူးကြီးမားလှပါတယ်။ ဒါနအမှုပြုကြရာမှာ ပုဗ္ဗမုဉ္စပရစေ တနာဆိုတဲ့သုံးပြားသော စေတနာနဲ့ကိုက်ညီတဲ့ဒါနသာ ကောင်းမွန်ပြီး အားရှိတဲ့ အကျိုးကျေးဇူးကိုပေးနိုင်ပါတယ်။ အဲဒီအကျိုးပေးကြောင့်





အကျိုးကိုကိုယ်တိုင်နှစ်သက်စွာသုံးဆောင်ခံစားရပါတယ်။ သူတစ်ပါး ကိုမျှဝေစားသုံးစေခြင်းကြောင့်လည်း ပစ္စုပ္ပန်သံသရာမှာကောင်းကျိုး သုခခံစားရပါတယ်။ ပရစေတနာတွန့်ဆုတ်လို့ စေတနာယုတ် လျော့ခဲ့ရင် ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝပေမယ့် မစားရက်၊ မလှူရက်၊ မပေးရက်၊ အကောင်းကိုအကြိုက်မနှစ်သက်ပဲ အညံ့စားအဖျင်းစား ပစ္စည်းအဟောင်းအနွမ်းတွေကိုသာ သုံးဆောင်ရတတ်ပါတယ်။

မြတ်စွာဘုရားလက်ထက်က အာဂန္တုကဆိုတဲ့ သူဌေးကြီး တစ်ဦးဟာကိုယ်တိုင်က ပစ္စည်းဥစ္စာတွေ ရတနာရွှေငွေတွေပေါများ ကြွယ်ဝပါလျက်နဲ့ မစားရက်မသုံးရက်၊ မဝတ်ရက်၊ သူတစ်ပါးကို လည်း မလှူရက်မတန်းရက် ဖြစ်နေခဲ့ပါတယ်။ အစားအသောက်ဆို ရင်လဲ အစားကောင်းအသောက်ကောင်းတွေကို မကြိုက်မနှစ်သက်ပဲ ရှိပါတယ်။ ဆန်ကွဲထမင်းနဲ့ ပုန်းရည်ကိုသာစားပါတယ်။ ဖျင်ကြမ်း ပုဆိုးကိုသာဝတ်ပြီး လှည်းကြမ်းပဲစီးရပါတယ်။ ဒီလိုနဲ့ရှိလျက်နဲ့ သုံးဆောင်ခွင့်မရပဲ သေလွန်တဲ့အခါ မင်းဘဏ္ဍာအဖြစ်ကိုရောက်ရှိ သွားရပါတယ်။

အာဂန္တုကသူဌေးကြီးခုလိုချမ်းသာကြွယ်ဝလျက်နဲ့ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ မစားရက်မသောက်ရက် ဖြစ်ရတာဟာ တစ်ခုသောဘဝတုန်းက တဂ္ဂရသိခီပစ္စေကဗုဒ္ဓါကို ဆွမ်းဒါနလှူဒါန်းခဲ့ဖူး ပါတယ်။ ဒါပေမယ့် မွန်မြတ်တဲ့ ဆွမ်းအလှူဒါနကို ပြုလုပ်ပြီးကာမှ ဒီမျှလောက်ကောင်းမွန်တဲ့ ထမင်းဟင်းတွေကို ငါ့ကျေးကျွန်တွေ ငါ့အလုပ်သမားကျွေးတာကမှ ငါ့အပေါ်ပိုပြီးတာဝန်ကျေလိမ့်ဦးမယ်။ ငါ့အလုပ်ကိုပိုပြီးကောင်းအောင် ဆောင်ရွက်လိမ့်ဦးမယ်လို့ တွေးပြီး

ပစ္စေကဗုဒ္ဓါကိုလှူလိုက်တဲ့ဆွမ်းဒါနအတွက် ပရစေတနာပျက်ကွက်ခဲ့လို့ပါပဲ။ ဒီလိုပရစေတနာပျက်ကွက်ခဲ့တဲ့အတွက် အလှူဒါနရဲ့အကျိုးကြောင့်ကြွယ်ဝချမ်းသာမှုတော့ရှိပါရဲ့။ ဒါပေမယ့် မိမိရဲ့ချမ်းကြွယ်ဝမှု မိမိရဲ့စည်းစိမ်ဥစ္စာကို မိမိမှာသုံးဆောင်ခွင့်မရရှိခဲ့ရှာပါဘူး။ ဒီလိုနဲ့ အသျှကသူဌေးကြီးကွယ်လွန်တဲ့အခါ သူဌေးကြီးရဲ့စည်းစိမ်ဥစ္စာတွေဟာမင်းဘဏ္ဍာအဖြစ်သိမ်းပိုက်တာခံခဲ့ရပါတယ်။ မိမိရှိတဲ့စည်းစိမ်ချမ်းသာကိုစားလဲစား၊ လှူလဲလှူ တတ်ပါမှ စေတနာသုံးတန်ပြည့်စုံပြီး အလှူဒါနဲ့အကျိုးကျေးဇူးကို ပြည့်ပြည့်ဝဝ ခံစားရမှာဖြစ်ပါတယ်။

ဒါကြောင့်

မိမိမှာ ပစ္စည်းဥစ္စာစုံရင် ပြည့်စုံသလို စားနပ်ရိက္ခာ ပြည့်စုံရင်ပြည့်စုံသလို ပေးကမ်းလှူဒါန်းခြင်း ခွဲဝေကျွေးမွေးခြင်းအားဖြင့် ပျက်ဆီးဆုတ်ယုတ်ခြင်းဆိုတဲ့ ဘေးဆိုးကိုကာကွယ် တားဆီးနိုင်ပါလိမ့်မယ်။ ပျက်စီးဆုတ်ယုတ်ခြင်းကို ကာကွယ်တားဆီးနိုင်တာနဲ့ချမ်းသာကြွယ်ဝခြင်းနဲ့ အောင်မြင်မှုတွေသုခတွေလည်း ရရှိလာနိုင်ပါလိမ့်မယ်။





# ထောင်လွှားမာန မရှိကြနှင့်

လူဆိုတာ အတ္တသတ္တဝါဖြစ်ပါတယ်။ မိမိရဲ့အတ္တကြီးရင်ကြီးသလိုတစ်ကိုယ်ကောင်းဆန်တတ်ပါတယ်။ ဘဝင်မြင့်ခြင်း၊ မာနကြီးခြင်း၊ လူအချင်းချင်း မထေမဲ့မြင်ပြုခြင်းဟာ အတ္တရဲ့ဖော်ပြချက်တွေ ဖြစ်ပါတယ်။

မြတ်စွာဘုရားက ပရာဘဝသုတ်မှာ အမျိုးမာန်၊ ပစ္စည်းမာန်တို့နဲ့ခက်ထန်ခြင်း၊ အမျိုးဂုဏ်ပစ္စည်းဂုဏ်မောက်ခြင်း၊ မိမိရဲ့ဆွေမျိုးသားချင်းတွေအပေါ်မှာတောင်မှ မထေမဲ့မြင်ပြုခြင်းဟာ ပျက်စီးတတ်တယ်လို့ဆိုပါတယ်။ အကျိုးစီးပွားပျက်စီးကြောင်းကို ပြဆိုရာမှာ လူမျိုးမာန်တက်ပြီး ခက်ထန်ကြမ်းကြုပ်တာ၊ စည်းစိမ်ဥစ္စာဂုဏ်ဓနကြောင့် မာန်တက်ပြီးခက်ထန်တာ၊ ဆွေဂုဏ်မျိုးဂုဏ်ကြောင့် ခက်ထန်မာန်တက်တာ၊ မိမိရဲ့ဆွေမျိုးသားချင်းတွေအပေါ်မှာ အထင်အမြင်သေးပြီးဆက်ဆံတာဆိုတဲ့ အင်္ဂါလေးပါးနဲ့ပြဆိုပါတယ်။ အခြေခံအချက်ကတော့ မာနခက်ထန်ခြင်းအကြောင်းတရားပါပဲ။

ဇာတိဂုဏ်မောက်ပြီး ခက်ထန်ကြမ်းတမ်းတယ်ဆိုတာ လူမျိုးတစ်မျိုးစီရဲ့ မာနတရားကိုဖော်ပြတာ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်လူမျိုးတွေဟာ သူတို့ကိုသူတို့ နေနတ်မျိုးနွယ်ဆိုပြီး လူမျိုးဂုဏ်တက်ခဲ့တဲ့အတွက်ကြောင့် အရှေ့တောင်အာရှနိုင်ငံတွေကို ကျူးကျော်တိုက်ခိုက်ခဲ့ပါတယ်။ ဒီအတွက်အကျိုးဆက်ကတော့ စစ်ကြီးပြီးတဲ့အခါ နလံမထူနိုင်အောင်ချွတ်ခြုံကျခဲ့ရပြီး ဟီရိုရှီးမားမြို့ကို လည်းအနုမြူဗုံးချတာခံခဲ့ရပါတယ်။ နာဇီမူဆိုလိုနီတို့ ဟစ်တလာတို့ ဟာလည်းထို့အတူပါပဲ။ လူမျိုးဂုဏ်ဇာတိဂုဏ်





မောက်ပြီး ကြီးကျယ်ခဲ့ စစ်ပွဲတွေဆင်နွှဲခဲ့တဲ့အတွက် လူသန်းပေါင်းများစွာ သေကြေပျက်စီးခဲ့ ရပါတယ်။

အလားတူနိုင်ငံကြီးသားတစ်ချို့ဟာလ လူမျိုးခွဲနဲ့မာနတရားခက်ထန်တာတွေတွေ့ရတတ်ပါတယ်။ 'ငါအမေရိကန်ကွ' 'ငါပြင်သစ်ကွ' 'ငါမြန်မာကွ'ဆိုတဲ့စကားတွေဟာ ဇာတိဂုဏ်မာနပြဆိုတဲ့စကားတွေဖြစ်ပါတယ်။ လူမျိုးခွဲနဲ့မာနခက်ထန်ခြင်းဟာ မျိုးချစ်စိတ်နဲ့မတူပါဘူး။ မျိုးချစ်စိတ်ဆိုတာ မိမိလူမျိုးမိမိနိုင်ငံအပေါ်မှာ ချစ်တာခင်တာသစ္စာရှိတာ၊ တိုင်းပြည်နဲ့လူမျိုးအတွက် အသက်စွန့်ရဲတာ ကျူးကျော်မှုကိုဆန့်ကျင်တာပဲ ဖြစ်ပါတယ်။ တစ်ခြားလူမျိုးတွေအပေါ် အထင်သေးအမြင်သေးမရှိပါဘူး။ မျက်မှောက်ကမ္ဘာမှာတွေ့နေရတဲ့ လူမျိုးရေးစစ်ပွဲတွေ၊ လူဖြူလူမဲအသားအရောင်ခွဲခြားမှုတွေဟာ အမျိုးမာန်ခက်ထန်ခြင်းတွေဖြစ်ပါတယ်။ ဒီအတွက် အကျိုးဆက်ကတော့ နှစ်ဦးနှစ်ဖက်စစ်ပွဲတွေ ရန်ပွဲတွေဖြစ်တာ အမုန်းတရားပွားများစေတာပဲ အဖတ်တင်ပါတယ်။

ဓနဂုဏ်မောက်ပြီး ခက်ထန်တယ်ဆိုတာတော့ ရှင်းပါတယ်။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတဲ့လူအချို့ မိမိရဲ့စည်းစိမ်ဥစ္စာအပေါ်မှီပြီးမာန်မာနထားလေ့ရှိပါတယ်။ ဂုဏ်ဝင့်ပြီးမာန်တက်လေ့ရှိပါတယ်။ ပစ္စည်းဂုဏ် ဓနဂုဏ်မောက်ပြီးလူလူချင်း၊ မတူသလိုမတန်သလို အပေါ်စီးကဆက်ဆံတတ်တဲ့ လူမျိုးတွေကိုစာဖတ်သူတွေအနေနဲ့ အမြောက်အများတွေ့ကြုံဖူးကြမှာပါ။ မိမိမှာရှိတဲ့စည်းစိမ်ချမ်းသာနဲ့ဂုဏ်ဓနကို အလွန်အမင်းအထင်ကြီးပြီး မိမိထက်သာမာဓိဂုဏ်၊

ပညာဂုဏ်ရှိသူတွေ၊ သက်ကြီးဝါကြီးတွေကိုတောင်မှ ရိုသေရကောင်းမှန်းမသိတဲ့ ပိုက်ဆံရှိ ခေါင်မကျိုးတဲ့လူမျိုးတွေနေရာအနှံ့မှာရှိပါတယ်။ တစ်ချို့လဲမာနတက်လွန်းလို့ မိမိမွေးထားတဲ့သားသမီးကို ဘယ်သူ့သားသမီးနဲ့မှ တူတယ်တန်တယ်မထင်ပဲ ပက်ပက်စက်စက်ပြောတတ်ကြပါတယ်။ ဒီအတွက်အကျိုးဆက်ကတော့ မာနထောင်လွှားမှုကြောင့် လူမုန်းများပြီး မာနကိုအညွှန့်ချိုးတာ ခံရတတ်ပါတယ်။

အမျိုးအနွယ်မာန်ဆိုတာကတော့ ချမ်းသာတဲ့ အမျိုးအနွယ်ရာထူးအာဏာဂုဏ်ပါဝါရှိတဲ့ အမျိုးအနွယ်သူဌေးမျိုး မင်းစိုးရာဇာမျိုးဖြစ်လို့မာနခက်ထန်ပြီး လယ်သမားမျိုးရိုး အလုပ်သမားမျိုးရိုး၊ သာမန်ဆင်းရဲသားမျိုးရိုးတွေအပေါ် ခက်ထန်မာကျောစွာ ဆက်ဆံခြင်းမျိုးဖြစ်ပါတယ်။

ဇာတိနဲ့အနွယ်မှာ ခြားနားခြင်းရှိပါတယ်။ ပထမဖော်ပြခဲ့တဲ့ဇာတိဆိုတာ တရုတ်၊ မြန်မာ၊ ရှမ်း၊ ကချင်ချင်းစတဲ့မျိုးနွယ်ကိုခေါ်ပါတယ်။ ဇာတိနဲ့ယှဉ်ပြီးကွဲပြားခြားနားပါတယ်။

အခုဖော်ပြမယ့် အမျိုးအနွယ်ကတော့ ပညာအရပဲဖြစ်ဖြစ် အလုပ်အကိုင်အရပဲဖြစ်ဖြစ်၊ အလေ့အထအရပဲဖြစ်ဖြစ် အယူဝါဒအရပဲဖြစ်ဖြစ်၊ ဘာသာတရားအရပဲ ဖြစ်ဖြစ်၊ အကျင့်စာရိတ္တအရပဲဖြစ်ဖြစ်ခွဲခြားတာကို ဆိုလိုပါတယ်။

မြတ်စွာဘုရားဟာ အမျိုးအားဖြင့် ''သာကီယ''ဖြစ်ပြီး အနွယ်အားဖြင့် ''ဂေါတမ''မည်ပါတယ်။ မြတ်စွာဘုရား သာသနာတော်မှာ ဘုရားသားတော်အချင်းချင်း ဇာတ်တူကြပေမယ့် ရှင်သာရိ





ပုတ္တရာရဲ့အနွယ်၊ အရှင်အာနန္ဒာရဲ့အနွယ်၊ ရှင်အရဟံရဲ့အနွယ်ဆိုတဲ့ မျိုးရိုးစဉ်ဆက် အနွယ်တွေရှိပါတယ်။

အထူးသဖြင့် အနွယ်အဆက်ကိုအလေးထားရာမှာ တရုတ်လူမျိုးတွေကပိုပြီး ထင်ရှားပါတယ်။ ''ချမ်းအနွယ်၊ ''တန်အနွယ်''၊ ''ဟန်အနွယ်''၊ ''ချန်''မျိုးဆက်၊ ''တန်''မျိုးဆက်၊ ''ဟန်''မျိုးဆက် စတာတွေကို နာမည်ရဲ့ရှေ့မှာ ထည့်ပြီး မှည့်လေ့ရှိပါတယ်။ ခုခေတ်မြန်မာတွေမှာလည်း အနုပညာလောကမှာ ခုလိုမျိုးဆက်နာမည်တွေထည့်သုံးလာတာတွေ့ကြရပါတယ်။ ''ဟေမာနေဝင်း''''ရာဇာနေဝင်း''စတဲ့မင်းသားကြီး ကောလိပ်ဂျင်နေဝင်းရဲ့ မျိုးဆက်တွေ၊ ''မိမိဝင်းဖေ''၊ ''ဝိုးဇါလီသိန်းတန်''၊ သိဒ္ဓိဂျေမောင်မောင်''၊ ''နန်းခမ်းနွံ့လိတ်''စတဲ့ဖခင်အမည်နဲ့တွဲပြီး မှည့်ကြတာတွေခေတ်စားလာတာတွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် မိမိအမျိုးအနွယ်ကို စောင့်ရှောက်ခြင်းဟာမှန်မြတ်တဲ့တရားဖြစ်ပါတယ်။ ဒါပေမယ့် ဒီအမျိုးအနွယ်ကို မှီပြီးမာန်မာနတက်ကြွခက်ထန်လာရင်တော့ ပျက်စီးဆုတ်ယုတ်မှာအသေအချာပါပဲ။

အခုလို အမျိုးမာန်၊ ဇာတိမာန်၊ ပစ္စည်းဥစ္စာမာန်တွေနဲ့တက်ကြွပြင်းထန်နေတဲ့လူတစ်ယောက်အဖို့ စိတ်ကြီးဝင်တတ်၊ ဘဝင်မြင့်တတ်ပြီး တစ်ခြားအမျိုးအနွယ်တွေအပေါ်မှာ အထင်သေးအမြင်သေးနဲ့အပေါ်စီးက မောက်မာစွာဆက်ဆံတတ်ကြပါတယ်။ ဒီအခါအထင်သေးခံရ၊ စော်ကားခံရတဲ့အမျိုးအနွယ်လူပုဂ္ဂိုလ်ဘက်က ကျေနပ်မှုမရှိပဲ အခွင့်ရတာနဲ့ပျက်စီးရာပျက်စီးကြောင်း ကျောက်တွန်းတာခံရတတ်ပါတယ်။

မြတ်စွာဘုရားဟောတဲ့ "သဉာတိအတိမညေတိ" ဆိုတာ မိမိအမျိုးကိုမထိမဲ့မြင်ပြုရင် ပျက်စီးတတ်တယ်လို့ဆိုတာပါပဲ။ တကယ်တော့မိမိအမျိုးအပေါ် မထိမဲ့မြင်ပြုခြင်းဟာ မိမိကိုယ်မိမိမထိမဲ့မြင်ပြုခြင်းပဲဖြစ်ပါတယ်။ ကိုယ့်အမျိုးကိုယ်နှိမ့်ချရင် ကိုယ်လဲနှိမ့်ချစမြဲပဲ မဟုတ်ပါလား။

အမျိုးအနွယ်နဲ့ပတ်သက်ပြီး မာန်မာနခက်ထန်သူတွေထဲမှာ ဗြာဟ္မဏလူမျိုးတွေဟာ ထင်ရှားပါတယ်။ ဗြာဟ္မဏတွေဟာ အများအားဖြင့် အညတိတ္ထိယသာသနာပဆရာကြီးတွေရဲ့တပည့် သာဝကတွေဖြစ်လို့ပို ဗုဒ္ဓမြတ်စွာနဲ့တကွ ရတနာသုံးပါးကိုကြည်ညိုသူအလွန်နည်းပါတယ်။ ဗြာဟ္မဏလူမျိုးတွေဟာ တစ်ခြားလူမျိုးတွေလိုမိခင်ရဲ့ ယောနိကမွေးဖွားတာမဟုတ်၊ ဗြဟ္မာမင်းရဲ့ခံတွင်းကပေါက်ဖွားလာလို့ ဗြဟ္မာမင်းရဲ့ရင်နှစ်သည်းချာတွေဖြစ်တယ်လို့ မှတ်ယူကြပြီး ဗြာဟ္မဏလူမျိုးတို့သာ မြင့်မြတ်တယ် ဗြာဟ္မဏလူမျိုးတို့သာ ဖြူစင်တဲ့အကျင့်ရှိတယ်။ ဗြဟ္မာက ဖြစ်လာတာ ဗြဟ္မာဖန်ဆင်းတာ၊ ဗြဟ္မာရဲ့အမွေခံဖြစ်တယ်လို့ ယူဆယုံကြည်ကြပြီး ဇာတိမာန်ခက်ထန်လွန်းကြပါတယ်။

လောကသုံးပါး၊ အတုမရှိတဲ့မြတ်စွာဘုရားကိုတောင်မှ သာကီဝင်မင်းမျိုးမင်းနွယ်ဖြစ်တာ၊ တရားဓမ္မကျင့်ကြံအားထုတ်သူဆိုတာသိနေလျက်နဲ့ အရှင်ဂေါတမဟာ မိမိထက်အသက်အရွယ်ကြီးတဲ့ဗြာဟ္မဏတွေကို ရှိသေရကောင်းမှန်းမသိဘူး၊ ခရီးဦးကြိုမပြုဘူး၊ နေရာထိုင်ခင်း မပေးဘူးစတဲ့ဝေဖန်ချက်တွေနဲ့ တိုက်ခိုက်မာနတံခွန် ထူချင်ကြပါသေးတယ်။





တစ်ချို့ဗြာဟ္မဏတွေကလည်း ဗုဒ္ဓဆီအရောက်လာပြီး အယူဝါဒငြင်းခုန်ချင်ကြပါသေးတယ်။

လူဆိုတာ ကိုယ်ကျင့်သီလမြဲဖို့အရေးကြီးပါတယ်။ ကိုယ်ကျင့်သီလမြဲရင် သူတော်ကောင်းဖြစ်စေ မြတ်တယ်။ သီလမရှိရင် မင်းမျိုးပဲဖြစ်ဖြစ်၊ သူဌေးသူကြွယ်မျိုးပဲဖြစ်ဖြစ် ယုတ်ညံ့တာပါပဲ။ ဘယ်သူမဆို လူတိုင်းလူတိုင်းဟာ ဘယ်ဘာသာဘယ်အမျိုးအနွယ်ဖြစ်ပါစေ၊ မင်းမျိုးဖြစ်ဖြစ်၊ သူဌေးသူကြွယ်မျိုးဖြစ်ဖြစ်၊ ဗြာဟ္မဏတွေပဲဖြစ်ဖြစ်၊ မိခင်ရဲ့ယောနိက ပေါက်ဖွားလာကြတာချည်းပါပဲ။ ဘယ်သူမှဗြဟ္မာမင်းရဲ့သားသမီးတွေ မဟုတ်ကြပါဘူး။ ပုဏ္ဏားမတွေ ရာသီပေါ်တာ၊ ကိုယ်ဝန်ဆောင်တာ၊ သားဖွားတာကို သင်တို့တွေမြင်ကြရဲ့မဟုတ်လား။ ဒီထဲကဘာ့ကြောင့်များဗြဟ္မာမင်းရဲ့ခံတွင်းကပေါက်ဖွားလာတာလို့အထင်မှားပြီး မာန်တက်နေကြတာလဲလို့ မြတ်ဗုဒ္ဓက ရှင်းလင်းပြောပြမှ အဿလာယန ဝေရဉ္ဇကစတဲ့ဗြာဟ္မဏတွေဟာ သဘောပေါက်နားလည်လာခဲ့ကြပါတယ်။

ဗြာဟ္မဏတွေဟာမျိုးရိုးဂုဏ်၊ ဇာတိဂုဏ်မာနတရားတွေကြောင့် မြတ်စွာဘုရားထံ မချဉ်းကပ်နိုင်ကြပါဘူး။ ဒါ့ကြောင့် တရားထူးတရားမြတ်နာယူနိုင်မယ့် အခွင့်အရေးနဲ့လဲ ဝေးပြီးကောင်းကျိုးသုခဆုတ်ယုတ်ကြပါတယ်။ ဘုရားအပါးဆည်းကပ် ခစားနိုင်တဲ့ ဗြဟ္မာယု-ဘာရဒွါဇစတဲ့ ဗြဟ္မာတစ်ချို့သာ တရားအရသာကိုခံစားကြရပါတယ်။ ဘယ်အမျိုးဘယ်အနွယ်မဆို လူဖြစ်လာကတည်းက လူတွေအလုပ်လုပ်သလိုလုပ်ကြရ၊ လူတွေစိုက်ပျိုးသလို စိုက်ပျိုးကြရ၊ လူတွေစားသောက်သလို ချက်ပြုတ်စားသောက်ကြရတာ ချည်းပါပဲ။

ဘယ်အမျိုးဘယ်အနွယ်ပဲဖြစ်ဖြစ်၊ မကောင်းမှုပြုရင် မကောင်းမှုအကု သိုလ်ကံရဲ့ဆိုးကျိုးကိုခံစားရမှာဖြစ်ပြီး ကောင်းမှုပြုရင်မကောင်းမှု ကုသိုလ်ရဲ့ကောင်းကျိုးကိုခံစားရမှာ ဖြစ်ပါတယ်။ 'ကံ'သာလျှင်အမိ 'ကံ'သာလျှင်အဖဖြစ်တဲ့အတွက် မိမိရဲ့ဆိုးမွေကောင်းမွေကို မိမိသာ ခံယူရမှာ ဖြစ်ပါတယ်။ အမျိုးအနွယ်က မိမိကိုကောင်းမွန်အောင် ကယ်တင်ခြင်းမပြုနိုင်သလို ဆိုးဝါးအောင်လည်း အပြစ်ပေးနိုင်စွမ်း မရှိပါဘူး။

မာနတရားခက်ထန်ခြင်းဟာ 'လူမုန်းဆေး' ဖြစ်ပါတယ်။ မာန်မာနတွေနဲ့တင်းမာနေသူဟာ သူ့စိတ်နဲ့သူလောင်ကျွမ်းနေသူပဲ ဖြစ်ပါတယ်။ မာန်မာနရဲ့ ပူလောင်မှုကြောင့် ငြိမ်းအေးနေတဲ့အရသာကို မခံစားနိုင်လဲ ခန္ဓာကိုယ်ဟာလဲ တောင့်တင်းမာကြောနေတတ်ပါတယ်။ မာန်မာနကြောင့် ခက်ထန်မာကြောတဲ့ ကိုယ်နှုတ်အမူအယာဟာ မိတ်ကောင်းဆွေကောင်း၊ ဆရာကောင်းသမားကောင်းမရှိတဲ့လူအဖို့ ဥစ္စာပစ္စည်းကောင်း၊ ပညာကောင်းကိုလည်း မရရှိနိုင်ပါဘူး။

မာဒင်္ဂဇာတ်တော်ကိုပဲကြည့်ပါ။

အမျိုးအားဖြင့် အလွန်မြင့်မြတ်တဲ့ဗြာဟ္မဏမဟာသာလ နွယ်ဖြစ်ပြီး ရွှေအဆင်းလိုလှပတဲ့ဒိဋ္ဌမင်္ဂလိကာဟာ ယာဉ်ရထားစီးပြီး အခြွေအရံအသင်းအပင်းတွေနဲ့ ဥယျာဉ်တော်ကိုပျော်ဖို့ပါးဖို့ ထွက်လာ ခဲ့ပါတယ်။

ဒိဋ္ဌမင်္ဂလိကာဟာ တင့်တယ်တဲ့အာရုံကိုပဲ မြင်လိုတယ်။ မင်္ဂလာရှိတဲ့အသံကိုပဲကြားလိုတယ်။ ဒါ့ကြောင့် သူဥယျာဉ်တော်ထွက် တဲ့ခရီးလမ်းမှာ အနိဋ္ဌာရုံမြင်ကွင်းတွေကို မတွေ့လိုမမြင်လိုတဲ့အတွက်





ကျေးကျွန်တွေက ရထားရှေ့ကသွားနှင့်ပြီး

"ရှောင်ကြလော့ – ရှားကြလော့ – ဝပ်သွားပုန်းကွယ်ကြ လော့"လို့အော်တစ်ပြီး လမ်းရှင်းသွားရပါတယ်။ ဒီအချိန်မှာ ဘုရား အလောင်းတော်မာဒင်္ဂဟာ ဘုန်းကံအကြောင်းမသင့်လို့ ဒွန်းစဏ္ဍား မျိုးဇာတ်မှာဖြစ်နေရပါတယ်။ ဒိဋ္ဌမင်္ဂလိကာလာတဲ့လမ်းမှာ မာဒင်္ဂကလမ်း ဖယ်မပေးပဲရပ်နေတဲ့အတွက် အမင်္ဂလာကိုမမြင်လိုတဲ့ ဒိဋ္ဌမင်္ဂလာကာ ဟာရထားကိုပြန်လှည့်ပြီး မာဒင်္ဂကိုရိုက်နှက်ဖို့အမိန့်ပေးခဲ့ပါတယ်။ ဒီတော့ ဒိဋ္ဌမင်္ဂလိကာရဲ့ အခြွေအရံတွေလည်း

"ဒီနေ့ငါတို့အဖို့ အခါအခွင့်ကြုံတုန်း ဥယျာဉ်ထွက်ပြီးပျော် ပျော်ပါးပါးစားသောက်ပျော်မြူးရမယ့်ကိစ္စကို ဒီဒွန်းစဏ္ဍားမာဒင်္ဂ ကြောင့်ပျက်ရပြီ" ဆိုပြီး မာဒင်္ဂကိုဝိုင်းဝန်းထုထောင်းရိုက်နှက်ကြပါ တယ်။ မာဒင်္ဂသတိမေ့ပြီး လဲသွားတဲ့အခါ သေပြီဆိုပြီးအမှိုက်ပုံမှာ စွန့်ပစ်ခဲ့ကြပါတယ်။ မာဒင်္ဂသတိရတဲ့အခါမှာတော့ "အများနဲ့သက် ဆိုင်တဲ့လမ်းမှာ ငါ့ဖာသာတောင်းရမ်းစားသောက်တာကို ဒိဋ္ဌမင်္ဂလိကာ အကြောင်းမဲ့နှိပ်စက်တယ်။ အရှယ်အဆင်းမာန်၊ ဂုဏ်မာန်၊ အလှမာန်၊ မျိုးရိုးမာန်မောက်လွန်းလှတယ်။ ဒီကမ္ဘာကြီးမှာမင်္ဂလာရှိ တဲ့သူသာနေစေဆိုတဲ့ဥပဒေမရှိ၊ ဒိဋ္ဌမင်္ဂလိကာရဲ့မာတံခွန်ဟာ မြှတာ ထက်လွန်ပြီးချွန်လွန်းလှပါလား။ မောက်မာလှပါလား။ ငါ့အစွမ်းကိုသိ စေအံ့၊ အမျိုးမြတ်ပြီးဇာတ်ကြီးတဲ့မင်္ဂလိကာဟာ ငါ့ရဲ့ခြေဖဝါးအောက် ကိုရောက်စေ့မယ်၊ မင်္ဂလိကာရဲ့မာန်စွယ်ကို အလွယ်နဲ့ကျိုးစေမယ်" လို့ ကြံစည်ပြီး ဒိဋ္ဌမင်္ဂလိကာရဲ့မောက်မာနှိပ်စက်မှုတွေကို လူအများ

ကြားအောင်အော်ဟစ်ပြောဆိုသွားပါတယ်။ ပြီးမှဒိဋ္ဌမင်္ဂလိကာရဲ့ အိမ်ဝင်းတံခါးပေါက်မှာသွားပြီး "ငါဟာ မင်္ဂလိကာကိုမှမရရင် ဒီနေရာမှာပဲသေပစေ၊ မင်္ဂလိကာကိုမရသမျှ မထသောအိပ်ခြင်းနဲ့အိပ်တော့မယ်။ လို့မိဋ္ဌာန်ပြီး ဝင်းပေါက်မှာကန့်လန့်လဲအိပ်နေခဲ့ပါတယ်။

သူတို့ဗြဟ္မဏတွေရဲ့ အယူအရဗြဟ္မဏတွေရဲ့ အိမ်ပေါက်မှာ ဒွန်းစဏ္ဍားမအိပ်ရပါဘူး။ တကယ်လို့ဗြဟ္မဏတွေရဲ့အိမ်ပေါက်မှာ ဒွန်းစဏ္ဍားသေဆုံးခဲ့ရင်လည်း။ အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ်၊ တောင်ခုနစ်အိမ်၊ မြောက်ခုနစ်အိမ်ရှိတဲ့ ပုဏ္ဏားတွေဟာဇာတ်ပျက်ပြီး ဒွန်းစဏ္ဍားဖြစ်ရတယ်လို့အယူရှိပါတယ်။

ဒါနဲ့သူဌေးကတော်ကြီးဟာ မာတင်္ဂရှိရာဆင်းလာပြီး ပစ္စည်းဥစ္စာရတနာရွှေငွေတွေကိုအလိုရှိသလောက်ပေးပါတယ်။ မာတင်္ဂကဘယ်လောက်ပေးလို့မှမထပဲ

"ငါလိုချင်တာ ပစ္စည်းဥစ္စာမဟုတ်ဖူး။ ပစ္စည်းဥစ္စာဆိုရင် သိန်းသန်းကုဋေပေးဦးတော့ ငါအလိုမရှိဘူး။ ငါအလိုရှိတာ မင်္ဂလိကာသာဖြစ်တယ်။ မင်္ဂလိကာကိုမပေးရင် သင်တို့ရဲ့မင်္ဂလာရှိတဲ့မုခ်ဝတံခါးဟာငါ့ရဲ့သချိုင်းဖြစ်လိမ့်မယ်" လို့ တင်းမာစွာ ပြောပါတယ်။ ဒိဋ္ဌမင်္ဂလိကာရဲ့မာန်မာနကြောင့် အနှိမ်ခံရဖူးတဲ့သူဌေးသားတွေကလည်း ဒိဋ္ဌမင်္ဂလိကာကိုအပြုံးဖွဲ့ထားတာကြောင့် မာတင်္ဂကိုမနှောင့်ယှက်နိုင်အောင်စောင့်ရှောက်ကြပါတယ်။ သူဌေးသားတွေရဲ့စောင့်ရှောက်မှုကြောင့် ဒိဋ္ဌမင်္ဂလိကာရဲ့ကျေးကျွန်တွေလဲဆွဲမထုတ်ရဲကြဖူးပေါ့။ ဘုရားအလောင်းမာတင်္ဂကခုလို ကြွေးကြော်ပါတယ်။





"ပုရိသာနာမ အနေကာနိပိ သံဝစ္ဆရာနိ ဝီရိယံ ကတွာ ဍွဋ္ဌိတံတွံ ပါဟု ဏန္တိ"

"ယောကျ်ားကောင်းတို့ မည်သည့်နှစ်ပေါင်းများစွာတိုင်အောင်မတွန့်မဆုတ်ကြိုးစားခြင်းကို ဖွဲ့လုံ့လဖြင့်ကြံစည်သည့်ရှိသော် လိုလားအပ်သော အကျိုးကိုဆိုက်ရောက်ရရှိနိုင်ကုန်၏" တဲ့။

ဒီတော့ အရှေ့ အနောက်၊ တောင်မြောက်ဝဲယာက ပုဏ္ဏားအိမ်တွေကလည်း ဒိဋ္ဌမင်္ဂလိကာရဲ့အိမ်ရှေ့မှာသာ မဒင်္ဂသေဆုံးခဲ့ရင် သူတို့အားလုံးဒွန်းစဏ္ဍားဖြစ်ရမှာမို့ အမျိုးဂုဏ်ကိုထောက်မလား။ သမီးတစ်ယောက်ရဲ့ဂုဏ်ကိုထောက်မှာလားဆိုပြီး သူဌေးကြီးကိုဝိုင်းဝန်းအပြစ်ပြောဆိုကြပါတယ်။

ဒီလိုနဲ့နောက်ဆုံးတော့ မတတ်နိုင်တော့တာနဲ့ သူဌေးကြီးလဲ သမီးဒိဋ္ဌမင်္ဂလိကာကိုခေါ်ပြီး

"ချစ်သမီး —သင့်ရဲ့မာန်မာနကြောင့် တစ်မျိုးလုံးအခက်တွေ့ကုန်ပြီ၊ ဇာတ်တူတဲ့ ပုဏ္ဏားတွေကလည်း ဝိုင်းပြောဆိုကုန်ကြပြီ မိဘတွေရဲ့စကားကိုနားခံပြီး ဒွန်းစဏ္ဍားမာဒင်္ဂနောက်သာ လိုက်ပါတော့" လို့ပြောဆိုတဲ့အတွက် ဒိဋ္ဌမင်္ဂလိကာလည်းမလွန်ဆန်သာတော့ပဲ မိဘစကားနားထောင်ရပါတော့တယ်။

ဒီလိုနဲ့ မာနကြီးလှတဲ့ ဒိဋ္ဌမင်္ဂလိကာဟာ ဒွန်းစဏ္ဍားနဲ့လက်ထပ်ပြီး ဒွန်းစဏ္ဍားဒေါ်ရာနောက်ကို လိုက်ပါသွားရပါတော့တယ်။

ဒါဟာမထားထိုက်တဲ့ မာနတရားကြောင့် သူဌေးသမီးက ဒွန်းစဏ္ဍားအဖြစ်ကိုရောက်ရှိရတာမဟုတ်လား။

မိမိကအမျိုးမြင့်လို့ ဂုဏ်ရှိလို့ နေရှိလို့ ရာထူးဂုဏ်ရှိန်မြင့်မားလို့ ပညာတတ်လို့စတဲ့ မာနတရားတွေနဲ့ သူတစ်ပါးအပေါ်မှာ နှိမ့်ချခြင်းမာနထောင်လွှားခြင်းဟာ ပျက်ဆီးစေခြင်းတရားများ ဖြစ်ပါတယ်။

မိမိအမျိုးအပေါ်မိမိမထေမဲ့မြင်ပြုတာဟာလည်း ပျက်စီးခြင်းတရားပါပဲ။ သာကီဝင်အမျိုးအနွယ်တို့ဟာ မိမိရဲ့အမျိုးဇာတ်မကောင်းတဲ့ ဝိဋ္ဋူဘအပေါ်မှာ အမျိုးမာန်နဲ့ မထီမဲ့မြင်ပြုလို့ ပျက်စီးခဲ့ရပါတယ်။ ဒါကြောင့် ထောင်လွှားမာန်နကင်းရှင်းစွာနဲ့ မိမိကိုယ်မိမိနှိမ့်ချပြီး ယဉ်ကျေးသိမ်မွေ့စွာနေထိုင်ဆက်ဆံခြင်း၊ မည်သူ့ကိုမှမထီမဲ့မြင် မပြုခြင်းဟာကြီးပွားချမ်းသာစေမယ့် အကြောင်းတရားတစ်ရပ် ဖြစ်ပါတယ်။





# လူမိုက် နှင့် ငွေအတူမနေ

## ကာမဂုဏ်မလိုက်စားပါနဲ့

လူဆိုတာအာရုံငါးပါးကို လိုက်စားပျော်ပါးတတ်ပါတယ်။ အလှအပမြင်ရင်ချစ်ချင်တယ်။ သင်းပျံ့တဲ့ရနံ့ကိုခံစားလိုတယ်။ သာယာနာပျော်ဖွယ်အသံကို ခံစားလိုတယ်။ ချိုချဉ်စပ်ငံရသတဏှာကိုလည်းမက်မောတွယ်တာတတ်တာပါပဲ။ ဒီထဲမှာ အထိအတွေ့ဆိုတဲ့ ဖောဋ္ဌဗ္ဗအာရုံကိုပိုပြီး ခုံမင်လိုက်စားမိုက်မှားတတ်ကြပါတယ်။

အထူးသဖြင့် ယောကျ်ားများအဖို့ကာမဂုဏ်လိုက်စားပြီး မိုက်မှားဖို့ရာပိုပြီး လွယ်ကူအဆင်ပြေအောင်သဘာဝတရားက ဖန်တီးပေးထားသလို ဖြစ်နေပါတယ်။ ယောကျ်ားကောင်းမောင်းမတစ်ထောင် ဆိုတဲ့အတိုင်း မယားအများအပြားယူချင်တာ၊ မိမိရဲ့ကာမပိုင်မယားတစ်ယောက်ထဲနဲ့ မတင်းတိမ်မရောင့်ရဲပဲ တစ်ခြားတစ်ပါးသောမိန်းမနဲ့ လွန်ကျူးတာ၊ အပျော်မယားထားတာ၊ ကြေးစားမိန်းမများနဲ့ ပျော်ပါးတာ အားလုံးဟာ ပျက်စီးရာပျက်စီးကြောင်းတရားတွေချည်းပါပဲ။

ကာမဂုဏ်လိုက်စားလို့တဏှာလောဘအစိုးရတဲ့ လူတွေဟာဆန့်ကျင်ဘက်မိန်းမသားနဲ့တွေလိုက်တာနဲ့ ကိုယ်နှုတ်အမူအယာပါပြောင်းလဲသွားတတ်ကြပါတယ်။ အာစလျာစသွက်လာတယ်။ မျက်စိတွေကအရောင်လက်ပြီးပြောင်းလဲလာတယ်။ မိန်းမသားဆိုတာနဲ့အရာရာမှာဦးစားပေးဆက်ဆံလာတတ်ကြပါတယ်။ တစ်ခြား နေရာတွေမှာ နှမျောတွန့်တိုသလောက် မ ဘက်လိုက်တော့မိုက်ဖက်ပါ ဆိုသလိုမိန်းမနဲ့ပတ်သက်လာရင် ရက်ရက်ရောရောသုံးစွဲတတ်ကြ





ပါတယ်။ မိမိအပေါ်စိတ်ဝင်စားလာအောင်နည်းမျိုးစုံသုံးပြီး လူရောစိတ်ပါအညံ့ခံတတ်လာပါတယ်။

စည်းစိမ်ဥစ္စာချမ်းသာကြွယ်ဝသူတွေအဖို့ အရာရာငွေနဲ့ဖြေရှင်းနိုင်တယ်။ ငွေလမ်းခင်းပြီးအလုပ်လုပ်ရင် ဘာမဆိုဖြစ်နိုင်တယ်ဆိုတဲ့ငွေဂုဏ်နဲ့ရှိမှသမျှ ငွေကိုပုံအောပြီး ကိုယ့်ဘက်မပါပါအောင်ဆွဲဆောင်သိမ်းသွင်းတတ်တဲ့အတွက် မိန်းမလိုက်စားသူများမှာ စီးပွားလာဘ်လာဘယုတ်လျော့ကျဆင်းခဲ့ရာ ယိုပေါက်ဟာပေါက်ကြီး ဖြစ်ရပါတော့တယ်။

မိန်းမလိုက်စားသူတွေအနေနဲ့ မိမိမှာ လက်ရှိမယားရှိပေမယ့် တင်းတိမ်ရောင့်ရဲခြင်းမရှိ။ မိန်းမမြင်သမျှ အငန်းမရဖြစ်တတ်တဲ့အတွက် ဂုဏ်သရေညှိုးနွမ်းပြီး အဆင့်အတန်းနိမ့်ကျ အများကဲ့ရဲ့စရာဖြစ်ရပါတယ်။ တရားဟောဓမ္မကထိကတွေကစေတနာသဒ္ဓါထက်သန် အောင်အတန်တန်ဟောကြား၊ ကျမ်းအစောင်စောင်ကိုးကားပြီး တရားပြပေမယ့် တစ်ပြားမှထွက်လေ့မရှိသူတွေဟာ မိမိနှစ်သက်သဘောကျလို့ ပိုးပမ်းရတဲ့မိန်းမနဲ့ကျတော့ နှုတ်ခမ်းကလေးရှူးပြီး ခြေကလေးဆောင့်ပြလိုက်တာနဲ့ အိတ်ထဲက ပိုက်ဆံတွေ ထွက်ကျကုန် တော့တာပဲ။ ဘယ်လောက်ပဲကြိုးစား ပမ်းစားရှာဖွေစုဆောင်းထားရ ပါစေ၊ မိန်းမသားတစ်ယောက်က အလိုဆန္ဒတစ်ခုကို လိုချင်ပြီဆိုတာ နဲ့ပုံအောပြီးဖြည့်ဆည်းပေးဖို့ ဝန်မလေးတတ်ကြပါဘူး။ မိန်းမလိုက် စားသူတွေဟာ မိန်းမတူသမျှသဘောကျလေ့ရှိပါတယ်။ ရွေးချယ်ခြင်း မရှိတတ်ကြပါဘူး။ ရွေးချယ်ခြင်းမရှိပဲတွေ့သမျှ လိုက်စားတဲ့သဘော ကြောင့် ဂုဏ်သရေရှိအမျိုးသမီး

များ ဉာဏ်ပညာအမြော်အမြင်ရှိ အမျိုး သမီးများ၊ မျိုးရုက်ရိုးရုက်မြင့်တက်သူများကို မရရှိတတ်ပဲ၊ ခပ်ပေါ့ပေါ့ ခပ်ညံ့ညံ့မိန်းမျိုးတွေနဲ့ပဲ တွေ့ကြုံကြရပါတယ်။ လောကမှာမိန်းမဆိုတာ ဟာအလွန့်အလွန် ရွေးခြယ်စိစစ်ယူနိုင်တာတောင်မှ အပြစ်အနာအဆာ လွတ်တတ်တာမျိုးမဟုတ်ပါဘူး။ ရွေးခြယ်စိစစ်ခြင်းမရှိပဲ ဖြုံဖြုံမဲမဲ ချင်ချင်စုံစုံမှုပြီး ရောဆိုရင်တော့ ဘယ်လိုနည်းနဲ့မှ မိန်းမကောင်း မိန်းမမြတ်ကို မရရှိနိုင်ပါဘူး။

မိန်းမလိုက်စားသူအဖို့ သူ့ရဲ့မကောင်းသတင်းဟာ လူလူခြင်း၊ သယ်ဆောင်ပျံ့နှံ့နေတဲ့အတွက် အမျိုးကောင်းသားသမီးတွေအဖို့ကူးစက်ရောဂါသယ်ကိုရှောင်လို ရှောင်ကြရှားကြပါတယ်။ ဒီ့ကြောင့် မိန်းမလိုက်စားခြင်းဟာ အရာရာဆုံးရှုံးဖို့ချည်းပဲ ဖြစ်ပါတယ်။

ပစ္စည်းဥစ္စာဆုံးရှုံးသာမဟုတ်သေးပါဘူး။ မိမိကိုယ်မှာ အနာရောဂါထူပြောပြီး လူထဲမတိုးပဲလဲဖြစ်တတ်ပါသေးတယ်။ အရင်က မိန်းမလိုက်စားခြင်းကြောင့် ကာလသားရောဂါဟာကြောက်စရာကောင်းအောင်နှိပ်စက်ခဲ့ပါတယ်။ အခုအခါမှာတော့ ကာလသားရောဂါထက်ရာထောင်မက အဆပေါင်းသိန်းသန်းလောက်မျှ ကြောက်စရာကောင်းတဲ့အေအိုင်ဒီအက်စ်ဆိုတဲ့ ကြောက်စရာကူးစက်ရောဂါဆိုးကြီးဟာ ကမ္ဘာမှာဖြိမ်းခြောက်နေပါပြီ။ မိမိကိုယ်နှိုက်ပါမက မိမိသားစုရော မွေးလာမယ့်သားသမီးမျိုးဆက်တစ်ခုလုံးပါ လူညွှန့်တုံးစေမယ့် လူမျိုးပါရုက်သိက္ခာကျဆင်းစေမယ့် အေအိုင်ဒီအက်စ်ရောဂါဆိုးကြီးရဲ့အစဟာ ကာမဂုဏ်လိုက်စားမှုကြောင့် ဖြစ်ပါတယ်။

မိန်းမလိုက်စားခြင်းကြောင့် လူညွှန့်တုန်းစေတတ်တာကို





ဗိဓုရဇာတ်တော်မှာ သုခမိန်အမတ်ကြီးက ခုလိုမိန့်မှာ ဆုံးမခဲ့ဖူးပါတယ်။

"အင်အားကုန်ခမ်းစိတ်တန်ခိုးညှိုးနွမ်းစေတတ်သည်ကို ဖြစ်စေသည်ဖြစ်၍ မိန်းမကိုလွန်လွန်ကြူးကြူးမသွားလာရ။ အကယ်၍သွားလာခြားက အသွေးအဆီကြုံလှိုခမ်းခြောက်၍ ချောင်းခြောက်ပန်းနာရောဂါတို့ကိုင်၊ ကိုယ်ပူရောဂါဆီးပူရောင်းကျရောဂါတို့ကိုင်၊ အားအင်ကုန်ခမ်းညှိုးနွမ်းခြင်းကိုင်၊ ရောက်တတ်၏။

အလွန်အကြူးမိန်းမလိုက်စားခြင်းဟာ ဥစ္စာရွှေငွေ ဘဏ္ဍာကုန်ဆုံးခြင်းကိုလည်း ရောက်တတ်ပါတယ်။ မိမိရဲ့အဆီအသားအင်အားကိုလည်း ခမ်းခြောက်စေတတ်ပါတယ်။ ဒါ့ကြောင့် မိန်းမလိုက်စားခြင်းကိုအမှန်ပဲ ရှောင်ရှားသင့်လှပါတယ်။

မိန်းမဆိုတာမဟာလည်းများလှည့်စားတတ်တဲ့သဘောလည်းရှိပါတယ်။ စိုးရိမ်သောကနဲ့ ပူပင်မှုကိုလည်း ပေးပါတယ်။ ရောဂါအမျိုးမျိုးကိုလည်း ပေးပါတယ်။ ဘေးဆိုး အန္တရာယ်ဆိုးတွေကိုလည်းပေးပါတယ်။ မိန်းမတွေဟာ နုတ်လျှာကြမ်းတမ်းတဲ့အတွက် လွှစက်လွှသွားကြီးနဲ့လည်းတူပါတယ်။ ယောက်ျားတွေအပေါ်မာယာနဲ့ ချည်နှောင်တတ်တဲ့အတွက် ထောင်နဲ့လည်းတူပါတယ်။ သေမင်းထောင်ထားတဲ့ကျော့ကွင်းနဲ့လည်း တူပါတယ်။ လိုဏ်ဂူမှာအောင်းပြီး လူကိုချောင်းမြောင်းစားသောက်တတ်တဲ့ဘီလူးမနဲ့လည်းတူပါတယ်လို့ဇာတ်အဋ္ဌကထာတွေမှာ မကြာခဏဖော်ပြလေ့ရှိပါတယ်။

မိန်းမလိုက်စားသူတွေဟာ အင်အားဗလပြည့်စုံကြပေမယ့်လည်းအင်အားညှိုးနွမ်းပင်ပန်းတတ်ပါတယ်။ အစွမ်းသတ္တိပြည့်စုံကြ

ပေမယ့်လည်း အစွမ်းအစတော့ပြီး ဒုံးတိတိဖြစ်တတ်ကြပါတယ်။ ပညာမျက်စိရှိပေမယ့်လည်း မမြင်မစမ်းအကန်းလိုဖြစ်တတ်ပါတယ်။

မိန်းမတွေကိုနှစ်ခြိုက်လို့အလိုလိုအကြိုက်ဆောင်ရတဲ့ယောကျ်ားတွေဟာဂုဏ်သတင်းကျော်ဇောခြင်းရှိပေမယ့်လည်း ဂုဏ်သတင်းသေးသိမ်ညှိုးမှိန်ဖျော့တော့ အသုံးမဝင်တော့ပဲရှိတတ်ပါတယ်။ တတ်သိလိမ္မာဉာဏ်ပညာရှိပေမယ့်လည်း ပညာဉာဏ်ထုံထိုင်းခပ်မှိုင်းမှိုင်းဖြစ်ကုန်တတ်ပါတယ်။ အနှောင်အဖွဲ့ကင်းကွာလွတ်လပ်တဲ့သတ္တဝါဖြစ်ပေမယ့်လည်း ချည်နှောင်ထားလတ်မလွတ်လပ်တဲ့ လူဖြစ်ရတတ်ပါတယ်။

မီးဟာထင်းပုံကြီးကိုပြာကျအောင်လောင်ကျွမ်းသလို မိန်းမလိုက်စားသူတွေမှာလည်း အချွေအရံအသင်းအပင်များ၊ ဂုဏ်သတင်းကျော်ဇော်ခြင်းများ၊ ဂုဏ်သိက္ခာသမာဓိများ၊ ရဲဝံ့ထက်မြက်မှုများ၊ အကြားအမြင်ဗဟုသုတကြွယ်ဝခြင်းများ၊ မြော်မြင်တတ်တဲ့ဆင်ခြင်တုံတရားများအားလုံးကို ပြာကျအောင်လောင်ကျွမ်းပြီးဆုတ်ယုတ်ပျက်ဆီးတတ်ပါတယ်။

ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်၊ ပုထုဇဉ်သဘာဝဆိုတာ အာရုံငါးပါးကိုလိုက်စားဖျော်ပါးလိုကြတာချည်းပါပဲ။ ကာမဂုဏ်ငါးပါးမှာ ယောကျ်ား၊ မိန်းမတို့ရဲ့အတွေ့အထိအာရုံဟာ အဆွဲငင်ဆုံး၊ အရှိန်အပြင်းဆုံး၊ အင်အားအသန်ဆုံးကာမဂုဏ်ဖြစ်ပါတယ်။ ကာမဂုဏ်ဆိုတာ ဆားငန်ရေတစ်မျိုးပါပဲ။ သောက်လေသောက်လေ ငတ်မပြေဆိုတဲ့အတိုင်း အကြိမ်ကြိမ်အခါခါကြူးလွန်လိုကြပါတယ်။





ဆားငန်ရေဆိုတာ သောက်လေသောက်လေ ငတ်မပြေရုံမျှမက ရေကြောင့်ဖြစ်တတ်တဲ့ ဝမ်းရောဂါပါ ဒုက္ခပေးတတ်ပါသေးတယ်။ ကာမဂုဏ်လိုက်စားခြင်းဟာလည်း ထို့အတူပါပဲ လိုက်စားလေလေအာသာမပြေပဲလိုက်စားချင်လေလေ ဖြစ်တတ်ပါတယ်။ ဒီလိုနဲ့ကာမဂုဏ်ကိုသာ လိုက်စားပြီးရင်းလိုက်စားချင်ကြတဲ့အတွက် ပညာရေး စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအဘက်ဘက်ကဆုံးရှုံးပျက်စီးရပါတယ်။ အပျိုမရှောင်၊ အအိုမရှောင် မဆိုသမျှအကန်းမရလိုက်စားတတ်တဲ့အတွက် မိန်းမဆိုး၊ မိန်းမယုတ်ပေါင်းစုံရဲ့ ကြောက်စရာကောင်းတဲ့ အနာဆိုးရောဂါဆိုးတွေကူးစက် လူစဉ်မမှီအောင် ဖြစ်ကြရပါတယ်။

မိမိရဲ့လက်ရှိဇနီးမယားကို ပစ်ပယ်ပြီးအသစ်အသစ်တွေသာမက်မောဖွေရှာ အာသာငန်းငန်းတပ်မက်လိုက်စားနေတဲ့အတွက် မိမိရဲ့အိမ်ရှိဇနီးမယားဟာလည်း လိုလားချက်မပြည့်၊ စိတ်မချမ်းမြေ့တာကြောင့် တစ်ပါးအခြားသောယောကျ်ားနဲ့ ဖောက်ပြားတတ်ပါသေးတယ်။ စိတ်ဓါတ်ခိုင်မာ ဂုဏ်သိက္ခာနဲ့ နေရမယ့်ယောကျ်ားဖြစ်သူက စိတ်ဓါတ်မခိုင်မာ၊ ဂုဏ်သိက္ခာမဲ့ကာမဂုဏ်လိုက်စားပြီး တစ်ပါးသောမိန်းမသားတွေအပေါ်မှာ အပျော်ကြူးတဲ့အတွက် ဇနီးမယားမှာလည်းတစ်ပါးသောယောကျ်ားနဲ့ လွန်ကျူးပျော်ပါးဖို့ အခွင့်အရေးပေးသလိုဖြစ်တတ်ပါတယ်။

အနိဋ္ဌဂန္ဓမင်းသားဟာ မိန်းမလိုက်စားကျူးလွန်တဲ့အတွက် တိုင်းပြည်ကအနှင်ခံခဲ့ရပါတယ်။ ဒါနဲ့မယားကိုခေါ်ပြီး တောတစ်နေရာမှာသစ်ခက်တဲနန်းနဲ့ သွားရောက်နေထိုင်ရပါတယ်။ မင်းသား

သစ်သီးရှာသွားနိုက်မှာ မင်းသားရဲ့ဇနီးမယားဟာ ရသေ့တစ်ဦးနဲ့ ပျော်မြူးနေတာ တွေ့ရပါသတဲ့။ ဒါကိုကြည့်ခြင်းအားဖြင့် လက်ရှိဇနီးမယားကိုကျော်လွန်ဖောက်ပြားပြီး လိုက်စားလွန်ကျူးတဲ့လူတွေအဖို့ သူတို့ရဲ့ဇနီးမယားတွေကိုပါ ဆုတ်ယုတ်ပျက်စီးအောင် အခွင့်အရေးကြီးပေးသလိုဖြစ်နေတတ်တာကို သတိပြုသင့်လှပါတယ်။

ဒါပေမယ့် လောကမှာ ဖောက်ပြန်လော်လည်တဲ့ယောကျ်ားမျိုးရှိသလို သစ္စာသမာဓိ တည်ကြည်တဲ့ လင်ယောကျ်ားတွေလည်း ခုနှဲ့အေးပါပဲ။ ဒီလိုပါပဲ မိန်းမသားဖြစ်ပေမယ့် လင်ယောကျ်ားကဖောက်ပြန်ပျက်စီးနေတာတောင် မိမိကိုယ်ကိုယ် မိမိမပျက်စီးစေပဲ လမ်းကောင်းလမ်းမြတ်ကိုရွေးချယ်နိုင်တဲ့ မိန်းမကောင်းမိန်းမမြတ် တွေလည်းခုနှဲ့အေးပါ။

ရှေးအခါက ဗာရာဏသီပြည့်ရှင် မင်းကြီးဟာ မိမိရဲ့ သားတော်ဖြစ်တဲ့ ဗြဟ္မဒတ်မင်းသားအပေါ်ဖိုးရိမ်မှုလွန်ကဲပြီး ထီးနန်းလုယူမယ်အထင်နဲ့ ပြည်နှင်ဒဏ်ပေးခဲ့ဖူးပါတယ်။ ဗြဟ္မဒတ်မင်းသားလည်းကြင်ယာတော်အသိဘူတာ မင်းသမီးကိုခေါ်ပြီး ဟိမဝန္တာတောကိုထွက်ခဲ့ပါတယ်။ ဟိမဝန္တာတောမှာ သစ်ခက်တဲနန်းထိုးနေထိုင်ပြီး ဇနီးမယားကိုသစ်သီးသစ်ဥတွေရှာကြံ ကျွေးမွေးခဲ့ပါတယ်။ တနေ့သော် ဗြဟ္မဒဏ်မယားဟာ သစ်သီးရှာထွက်ရင်း ကိန္နရီမတစ်ဦးကိုမြင်တာနဲ့ ချစ်ခင်နှစ်သက်တပ်မက်တဲ့ စိတ်တွေဝင်ခဲ့ပါတယ်။ ဒါနဲ့ဇနီးကြင်ယာဖြစ်တဲ့ အသိဘူတာကိုမေ့လျော့ပြီး ကိန္နရီမကို စွဲလန်းတာနဲ့ ကိန္နရီမ နောက်ကိုလိုက်ပါသွားခဲ့ပါတယ်။





ဒါကိုအသိဘူတာမင်းသမီးသိတော့ ခုလိုဆင်ခြင်မိပါတယ်။ "မောင်တော်ဟာဇါ့ကို အသိအမှတ်မပြုတော့ဘူး။ ကိန္နရီမကိုစွဲလန်းပြီးနောက်ကနေကောက်ကောက်ပါအောင် လိုက်သွားပြီ၊ ဇါ့ကိုမခင်တွယ်တော့ဘူး။ ဒီတော့ဇါ သူ့ကိုခင်တွယ်နေလို့အကျိုးထူးမှာမဟုတ်တဲ့အတွက် သံယောဇဉ်ဖြတ်မှတော်ပေတော့မှာပဲ" လို့ တွေးပြီးအလောင်းတော်ဆရာရသေ့ထံမှာ ကသိုဏ်းတရားတောင်းခံကျင့်ကြံခဲ့ပါတယ်။ ဒီလိုကသိုဏ်းတရားကျင့်ကြံတဲ့အတွက် အသိဉာဏ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို ရရှိခဲ့ပါတယ်။ ဒါနဲ့ဆရာရသေ့ကိုရှိခိုးကန်တော့ပြီး သစ်ခက်တဲနန်းကိုပြန်လာတဲ့အခါမှာ ကိန္နရီမနောက်ကိုမှီအောင် မလိုက်နိုင်တာနဲ့မောပမ်းပြန်လာတဲ့ဗြဟ္မဒတ်မင်းသားကို တွေ့ရပါတယ်။ ဒီအခါ အသိဘူတာဟာ ကောင်းကင်ကိုပျံတက်ရပ်တည်ပြီး

"အရှင်မင်းသား အရှင်မင်းသားရဲ့ကျေးဇူးကြောင့် ယခုကဲ့သို့သောဈာန်ချမ်းသာကို ကျွန်ုပ်ရရှိခဲ့ရပါပြီ အရှင်မင်းသားကကျွန်ုပ်ပစ်ပယ်ပြီး ကိန္နရီမနောက်ကိုလိုက်ပါသွားတဲ့အတွက်သာ အရှင်မင်းသားအပေါ်သံယောဇဉ်ကင်းပြတ်ပြီး ယခုလိုဈာန်ချမ်းသာကို ရရှိခဲ့ခြင်းဖြစ်ပါတယ်။ လွှနဲ့ဖြတ်ပြီးဆင်စွယ်ကိုပြန်ပြီးဆက်လို့မရသလိုပါပဲ အရှင်မင်းသားအပေါ်ကျွန်ုပ်ရဲ့ခင်မင်တွယ်တာမှုဟာလည်း ပြန်ပြီးဆက်စပ်လို့မရနိုင်တော့ပါ" လို့ ပြောပြီး ကောင်းကင်ခရီးနဲ့အရပ်တစ်ပါးကို ထွက်ခွာသွားပါတော့တယ်။

လင်ယောကျ်ားဘယ်လိုပဲ ဖောက်ပြန်ဖောက်ပြန် မိမိရဲ့ သမာဓိဂုဏ်ကိုအထိခိုက်မခံပဲ၊ အသိဘူတာမင်းသမီးလိုကျင့်ကြံနိုင်ဖို့

အမျိုးကောင်းသမီးတွေလို ကျင့်ကြံဖို့ တိုက်တွန်းချင်ပါတယ်။ အိုးရှဲ့ကို စလောင်းရွဲ နဲ့ဖုံးမယ့်အစား ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်ဆည်ပြီး ကိုယ့်ဘဝကိုယ် မပျက်စီးအောင်မိမိကိုယ်မိမိစောင့်ရှောက်သင့်ပါတယ်။

မိန်းမလိုက်စားမှုလွန်ကြူးမိုက်မှားမိတဲ့အတွက် သူဌေးသားလေးယောက်ဟာ လောဟကုမ္ဘီငရဲကိုကျရောက်ပြီး ဆင်းရဲခြင်းကြီးစွာခံစားရပါတယ်။ မိန်းမလိုက်စားသူဟာ အမှားအမှန်ဆင်ခြင်ဉာဏ်ချွတ်ယွင်းသွားပြီဖြစ်တဲ့အတွက် လင်ရှိမယား သူတစ်ပါးရဲ့ကာမ ပိုင်နယ်ပယ်ကို ကျူးကျော်စော်ကားမိတတ်တဲ့အတွက် လောဟကုမ္ဘီငရဲကို ကျရောက်မယ့် အန္တရာယ်ကြီးကလည်း ဆီးကြိုနေပါတယ်။

လင်ယောကျ်ားကမိန်းမလိုက်စားလို့ပျက်စီးတတ်သလို မိန်းမသားတွေမှာလည်း မိမိလင်ယောကျ်ားမှတစ်ပါး ဖောက်ပြားကျူးလွန်ခဲ့ရင် ပစ္စုပ္ပန်သံသရာနှစ်ပြာသော ပျက်စီးခြင်းနဲ့ကြုံရတတ်ပါတယ်။ ကာမေသုမိစ္ဆာစာရကံကျူးလွန်မှုကြောင့် ငရဲခံနေရတဲ့မိန်းမတွေရဲ့ ထိတ်လန့်ကြောက်ရွံ့စရာ၊ တုန်လှုပ်စရာမြင်ကွင်းကို နေမိမင်းကြီး ကိုယ်တိုင်တွေမြင်ခဲ့ရတယ်လို့ ဆိုပါတယ်။

လင်ရောမယားပါ ကိုယ်ကျင့်တရားပျက်ပြားခဲ့ရင် မွေးလာမယ့်သားသမီးတွေအဖို့လည်း ဘယ်လိုမှ ကိုယ်ကျင့်တရားနဲ့ပြည့်စုံကောင်းမွန်ဖို့ မပြောလင့်နိုင်ပါဘူး။ ဒီလိုလူမျိုး၊ ဒီလိုမိဘမျိုးရဲ့ သားသမီးတွေအပေါ် သားကောင်းသမီးကောင်းတွေက အပေါင်းအဖော်လုပ်ဖို့ကြောက်ရွံ့စိုးရိမ်ကြပါလိမ့်မယ်။

ဒါ့ကြောင့် မိန်းမလိုက်စားသူဟာ မိန်းမတို့ရဲ့အလိုဆန္ဒနောက်ကိုအစဉ်ခပ်သိမ်းလိုက်ရတတ်ပါတယ်။ သူတို့အလိုဆန္ဒကိုဖြည့်





ဖြိုးရင်းဖြည့်နေရတဲ့အတွက် ကိုယ်ရောစိတ်ပါဆင်းရဲညှိုးနွမ်းရပါတယ်။ ပစ္စည်းဥစ္စာပူဆာသမျှဝယ်ခြမ်းပေးရတဲ့အတွက်လည်း မကုန်သင့်တာကုန်ပြီး ဆုတ်ယုတ်ပျက်စီးတတ်ပါတယ်။ သူတို့ကိုစွမ်းသမျှဆောင်ရွက်နေရတာများလွန်းတဲ့အတွက် မိမိရဲ့စီးပွားရေး ကြီးပွားရေးအတွက် အချိန်တွေကုန်ဆုံးလေလွင့်ရပါတယ်။ နားမှုနားဆာလုပ်လွန်းတဲ့ မိန်းမတွေကြောင့် စိတ်ညစ်ကြရပြီး အကျင့်သီလ ပျက်ပြီးတော့လည်း အလိုလိုက်ကြရတတ်ပါတယ်၊ မကောင်းမှုလမ်းမှားကိုမှားမှန်းသိရက်နဲ့လည်း မျက်စိမှိတ်ဖွတ်တိုးပြီး အလိုလိုက်ရတတ်ပါတယ်။

ဘယ်ယောကျ်ား ဘယ်မိန်းမမဆို မိမိလင်သား၊ သားမယားအပေါ်မှာ လွဲမှားဖောက်ပြန်ခြင်းဟာ မိမိတို့ ပုဂ္ဂိုလ်တစ်ဦးစီအဖို့သာမဟုတ်မျိုးရိုးစဉ်ဆက် သားပြေးမြစ်လက်ထက်တိုင် ဆုတ်ယုတ်ပျက်စီးတတ်ပါတယ်။

ကာမဂုဏ်ကျူးလွန်သူတွေဟာ ကျန်းမာရေးပျက်ပြားပြီး ကြီးမားတဲ့ရောဂါဆိုးတွေ ကျရောက်နိုင်ပါတယ်။ အဲဒီကျရောက်နေတဲ့ ရောဂါရှင်အမိအဖတို့ကြောင့် မွေးလာတဲ့သားသမီးဟာ မွေးရာပါရောဂါပါလာတတ်ပြီး မသန်စွမ်း ဖြစ်တတ်ပါတယ်။

မိခင်ပဋိသန္ဓေကပါလာတဲ့ ရောဂါရှင်ကလေးငယ်တွေဟာ မွေးရာပါရောဂါကြောင့်လည်း ရုပ်လက္ခဏာကြည်လင်သန့်ရှင်းခြင်းမရှိပါဘူး။ သန်မာထွားကျိုင်းမှုလည်းမရှိပါဘူး။ အသက်လည်းတိုတတ်ပါတယ်။

ကျန်းမာရေးမွေးကတည်းက ချွတ်ယွင်းလာတဲ့ ရုပ်လ...ွာအကိုအမှီပြုထားတဲ့ အဲဒီကလေးငယ်ရဲ့စိတ်နှလုံးဟာလည်း ကြီးပြင်းလာတဲ့အခါ ကြည်လင်ရွှင်ပြမှုမရှိပဲ စိတ်ဓါတ်ညှိုးငယ်ဖျင်းသေးသိမ်တတ်ပါတယ်။ ဉာဏ်ပညာယုတ်လျော့နည်းပါးတဲ့အတွက် အကြံကောင်းဉာဏ်ကောင်းလည်း မထွက်နိုင်၊ ပညာကောင်းလည်း မဆည်းပူးနိုင်၊ အလုပ်ကောင်း၊ အကိုင်ကောင်းလည်း မရရှိနိုင်ပါပဲ ဆင်းရဲမွဲပြေတတ်ပါတယ်။

စိတ်နှလုံးညှိုးငယ်ဉာဏ်မရှိခြင်း၊ ဆင်းရဲခြင်းစတဲ့အကြောင်းတရားတွေကြောင့် မိတ်ကောင်းဆွေကောင်း၊ ဆရာကောင်းမတွေ့နိုင်ပါ။ အပေါင်းအသင်းမှားကာ တစ်သက်တာလုံးမှားဆုံးပဲရှိတတ်ပါတယ်။ ဒီလိုနဲ့တစ်စတစ်စမျိုးဆက်တစ်ဆက်ပြီးတစ်ဆက်ညှိုးငယ်ပါများလာရင် မိမိတို့ရပ်ရွာ ဒေသအတွက်ရော တိုင်းပြည်အတွက်ပါ ဆုံးရှုံးနစ်နာလှပါတယ်။ ဒါကြောင့် သားမြေးစဉ်ဆက်ပျက်စီးခြင်းအကြောင်းတရားဖြစ်တဲ့ ကာမတဏှာအမှောင်ရှာကို မကြင်နာမတွယ်ဖက်ပဲ တစ်လင်တစ်မယားစနစ်နဲ့သာယာတဲ့ မိသားစုဘဝလှပတဲ့ အနာဂတ်ကိုဖန်တီးတည်ဆောက်သင့်ပါတယ်။

**မူးယစ်သောက်စားခြင်းကိုရှောင်ပါ**

ပျက်စီးခြင်းအကြောင်းတရားတွေထဲမှာ အရက်သေစာသောက်စားခြင်းနဲ့၊ မူးယစ်ဆေးဝါးမှီဝဲ ခြင်းဟာ ဒီနေ့ခေတ်မှာအမြင်သာဆုံးအထင်သာ ဆုံးဖြစ်ပါတယ်။ သေရည်အရက်သောက်စားခြင်းကို နှစ်ထောင်ပေါင်းများစွာကတည်းက





အပြစ်အဖြစ်မြင်ခဲ့၊ သိခဲ့ကြပါတယ်။ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ ဇာတ်တော်တွေ နိပါတ်တော်တွေထဲမှာလည်း အရက်သေစာသောက်စားခြင်းကြောင့် ဆုတ်ယုတ်ပျက်စီးရတဲ့ ဇာတ်နိပါတ်တွေဟာ ထုတ်နုတ်ဖော်ပြလို့ ကုန်နိုင်စရာ မရှိပါဘူး။

ဒါပေမယ့်

ဒီနေ့ခေတ် ဒီနေ့အခါမှာတော့ အရက်သောက် ခြင်းဟာ ယဉ်ကျေးမှုတစ်ရပ်လို ထွန်းကားလာတာကို စိတ်မကောင်းစွာ တွေ့နေရပါတယ်။ ခုဆိုရင် မြို့ကြီးတွေ သာမှမက မြို့ငယ်မြို့ဖျားတွေ၊ မြို့နယ်လေးတွေမှာပါ ဘီယာဆိုင်ကြီးတွေ၊ စားသောက်ဆိုင်ကြီးတွေဟာ ရောမဆိုင်းဘုတ်ကြီးတွေနဲ့ တခမ်းတနားပါပဲ။ စားကြသောက်ကြတဲ့ လူတွေကလည်း နေ့စဉ်နဲ့အမျှ စည်ကားလို့ အောက်မေ့ရလောက်အောင် စည်ကားလှပါတယ်။ စီးပွားရေးနဲ့ လူမှုရေး နယ်ပယ်မှာလည်း အရက်ဝိုင်း၊ ဘီယာဝိုင်းတွေဟာ လူယဉ်ကျေးမှုတစ်ရပ်လို ထွန်းကားနေပါတယ်။ အရင်က အလုပ်အကိုင်ကိစ္စ၊ အရောင်းအဝယ်ကိစ္စ၊ အပေးအယူတွေကို လက်ဖက် ရည်ဆိုင်မှာ ညှိနှိုင်းတွေ့ဆုံလေ့ရှိကြပါတယ်။ ခုတော့ ဘီယာဆိုင် အရက်ဆိုင်တွေမှာပဲတွေ့ကြ၊ ဆုံကြ၊ ပျော်ပျော်ပါးပါးစားရင်းသောက်ရင်း အလုပ်ကိစ္စပါဆောင် ရွက်ပြောဆိုလေ့ရှိကြပါတယ်။ အရက်ဝိုင်းဆိုတာ လက်ဖက် ရည်ဝိုင်းလို ဟန်ဆောင်နေစရာ၊ အိန္ဒြေဆည် နေစရာမလိုဘူး လေ။ လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါးနဲ့ ပြောချင်ရာပြော၊ ဆိုချင်ရာဆို လိုအပ်မှုထက်ပိုကဲတဲ့

ရင်းနှီးပွင့်လင်းမှုတွေနဲ့ လွတ်လွတ်လပ်လပ်ကြီး အပေးအယူလုပ်ကြရတဲ့အတွက် ပိုပြီးအလုပ်ဖြစ်သယောင်ရှိ ပါတယ်။ ဒါပေမယ့် အရက်သောက်နေစဉ် မူးယစ်ရီဝေ နေစဉ်မှာ လူတွေရဲ့ စိတ်အခြေအနေဟာ မှန်မှန်စိတ်မဖြစ် နိုင်တဲ့အတွက် အရက်ဝိုင်းဘီယာဝိုင်းမှာ ပြောဆိုအဆင်ပြေတဲ့ လူမှုရေး၊ စီးပွားရေးလုပ်ငန်းတွေဟာ ရေရှည် အကျိုးဖြစ်ထွန်းနိုင်မယ့်လို့ ပြောလို့မရပါဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဒီနေ့ကာလမှာတော့ အရက်ဝိုင်းဟာ တစ်ခြားလက်ဖက်ရည်ဝိုင်း၊ ထမင်းစားဝိုင်းတွေထက် ပိုမိုရင်းနှီးလွယ်၊ သူ့အကြောင်းကိုယ့်အကြောင်းပိုသိလွယ်၊ ပြောရဲဆိုရဲကာ ကတိပေးလွယ်တဲ့အတွက် ပိုပြီးတာစ်နေ့တစ်ခြား ခေတ်စားလာနေပါတယ်။ လက်ဖက်ရည်ဝိုင်းမှာ ပြောမထွက်တဲ့ စကားတွေလဲ အရက်ဝိုင်းမှာတော့ ပြောထွက်ရဲကြပါတယ်။ ဒါပေမယ့် ဘာပဲပြောပြော အရက်သေစာသောက်စားမူးယစ်ခြင်းကို အခြေခံတဲ့ အပျော်အပါးနဲ့ ဆက်နွယ်တဲ့ ရင်းနှီးခင်မင်မှုဟာ စစ်မှန်တဲ့ ရင်းနှီးခင်မင်မှုလို့မဆိုသာပါဘူး။ လိမ္မာပါးနပ်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ချို့ဟာ ပါတနာတွေ၊ ဖောက်သည်တွေကို အရက်နဲ့စည်းရုံးသိမ်းသွင်းလေ့ရှိပါတယ်။ အရက်နဲ့စည်းရုံးရတာဟာ အရက်နဲ့စည်းရုံးရတာထက် ပိုလွယ်ပါတယ်။ အရက်ဝိုင်းဆိုတာ ဂုဏ်သိက္ခာထိန်းဖို့မလိုဘူး မဟုတ်လား။

အရက်နဲ့ဆက်နွယ်နေတဲ့ မူးယစ်ဆေးဝါးတွေ၊ ဆေးလိပ်ကစပြီး ဘိန်းဖြူ ဘိန်းမဲ၊ ဆေးခြောက်၊ ကုတ် ကင်း၊ ဆေးပြားစတာတွေဟာ လူတွေရဲ့ မှန်မှန်စိတ်ကို ဖျက်ဆီးပြီး ဆင်ခြင်တုံတရား





ကင်းမဲ့စေပါတယ်။ တစ်ချို့ နိုင်ငံက အရင်းရှင်အလုပ်သမားတွေဟာဆိုရင် အလုပ်သမားတွေကို မူးယစ်ဆေးတစ်မျိုးမျိုးနဲ့စည်းရုံးပြီး သူတို့အလုပ်ကမထွက်နိုင်အောင် သူတို့ခိုင်းသမျှ လုပ်ပေးသူ တို့အပေါ်ကျိုးနွံအောင် ချုပ်ကိုင်ထားလေ့ရှိပါတယ်။ မူး ယစ်ဆေးတစ်ခုခုကိုစွဲမိသူဟာ သူ့ရဲ့လူမှုရေး စီးပွားရေး လောကနဲ့ မိသားစုအရေးမှန်သမျှကို ဖျက်ဆီးပြီး သူစွဲ နေတဲ့ မူးယစ်ဆေးရဲ့ ကျေးကျွန်ဖြစ်ရပါတော့တယ်။

အရက်နဲ့ မူးယစ်ဆေးဝါးသုံးစွဲခြင်းဟာ စီးပွားရေး အရအကျိုးရှိရုံမက ငွေကုန်ကြေးကျများပြီး၊ စုဆောင်းထား သမျှစည်းစိမ်ဥစ္စာပါ ပြုန်းတီး ဆုံးရှုံးရပါတယ်။ အရက်နဲ့ မူးယစ်ဆေးအမျိုးမျိုးကို သုံးစွဲမိသူအဖို့ ကိုယ့်စိတ်ကို အစိုးမရ တော့ပဲ မလုပ်သင့်တာတွေလုပ်မိ၊ မမှားသင့်တာတွေမှားမိရုံမက၊ ရာဇဝတ်ဘေး ရာဇဝတ်ဒဏ်သင့်စေမယ့်အမှုမျိုး ကိုလည်း ကျူးလွန်မိတတ်ပါ သေးတယ်။ ဆရာသမား ဘိုးဘွားမိဘကစလို့ ရဟန်း သံဃာတော်များကိုပါ ရိုသေ ထိုက်သူကိုရိုသေရမယ့် တရားမျက်ပြားအောင် ဆဲရေးပုတ် ခတ်တတ်ပါတယ်။ အရက်သေစာကိုသောက်စား အရှုက် အကြောက်ကင်းပြီး သူ့အသက်ကိုသတ်တာ၊ ခိုးဝှက်လုယက် တာ၊ လိမ်ညာလှည့်ဖျားတာ၊ သူတစ်ပါးသားမယားလှည့်ဖျား တာစတဲ့ မပြုသင့် မပြုထိုက်တဲ့အလုပ်ကို မလုပ်မိပဲ မလုပ် သင့်မလုပ်အပ်တဲ့ အလုပ်မျိုးတွေကို လုပ်ကိုင်ကျူးလွန်တတ် ပါတယ်။

အရက်သေစာသောက်စားမူးယစ်နေစဉ်မှာ ဘာကိုမှ

စဉ်းစားဆင်ခြင်နိုင်စွမ်းမရှိတော့ပဲ၊ မိမိရဲ့ ရင်သွေးရတနာသား ကိုတောင်မှ အမဲသားငါးအမှတ်နဲ့ သတ်ဖြတ်စားသောက်ဖူး တဲ့ ပေါရိသာဒဇာတ်ကို လူတိုင်းသိပြီးဖြစ်မှာပါ။

အရက်သေစာသောက်စားမူးယစ်ဆေးဝါးမှီဝဲ သုံးစွဲတတ်သူ ဆိုတာ မိမိနဲ့ဘဝတူ အရက်စွဲသူ၊ ဆေးစွဲသူအချင်းချင်းသာပေါင်းသင်း ဆက်ဆံလေ့ရှိတဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ဖျက်ဆီးရာရောက်ပြီး ကြီးပွားချမ်းသာခြင်းက ဆုတ်ယုတ်ပျက်စီးရပါတယ်။

အရက်နဲ့မူးယစ်ဆေးဝါးသောက်စားလေ့ရှိသူတို့မှာ ပစ္စုပ္ပန် မျက်မှောက် အကျိုးစီးပွားအတွက် မိမိလုပ်ဆောင်ရမယ့်အလုပ်ကို မလုပ်မိတဲ့အတွက် မချိန်ပြုန်းတီးရာရောက်ပါတယ်။ ရရှိပြီးသားစည်းစိမ်ဥစ္စာလည်း ပျက်စီးဆုံးရှုံးတတ် ပါတယ်။ သင်ကြားတတ်မြောက်ပြီးသား အတတ်ပညာအသိ ပညာတွေလည်း မေ့မှိန်လျော့ပါး ပပျောက်သွားစေ တတ်ပါ တယ်။ မိမိအတွက် အကျိုးရှိမယ့်အလုပ်တွေကိုမလုပ်တဲ့ အတွက် နာမည်ပျက်ရတတ်ပါတယ်။ တိုးတက်သင့်တဲ့အကျိုး စီးပွားရေးလည်း မတိုးတက်ပဲရှိတတ်ပါတယ်။ မိမိ အိမ်သူ အိမ်သားများရဲ့ အလေးအမြတ်ပြုခြင်းလည်း ကင်းစေပါတယ်။ မိမိရဲ့သားသမီးတွေကိုလည်း ဆုံးမရခက်ခဲပြီး မိမိကဲ့သို့ အရက်သမား ဆေးသမားဖြစ်လာစေဖို့လမ်း ကြောင်းပေးရာ ရောက်ပါတယ်။ သားလိမ္မာ၊ သမီးလိမ္မာရစေဦးတော့ အရက် သမားဖြစ်တဲ့ဖခင်အပေါ် အထင်သေးအပြစ်တင်တာခံရတတ် ပါတယ်။ ရသမျှငွေကြေး





ရှိသမျှပစ္စည်းဟာ အရက်ဖိုးဆေး ဖိုးနဲ့ ကုန်နေရတဲ့အတွက် စားဝတ်နေရေးခက်ခဲတတ်ပါတယ်။ စီးပွားရေး အဆင်မပြေတဲ့အတွက် မိမိရဲ့သားသမီးတွေကို လည်း ပညာသင်ကြားမပေး နိုင်၊ လူတန်းစေ့မထားနိုင်ဖြစ်ရ တတ်ပါတယ်။ ဒီလိုနဲ့ အပြစ်မဲ့တဲ့သားသမီး တွေဟာ ပညာမဲ့ပြီး မဆင်းရဲသင့်ပဲ ဆင်းရဲကြရရှာပါတယ်။

အလျဉ်းသင့်လို့ပြောရရင် ဒီနေ့ခေတ်အနုပညာရှင် တော်တော် များများဟာ အရက်သေစာသောက်စားခြင်းကို ဖက်ရှင်တစ်ခုလိုဖြစ်နေတာ တွေ့ရပါတယ်။ အရက်မသောက်တတ်ရင်ပဲ အနုပညာရှင်မပီသတော့ သလိုပြောဆိုနေကြပါတယ်။ အရက်သောက်မှ အနုပညာရာနိရတယ် လို့လဲရှိကြ ပါသေးတယ်။ အနုပညာရှင်ဖြစ်ဖို့အရက်သောက်မှ လူရာဝင် သလိုဖြစ်နေပါတော့တယ်။ ဒါဟာတကယ်တော့ မိမိစိတ်ကို မိမိ မနိုင်တဲ့အတွက် လိုရာဆွဲတွေးပြီး ပြောဆိုနေကြခြင်းသာ ဖြစ်ပါတယ်။ အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစားပဲအောင်မြင်နေတဲ့ စာရေးဆရာကြီးတွေ၊ ကဗျာဆရာကြီးတွေ၊ ပန်းချီဆရာကြီးတွေ၊ ဂီတဆရာကြီးတွေရှိပါတယ်။ တစ်ချို့လဲ အောင်မြင်တဲ့အနုပညာရှင် တစ်ယောက်ရဲ့ အရက် သောက်တာ၊ ပေပေတေတေနေတာကို အတုယူပြီး သူ့လို ဖြစ်အောင်လုပ်တတ်ကြပါတယ်။ လက်တွေ့အရတော့ သူ့လို အနုပညာရှင်အဖြစ် မကျော်ကြားပဲ

အရက်သမားဘဝနဲ့ အဆုံး သတ်သွားကြပါတော့တယ်။

အရက်နှိပ်စက်လို့ အသက်ပေးသွားရတဲ့အနုပညာရှင်တွေ စာရေးသူပါတ်ဝန်းကျင်မှာ အမြောက်အများတွေ့ခဲ့ရပါတယ်။ မန္တလေး ကသဘင်အနုပညာရှင်တစ်ယောက်ဟာ မူးယစ်ဆေးဝါးစွဲမိရာက အလုပ်ပျက်အကိုင်ပျက် စီးပွားပျက် ဖြစ်ရုံမက၊ နောက်ဆုံးသားတကွဲ မယားတကွဲဖြစ်ပြီး လမ်းဘေးကင်းတဲပေါ်မှာ လူမသိသူမသိ ဘဝဆုံးသတ် သွားရဖူးပါတယ်။ ရန်ကုန်က ကဗျာဆရာလေးတစ်ယောက်ဟာ ပညာ တတ်၊ ရုပ်ချောပြီး အောင်မြင်နေတဲ့အချိန်မှာပဲ အရက်အလွန် အကျွံသောက်လို့ သေဆုံးခဲ့ရဖူးပါတယ်။ မြင်းခြံကအနုပညာ ရှင်တစ်ဦး ဟာလည်း အရက်ကိုအချိန်ပြည့်သောက်လို့ လူမှန်း သူမှန်းမသိဖြစ်ရတာ လမ်းဘေးမှာပစ္စလက္ခ သေဆုံးခဲ့ရဖူးပါတယ်။ နိုင်ငံကျော်စာရေးဆရာကြီး တစ်ယောက်ဟာလည်း အရက်အလွန်အကျွံသောက်ပြီး အရက်ဆိုင်ကပြန် အလာ ဆိုက္ကားပေါ်မှာပဲ ဆုံးပါးသွားခဲ့ရဖူးပါတယ်။ တစ်ချို့တစ်ချို့ တော့ အရက်သောက်လိုက် မူးယစ်ယမ်းကားစော်ကားလိုက်၊ ဆဲဆိုကြိမ်းမောင်း လိုက်နဲ့ အရှက်နဲ့သိက္ခာကင်းမဲ့လာတတ်ကြ ပါတယ်။ ဒီလိုနဲ့ ဟိုလူကရှောင် ဒီလူကရှောင်နဲ့ အထီးကျန် ဖြစ်ကြရပါတယ်။

စာရေးသူရဲ့ မိတ်ဆွေစာရေးဆရာတစ်ယောက်တော့ စီးကရက်ဖူးကိုအိတ်ထဲထည့်ပြီး အချိန်ပြည့်လက်ကြား မှာ





စီးကရက်ညှပ် နေခဲ့ပါတယ်။ နောက်တော့ တီဘီအဆုတ်နာစွဲပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးသွားခဲ့ရပါတယ်။ ဒါကြောင့် ပါဠေယျပါဠိတော် သိင်္ဂါလသုတ္တန်မှာ အရက် သောက်ခြင်းရဲ့ဖျက်မှောက် အပြစ်ခြောက်ပါးကို ဖော်ပြခဲ့ပါတယ်။

၁။ လက်ရှိပစ္စည်းများဆုံးရှုံးကုန်ခမ်းခြင်း

၂။ ရန်ပွဲများခြင်း

၃။ ရောဂါထူပြောခြင်း

၄။ မကောင်းသတင်းပေါ်ထွက်ခြင်း

၅။ အရှက်ကို ဖျက်ဆီးတတ်တဲ့ အင်္ဂါကိုပြခြင်း

၆။ ဉာဏ်ပညာချွတ်ယွင်းမှေးမှိန်ခြင်း တို့ပါပဲ။

အပြစ်များပြားလှတဲ့ 'အရက်သေစာအပါအဝင် မူးယစ်ဆေးဝါး အမျိုးမျိုးကို သုံးစွဲခြင်းမပြုပဲ ရှောင်ရှားနိုင် ခဲ့ရင် အကျိုးတရား(၃၀) ရရှိနိုင်ပါတယ်။

အဲဒါတွေကတော့ –

၁။ ကာလသုံးပါးမှာ ဖြစ်ပေါ်လာနိုင်တဲ့ ကိစ္စကြီးငယ် တို့ကို လျင်မြန်ထက်သန်စွာ သိရှိနားလည်နိုင်ခြင်း

၂။ သတိမြဲမြံခြင်း

၃။ ရူးသွပ်မှုကင်းခြင်း

၄။ ဉာဏ်ရှိခြင်း

၅။ မပျင်းရိခြင်း

၆။ ဆိုက်ဆိုက်မဲမဲမပြုမူခြင်း

၇။ မဆွံ့မအခြင်း
၈။ မူးယစ်မှုမရှိခြင်း
၉။ မမေ့လျော့ခြင်း
၁၀။ မတွေဝေခြင်း
၁၁။ ကြက်သီးမွေးညင်းမထခြင်း
၁၂။ အချုပ်အချယ်မရှိခြင်း
၁၃။ ကရုဏာတရားရှိခြင်း
၁၄။ စကားမှန်ကန်ခြင်း
၁၅။ ကုံးချောစကား၊ ကြမ်းတမ်းရိုင်းစိုင်းသောစကား၊ အနှစ်သာရမဲ့သောစကား၊ အသိမ်အဖျင်း စကားတို့မှ ကင်းရှင်းခြင်း
၁၆။ နှေးညမရွေးဆုတ်နစ်ပျင်းရိမှုမရှိခြင်း
၁၇။ ပြဲဘုံးသောသူတပါးကျေးဇူးကိုသိခြင်း
၁၈။ ကျေးဇူးတရားကို နားလည်သိရှိတဲ့အတိုင်း ထင်ရှားအောင် ထုတ်ဖော်ပြသတတ်ခြင်း
၁၉။ ဝန်တိုမှုမရှိခြင်း
၂၀။ ဘုန်းကြက်သရေရှိခြင်း
၂၁။ သိလရှိသူဖြစ်ခြင်း
၂၂။ ဖြောင့်မတ်ခြင်း
၂၃။ စိတ်မဆိုးရခြင်း
၂၄။ အရှက်တရားရှိခြင်း
၂၅။ မကောင်းမှုပြုရမှာကို ကြောက်ခြင်း





၂၆။ အယူအမြင်ဖြောင့်မြူးမှန်ကန်ခြင်း
၂၇။ ပညာဉာဏ်တိုးတက်ကြီးမားခြင်း
၂၈။ ထိုးထွင်းသိမြင်ခြင်း
၂၉။ ဗဟုသုတပညာပြည့်ဝခြင်း
၃၀။ အကျိုးရှိ မရှိကို ဝေဖန်ပိုင်းခြားတတ်ခြင်း စတာတွေဖြစ်ပါတယ်။

ဒါ့ကြောင့် မိမိဘဝကိုရော၊ မိမိမိသားစုဘဝ ပါမက၊ မိမိဆွေစဉ်မျိုးဆက်မကောင်းမှုမပေါက်ရလေအောင် အရက်၊ စီးကရက်၊ ဘိန်းဖြူ ဘိန်းမဲ၊ ဆေးခြောက် ကဖော်၊ လော့စာ၊ ကုတ္တင်း၊ ဆေးပြားစတဲ့ မူးယစ်ဝေ တတ်တဲ့အရာမှန်သမျှကို နည်းနည်းလေးမှ စမ်းသပ်မသုံးစွဲမိစေဖို့ သတိပြုဆင်ခြင်ကြရမယ်။

## လောင်းကစားမှုကို ရှောင်ပါ

လောင်းကစားခြင်းကိစ္စဟာ စိတ်ဓာတ်အရရော၊ ရုပ်ဝတ္ထုအရပါ ပျက်စီးဆုတ်ယုတ်စေတဲ့အရာဖြစ်ပါတယ်။ ဘယ်လောင်းကစားမှုမျိုးမဆို မိမိကနည်းနည်းရင်းပြီး များများပြန်လိုချင်တဲ့စိတ်က အခြေခံပါတယ်။ အဲဒီစိတ်ကိုယ်၌က လောဘဇောမသတ်နိုင်တာကိုဆိုနေတဲ့အတွက် လောင်းကစားဟာ ဦးစွာလောဘစိတ်ကို ကြီးထွားစေပါတယ်။ လောဘစိတ်ဆိုတာ အတ္တကိုအခြေခံပါတယ်။ ဒါကြောင့် လောင်းကစားမှုဟာ အတ္တလွန်ကဲသူ၊ တစ်ကိုယ်ကောင်းဆန်သူ၊ လောဘကြီးသူတွေရဲ့အလုပ်ဖြစ်ပါတယ်။ လောင်းကစားခြင်းနည်းနဲ့

ငွေရှာတာဟာ သမ္မာအာဇီဝမဟုတ်၊ ကောင်းရောင်းကောင်းဝယ်မဟုတ်၊ သူတစ်ပါးပစ္စည်းကိုအလွယ်တကူရယူလိုတဲ့ ဆန္ဒကအရင်းခံဖြစ်ပါတယ်။ အလိုလောဘရမက်ကြောင့် လောင်းကစားသမားများဟာ အနိုင်ရလိုစိတ်၊ သူတစ်ပါးပစ္စည်းအပေါ်တက်မက်စိတ်အရင်းခံနေပါတယ်။ ဒီစိတ်မျိုးကအရင်းခံနေတာကြောင့် လောင်းကစားသမားတွေအဖို့ မနိုင်ရင်နိုင်အောင် နည်းမျိုးစုံ၊ လိမ်နည်းမျိုးစုံ၊ အညစ်မျိုးစုံ၊ မတရားမှုမျိုးစုံ ငွေရအောင်ကြံဖန်လှည့်ဖျားဉာဏ်ကစားလာကြပါတော့တယ်။ အလောင်းအစားဆိုတာ ကံကိုကစားတာလို့ပြောလို့မရပါဘူး။ ဉာဏ်နီဉာဏ်နက်ပေါင်းစုံနေ မနိုင်နိုင်အောင် သူတစ်ပါးအိတ်ထောင်ထဲကငွေ မိမိအိတ်ထောင်ထည်းရောက်အောင် ကြံဆောင်ကြပါတယ်။ လောင်းကစားသမားမှန်သမျှဟာ သက်တမ်းရင့်လေ လိမ်နည်းညစ်နည်းပေါင်းစုံနဲ့ ညစ်တယ်လိမ်တတ်ကြတဲ့အတွက် တစ်ခါတစ်ရံ အပျော်တမ်းကစားသူတွေ ကံအားကိုးပြီးကစားသူတွေ လူပြိန်းတွေအဖို့ အမြဲတမ်းပဲ ရှုံးပြီးရင်းရှုံးကြရပါတယ်။

အကြံသမားဉာဏ်သမား လောင်းကစားသမားတွေမှာတော့ လူသစ်လူပြိန်းတွေကို အရက်သေစာတိုက်ကျွေးခြင်း၊ တစ်ခြားသောနည်းအမျိုးမျိုးနဲ့ ဖျားယောင်းခြင်းတို့ဖြင့် ဆွဲဆောင်သိမ်းသွင်းအနိုင်ယူလေ့ရှိပါတယ်။ ရှုံးသူအဖို့ခွက်ခွက်လန်အောင် မြူတစ်ပြားမကျန်အောင် ရှုံးကြရပေမယ့်လည်း နိုင်သူအဖို့တော့ နိုင်သလောက်လိမ်ပြောသော နိုင်ပါဘူး။ နိုင်တဲ့အတွက် ကျွေးရမွေးရ၊ ပေးရကမ်းရ ဝေရခြမ်းရ သုံးလိုက် ဖြုန်းလိုက်နဲ့ လူမိုက်နဲ့ငွေအတူမနေဆိုသလိုပဲ





နောက်ဆုံးတော့ ဒုံရင်းဒုံရင်း ပြန်ဖြစ်သွားတာပါပဲ။

ရှုံးတဲ့အခါ ရှုံးတဲ့စိတ်နဲ့ မိမိငွေကြေးဥစ္စာပြန်ရအောင် လိုက်ရင်းလိုက်ရင်းနဲ့ပဲ အိမ်သာပေါင်ရတဲ့အဖြစ်မျိုးဆိုသလို၊ နိုင်ရင်လဲ နိုင်သထက်နိုင်အောင် လောဘအတောမသတ်နိုင်တဲ့အတွက် နောက်ဆုံးတော့ ပြန်ရှုံးချင်ရှုံး၊ ပြန်မရှုံးလဲ အကောက်ထဲပါသွားတာကများပြီး နိုင်လဲရှုံး၊ ရှုံးလည်းရှုံး၊ ထိုးသားလဲရှုံးတဲ့သူချည့်ဖြစ်ကုန်ကြပါတယ်။

"နိုင်မှုရန်ပွား၊ ရှုံးခြားစိုးရိမ်" ဆိုတဲ့ လင်္ကာအတိုင်းပါပဲ။ လောင်းကစားကြောင့် အနိုင်ရလည်း ရှုံးသူ့ရဲ့ရန်ဘက်ကလုပ်ခြင်းကို ခံရပါတယ်။ ရှုံးပြန်ရင်လည်း စိုးရိမ်ပူပန်ရပါတယ်။ ဒါကြောင့် လောင်းကစားသမားဆိုတာ ဘယ်တော့မှ ဥစ္စာငွေကြေးကို တရားသဖြင့်ရှာကြံဖို့မစဉ်းစားတတ်တော့ပါဘူး။ လွယ်လွယ်ရ လွယ်လွယ်ကုန်ပြီး အမြဲလိုလိုငွေလိုနေကြသူတွေဖြစ်ပါတယ်၊ ဒီလိုနဲ့ လောင်းကစားသမားတွေအဖို့ အမြဲလိုလိုစိတ်နှလုံးပူပန်စိုးရိမ်ခြင်းနဲ့ နေရပါတော့တယ်။

ဘုရားအလောင်းတော် ဝိဓုရဇာတ်တော်မှာ ကောရဗျမင်းကြီးရဲ့ လောင်းကစားကျူးမှုကြောင့် ပညာရှိအမတ်ကြီး ဘုရားအလောင်းတော်ဝိဓုရပါ ကြားချောင်က ဒုက္ခရောက်ခဲ့ရပါတယ်။

လောင်းကစားကြောင့် ဖျက်စီးဆုံးရှုံးရ၊ ဘဝပျက်ရတဲ့လူတွေတစ်ပုံတစ်ပင်တွေရှိခဲ့ဖူးပါတယ်။ ဒီထဲက တစ်ယောက်အကြောင်းကိုပြောရင်တကယ်ပဲ ရင်နာစရာကောင်းလှပါတယ်။

အဆိုပါပုဂ္ဂိုလ်ရဲ့အမည်က ကိုစိုးအောင်လို့ခေါ်ပါတယ်။ ကုန်သွယ်ရေးဝန်ထမ်းတစ်ဦးပါ။ လခကလေးအသင့်အတင့် ဇနီးမယားနဲ့

သမီးလေးရှိပါတယ်။ ယောက္ခမအိမ်မှာနေရင်း အလုပ်လုပ်ရာကနေ ထီတစ်သောင်းဆုပေါက်ပါတယ်။ အဲဒီတုန်းက လက်ဖက်ရည်တစ်ခွက်ပြားသုံးဆယ်ခေတ်ပါ။ တစ်သောင်းဆိုတာ တော်တော်အဖိုးတန်ပါတယ်။ ဒါနဲ့ ယောက္ခမအိမ်ကနေခွာပြီး ကိုယ့်အိုးကိုယ့်အိမ်ကလေးနဲ့ ဖြစ်လာပါတယ်။ နောက် ကုန်သွယ်ရေးကနေသတင်းစာကိုယ်စားလှယ်ပြောင်းလုပ်ရတော့ သူ့အဖို့ပိုပြီးတန်ကျသွားပါတယ်။ လခအပြင် နေ့စဉ်ဘေးပေါက်ဝင်ငွေကလေးလည်းရလာပါတယ်။ ဒါတင်မက အချိန်ပိုတွေကလည်း အများထွက်လာပါတယ်။သတင်းစာကိုယ်စားလှယ်ဆိုတော့ နေ့စဉ်ဝေရမယ့် သတင်းစာကို လက်ပွေ့သမားတွေ၊ နယ်ပို့ဖို့အလုပ်တွေကို လက်အောက်အလုပ်သမားတွေခိုင်းပြီးတာနဲ့ သူ့အလုပ်ကပြီးပြီ။ဒါဟာ တကယ်တော့သူ့အတွက် အခွင့်အခါကောင်းပါပဲ။ ဒီအခွင့်အခါကောင်းကို အသုံးချပြီး အားလပ်ချိန်တွေမှာ အပိုဝင်ငွေရှာမယ်။ ပညာရပ်တစ်ခုခုဆည်းပူးမယ်။ ကုသိုလ်-ပညာ-ဥစ္စာရဖို့လုံးပမ်းမယ်ဆိုရင် သူ့ဘဝဟာ ပြီးပြည့်စုံတဲ့ဘဝမျိုး။

ဒါပေမယ့် လူဆိုတာအခွင့်အခါကောင်းကို အသုံးမချတတ်ရင် ကံစွကောင်းက ကံစွဆိုးဖြစ်သွားတတ်ပါတယ်။ ကိုစိုးအောင် အဖြစ်က ခုပြောတဲ့အတိုင်းပါပဲ။ အားလပ်ချိန်တွေမှာ အပျင်းပြေသဘောနဲ့ ထိုင်နေကျလက်ဖက်ရည်ဆိုင်အပေါ်ထပ်က ဖဲဝိုင်းမှာ အချိန်ဝင်ဖြုန်းရင်း နိုင်တဲ့အခါ တပြုံးပြုံးနဲ့ သုံးလိုက်စားလိုက်၊ ရှုံးတဲ့အခါ ရှုံးမဲမဲလိုက်နဲ့ တစ်နှစ်အတွင်းမှာပဲ ထီပေါက်လို့ဝယ်ထားတဲ့ အိမ်ကလေးမြေကလေး လက်လွှတ်ဆုံးရှုံးလိုက်ရပါတယ်။ နောက်ကစားဝိုင်း





ဝင်ဖို့ ငွေမရှိတော့၊ ဟိုကယူ၊ ဒီကယူနဲ့ အကြွေးတွေထူလာပါတယ်။ နောက်ဆုံး ကြံရာမရတော့ မိတ်ဆွေသူငယ်ချင်းတစ်ဦးဆီက ပစ္စည်းအလွဲသုံးစားလုပ်ပါတယ်။ ဒီလိုနဲ့ အကျင့်စာရိတ္တတစ်စတစ်စချွတ်ယွင်းလာပြီး အလုပ်ပါပြုတ်သွားရရှာပါတယ်။ ဒီလိုနဲ့ လောင်းကစားနှိပ်စက်လိုက်တာ နောက်ဆုံးတော့ မိန်းမကလဲယောက္ခမဆီပြန်သွား။ သားငယ်ကိုလည်း မိဘမဲ့ကျောင်းပို့ထားရတဲ့အထိပါပဲ။

ဒါပေမယ့် လောင်းကစားသမားကတော့ နောင်မကြဉ်ပါဘူး။ လှေမျှောရင် လှေနဲ့လိုက်၊ ငွေမျှောရင်ငွေနဲ့လိုက်ဆိုသလို မရရတဲ့နည်းတဲ့ငွေရှာ၊ ရတဲ့ငွေနဲ့လောင်းကစားဝိုင်းသွား ဒီလိုနဲ့လုံးချာလိုက်ရင်း အိုးမဲ့အိမ်မဲ့လမ်းဘေးမှာ အိပ်ရတဲ့အဖြစ်မျိုးထိ ဆိုက်ရောက်သွားပါတော့တယ်။

ဒါကြောင့် လောင်းကစားမှုမှန်သမျှကို ဘယ်လိုလောင်းကစားမျိုးမှ မကျူးလွန်သင့်ပါဘူး။ ဖဲရိုက်ခြင်း၊ ကျားထိုးခြင်း၊ ကြွေအန်ကစားခြင်း၊ ကြက်တိုက်ခြင်းကစလို့ ဘယ်လိုအလောင်းကစားမျိုးမဆို ပြုလုပ်လေ့ရှိသူဟာ အပြစ်(၆)ပါးရှိတယ်လို့ဆိုပါတယ်။

အဲဒီအပြစ် (၆)ပါးကတော့

(၁) မိမိကနိုင်တဲ့အခါမှာ ရှုံးသူတို့ရဲ့ စိတ်မှာ ကျေနပ်မှုမရှိပဲ၊ မိမိအပေါ် ပြန်နိုင်အောင် မိမိနိုင်ထားတဲ့ပစ္စည်းဥစ္စာကို မိမိဆီက သူတို့ပြန်ရအောင် အမြဲတစေ စိတ်ကူးနေလေ့ရှိပါတယ်။ တရားနည်းလမ်းကျစွာ ပြန်မရနိုင်တဲ့အခါမျိုး လောင်းကစားမှုနဲ့ ပြန်ပြီးနိုင်အောင်မကစားနိုင်တဲ့အခါမျိုးမှာ အခွင့်သာတာနဲ့ လုယူတာ၊ သတ်ဖြတ်လုယက်တာခံရတတ်

ပါတယ်။ သူနိုင်ငါနိုင်စကားများရင်းလဲ ရန်ပွဲဖြစ်ပြီး တရားတဘောင် တွေ့ရတတ်ပါတယ်။
(၂) မိမိကရှုံးတဲ့အခါ ပင်ပင်ပမ်းပမ်းရှာထားရတဲ့ မိမိပစ္စည်းဥစ္စာကို ရှုံးရတဲ့အတွက် နှမြောစိုးရိမ်မှုဖြစ်ရ ပူပန်သောကရောက်ရပါတယ်။ ကောရဗျမင်းကြီးဟာ ပုဏ္ဏကဘီလူးနဲ့ ကြွေအန်ကစားရာမှာရှုံးနိမ့်ခဲ့တဲ့အတွက် အမတ်ပညာရှိလူပညာရှိတွေ၊ မင်းညီမင်းသားတွေ၊ တိုင်းသူပြည်သားတွေက ချစ်ခင်လေးစားရတဲ့ ဝိဓူရအမတ်ကို ပုဏ္ဏကဘီလူးထံပေးအပ်လိုက်ရပါတယ်။ ဒီအတွက် ကောရဗျမင်းကြီးရော တိုင်းသူပြည်သားတွေ မူးမတ်သေနာပတိတွေပါ ပူဆွေးသောကရောက်ကြရပါတယ်။ ဘယ်သူမဆို မိမိရှာဖွေထားတဲ့ပစ္စည်းဥစ္စာကို ဆုံးရှုံးတဲ့အခါမျိုးမှာ နေမတိထိုင်မသာပူပန်ရတာပါပဲ။
(၃) လောင်းကစားသမားမှန်သမျှဟာ ဘယ်သူမှ ချမ်းသာကြွယ်ဝလာတာမရှိပါဘူး။ ရှုံးတဲ့အခါလည်း ရှုံးလို့ စည်းစိမ်ဥစ္စာကို ဆုံးရှုံးရတတ်ပြီး နိုင်ရင်လဲနိုင်တဲ့အတွက် သုံးဖြုန်းပျော်ပါးရင်းကားပေစ်တတ်ပါတယ်။ လွယ်လွယ်ရတဲ့အတွက် လွယ်လွယ်သုံးတတ်ဖြုန်းတတ်တယ်။ မူးယစ်သောက်စားတတ်ကြတဲ့အတွက် လောင်းကစားသမားများဘဝဟာ ဘယ်တော့မှ တောက်တောက်ပြောင်ပြောင်မရှိပါဘူး။
(၄) လောင်းကစားသမားဖြစ်တဲ့အတွက် အများနဲ့ပြောဆိုလုပ်ဆောင်ရာမှာ ယုံကြည်မှုမခံရတတ်ပါဘူး။ အစည်းအဝေးမှာပဲဖြစ်ဖြစ်၊ ရုံးပြင်ကနားမှာပဲဖြစ်ဖြစ်၊ လူရာမဝင် လူရာမသွင်းတတ်ကြပါဘူး။ လောင်းကစားသမားပြောတဲ့စကားကို အယုံအကြည်မရှိကြပါဘူး။ ဘယ်





လောက်ပဲမှန်တဲ့စကားပြောပါစေ၊ ဘယ်လောက်အဓိပ္ပါယ်ရှိတဲ့စကားပြောပါစေ၊ လောင်းကစားသမားပါးစပ်ကထွက်သမျှကို ယုံကြည်ခြင်းလေးစားခြင်းမရှိ ဖြစ်တတ်ပါတယ်။
(၅) အလောင်းကစားသမားကို ဘယ်သူကမှလည်း ယုံယုံကြည်ကြည်ချစ်ချစ်ခင်ခင်ပေါင်းသင်းဆက်ဆံလေ့မရှိပါဘူး။ ယခင့် ယခင်က သိဟောင်းကျွမ်းဟောင်း၊ မိတ်ဟောင်းဆွေဟောင်းဖြစ်ဦးတော့ လောင်းကစားသမားဘဝကိုရောက်ပြီဆိုတာသိတာနဲ့ မသိကျိုးကျွင် ဖယ်ကြဉ်ရှောင်ခွာအလိုမရှိကြတော့ပါဘူး။
(၆) လောင်းကစားကျူးသူကို သားမွေးမှု၊ မယားမွေးမှုမပြုနိုင်သူအဖြစ် မိဘ၊ မောင်ဘွား၊ သားချင်းဆွေမျိုးများက သတ်မှတ်သိရှိတဲ့အတွက် မိမိရဲ့သမီး၊ မိမိရဲ့နှမကို ဘယ်မောင်ဘွားများက ထိမ်းမြားလက်ထပ်ပေးဖို့အလိုမရှိကြပါဘူး။ ဒါဟာ လောင်းကစားမှုကျူးလွန်သူတို့ လက်ငင်းပစ္စုပ္ပန်ခံစားရမယ့်အပြစ်(၆)ပါးဖြစ်ပါတယ်။
ဒါကြောင့် ပစ္စုပ္ပန်သံသရာအကျိုးမယုတ်၊ အပြစ်များသောပွားများတတ်တဲ့လောင်းကစားမှုကို အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့မြွေဟောက်ကို ရှောင်သလို၊ မစင်ပုပ်ကိုရှောင်သလို ရှောင်ရှားသင့်လှပါတယ်။
မိန်းမလိုက်စားခြင်း
မူးယစ်သောက်စားခြင်းနဲ့
လောင်းကစားခြင်းတို့ဟာ လူတို့ရဲ့ကြီးပွားရေး၊ စီးပွားရေးနဲ့ ဘဝတစ်ခုလုံးအတွက် ဆုတ်ယုတ်ပျက်စီးစေတဲ့အတွက် လုံးဝရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ ဒါတွေကိုရှောင်ရှားခြင်းကသာ ကြီးပွားချမ်းသာနိုင်ပြီး တိုးတက်မြင့်မားတဲ့ဘဝမျိုးကို တက်လှမ်းနိုင်ကြပါလိမ့်မယ်။

# မိမိဇနီးမယားအပေါ် သစ္စာရှိပါ။





ကာမဂုဏ်လိုက်စားလို့ မိန်းမများနဲ့ပျော်ပါးသူဟာ ပျက်ဆီးတတ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒီအခန်းမှာတော့ မိမိရဲ့ကာမပိုင်ဇနီးမယားရှိပါလျက် တင်းတိမ်ရောင့်ရဲမှုမရှိသူ၊ အပျော်အပျက်မိန်းမသားကြေးစားတို့နဲ့ ပျော်ပါးလွန်ကြူးသူ၊ သူတစ်ပါးသားမယားနဲ့ ဖြစ်မှားကျူးလွန်သူတွေရဲ့အပြစ်ကိုဖော်ပြမှာဖြစ်ပါတယ်။

မိမိဇနီးမယားနဲ့အားရ ကျေနပ်ခြင်းမရှိပဲ ကြေးစားမိန်းမပျက်များနဲ့ ပျော်ပါးလိုက်စားတတ်သူဟာလည်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကစလို့ ဂုဏ်သိက္ခာအရပ်ရပ် ညှိုးနွမ်းပျက်စီးအချိုးနိုးဖြစ်တတ်ပါတယ်။ မိမိရဲ့ဇနီးမယားနဲ့ပေါင်းဖော်လို့ အားရတင်းတိမ်ခြင်းမရှိပဲ သူတစ်ပါးရဲ့ ဇနီးမယားအပေါ်မှာ ကာမဗသကို ခိုးယူပေါင်းသင်းခြင်းဟာ ပစ္စုပ္ပန်မှာရော သံသရာမှာပါ ကြီးစွာသော ဝဋ်ဆင်းရဲကို ခံရတတ်ပါတယ်။

မိမိလင်ယောကျာ်းပိုင်တဲ့ ကာမဗသအား တစ်ခြားတစ်ပါးယောကျာ်းကို ခိုးဝှက်ပေးတတ်တဲ့ မိန်းမဟာ ယုတ်ညံ့တဲ့ကိုယ်ရှိသူဖြစ်ပါတယ်။ ဒီလိုမိန်းမမျိုးဟာ တစ်ဦးတစ်ယောက်နဲ့သာမဟုတ် တစ်ခြားတစ်ပါးသောယောကျာ်းတွေနဲ့လည်း ဆက်ဆံတတ်ပါသေးတယ်။ ဒီလိုမသန့်ရှင်းတဲ့သဘောမျိုးနဲ့ မိန်းမအဖို့ သန့်ရှင်းမြင့်မြတ်တဲ့စိတ်သဘောထားနဲ့ သန့်ရှင်းစင်ကြယ်တဲ့ကိုယ်ကျင့်တရားလည်း ရှိနိုင်လိမ့်မယ်မဟုတ်ပါဘူး။

ပုထုဇဉ်လူသားတွေဟာ ကာမဘုံသားတွေမို့ တရားမျှတမှုနဲ့ လက်ထပ်ထိမ်းမြားအပ်တဲ့ သားမယားရှိတာဟာ သဘာဝပဲဖြစ်

ပါတယ်။ လင်ယောကျ်ားအဖို့ လင်ယောကျ်ားရဲ့ ဝတ်ငါးပြာမှာ မိမိ မယားကိုကျော်လွန်ပြီး မကျင့်ရမကျော်လွန်ရပါဘူး။ မယားအဖို့လည်း မယားဝတ္တရားငါးပါးနဲ့အညီ မချွတ်မယွင်းရအောင်စောင့်ရှောက် ထိမ်းသိမ်းနေထိုင့်သင့်ပါတယ်။ ဒီလိုနှစ်ဦးနှစ်ဖက် လူ့ကျင့်ဝတ်နဲ့အညီ နှစ်သက်မြတ်နိုးစွာပေါင်းသင်းနေထိုင်ခြင်း။ ကာမချမ်းသာခံစားခြင်းဟာ အပြစ်ဆိုဖွယ်မရှိပါဘူး။

ဗုဒ္ဓဘာသာတရားတော်အရ တရားသဖြင့် ကျွေးမွေးပြုစုနိုင်မယ်ဆိုရင် တစ်ယောက်ထက်ပိုယူလို့လည်း အပြစ်မဆိုသာပါဘူး။ ဒါပေမယ့် တရားမျှတစွာပြုစုကျွေးမွေးခြင်း။ တင့်တောင့်တင့်တယ်ထားနိုင်ခြင်း။ မိဘမောင်ဘွားများသဘောတူညီမှုရှိခြင်း။ မိန်းမသားကိုယ်တိုင် မိမိအပေါ်ချစ်မြတ်နိုးခြင်းတွေရှိဖို့လိုပါတယ်။ မိန်းမတွေအဖို့ကတော့ မိမိယောကျ်ားမှတပါးတစ်ခြားမည်သူနှင့်မျှ ဆက်ဆံကျူးလွန်ဖို့ လောကဓမ္မတာအရခွင့်မပြုနိုင်ပါဘူး။

ပုထုဇဉ်ဆိုတာ ကိလေသာတဏှာကို ရှောင်နိုင်ခဲလှပါတယ်။ ဒါပေမယ့် မြင့်မြတ်တဲ့ယောကျ်ားမျိုးအဖို့တော့ မိမိရဲ့တဏှာလောဘကို အသိဉာဏ်နဲ့ စိုးမိုးအနိုင်ယူပြီး ထိန်းချုပ်နိုင်စွမ်းရှိကြပါတယ်။ တစ်လင်တစ်မယားစနစ်သာ တရားမျှတမှုအရှိဆုံးနဲ့ အသင့်လျော်ဆုံးအိမ်ထောင်သာယာရေးကို ဖြစ်ပေါ်စေပါတယ်။

မိမိမှာ ဇနီးမယားရှိပါလျက်နဲ့ တဏှာလောဘအလိုဆန္ဒနောက်ကိုလိုက်ပြီး၊ ကြေးစားမိန်းမများနဲ့ပျော်ပါးဝင်ထွက်ခြင်း။ ဒါမှမဟုတ် ကာမပိုင်လင်ရှိတဲ့ဇနီးမယားတွေအပေါ် ပျော်ပါးကျူးလွန်ခြင်း





ဟာ လောကဝတ်၊ လူ့ကျင့်ဝတ်ကို အကျည်းအတန်ဆုံးဖောက်ဖျက်လိုက်တာပဲဖြစ်ပါတယ်။

ကိလေသာရာဂဆိုတာ နွားရိုင်းတစ်ကောင်လိုပါပဲ။ သူတစ်ပါးစိုက်ပျိုးထားတဲ့စပါးခင်း။ ပြောင်းခင်း။ ပဲခင်းတွေကို ကျူးကျော်ဝင်ရောက်စားသောက်ရမှ တင်းတိမ်တတ်တဲ့သဘောရှိပါတယ်။ အဲဒီနွားဆိုးနွားရိုင်းလို တဏှာလောဘအတောအသတ်တဲ့ ရာဂဒီလူးဝင်ပူးခံရတဲ့ယောကျ်ားမျိုးဟာလည်း မိမိပိုင်နက်ဖြစ်တဲ့ဇနီးမယားမှာ တင်းတိမ်ရောင့်ရဲခြင်းမရှိပဲ၊ သူတစ်ပါးပိုင်နက်ဖြစ်တဲ့ ကာမပိုင်လင်ရှိမယားတွေကိုမှ သွားလာတင်းတိမ်တတ်ပါတယ်။ သူတစ်ပါးသားမယားမှာ စော်ကားဝင်ထွက်ဖို့မသာတဲ့အခါ ကြေးစားပြည့်တန်ဆာမတွေထဲမှာ သွားလာကျက်စားရင်း တဏှာနွားရိုင်းရဲ့ အလိုကိုပြည့်တတ်ပါတယ်။

ဒီလိုပြည့်တန်ဆာမတို့ထံ သွားလာခြင်းပြုသူတွေဟာ
(၁) ဂုဏ်ကျက်သရေဆုတ်ယုတ်ခြင်း
(၂) ငွေကြေးဥစ္စာကုန်ဆုံးလျော့ပါးခြင်း
(၃) ကုရခက်တဲ့ အနာရောဂါများ ကူးစက်ရရှိခြင်း စတဲ့မကောင်းကျိုးတွေနဲ့ တွေ့ကြုံတတ်ပါတယ်။

သူတစ်ပါးသားမယားအပေါ်ဖြစ်မှားကျူးလွန်ခြင်းဟာ ပရဒါရကံကြီးထိုက်တဲ့အတွက် ကြီးမားတဲ့ဒုစရိုက်ကြီးကို ကျူးလွန်သူတွေရဲ့ဓမ္မတာအတိုင်း သံသရာအဆက်ဆက်၊ ဘဝအဆက်ဆက် နစ်နာရပါတယ်။ တဏှာဆင်ရိုင်းကို အသိဉာဏ်ချွန်းအုပ်ပြီး မထိန်း

သိမ်းနိုင်တဲ့အတွက် မပြောပလောက်တဲ့ တဒင်္ဂသာယာမှုလေးအတွက် ဘဝပေါင်းများစွာမှာ လူရာမဝင်ပဲ ယုတ်ညံ့တဲ့အကျိုးပေးခံရပါလိမ့်မယ်။

" ဣတ္ထိ ဘဏ္ဍာန ဥတ္တမံ " တဲ့။

ဣတ္ထိ မိန်းမသည်

ဘဏ္ဍာန ယောကျ်ားပိုင်နက်ဘဏ္ဍာဥစ္စာဟူသမျှတို့တွင်

ဥတ္တမံ မြတ်နိုးဆုံးပေတည်း။

ဒါဟာ ဘုရားဟောတရားဖြစ်ပါတယ်။ ယောကျ်ားပိုင်နက်ဘဏ္ဍာတွေမှာ မိန်းမဟာအမြတ်ဆုံးဖြစ်ပါတယ်။ သူတစ်ပါးမယားကို ခိုးသူဟာ အမြတ်ဆုံးကို ခိုးသူဖြစ်တဲ့အတွက် ကြီးမားလွန်းလှတဲ့အပြစ်ကိုခံရပါလိမ့်မယ်။

မယားခိုးသူများကို "ဥတ္တမ ဘဏ္ဍာထေနက" လို့ နေမိမင်းဇာတ်မှာဖော်ပြထားတာတွေ့ရပါတယ်။ ဥစ္စာမြတ်ကိုခိုးတဲ့ သူခိုးကြီးပါတဲ့။ မယားခိုးသူတို့ဟာ မြို့ရွာကို တိုက်ခိုက်ဖျက်ဆီးပြီး ဥစ္စာပစ္စည်းလုယက်တဲ့ လူသတ်သမားဓားတွေထက်တောင် အပြစ်ကြီးပါတယ်။ ဒါတင်မက ရွှေ ငွေ ဘဏ္ဍာတွေဟာ ဗဟိဒ္ဓပစ္စည်းဖြစ်ပါတယ် မယားရဲ့သန္တာန်မှာတည်တဲ့ကာမဂုဏ်သုခဟာ အဇ္ဈတ္တပစ္စည်းဖြစ်ပါတယ်။ မယားကိုခိုးတဲ့သူတွေဟာ အဇ္ဈတ္တပစ္စည်းကို ခိုးယူတာပါပဲ။

ရွှေ ငွေ ရတနာ ကျောက်သံပတ္တမြားစတဲ့ ဗဟိဒ္ဓပစ္စည်းကို ခိုးယူရာမှာ ဝတ္ထုပစ္စည်းတွေဟာ သူခိုးလက်ကိုပါသွားရပါတယ်။





မယားကိုခိုးယူရာမှာတော့ မယားဆိုတဲ့ရုပ်ဝတ္ထုကြီးကပါမသွားပါဘူး။ အဇ္ဈတ္တသန္တာန်ဖြစ်တဲ့ ကာမသမ္ဘောကိုသာ ခိုးရပါတယ်။ လင်ရှိမယားဆိုတာ မိမိရဲ့ကာမဂုဏ်ကို မိမိမပိုင်ပါဘူး။ လင်ယောကျ်ားဘဏ္ဍာ အဖြစ်လွှဲအပ်ဆောင်နှင်းပြီးဖြစ်ပါတယ်။ လင်ယောကျ်ားပိုင်ဆိုင်လွှဲအပ်ပြီးဖြစ်တဲ့ကာမဂုဏ်ခံစားမှုကို တစ်ခြားယောကျ်ားတစ်ပါးကို ပေးတာဟာ ကာမေသုမိစ္ဆာစာရကံသင့်ပြီး အပြစ်ကြီးလှပါတယ်။ လင်ယောကျ်ားပိုင်တဲ့ပစ္စည်းကို တစ်ခြားယောကျ်ားပေးတဲ့အတွက် ကံထိုက်ခြင်းဖြစ်ပါတယ်။ မိန်းမသန္တာန်မှာရှိတဲ့ ကာမဂုဏ်ကို လင်ယောကျ်ားဟာ အလုံးစုံပိုင်သူဖြစ်ပါတယ်။ မယားဖြစ်သူအနေနဲ့ကတော့ လင်ယောကျ်ားရဲ့ သန္တာန်မှာရှိတဲ့ ကာမဂုဏ်ကို မပိုင်နိုင်ပါဘူး။ ဒါကြောင့် လင်ယောကျ်ားဟာ မိမိရဲ့ကာမသုခကို တစ်ခြားမိန်းမ တစ်ယောက်ကိုပေးပေမယ့် မိစ္ဆာရကံမထိုက်ပြန်ပါဘူး။ ယောကျ်ား တစ်ယောက်ဟာ သူတစ်ပါးမယားကို ခိုးတဲ့အတွက် မိစ္ဆာရကံထိုက်သလို၊ လင်ရှိမိန်းမဟာလည်း မိမိရဲ့ကာမဂုဏ်ကို တစ်ခြားယောကျ်ား ပေးမိတဲ့အတွက် မိစ္ဆာရကံထိုက်ပါတယ်။

သူတစ်ပါးမယားအပေါ် ပြစ်မှားကျူးလွန်တဲ့ ပရဒါရကံရဲ့ အကျိုးဟာ အလွန်ပဲဆိုးဝါး ညစ်ညမ်းလှပါတယ်။

သူတစ်ပါးသားမယားအပေါ်ပြစ်မှားကျူးလွန်သူ၊ မိမိလင်သားအပေါ် ပြစ်မှားကျူးလွန်သူဟာ

- အပါယ်ဝဲမှာ ကြည်ရှည်စွာ နစ်မွန်းရတတ်ပါတယ်။
- အပါယ်ဝဲကလွတ်မြောက်ပြီးတဲ့နောက် ဘဝပေါင်းများစွာမှာ မိန်းမ

အပြစ်သာကြိမ်ဖန်များစွာ ရရှိတတ်ပါတယ်။
- ယောကျ်ားလဲမဟုတ်၊ မိန်းမလဲမဟုတ်တဲ့ နပုန်းပဏ္ဍုပ်ဘဝမှာ ကြိမ်ဖန်များစွာ ကျရောက်လေ့ရှိပါတယ်။
- ဖြစ်လေရာ ဘဝတိုင်းမှာလည်း ရုပ်ဆင်းအင်္ဂါမဆင့်တယ်ခြင်း၊ ကိုယ်နံ့မကောင်းခြင်း၊ ကိုယ်ရေကိုယ်သား မသန့်ရှင်းခြင်း၊ အနာရောဂါများခြင်းတို့ ဖြစ်ပွားခံစားရတတ်ပါတယ်။
- ကုဋ္ဌနူနာစွဲခြင်းလည်း ခံစားရတတ်ပါတယ်။

တဏှာစရိုက်အားကြီးသူတွေဟာ မိန်းမမှန်သမျှအပေါ် နှစ်သက်မြတ်နိုးတတ်ကြပါတယ်။ သဒ္ဒါနိုင်ကြပါတယ်။ ရှုံ့ရှာစက်ဆုတ်ရကောင်းမှန်းမသိပါဘူး။ တဏှာစရိုက်အားနည်းပြီး မြင့်မြတ်တဲ့စရိုက်ရှိသူတို့ဟာ မိန်းမတိုင်းအပေါ် မနှစ်သက်တတ်ကြပါဘူး။ မကောင်းတဲ့မိန်းမ၊ မသန့်ရှင်းတဲ့မိန်းမတွေအပေါ် စက်ဆုတ်ရှုံ့ရှာတတ်ကြပါတယ်။ မိမိပိုင်တဲ့ဇနီးမယားမှာပင် မနှစ်သက်ဖွယ်ရာမိန်းမဓမ္မတာများစွာရှိနေတဲ့အလျောက် အပျော်အပါးနဲ့ကြေးစားမိန်းမတွေအပေါ်မှာ နှစ်သက်လို့မရနိုင်ကြပါဘူး။ မိန်းမတွေတိုင်းနှစ်သက်နိုင်ဘူး။ သူတစ်ပါးမယားနဲ့ မိန်းမပေါ့ မိန်းမပျက်တွေအပေါ် နှစ်သက်နိုင်သူတွေရဲ့ စိတ်သဘောဟာ အံ့ဩစရာပါပဲ။ မိန်းမမြင်တိုင်း နှစ်သက်တတ်သူ၊ ကြေးစားမိန်းမများနဲ့ ပျော်ပါးလေ့ရှိသူ၊ သူတစ်ပါးမယားနဲ့ ပျော်ပါးကျူးလွန်သူဟာ သန့်ရှင်းစင်ကြယ်တဲ့ စိတ်မရှိသူ၊ စိတ်ဆိုးစိတ်ယုတ်ရှိသူကြက်သရေမင်္ဂလာမဲ့သူတွေဖြစ်ပါတယ်။

ဒီလိုကျူးလွန်တတ်သူတွေဟာ
(၁) သက်တမ်းမစေ့ခင်မှာပဲ ကွယ်လွန်တတ်ကြပါတယ်။





အသက်တိုတတ်ပါတယ်။
(၂) ဥပဒ္ဒွေအကံ၊ ဥပပီဠကကံတို့ နှိပ်စက်လာတတ်ပါတယ်။
သူတစ်ပါးလက်ချက်နဲ့ အသက်ဆုံးရတတ်ပါတယ်။
(၃) ရောဂါအန္တရာယ်များတတ်ပါတယ်။

မိမိမယားမှတစ်ပါး တစ်ခြား တစ်ပါးသောမိန်းမတို့မှာ ကျူးလွန်ဖိုကဲခြင်းမရှိသူတွေမှာတော့
(၁) ကိုယ်ကျင့်တရားနဲ့ပြည့်စုံခြင်း
(၂) ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း
(၃) ပစ္စည်းဥစ္စာများအကြောင်းမဲ့ မကုန်ဆုံးခြင်း၊ တည်မြဲခိုင်မာခြင်း
(၄) မကောင်းမှု ဒုစရိုက်တို့က လွတ်ကင်းပြီး၊ လက်ရှိဘဝမှာ ငြိမ်းငြိမ်း ချမ်းချမ်း ဘေးအန္တရာယ်ကင်းစွာနေရခြင်း
(၅) နောင်တမလွန်မှာလည်း ငရဲသို့မကျခြင်း
(၆) သားကောင်း သမီးကောင်းရရှိခြင်း
(၇) ရရှိပြီး သားသမီးတို့ဟာလည်း ကိုယ်ကျင့်တရားဖြင့် ပြည့်စုံခြင်း စတဲ့ အကျိုးကျေးဇူးများစွာကို ခံစားရပါတယ်။

မေ့ပါလဇာတ်တော်မှာ မေ့ပါလရှာသူ ရှာသားတွေဟာ မိမိသားမယားမှတစ်ပါး၊ တစ်ခြားမိန်းမတို့မှာ ကျူးကျော်ခြင်း မရှိတဲ့အတွက် အသက်ရာကျော်ရှည်ခြင်း၊ အနာရောဂါကင်းရှင်းခြင်း၊ ဘေးအန္တရာယ်မရှိခြင်းစတဲ့ အကျိုးတွေခံစားကြရပါတယ်။

ဒီလိုတစ်လင်တစ်မယားစနစ်ကို မလိုက်နာ ကိလေသာအလိုလိုက်ပြီး စရိုက်ကျူးလွန်သူတွေအဖို့တော့ အေအိုင်ဒီအက်(စ်)လို ရောဂါဆိုးကြီးကာဝလို့ ချောင်းဆိုးပန်းနာ၊ အဆုတ်နာ၊ တီဘီ၊ မှိုင်ကြောက်

နာ၊ နားခေါင်းနာ၊ မျက်စိနာ၊ အသွေးအသားမကောင်းတဲ့အနာစတာတွေခံစားကြရတာကို ဒီနေ့မျက်စိရှေ့မှာ မြင်နေတွေ့နေကြရပါတယ်။ ခြေလက်အင်္ဂါချွတ်ယွင်း၊ ရုပ်ဆင်းမလှ၊ လူစဉ်မမှီတာတာတွေလည်း ဖြစ်တတ်ပါသေးတယ်။ အသက်ရှင်ပေမယ့်လည်း မွေးရာပါပင်ကိုသန္တ ဉာဏ်ညံ့ဖျင်းတဲ့အတွက် ဝိဇ္ဇာ–သိပ္ပံ ပညာရပ်တွေကို သင်ကြားနိုင်စွမ်းမရှိပါဘူး။ သားသမီးတွေခုလိုဖြစ်ရတာဟာ မိဘတွေရဲ့ မိဘဝတ္တရား၊ လူ့ဝတ္တရားပျက်ပြားချွတ်ယွင်းမှုကြောင့် ဖြစ်ပါတယ်။

လင်နဲ့မယား အိမ်ထောင်သည်ဘဝမှာ လောကချမ်းသာ လူချမ်းသာဖြစ်ဖို့အတွက် သုရုဒ်မင်းသားနဲ့ သုမေဓာမိဖုရားတို့ကို အတုယူသင့်လှပါတယ်။ သုမေဓာမိဖုရားဟာ သုရုဒ်မင်းသားကလွဲပြီး တစ်ခြားတစ်ပါးသော ယောကျာ်းသားတွေအပေါ်မှာ ကိုယ်–စိတ်–နှလုံးသုံးပါးစလုံးနဲ့ ဖြစ်မှားမိခြင်းမရှိခဲ့ပါဘူး။ တစ်သောင်းခြောက်ထောင်မျှရှိတဲ့ မောင်းမငယ်–မိဖုရားငယ်တွေဟာ သားဆုတောင်းပေမယ့် မရရှိခဲ့ကြပါဘူး။ သုမေဓာဒေဝီမိဖုရားသာလျှင် မိမိသီလကို တိုင်တည်ပြီး သားဆုပန်တဲ့အတွက် နတ်သိကြားကပေးတဲ့ ဘုန်းကံကြီးတဲ့ သားကောင်းရတနာကို ရရှိခဲ့ပါတယ်။

သုရုဒ်မင်းသားဟာ သုမေဓာမိဖုရားမှတစ်ပါး တစ်ခြားသော မောင်းမ မိသံတွေကို အလိုရှိသူမဟုတ်ပါဘူး။ ထီးမွေနန်းမွေဆက်ခံမယ့်သားကောင်းရတနာမရရှိသေးတဲ့အတွက် တိုင်းသူပြည်သားတွေက မိဖုရားငယ်ထားရှိဖို့ တိုက်တွန်းတာကိုလည်း လက်မခံခဲ့ပါဘူး။ သုမေဓာဒေဝီမှတစ်ပါး တစ်ခြားမိဖုရားများ မထားဖူးလို့ ကိုယ်တိုင်သစ္စာပြုပြီးမှ ဆောင်နှင်းလက်ထပ်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံး





ထီးမွေနန်းမွေဆက်ခံဖို့ သားသမီးရတနာ အခက်တွေ့တာကြောင့် သုမေဓာဒေဝီမိဖုရားကြီးကိုယ်တိုင် တစ်သောင်းခြောက်ထောင်မျှရှိ တဲ့ မိဖုရားငယ်တွေနဲ့ ဆောင်နှင်းထိမ်းမြားပေးခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ကြီးပွားချမ်းသာမှုနဲ့ ဘဝတိုးတက်မြင့်မားရေးကို အလိုရှိကြတဲ့ အမျိုးကောင်းသား၊ အမျိုးသမီးကောင်းများအနေနဲ့ မိမိရဲ့ဇနီးမယားမှတစ်ပါး၊ တစ်ခြားသော မိန်းမများအပေါ်သွားလာ လွန်ကျူးမှုမရှိအောင် စောင့်ထိန်းကြရမှာဖြစ်ပါတယ်။

## မြက်နုကြိုက်သူများ

ဒီအခန်းဟာ ဒီနေ့ခေတ်အတွက် ပိုပြီးဂရုစိုက်ရမယ့်အခန်းဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့တော်တော်များများတွေ့နေရတဲ့မြင်ကွင်းကိုကပဲ အရွယ်လွန်အိုကြီးတွေဟာ သမီးအရွယ်၊ မြေးအရွယ်ကလေးတွေကို မိမိရဲ့အသက်အရွယ်နဲ့ ဂုဏ်သိက္ခာမှမထောက်ထားပဲ မယားအဖြစ်သိမ်းပိုက်ထားတာ တွေ့နေရလို့ပါပဲ။ အရွယ်လွန်ဆိုတာ ခုနစ်ဆယ်အရွယ်၊ ရှစ်ဆယ်အရွယ်တွေမှလို့ တွက်လို့မရပါဘူး။ လေးဆယ်ကျော်ငါးဆယ်တွင်းရောက်နေရင်ပဲ လူကြီးပိုင်းစာရင်းဝင်နေပြီဖြစ်တဲ့အတွက် မိမိရဲ့အရွယ်နဲ့ ဂုဏ်သိက္ခာကိုထောက်ထားပြီး ငယ်ရွယ်ပျိုမျစ်လွန်းတဲ့ သမီးအရွယ်၊မြေးအရွယ်ကလေးတွေကို လက်ထပ်ပေါင်းသင်းခြင်းဟာ လူမှုရေးအရလည်း အမြင်မတော်ပါဘူး။

ခုလိုဖြစ်ရတာ ပတ်ဝန်းကျင်အခြေအနေကြောင့်ရော၊ ကာလဒေသ ပယောဂကြောင့်ရောလို့ ဆိုရပါမယ်။ ပတ်ဝန်းကျင်လှုံ့ဆော်မှုတွေ

ကလည်း မကောင်းတဲ့ဘက်မှာ ပိုများပါတယ်။ သမီးရဲ့ဦးဇာတ်လမ်းတွေကို ခေတ်မှီတယ်ထင်နေတဲ့ အန်ကယ်ကြီး၊ အန်ကယ်လေးတွေများနေသလို၊ အန်ကယ်ကြီး၊ အန်ကယ်လေးတွေကိုမှ သဘောကျတတ်တဲ့ မိန်းမရွယ်လေးတွေကလည်း ပေါမှပေါဖြစ်နေပါတယ်။ မိန်းကလေးကဆယ်ရှစ်ဆယ့်ကိုး၊ ယောကျ်ားက လေးဆယ်ကျော်ပဲထားပါဦး၊ အသက်ခြင်းကထက်ဝက်ဖြစ်နေပါပြီ။ နောက်ထပ် အနှစ် နှစ်ဆယ်ကျော်ရင် ယောကျ်ားက ခြောက်ဆယ်ကျော် ခုနှစ်ဆယ်အရွယ် မိန်းမက လေးဆယ်ကျော်လေးဆယ်တွင်း၊ မိန်းမက သွေးသားပျိုမျစ်တတ်တဲ့အရွယ် ယောကျ်ားက ကျတဲ့အရွယ်နေပါပြီ။ ဒီလိုအသက်အရွယ်မညီမျှတာနဲ့ ဘာပဲပြောပြော အလိုဆန္ဒကွာဟမှုတွေကတော့ ရှိလာမှာပါပဲ။

အသက်အရွယ်ကြီးရင့် အိုမင်းတဲ့ယောကျ်ားဟာ ငယ်ရွယ်နုပျိုတဲ့မိန်းမနဲ့ပေါင်းသင်းနေထိုင်တဲ့အခါ ယောကျ်ားအိုအဖို့ မယားအပေါ် ဘယ်နည်းနဲ့မှ စိတ်ချနိုင်မှာ မဟုတ်ပါဘူး။ မယားလေးအပေါ် ချစ်ခင်မြတ်နိုးမှု၊ စိုးရိမ်ကြောင့်ကြမှုတွေနဲ့ ရတက်မအေးရှိပါလိမ့်မယ်။ မိမိမယားနဲ့သက်တူရွယ်တူယောကျ်ားလေးတွေနဲ့ ပြောဆိုရင်းနှီးဝင်ထွက်များလာခဲ့ရင်အဲဒီယောကျ်ားအပေါ်မှာ မနာလိုဝန်တိုစိတ်တွေကိန်းဝပ်ဖြစ်ပွားနေတော့မှာ အမှန်ပါပဲ။

ဒီလိုနဲ့ အရွယ်လွန်ယောကျ်ားဟာ တရားဘာဝနာပွားရမယ့်အရွယ်၊ ဘုရားသွားကျောင်းတက်၊ သီလဖက်ရမယ့်အရွယ်မှာ သောကဗျာပါဒတွေများပြီး မယားအတွက် အလုပ်ပျက်အကိုင်ပျက်၊ အအိပ်





ပျက် အစားပျက်နဲ့ ကျန်းမာရေးပါ ချွတ်ယွင်းပျက်စီးလာတတ်ပါတယ်။

ယောကျ်ားဆိုတာ အသက်(၆၀)ကျော်တာနဲ့ ခွန်အားဗလတာ တစ်နေ့တစ်ခြား ဆုတ်ယုတ်လာပါတယ်။ ကာမဂုဏ်ခံစားမှုကို ဖယ်ရှားပြီး လောကုတ္တရာစီးပွားကို ရှာမီးရမယ့်အရွယ်ရောက်ပါပြီ။ မိန်းမဆိုတာတော့ ပင်ကိုသဘာဝအရ သက်တူရွယ်တူလင်ယောကျ်ားနဲ့ ပေါင်းသင်းနေထိုင်ခွင့်ရတာတောင်မှ ယောကျ်ားတစ်ပါးနဲ့ ဖောက်ပြားလော်လည်တတ်တဲ့သဘောရှိပါတယ်။ မိမိထက် ဂုဏ်သိက္ခာသာလွန်တဲ့ ယောကျ်ား အရည်အချင်းသာလွန်ပြည့်ဝတဲ့ယောကျ်ား၊ ပြည့်စုံကြွယ်ဝတဲ့ယောကျ်ား၊ လင့်ဝတ္တရားငါးပါးနဲ့ကျေပွန်ဖြောင့်မတ်တဲ့ယောကျ်ားနဲ့ပေါင်းသင်းရတာတောင်မှ ဆိတ်ကွယ်ရာရတာနဲ့ လင်သားကိုကျော်လွန်ပြီး မှန်မြတ်ခြင်းမရှိတဲ့ မိစ္ဆာစာရအကျင့်ကို ကျင့်ကြံတတ်ကြပါတယ်။ အသက်အရွယ်အိုမင်း၊ နားထင်နားရင်းကျ၊ အရေပြားရှုတ်တွနေတဲ့ လူအိုလူမင်းကိုလင်လုပ်နေရတဲ့ မိန်းမပျိုအဖို့ ရွယ်တူယောကျ်ားနဲ့ဖောက်ပြားဖို့ဆိုတာ အင်မတန်လွယ်ကူလှပါတယ်။

မိမိကဆင်းရဲလို့ မှီတွယ်ရာရှာချင်တဲ့အတွက်ကြောင့်ပဲဖြစ်ဖြစ်၊ မကင်းရာမကင်းကြောင်း ကျေးဇူးတရားထောက်ထားသောအားဖြင့် ဖြစ်ဖြစ်၊ လူအိုယောကျ်ားကို လင်သားပြုနေရပေမယ့်၊ သူမရဲ့အတွင်းစိတ်အဇ္ဈတ္တအမှန်မှာတော့ လင်အိုယောကျ်ားအပေါ် ဘယ်လိုမှ နှစ်သက်ကြည်ဖြူနိုင်မယ်၊ ပျော်ရွှင်နိုင်လိမ့်မယ်မဟုတ်ပါဘူး။ တစ်နေ့ပြီးတစ်နေ့ငြီးငွေ့စိတ်ပျက် စိတ်လက်မသာထိန့်လန့် တုန်လှုပ်နေမှာ

သေချာလှပါတယ်။

မလွဲသာမရှောင်သာလို့ လင်သားအဖြစ်စိတ်ညစ်ညစ်နဲ့လက်ခံနေရပေမယ့် မိန်းမငယ်ရဲ့စိတ်ထဲမှာ လူအိုလူမင်းထံမှာ နှစ်သက်နိုင်မှာ မဟုတ်ပါဘူး။ အသက်အရွယ်ကြီးရင့်သူတွေတောင်မှ ငယ်ရွယ်ပျိုမျစ်မှုကို နှစ်သက်လေ့ရှိကြတဲ့အလျောက် ငယ်ရွယ်သူဆိုတာ ရွယ်တူနဲ့ငယ်သူအပေါ်မှာသာ နှစ်သက်နိုင်မှာဖြစ်ပါတယ်။ လူအိုလူမင်းရဲ့ ဇနီးမယားအဖြစ် ဖျစ်ညှစ်နေရရှာတဲ့အမျိုးသမီးငယ်ဆိုတာ အနာဆိုးရောဂါဆိုးနှိပ်စက်လို့ အဲဒီအနာရောဂါဆိုးဒဏ်ကလွတ်မြောက်ချမ်းသာရေးအတွက် စိတ်လက်မကြည်သာပဲ ဆေးမှုဆေးခါးကြီး သည်းခံကျိတ်မှိတ်၊ မျက်စိမှိတ်မျိုချနေရတဲ့ လူမမာလိုပါပဲ။ မိမိအဖြစ်ကိုမိမိ ဖြစ်မှုဖြစ်ရပလေရယ်လို့တွေးရင်း အံတင်းမျိုသိပ်ကျိတ်မှိတ်သည်းခံနေရပါလိမ့်မယ်။

ဒါကြောင့် အဆိုပါမိန်းမသားအဖို့မှာ မိမိချစ်ခင်နှစ်သက်ခြင်းမရှိတဲ့လူအိုလူမင်းနဲ့ဆက်ဆံပေါင်းသင်းနေထိုင်ရတဲ့အတွက် ‘‘မချစ်မနှစ်သက်သူနဲ့အတူနေရတဲ့ဒုက္ခကို လှလှပပကြီးခံစားနေရပါတော့တယ်။ ဒါတင်မက သက်တူရွယ်မျှအလိုကျချစ်ခင်သူနဲ့ ကွေကွင်းခွဲခွာနေရတဲ့အတွက်လည်း ဒုက္ခတိုးပြီးဆတ်ပိုးခံစားရပါသေးတယ်။

မိန်းမသားဆိုတာ မိမိတို့ရဲ့ဇာတိအရကိုကပဲ ယောကျ်ားများထက် ဣဋ္ဌာရုံကို နှံမင်နှစ်သက်တတ်ကြပါတယ်။ အလှအပကိုမက်မောတွယ်တာတတ်ကြပါတယ်။ ပြုစုယုယမှုကို လိုလားတတ်ကြပါတယ်။





ဒီကြောင့် အကြောင်းအမျိုးမျိုးနဲ့လူအိုလူမင်းကို လင်ယောကျ်ားအရာထားနေကြရတဲ့ မိန်းမသားတွေအတွက် လင်ကိုယောကျ်ားရဲ့အကျိုးမဲ့မှုကိုသာ အခါခပ်သိမ်းကြံဆနေတတ်ကြပါတယ်။ လူအိုယောကျ်ားရဲ့အတင်းအဖျင်းစကားကိုသာ အခါခပ်သိမ်းပြောဆိုနေတတ်ကြပါတယ်။ တစ်ချို့လည်း လင်အိုယောကျ်ားရဲ့ ပစ္စည်းဥစ္စာတို့ကို ထင်သလိုဖြုန်းတီးတတ်ကြ ခိုးဝှက်ယူငင်တတ်ကြပါတယ်။

တစ်ချို့မိန်းမတွေဟာ မူလသဘောအခံကောင်းလို့ မယားဝတ္တရားနဲ့အညီ လင်အိုယောကျ်ားကိုပြုစုကြပေမယ့် ပတ်ဝန်းကျင်ရဲ့ဖြူစောင်းပြောင်းခြင်း၊ မြှောက်ပင့်ခြင်းတို့ကြောင့် မယားကောင်းဘဝကနေ မယားရိုင်းဘဝကိုရောက်ရှိပြောင်းလဲ သွားတတ်ကြပါတယ်။ မိမိထက်ငယ်ရွယ်တဲ့ဇနီးမယားအတွက် အစစအရာရာအလိုလိုက်အကြိုက်ဆောင်နေရတဲ့အတွက် ကိုယ်ရောစိတ်ပါအဆင်းရဲကြီးဆင်းရဲပြီး ပျက်စီးခြင်းကို ရောက်ရတတ်ပါတယ်။

ဝေဿန္တရာဇာတ်တော်ကြီးမှာ ပုဏ္ဏားအို ဇူဇကာဟာ မြေးအရွယ်လောက်သာရှိသေးတဲ့ အမိတ္တာပုံအမည်ရှိတဲ့ သူတို့သမီးငယ်ကို ဇနီးမယားအဖြစ်သိမ်းပိုက်ထားခဲ့ပါတယ်။ အမိတ္တာပုံဟာ ဇနီးဝတ္တရားနဲ့အညီ မြစ်ဆိပ်ကိုသွားပြီးရေခပ်ရာမှာ အရွယ်တူမိန်းမဖော်တွေက ကဲ့ရဲ့ခြင်း၊ ဖြူစွခြင်း၊ အပြစ်တင်ခြင်းတို့ကို ပြုခဲ့ကြပါတယ်။

‘‘ညည်းအရွယ်ငယ်ငယ်နဲ့ သက်ကြားအိုအဘိုးကြီးကိုမှ လင်လုပ်ရသလား။ အရွယ်တူ သတို့သားယူစရာဒါလောက်ရှားသလား။ အရွယ်အိုပုဏ္ဏားကြီးနဲ့ နေရတာထက် မြွေပွေးမြွေဟောက်အကိုက်ခံရတာမှ တော်ပေလိမ့်ဦးမယ်။ ရွယ်တူချစ်သူနဲ့ကလူကျီစယ်ပျော်ပါးနေရတာ

ဟာ ဒုက္ခအားလုံးချုပ်ငြိမ်းချမ်းသာရာရပါတယ်။ လင်အိုယောက်ျားကြီး ကိုစွန့်ပြီး သက်တူရွယ်တူကိုရှာရင် ရနိုင်ပါသေးတယ်'' စတဲ့ဆဲရေး တဲ့စကားတွေကို မခံနိုင်တာနဲ့ အမိတ္တာပုံဟာ ရေဆိပ်ကပြန်လာပြီး ပုဏ္ဏားကြီးထံမှာ ငိုယိုပြည်တွေးတိုင်တမ်းပါတယ်။

''အသင်ပုဏ္ဏားကြီး အသင်လုပ်ကျွေးတာကို ငါမခံစားနိုင်တော့ ပါ။ ကျွန်ပ်နိုင်စေဖို့ ကျွန်ယောက်ျား၊ ကျွန်မိန်းမရှာပေးပါ''လို့ပူဆာ ပုဏ္ဏားကြီးက''ရှင်မ-ငါ့မှာ ရွှေငွေဘဏ္ဍာမှ တစ်ပြားတစ်ချက်မရှိပဲ ကျွန်ယောက်ျား၊ ကျွန်မိန်းမကို ဘယ်မှာသွားရှာရမလဲ''လို့ဆိုပါတယ်။ ဒီတော့ အမိတ္တာပုံက''အသင်ပုဏ္ဏား ဝင်္ကဘာတောင်ခြေက ဝေဿန္တရာ မင်းကြီးဆီသွားပြီး ကျွန်ယောက်ျား၊ ကျွန်မိန်းမတောင်း ချေပါလို့'' လွှတ်ပြန်ပါတယ်။

''ရှင်မရယ် ငါ့မှာအရွယ်လဲကြီး၊ ခရီးကလဲဝေးပါတယ်၊ မသွားပါ ရစေနဲ့၊ ငါလုပ်ကျွေးတာကိုပဲ ရှင်မအေးအေးချမ်းချမ်းတိုင်စားပါ'' ဆိုပေမယ့် မရပါဘူး။ ဇနီးငယ်ငယ်လေးကဖွတ်အတင်းပူဆာတာနဲ့ ဇူဇကာပုဏ္ဏားကြီးဟာ ဝင်္ကဘာတောင်ခြေက ဝေဿန္တရာမင်းကြီးဆီ ထွက်ခဲ့ပါတယ်။ ဝေဿန္တရာမင်းကြီးဆီက သားတော်နဲ့သမီးတော် လေးကို ကျွန်အဖြစ်တောင်းခံပြီးလို့ပြန်အလာ၊ စေတုတ္တရာကိုရောက် ခဲ့ပါတယ်။ စေတုတ္တရာရောက်တော့ မြေးတော်နှစ်ပါးကိုတွေ့တာနဲ့ ပုဏ္ဏားကြီးကိုဥပါယ်တမြည်နဲ့ ကျွေးမွေးညှဉ့်ခံရာမှာ စားပို့နင့်ပြီး သေဆုံးခဲ့ရပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် မယားငယ်ငယ်လေးရဲ့အလိုဆန္ဒပြည့်ဝ





ဖို့အတွက် အစစအရာရာအလိုလိုက်ရတဲ့ဒုက္ခကို သတိသံဝေဂရ လောက်ပြီထင်ပါတယ်။

ဒါကြောင့် မိမိမှာသားကြီး၊ မယားကြီးရှိပါလျက်နဲ့ သူတစ်ပါး သားမျိုးသမီးမျိုးဖျက်ဆီးခြင်း၊ အပျော်အပါးသွားလာခြင်း၊ အငယ်အ နှောင်းထားခြင်း၊ သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်ခြင်းစတဲ့ လောကီလောကုတ္တရာပျက်ဆီးရာ ပျက်ဆီးကြောင်း တရားတွေကို ဆင်ခြင်စဉ်းစား၊ ဉာဏ်ဆင့်ပွားပြီး ရှောင်ရှားနိုင်ကြလိမ့်မယ်ထင်ပါ တယ်။

# လူရွေးမမှားပါစေနှင့်





စီမံအုပ်ချုပ်မှုဆိုတာ လူ့ဘဝမှာအရေးပါတဲ့အလုပ်တစ်ခုဖြစ်ပါတယ်။ အိမ်ထောင်စုတစ်ခုမှာပဲဖြစ်ဖြစ်၊ လုပ်ငန်းတစ်ခုခုမှာပဲဖြစ်ဖြစ် မိမိအိမ်ထောင်စု၊ မိမိလုပ်ငန်းကိုစနစ်တကျစီမံအုပ်ချုပ်နိုင်ခြင်းဟာ လုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးနဲ့ ကြီးပွားအောင်မြင်ရေးရဲ့ သော့ချက်လဲ ဖြစ်ပါတယ်။ ဒါကြောင့် အိမ်ထောင်စုတစ်ခုမှာဖြစ်ဖြစ်၊ လုပ်ငန်းတစ်ခုခု ဖြစ်ဖြစ် ဦးစီးဦးဆောင်ပြုသူ စီမံအုပ်ချုပ်သူဟာ အရည်အချင်းပြည့်ဝ မှန်ကန်ဖို့လိုပါတယ်။ အသောက်အစားအပျော်အပါးလွန်ကဲသူ ပစ္စည်းဥစ္စာများကို စည်းကမ်းတကျထားသိုပြီးနေရာတကျစီစဉ်ထားသိုမှု မပြုတတ်သူမပျက်မလွင့်ပါရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှု မရှိသူ၊ ပေါ့ပေါ့နေပေါ့ပေါ့စား။ ဟေးလားဝါးလားနဲ့ အချိန်ကုန်တတ် တဲ့လူယောက်ျား။ လူမိန်းမကို မိမိကိုယ်စား အကြီးအကဲနေရာက ခန့်ထားမိရင် မိမိပိုင်ဥစ္စာဓနများ ဆုံးပါးပျက်စီးမှာ အသေအချာပါပဲ။

လောကမှာလွန်ကျူးမှုမှန်သမျှ ဘယ်အရာမှမကောင်းပါဘူး။ "သောဏ္ဍ"ဆိုတာ တစ်စုံတစ်ခုကို စွဲလန်းမိတဲ့အခါ လွန်လွန်ကဲကဲ စွဲစွဲလန်းလန်း။ အတိုင်းအတာမဲ့ပြုလုပ်လေ့ရှိတာကို ခေါ်ပါတယ်။ ကောင်းမွန်သင့်မြတ်တဲ့ဘက်မှာပဲဖြစ်ဖြစ်၊ မကောင်းတဲ့ဘက်မှာပဲဖြစ် ဖြစ် တရားလွန်တရားမင်း စည်းမဲ့ကမ်းမဲ့ပြုလုပ်လေ့ရှိပါတယ်။

အစားအသောက် လွန်ကျူးပိုကဲတာ၊ အအိပ်အနေပိုမိုလွန် ကဲတာ၊ ကာမဂုဏ်လိုက်စားမှု လွန်ကျူးပိုကဲတာမှန်သမျှဟာ ပျက်စီး ရာပျက်စီးကြောင်း တရားတွေချည်းပါပဲ။ ဘယ်အရာ ဘယ်အမှုမျိုး မှာမဆို အတိုင်းအတာပမာဏကို သိရှိဖို့လိုပါတယ်။ ပြုလုပ်လိုက်စား

သင့်တာထက်ပိုလွန်တာနဲ့ ပျက်စီးခြင်းဘက်ကို ဦးတည်ရွေ့လျားသွားပါလိမ့်မယ်။ မကောင်းမှုမှာမွေ့လျော်လွန်ကဲတာမျိုးကိုမဆိုပါနဲ့ဦး။ သဒ္ဓါလွန်ခြင်း၊ ဝိရိယလွန်ခြင်းကိုတောင် မကောင်းဘူးလို့ ကျမ်းဂန်များမှာပြဆိုခဲ့ပါတယ်။

"ဝိကိရဏီ"ဆိုတာ သိုသိုသိပ်သိပ် သိမ်းဆည်းခြင်းမရှိပဲ ဖရိုဖရဲပြုလုပ်တတ်တာကို ဆိုပါတယ်။

- ပစ္စည်းဥစ္စာကိုစည်းမဲ့ကမ်းမဲ့ ဖရိုဖရဲသုံးစွဲတာ
- စကားကို ထင်တိုင်းလွှတ်ပြီး ပြောဆိုတာ
- အပေါင်းအသင်းကို စိစစ်ရွေးခြယ်ခြင်းမရှိပဲ၊ တွေ့ရာလူနဲ့ထင်သလို ပေါင်းသင်းဆက်ဆံတာ၊
- လောကီအကျိုးစီးပွားနဲ့ ပတ်သက်ပြီး စည်းကမ်းတကျထိန်းသိမ်း ပေါင်းသင်းဆက်ဆံတာ
- ကိုယ်အမူအရာ၊ စိတ်အမူအရာ ထိန်းထိန်းသိမ်းသိမ်း မရှိပဲ အိခြေမဲ့တာ၊ ဂဏှာမငြိမ်လှုပ်လှုပ်ရှားရှားပြုမူနေတာ

ဒီလိုအမူအကျင့်စရိုက်လက္ခဏာရှိသူမျိုးကို အကြီးအကဲခန့်ပြီး လုပ်ငန်းဆောင်ရွက်စေရင်၊ မိသားစုအရေးကိစ္စမှာ တာဝန်ယူစေရင်၊ အဲဒီလုပ်ငန်းမျိုး၊ အဲဒီအိမ်ထောင်စုမျိုးဟာ ကောန်မုချပျက်စီးဆုံးရှုံးရပါလိမ့်မယ်။ ဒီလိုအကျင့်စရိုက်ရှိသူမျိုးကို ခေါင်းဆောင်အရာထားပြီး ဘယ်ဌာနမျိုး၊ ဘယ်အလုပ်ကိစ္စမျိုးကိုမှ တာဝန်ယူလုပ်ဆောင်စေတာမျိုးမပြုလုပ်သင့်ပါဘူး။ ဒီလိုလူမျိုးကို အိမ်ကိုလွှဲအပ်ထားရင် အိမ်ပျက်စီးပါလိမ့်မယ်။ အလုပ်ဌာနမှာ ဦးစီးခိုင်းရင် အလုပ်ဌာနပျက်စီးပါလိမ့်





မယ်။ အသင်းအဖွဲ့မှာခေါင်းဆောင်ခိုင်းရင် အသင်းအဖွဲ့ပျက်စီးပါလိမ့်မယ်။ စီးပွားရေးလုပ်ငန်းမှာ အကြီးအကဲခန့်ထားရင် ရေစုန်မျောပါလိမ့်မယ်။ မြို့ရွာနယ်မြေကို အုပ်ချုပ်ခိုင်းရင် မြို့ရွာ နယ်မြေပျက်စီးပါလိမ့်မယ်။

စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ၊ အပြောအဆို၊ အနေအထိုင်၊ မဆင်မခြင်ပြုမူနေထိုင်တာ၊ အပေါင်းအသင်းအပျော်အပါး လွန်ကဲလိုက်စားတာစတဲ့ စရိုက်တွေဟာ လူကြီးလူကောင်းလက္ခဏာနဲ့ မကိုက်ညီလို့ပါပဲ။

လူကြီးလူကောင်း၊ အကြီးအကဲလက္ခဏာနဲ့ မပြည့်စုံသူကို အကြီးအကဲအဖြစ် တာဝန်ယူခန့်ထားခဲ့ရင် နောက်လိုက်ငယ်သားတွေရဲ့ ယုံကြည်အားကိုးမှုကို မရရှိဖြစ်ပါလိမ့်မယ်။ ယုံကြည်အားကိုးမှုမရှိရင် ဩဇာအာဏာလည်း ကျဆင်းယုတ်လျော့ပါလိမ့်မယ်။ ဩဇာအာဏာမရှိလို့ အမိန့်ကိုမနာခံဖူးဆိုရင် ဘယ်လိုလုပ်ငန်းမျိုးကိုမှ ထိထိရောက်ရောက်အောင်အောင်မြင်မြင် မဖြစ်နိုင်ပါဘူး။ နောက်လက်ငယ်သားတွေမပါတဲ့ စည်းလုံးညီညွတ်မှုမရှိတဲ့ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာလုပ်ဆောင်မှုမှန်သမျှဟာ ပျက်စီးရာပျက်စီးကြောင်းတွေ ချည်းပါပဲ။

မိမိရဲ့ ဇနီးပဲဖြစ်ဖြစ်၊ သားသမီးပဲဖြစ်ဖြစ်၊ တပည့်လက်သားပဲဖြစ်ဖြစ် အထက်ဖော်ပြခဲ့တဲ့ အကျင့်စရိုက်မျိုးတွေရှိနေခဲ့ရင် အရည်အချင်းညံ့ဖျင်းနေခဲ့ရင် မိမိရဲ့လုပ်ငန်း၊ မိမိရဲ့အိမ်ထောင်မှုထိန်းသိမ်းရေးကစလို့ ဘယ်လိုနေရာမျိုးကိုမှ တာဝန်လွှဲအပ်ထားခြင်းမပြုသင့်ပါဘူး။

''ဒုလ္လဘာ သဒ္ဓါသာဇာယာ

ဒုလ္လဘော ဓေမကာရော သုတော''တဲ့ စာအကျဉ်းတိမှာပြဆိုခဲ့တဲ့အတိုင်းပါပဲ။

၁။ ဆင်းရဲချမ်းသာအေးအတူပူအမျှ မျှဝေခံစားတတ်တဲ့ မယားကို လည်းရခဲတယ်။

၂။ မိဘစိတ်ချမ်းသာအောင် ပြုလုပ်တတ်တဲ့ သားသမီးလည်းရခဲ တယ်တဲ့

စီးပွားရေး၊ ကြီးပွားရေးနဲ့ မိမိရဲ့ရောင်းဝယ်ဖောက်ကားရေး၊ ကုန်သွယ်ရေးလုပ်ငန်းကိစ္စအဝဝမှာ အရည်အချင်းပြည့်မီသူ၊ ယုံကြည်စိတ်ချရသူ၊ အသောက်အစား အပျော်အပါးကင်းသူ၊ သိက္ခာသမာဓိပြည့်စုံသူ၊ အကျင့်သီလလုံခြုံစိတ်ချရသူ၊ စည်းကမ်းတကျနေထိုင်လေ့ရှိသူမျိုးကိုသာ ရွေးကောက်ခန့်ထားအပ်ပါတယ်။

ဒီအရည်အချင်းနဲ့မပြည့်စုံတဲ့ သားသမီးဇနီးမယား လက်အောက်ငယ်သားတွေအပေါ်မှာ ဘယ်လောက်ပဲချစ်ချစ်၊ ဘယ်လောက်ပဲသံယောဇဉ်ထားထား ကြီးမားတဲ့တာဝန်မျိုးကို မပေးအပ်သင့်ပါဘူး။ အသေးအဖွဲ့ကိစ္စလေးတွေ အရေးမကြီးတဲ့ ကိစ္စမျိုးတွေမှာသာ မိမိအပါးထားပြီး မိမိမျက်စိအောက်မှာတင် စေခိုင်းတာဝန်ယူစေသင့်ပါတယ်။

အသောက်အစားအပျော်အပါး အလွန်ကျူးလွန်တတ်သူတွေကို ကြီးမားတဲ့တာဝန်ကြီးတွေလွှဲအပ်မိတာနဲ့ အခွင့်အရေးရရင်ရသလို မိမိရဲ့ပစ္စည်း ဥစ္စာကိုသုံးဖြုန်းပစ်ကြပါလိမ့်မယ်။ သူခိုးကို ဘဏ္ဍာစိုးခန့်အပ်သလိုဖြစ်ပါလိမ့်မယ်။ မျောက်ကို ဥယျာဉ်မှူးခန့်သလိုဖြစ်ပါလိမ့်





မယ်။ အကျင့်သီလမကောင်းသူကို အသင်းအဖွဲ့မှာပဲဖြစ်ဖြစ်၊ ရပ်ကွက်မှာပဲဖြစ်ဖြစ် လုပ်ငန်းဌာနမှာပဲဖြစ်ဖြစ် အကြီးအမှူးမထားပဲ အကျင့်သီလနဲ့ပြည့်စုံသူကိုသာ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ ဦးစီးဦးဆောင်ခန့်ထားသင့်ပါတယ်။

မြတ်စွာဘုရားရှင်လက်ထက်က ဃောသကသူဌေးကြီး အလှူပေးရာမှာ စနစ်တကျမစီစဉ်တတ်တဲ့သူတွေကို ဦးဆောင်ပြီး လှူဒါန်းပေးဝေစေတဲ့အတွက် ရတဲ့လူရ၊ မရတဲ့လူမရ တိုးကြဝှေ့ကြလုယက်ကြနဲ့ ပရမ်းပတာဒုက္ခရောက်ကြရပါတယ်။ သာမာဝတီသူတို့သမီး ဦးဆောင်ကြီးမှူးပြီး ဝေဘန်ခွဲခြားပေးကမ်းစွန့်ကြဲတဲ့အခါကျမှ စနစ်တကျနဲ့စီစဉ်မှုကြောင့် မရတဲ့လူမရှိ၊ တိုးဝှေ့လုယက်ခြင်းလဲမရှိပဲ အေးအေးချမ်းချမ်းပြီးမြောက်ခဲ့ပါတယ်။ ဒါကြောင့် အကျင့်သီလနဲ့ ပြည့်စုံတဲ့ယောက်ျားကိုဖြစ်ဖြစ်၊ မိန်းမကိုဖြစ်ဖြစ် အကြီးအမှူးခန့်ထားရမှာ ဖြစ်ပါတယ်။

စတုအင်္ဂုတ္တရပါဠိတော်မှာ ပစ္စည်းဥစ္စာတည်တံ့ခိုင်မြဲခြင်းပဲဖြစ်ဖြစ်၊ တည်တံ့ခိုင်မြဲမှုမရှိပဲ ယုတ်လျော့ပျက်စီးခြင်းပဲဖြစ်ဖြစ် အကြောင်းတရားလေးပါးကြောင့် ဖြစ်ရမယ်။ ဒါမှမဟုတ် အကြောင်းတရားလေးပါးထဲက တစ်ပါးပါးကြောင့်ဖြစ်ရမယ်လို့ ပြဆိုခဲ့ပါတယ်။ အဲဒီလေးမျိုးကတော့-

(၁) ပျက်လျှင်ပြင်ဆင်ခြင်း

(၂) ပျောက်သောပစ္စည်းကိုရှာဖွေခြင်း

(၃) မျှတရုံ သုံးစွဲဖြုန်းခြင်း

(၄) အမြော်အမြင် ဉာဏ်ရှိသူအား အကြီးအမှူးခန့်အပ်ထားခြင်း ဖြစ်ပါသည်။ ဒီလေးပါးကြောင့် ဒါမှမဟုတ် တပါးပါးကြောင့် ကြီးပွားချမ်းသာမှု မယုတ်မလျော့ တည်မြဲနိုင်တယ်လို့ဆိုပါတယ်။

၁။ ပျက်သည်ကိုပြင်
၂။ ပျောက်လျှင်ရှာဖွေ
၃။ သုံးလေမှုရှုံ
၄။ ဉာဏ်ထုံသူအား မှူးမထား

လေးပါးကြီးပွားကြောင်း

ပျက်တာမပြင်
ပျောကလျှင်မရှာ
ဇလဖွာသုံး
ဉာဏ်တုံးသူအား အမှူးထား

လေးပါးပျက်စီးကြောင်း။

ဒီနေရာမှာ အိမ်ထောင်ကိုထိန်းသိမ်းရမယ့် ဇနီးမယား။ မိဖွား ဖမွေကို ဆက်ခံရမယ့် သမီးသားတို့အနေနဲ့ မိဘရဲ့အမွေအနှစ်ကို မပျက်စီးမဆုံးရှုံးရအောင် စောင့်ရှောက်ရပါမယ်။ မိမွေဖမွေကို အခြေပြုပြီး ပိုမိုတိုးတက်နိုင်မာအောင် ရှာဖွေစုဆောင်းရပါမယ်။

တစ်ချို့သော အိမ်သူသက်ထားဇနီးမယားတွေဟာ

- လင်ယောက်ျားရှာဖွေပေးသမျှကို အိမ်ကနေပြီး မကုန်မချင်း စားသုံးဖြုန်းတီးတတ်ကြပါတယ်။
- ပွဲလမ်းသဘင်အပျော်အရှင်လိုက်စားတတ်ကြပါတယ်။
- အဝတ်အစားမှာလော်လည်လွန်ကဲတတ်ကြပါတယ်။





- အိမ်မှုကိစ္စအဝဝကို စောင့်ထိန်းပြီး စည်းစိမ်ဥစ္စာတိုးပွားရေးကို အလေးမမူပဲ ကုန်ရင်ပျက်ရင်လိုရင် လင်ယောက်ျားကိုပဲ အပူရှာတတ်ကြပါတယ်။
- အလိုမပြည့်အောင် လင်ယောက်ျားကရှာဖွေမပေးနိုင်တဲ့အခါ ဆူတတ် ပူတတ်ကြပါတယ်။ စကားများရန်ဖြစ်တတ်ပါတယ်။ လင်ကို ပစ်ထားပြီး အိမ်ကဆင်းသွားတတ်ပါတယ်။ သာမှနေတတ်တဲ့မိန်းမ မျိုးလို့ဆိုရမှာပဲ။

ဒီနေရာမှာ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗုလတို့လို မိန်းမသားကို အမှန်ပဲအတုယူသင့်လှပါတယ်။ လင်ကဲ့သို့ပင် ပညာဉာဏ်ကြီးမား လင်ရဲ့အမှုကိစ္စများကို ဖြေရှင်းကူညီတတ်တဲ့ အမရာဒေဝီ၊ မိမိလင် ယောက်ျား ကိန္နရာမှတပါး တစ်ခြားယောက်ျားကို မကြည်ဖြူတဲ့ ကိန္နရီ။ လင်ယောက်ျားပြုသမျှ ကုသိုလ်အဝိုဘာဂကို ရေပူရေချမ်း ကမ်းလှမ်းပြီး ပါရမီဖြည့်တဲ့ မဒ္ဒီမိဖုရား။ လင်ယောက်ျားခမျာ ကုဋ္ဌ နာစွဲလို့ တိုင်းပြည်ကနှင်ထုတ်တဲ့အခါ လင်ယောက်ျားသွားရာ ဖဝါး ထပ်ချပ်မကွာလိုက်ပြီး ရောဂါသည် လူမမာလင်ယောက်ျားကို မငြီး မငြူ မငြိုမငြင် သည်းခံဖြူစင်တဲ့စိတ်စေတနာနဲ့ မယားဝတ္တရားငါးပါး ကျေပွန်တဲ့သစ္စာရှင် သမ္ဗုလဒေဝီတို့လို၊ မိန်းမထူး မိန်းမမြတ်များဖြစ် အောင် မိမိကိုယ်မိမိစောင့်ရှောက်သင့်ကြပါတယ်။

သားသမီးတွေအနေနဲ့လည်း ဖခင်ထက်တစ်ဆင့်မြင့်တဲ့ ယောက်ျား။ မိဘမျိုးရိုးကိုစောင့်ရှောက်တဲ့ယောက်ျား။ သားကောင်း သမီးကောင်းတွေဖြစ်အောင် ပြုမူကျင့်ကြံရမှာဖြစ်ပါတယ်။

မိဘရဲ့စည်းစိမ်ဥစ္စာ၊ မိဘရဲ့အလုပ်တာဝန်ကိစ္စမှန်သမျှကို တလေးတစားစောင့်ရှောက်ထိန်းသိမ်းဆောင်ရွက်ခြင်း ပြုသင့်ပါတယ်။

မိဘရဲ့စည်းစိမ်ဥစ္စာတွေ လုပ်ငန်းတာဝန်တွေမှန်သမျှဟာ တစ်ချိန်မှာ မိမိပိုင်ဆိုင်မယ့်အရာ၊ မိဘလုပ်ငန်းကိုဆက်ခံရမှာကို ကြိုတင်တွေးဆပြီး မိဘအရိုက်အရာခံ၊ မိမွေ ဘမွေခံထိုက်တဲ့သားကောင်း သမီးကောင်းဖြစ်အောင် မိဘဂုဏ်ဆောင်နိုင်အောင် ကြိုးစားကြရပါတယ်။

တစ်ချို့သားသမီးတွေဟာ မိဘလက်ငုတ်စီးပွားရေးကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းမပြုနိုင်ပဲ၊ လခစားဘဝနဲ့ နှစ်သိမ့်နေကြပါတယ်။ တစ်ချို့လခသားတောင်မဖြစ်တော့ပဲ အသောက်အစား အပျော်အပါးနဲ့ အချိန်ကုန်ပြီး မိဘပစ္စည်းများကို မစောင့်ရှောက်နိုင်ပဲဖြစ်ရပါတယ်။ ဒီလိုနဲ့ အဖိုးတန်မိမွေ ဘမွေဟာ ဗရမ်းဗတာ၊ ဗရိုဗရဲနဲ့ ပြိုကွဲပျက်စီး အနိုးနှိမ်ဖြစ်ကာ၊ မိမိကိုယ်တိုင်မှာလည်း လူဖျင်းလူညံ့ဖြစ်ရပါတော့တယ်။ ဒီလိုသားသမီးမျိုးကို အကြီးအမှူးအရာထားလို့ မဖြစ်ပါဘူး။

ဒါကြောင့် သားသမီးတွေ၊ ဇနီးမယားတွေအနေနဲ့ မိမိလင်သား၊ မိမိစီးပွားရေးကို အမွေဆက်ခံ၊ စီမံအုပ်ချုပ်နိုင်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးဖြစ်အောင်။

- မူးယစ်သောက်စားခြင်းမပြုပါနဲ့
- ပစ္စည်းဥစ္စာများကို ဗရမ်းဗတာပစ္စလက်ခတ်မပြုပါနဲ့
- ကိုယ်ကျင့်သီလမြဲပြီး စည်းကမ်းနဲ့စနစ်နဲ့နေပါ။





- ယုံကြည်စိတ်ချရတဲ့ သီလသမာဓိလုံခြုံတဲ့၊ အရည်အချင်းပြည့်ဝတဲ့ လူယောက်ျား။ လူမိန်းမမျိုးကို အကြီးအမှူးထားပါ။

ဒါဆိုရင် ပျက်စီးဆုတ်ယုတ်ခြင်း ကင်းပြီး စည်းစိမ်ချမ်းသာ တည်တံ့ခိုင်မြဲပါလိမ့်မယ်။

# နှလုံးသွင်းမှန်ပါစေ





လူဆိုတာ ကိုယ့်ဘဝကိုယ့်အခြေအနေ၊ ကိုယ့်အတိုင်းအရှည် ပမာဏနဲ့ညီမျှလျော်ကန်အောင် နေတတ်ထိုင်တတ်ဖို့လိုပါတယ်။ ခဲမှူးရေနဲ့ငါးကြင်းခေါင်းကိုင်ချင်တယ်တို့ အနူလက်နဲ့ရွှေခွက်နှိုက်ချင်တယ်တို့ဆိုတဲ့စကားဟာ မိမိနဲ့တန်ရာတန်ရာမလုပ်ပဲ၊ မတန်မရာလှမ်းချင်တဲ့ လူဖျင်းလူညံ့တို့ကို သရော်တဲ့စကားဖြစ်ပါတယ်။ မိမိမှာအရည်အချင်းရှိလို့ မိမိမှာ အခွင့်အရေးရှိလို့ မိမိကိုယ်စိတ်အားကိုးပြီး ကြိုးစားပမ်းစားဆောင်ရွက်လိုသူ၊ မြင့်မြင့်မားမား ရည်မှန်းချက်ထားသူမျိုးကိုတော့ ခုလို သရော်လှောင်ပြောင်ဖို့ မလိုပါဘူး။

မိမိမှာ စည်းစိမ်ဥစ္စာမရှိပါပဲနဲ့ အလိုကြီးတဲ့သူဟာ မိမိအခြေအနေနဲ့ အဆမတန်အောင် စားချင်၊ သောက်ချင်၊ ဝတ်ချင်တတ်ပါတယ်။ မိမိအခြေအနေနဲ့ မတန်မရာ ပြောဆိုလေလုံးထွားပြီး အကြောက်တိုက်ဘဝင်မြင့်တတ်ကြပါတယ်။ စည်းစိမ်ချမ်းသာပြည့်စုံသူတွေကိုကြည့်ပြီး သူတို့လို ဖြစ်အောင်ကြိုးစားမယ်ဆိုတဲ့ စိတ်မျိုးမွေးရမယ့်အစား ကြိုးစားအားထုတ်မှုမရှိပဲ အကြောင်းမဲ့ဂုဏ်ပြိုင်ပလွှားတတ်ပါတယ်။ ချမ်းသာကြွယ်ဝသူတွေနဲ့ယှဉ်ပြီး ဝတ်ချင်စားချင် ဂုဏ်တုဂုဏ်ပြိုင်ချင်

တဲ့အလေ့အထဟာ တကယ်ပဲ စက်ဆုတ်စရာကောင်းပါတယ်။ လောကဓမ္မတာနဲ့လည်း ဆန့်ကျင်နေပါတယ်။

မိမိမှာ ပြောပလောက်တဲ့ဝင်ငွေမရှိပဲနဲ့ ဟိတ်တလုံးဟန်တလုံး နဲ့လေလုံးထွား အကြွားသန်သူမျိုးကို အများတကာတို့က မျက်စိစပါးမွေးစူးတတ်ကြပါတယ်။

တစ်ချို့ ပုဂ္ဂိုလ်တွေဟာ စည်းစိမ်ဂုဏ်သိမ်လည်းမရှိ တန်ဖိုးအရှိန်အဝါလည်းမရှိပါပဲနဲ့ မင်းမျိုးမင်းနွယ်ဖြစ်ချင်မှုနဲ့ တိုင်းပြည်ထီးနန်းကို မတန်မရာတောင့်တကြီးဆလိုကြပါတယ်။ တောင့်တကြီးဆတဲ့ အတိုင်း မကြံကောင်းမစည်အပ်တဲ့ မတန်မရာအပြုအမူတွေကြောင့် ရာဇဝတ်သင့်ပြီး ပျက်စီးဆုံးရှုံးကြရပါတယ်။ ဘုန်းကံခြင်း အရည်အချင်း အရှိန် အဝါခြင်းမတူပါပဲနဲ့ မတောင့်တအပ်တာကို တောင့်တကြီးစည်တဲ့ အတွက်လည်း ပျက်စီးတတ်ပါတယ်။

ပစ္စည်းဥစ္စာချို့တဲ့သူဖြစ်ပြီး ရသမျှနဲ့ရောင့်ရဲတင်းတိမ်နိုင်မှုမရှိပဲ အလိုရမက်ကြီးခြင်းဟာ ပျက်စီးကြောင်းတစ်ရပ်ဖြစ်ပါတယ်။ မည်သည့်ပုဂ္ဂိုလ်မဆို ရောင့်ရဲတင်းတိမ်မှုမရှိပဲ မတန်မရာအလှမ်းကျယ် ခြင်းဟာ ပျက်စီးဆုံးရှုံးတတ်ပါတယ်။ လောဘကိုအတောမသတ်နိုင် တဲ့အတွက် လောဘစေစားရာနောက်ကောက်ကောက်ပါအောင်လိုက် ရင်း မရ ရအောင်ရှာဖွေကြရပါတယ်။ ဒီလိုလောဘဇောကပ်လာတာ နဲ့အမျှ တရားမျှတတဲ့နည်းနဲ့ရော၊ တရားမျှတမှုမရှိတဲ့မကောင်းမှု ဒုစရိုက်နည်းနဲ့ပါ စည်းစိမ်ဥစ္စာကို ရှာဖွေလာတတ်ကြတဲ့အတွက် တရား ဥပဒေကို ချိုးဖောက်မိကြပြီး ဒုက္ခရောက်ကြရပါတယ်။ တမလွန်မှာ လည်း မကောင်းမှုဒုစရိုက်အမျိုးမျိုးပြုခဲ့တဲ့အတွက် အပါယ်ငရဲကိုကျရောက်





ခံစားရတတ်ပါတယ်။

မတောင့်တအပ်တာကို တောင့်တတာဟာ လောဘပါပဲ။ လောဘကိုစွန့်ပစ်နိုင်ဖို့ခဲယဉ်းလှပါတယ်။ ငှက်ကိုကျေးကွင်းနဲ့ချည် နှောင်ထားသလို လောဘကလည်း ပုထုဇဉ်သတ္တဝါတွေကို ချည်နှောင် တတ်ပါတယ်။ တဏှာလောဘအားကြီးသူအဖို့ သံသရာကလွတ် မြောက်ဖို့ဆိုတာ လုံးဝမျှော်မှန်းလို့မရတဲ့အရာ ဖြစ်ပါတယ်။

မိမိအခြေအနေ မိမိဘဝနဲ့ သင့်လျော်တဲ့ မိမိအရည်အချင်းနဲ့ ထိုက်တန်တဲ့ဘဝကိုသာ လုပ်နေရတဲ့အတွက် တရား၏မတရား၏ မစဉ်းစားမဆင်ခြင်နိုင်တော့ပါဘူး။ ပိုင်ရှင်မပေးတဲ့ပစ္စည်းကိုလည်း ခိုး ဝှက်လုယူတတ်ပါတယ်။ ဗလအားကို။ လက်နက်အားကိုးနဲ့လည်း စီးပွားရှာတတ်တဲ့အတွက် ဥပဒေအရ အပြစ်ပေးခြင်းကို ခံရတတ် ပါတယ်။

မတရားသဖြင့်ရတဲ့နည်းနဲ့ ရှာဖွေစုဆောင်းထားတဲ့စည်းစိမ်ချမ်း သာဆိုတာလည်း သန့်ရှင်းစင်ကြယ်ခြင်းမရှိတဲ့အတွက် မြဲမြံနိုင်မှာခြင်း မရှိပါဘူး။ မနိုင်မှာ မတည်မြဲရုံသာမက မိမိလက်ရှိစည်းစိမ်ဥစ္စာပါ ပြုတ်ပြုတ်ပြုန်းပြီး လူလုံးမလှ ဒုက္ခရောက်ရတတ်ပါတယ်။

တေမိမင်းသားဟာ နှစ်ရှည်လများ ခမည်းတော်၊ မယ်တော်တို့ ရဲ့ ပေးသမျှကျွေးသမျှကိုသာ ရောင့်ရဲတင်းတိမ်စွာသုံးဆောင်ခဲ့ပါတယ်။ ဆင်းရဲဒုက္ခအပေါင်းကိုလည်း သည်းခံနိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ သူတော်စင် ရဟန်းဘဝရောက်တဲ့အခါမှာ ရဟန်းချမ်းသာသုခကို အပြည့်အဝရရှိ ခဲ့ပါတယ်။ ရဟန်းဘဝမှာလည်း တင်းတိမ်ရောင့်ရဲစွာ မြဲမြံကျင့်ကြံ နိုင်ခြင်းကြောင့် ကြည်လင်သန့်ရှင်းတဲ့အဆင်း၊ ပြည့်တင်းစိုပြည်တဲ့

အသားအရေနဲ့ ကျန်းမာနေပါတယ်။

အဲဒါတစ်ပါးမှာ မြတ်စွာဘုရားဟာ အရှင်မဟာ ကဿပထေရ်ကို ခုလိုမေးမြန်းတော်မူခဲ့ပါတယ်။

ကဿပ

(က) သင်သည် အဘယ်အကျိုးကိုမြင်၍ နှစ်ရှည်လများကာလပတ်လုံး တောရကျောင်း၌နေ၍၊ တောရကျောင်း၏ဂုဏ်ကျေးဇူးကို ပြောဘိသနည်း။

(ခ) ပံသုကူပါတ်စုတင်ကိုဆောင်၍ ပံသုကူပါတ်စုတင်၏ ဂုဏ်ကျေးဇူးကိုပြောဘိသနည်း။

(ဂ) အလိုရမက်နည်း၍ အလိုရမက်နည်းခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဘိသနည်း။

(ဃ) ရသမျှနှင့်ရောင့်ရဲ၍ ပါသမျှနှင့်ရောင့်ရဲခြင်း၏ဂုဏ်ကျေးဇူးကို ပြော ဘိသနည်းလို့ မေးတော်မူပါတယ်။

မြတ်စွာဘုရား–

ဘုရားတပည့်တော်ကိုယ်တိုင် ယခုမျက်မှောက်၌ချမ်းသာစွာ နေထိုင်ရသော ကျေးဇူးကိုရင်း၊ တပည့်သားမြေး အစဉ်အဆက်တို့ကိုလည်းသနားသဖြင့် ဘုရားတပည့်တော်၏အတုသို့လိုက်၍နေခြင်း လောဘရမက်နည်းခြင်းရသမျှနှင့် ရောင့်ရဲခြင်းတို့ဖြင့် လက်ငင်းချမ်းသာကိုရကြပါစေခြင်း အကျိုးကိုရင်း၊ ကြည့်မြင်မြော်ခေါ်၍ကိုယ်တိုင်လည်းကျင့်၊ ဂုဏ်ကျေးဇူးစကားကိုလည်း ပြောကြားရပါသည်ဘုရားလို့လျှောက်ထားခဲ့ပါတယ်။





အရှင်မဟာ ကဿပထေရ်ရဲ့ လျှောက်ထားချက်ကို ထောက်ထားပြီး၊ တဏှာလောဘရမက်နည်းခြင်းရဲ့ လက်ငင်းချမ်းသာ၊ တင်းတိမ်ရောင့်ရဲခြင်း၊ လက်ငင်းချမ်းသာကို သိရှိသဘောပေါက်သင့်ပါတယ်။

ကောင်းမှု ကုသိုလ်အမှုကို ပြုလုပ်လေ့ရှိသူတို့အတွက် ကောင်းမှုကုသိုလ်အလုပ်ဟာ အရိပ်ပမာနောက်ကပါကမှာဖြစ်ပါတယ်။ ကောင်းမှုကုသိုလ်မှုကို ပြုကျင့်လေ့ရှိသူဟာ ပစ္စုပ္ပန်ဘဝမှာ ငြိမ်းအေးချမ်းသာစွာနေထိုင်ရသလို တမလွန်မှာလည်း ချမ်းသာသုခဟာ အရိပ်လိုပါလာတတ်ပါတယ်။ ဒါ့ကြောင့် တဏှာလောဘအလိုကိုလိုက်ပြီး မတရားနည်းနဲ့စီးပွားရှာကြံခြင်းမပြုအပ်ပါဘူး။ တရားနည်းလမ်းကျစွာသမ္မာအာဇီဝအလုပ်နဲ့ ရှာဖွေလုပ်ကိုင်ရတဲ့ပစ္စည်းဥစ္စာပေါ်မှာသာ ရောင့်ရဲတင်းတိမ်ပြီး မျက်မှောက်ဘဝရဲ့ သုခချမ်းသာကို ရယူခံစားကြပါ။

မင်းမျိုးမင်းနွယ်ဖြစ်တဲ့အတွက် တစ်ချို့သောအမျိုးတော် အနွယ်တော်တွေဟာ မတန်မရာကို မှန်းဆမြော်မှန်းတတ်ပါတယ်။ မင်းမျိုးမင်းနွယ်ဖြစ်တိုင်းလည်း ဘုန်းကံနှင့်ပြည့်မားသူ၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သူ၊ အရည်အချင်းရှိသူလို့ ပြောလို့မရပါဘူး။ ဘုန်းကံနည်းပါး နောက်လိုက်အခြွေအရံကလည်း နည်းပါး၊ ဥစ္စာစိမ်ဥစ္စာကလည်း နည်းပါး ဒီလိုအဘက်ဘက်က နိမ့်ကျနည်းပါးနေပါလျက်နဲ့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ချင်လို့ မဖြစ်နိုင်ပါဘူး။ အလိုရမက်နောက်လိုက်ပြီး ရှိသမျှစည်းစိမ်ချမ်းသာရှိသမျှ အခြွေအရံရှိသမျှနောက်လိုက်အင်အား

ကလေးနဲ့စစ်သည်ရဲမက်စုဆောင်းပြီး ထီးနန်းကို ရယူဖို့ ကြိုးစားရင် အမှန်ပဲပျက်စီးဆုံးရှုံးလူလုံးမလှဖြစ်ရပါလိမ့်မယ်။ ပစ္စည်းလည်းဆုံးရှုံးလူလဲဆုံးရှုံးတတ်ပါတယ်။

"အပ္ပဌေယျံ နပဌေယျ
အ–စိန္တေယျံ နစိန္တယေ။
ဓမ္မမေဝ သုစိန္တေယျ
ကာလံမောဃံ နစ္စုဂ္ဂယေ"

အပ္ပဌေယျံ　　မတောင့်တအပ်သည်ကို
နပဌေယျ　　မတောင့်တရာ။
အစိန္တေယျံ　　မကြံစည်အပ်သည်ကို
နစိန္တယေ　　မကြံစည်ရာ။
ဓမ္မမေဝ　　တရားသဘောနှင့်စပ်ယှဉ်သည်ကိုသာလျှင်
သုစိန္တေယျ　　ကောင်းစွာကြံရာ၏
မောဃံ　　အချိုးနှီးသော
ကာလံ　　ကာလကို
နစ္စုဂ္ဂယေ　　အလိုမရှိရာ။

"အစိန္တိတမ္ပိ ဘဝတိ
စိန္တိကမ္ပိ ဝိနဿတိ။
န ဟိ စိန္တမယာ ဘောဂါ
ဣတ္ထိယာ ပုရိသဿဝါ"
အစိန္တိမ္ပိ　　မကြံစည်ပဲလည်း





ဘဝတိ　　ဖြစ်တတ်၏။
စိန္တိတမ္ပိ　　ကြံစည်သော်လည်း
ဝိ န ဿတိ　　ပျက်တတ်၏
ဟိ　　ထိုစကားသင့်ပေစွ
ဣတ္ထိယာ ဝါ　　မိန်းမအားရှင်း
ပုရိသဿ ဝါ　　ယောကျာ်းအားရှင်း
ဘောဂါ　　စည်းစိမ်တို့သည်
နစိန္တမယာ　　ကြံတိုင်းလည်း မပြီးကုန်

ဒါ့ကြောင့် မိမိတာ မင်းမျိုးမင်းနွယ်ဖြစ်ပေမယ့် မိမိတာရေးဘုန်းရေးကံကမင်းစကာရာဇ်ဖြစ်အောင်တောင်မပါရှိတာကို သဘောပေါက်နားလည်ပြီး၊ သင့်တင့်စွာနှလုံးသွင်းတတ် ရောင့်ရဲတင်းတိမ်စွာနေတတ်မယ်ဆိုရင် ဆုံးရှုံးပျက်စီးခြင်းလည်းမရှိ၊ ချမ်းသာစွာလည်းနေရသလို၊ အခွင့်အခါသင့်တာနဲ့ မင်းမြောက်စားတာခံရနိုင်ပါတယ်။

ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်းမရှိပေမယ့်လည်း၊ ဖြောင့်မတ်မှန်ကန်စွာ ရိုးသားခြင်း၊ ကြိုးစားခြင်း၊ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနိုင်ခြင်း၊ သမ္မာအာဇီဝမှုနဲ့ အသက်မွေးနိုင်ခြင်းတို့အပေါ်မှာ နှစ်သိမ့်ရောင့်ရဲနိုင်ရင် ချမ်းသာစွာနေနိုင်ခွင့်ရရှိပါလိမ့်မယ်။ ကံအလျှဉ်သင့်တာနဲ့ တစ်နေ့ရွှေတစ်ကျပ်သား ဥပေးတဲ့ဘဲကို ဗိုက်ခွဲသလို၊ ဗိုက်ရှုံးရဲလုပ်မိရင်တော့ ရပြီးသားအခွင့်အရေးပါ ဆုံးရှုံးပျက်စီးသွားပါလိမ့်မယ်။

# ကိုယ်ကျင့်တရားဖြင့်နေထိုင်ခြင်း





လူတို့ရဲ့ပျက်စီးရာပျက်စီးကြောင်း ပရာဘဝသဘောတရားတို့ကို မြတ်စွာဘုရားကဟောကြားပြီးတဲ့နောက်၊ ဒီတရားသဘောတွေကိုဉာဏ်အမြော်အမြင်ကြီးစွာနဲ့ ရှောင်ကြဉ်နိုင်ခဲ့ရင် လောကီအကျိုးစီးပွားသာမက၊ နိဗ္ဗာန်ချမ်းသာပါရရှိနိုင်ကြောင်း ဟောကြားတော်မူခဲ့ပါတယ်။

မြတ်စွာဘုရားရှင်ဟာ လောကအကြောင်း၊ လူအကြောင်းကို ကုန်စင်အောင်သိတော်မူတဲ့အလျောက် လူတို့ရဲ့ ကြီးပွားချမ်းသာစေခြင်းအကြောင်းတရားဖြစ်တဲ့ (၃၈)ဖြာမင်္ဂလာတရားကိုလည်း ဟောကြားခဲ့ပါတယ်။ တဖန်လူတို့ရဲ့အကျိုးပျက်စီးရာပျက်စီးကြောင်းဖြစ်တဲ့ တရားတွေကိုလည်း ပရာဘဝသုတ်မှာ ဟောမြွက်ညွှန်ကြားခဲ့ပါတယ်။ (၃၈)ဖြာမင်္ဂလာတရားတွေဟာ ဆောင်ရန်တရားတွေဖြစ်ပြီး ပရာဘဝတရားကတော့ ရှောင်ရန်တရားဖြစ်ပါတယ်။ ပျက်စီးဆုတ်ယုတ်ခြင်းအကြောင်းတရားတွေကို ပြောင်းပြန်လှန်ပြီး ကျင့်သုံးလိုက်တဲ့အခါ ဆန့်ကျင်ဘက်အားဖြင့် လူ့ဘဝတိုးတက်ရာတိုးတက်ကြောင်း ကြီးပွားရာကြီးပွားကြောင်းတွေ ဖြစ်လာပါတော့တယ်။

ဒီစာအုပ်ကိုဖတ်ရှုပြီးတဲ့အခါ လူတွေအကျိုးဆုတ်ယုတ်ပျက်စီးတတ်တဲ့ရှောင်ရင်တရားတွေကို သိရှိသဘောပေါက်လာပြီဖြစ်တဲ့အတွက် ဒါတွေကိုရှောင်ကြဉ်ပြီး သမ္မာအာဇီဝအလုပ်နဲ့ တရားမျှတစွာ ကြီးပွားချမ်းသာကြောင်း တရားတွေကိုအားထုတ်မယ်ဆိုရင် လောကီအကျိုး၊ လောကုတ္တရာအကျိုးကို မုချရရှိနိုင်ပါလိမ့်မယ်။

လောကမှာ ဆန့်ကျင်ဘက်တရားတွေ ပေါင်းစည်းနေပါတယ်။ မျက်မှောက်ကာလဟာ သိပ္ပံပညာ၊ အတတ်ပညာနည်းပညာတွေ ထွန်းကားလာသလောက် လူ့ကျင့်ဝတ်လူ့စည်းစိမ်ဖြစ်တဲ့ စာရိတ္တပိုင်းမှာ ချွတ်ယွင်းလာတာတွေ့နေရပါတယ်။ ဒါကြောင့်လည်း ရုပ်ဝတ္ထုအရ ချမ်းသာကြွယ်ဝလာကြပေမယ့် စိတ်နှလုံး လုံခြုံအေးချမ်းမှုမရပဲ ရှိနေကြပါတယ်။ တဖြည်းဖြည်းနဲ့ ကိုယ့်ကျင့်တရားတွေ အသိဉာဏ်တွေဆင်ခြင်တုံတရားတွေ လျော့ကျ ပျက်စီးလာပါတယ်။ ရုပ်ဝတ္ထု လွှမ်းမိုးမှုတွေပိုကဲပြင်းထန်လာပါတယ်။

ဒီလိုကမ္ဘာနဲ့အဝှမ်း ပျက်စီးယုတ်လျော့နေတဲ့ ကိုယ်ကျင့်တရားပိုင်း၊ အကျင့်စာရိတ္တပိုင်းကို ပြန်လည်တည့်မတ်၊ ကောင်းမွန်လာစေဖို့အတွက် စိတ်နှလုံးငြိမ်းချမ်းသာမှုဆိုတဲ့ လူ့စည်းစိမ်၊ လောကီချမ်းသာအစ်အမှန်ကိုရရှိစေဖို့အတွက် ဘာသာတရားရဲ့ အဆုံးအမဟာ အမှန်ပဲလိုအပ်နေပါတယ်။ ရုပ်ဝတ္ထုတွေ လွှမ်းမိုး၊ အတတ်ပညာတွေထိုးဖိုးတဲ့အနောက်နိုင်ငံတွေမှာတောင် အခုအခါမှာ တရားစစ်တရားမှန်ကို ရှာဖွေဖို့၊ လောကချမ်းသာကို ရှာဖွေဖို့အတွက် အပတ်စဉ် တရားကျင့်ကြံအားထုတ်တာတွေ စခန်းဝင်တာတွေ ပြုလုပ်နေကြပြီ ဖြစ်ပါတယ်။

အကျင့်စာရိတ္တပိုင်းပိုပိုနိုင်မာကောင်းမွန်လာရေးမှာ ရုပ်ဝတ္ထု တိုးတက်ဖွံ့ဖြိုးမှုနဲ့ သိပ်ပြီးမပတ်သက်လှပါဘူး။ ဘာသာတရားရဲ့ အဆုံးအမနဲ့ လောကဝတ်၊ လူ့ဝတ်ကို နားလည်သဘောပေါက်ဖို့ မိမိစိတ်ကိုမိမိ ပြုပြင်ပြောင်းလဲဖို့က အဓိကဖြစ်ပါတယ်။





ပုထုဇဉ် လူသားတွေအနေနဲ့ ဆင်ခြင်ဉာဏ်ကင်းမဲ့လို့ ပျက်စီးကြောင်းတရားတွေကို အမှုမဲ့ အမှတ်မဲ့ ကျင့်ကြံနေတာ၊ စာရိတ္တပိုင်းမှာချွတ်ချော် တိမ်းပါးနေတာတွေတွေ့ မြင်နေရပါတယ်။ အခုဖော်ပြခဲ့တဲ့ ပရာဘဝတရားတွေကို စိစစ်ဝေဖန်ပြီး ရှောင်သင့်တာကိုရှောင် ဆောင်သင့်တာကိုဆောင်မယ်ဆိုရင် စစ်မှန်တဲ့ လူ့ဘဝချမ်းသာကို အပြည့်အဝခံစားရရှိနိုင်ပါလိမ့်မယ်။

အောင်သစ်